
www.burmeseclassic.com

# နန္ဒကျော်သူ

## သားရဲမေတ္တာ

ထိဖုံး၏ ကွေ့ကျိုးကျန့်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နန္ဒကျော်သူ

# သားရဲမေတ္တာ

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၂၅၀
တန်ဖိုး ၁၀၀/--ကျပ်

**ထုတ်ဝေသူ**
ဒေါ်တင်တင်အေး။ (ရွှက်စိမ်း စာပေ)
အမှတ် ၄၃ (A)၊ ၄ လမ်း။
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း။ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း။
မိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



# အသက်ပြင်းတဲ့လူ

"ဂျိန်း"

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်၌ မိုးသားတိမ်လိပ်များ အလိပ်လိုက်အလိပ်လိုက်တက်လာသည်။

လေပြင်းများလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

ဒေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလိုက်၏။

မကြာမီ အချိန်အခါမဟုတ်ဘဲ မိုးသက်လေပြင်း တိုက်ခတ်လာတော့မည် ဖြစ်လေသည်။

"ဂျိန်း. . . ဂျလိန်း"

မိုးခြိမ်းသံများ ထွက်ပေါ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်နွယ်လျှပ်ပန်းများကလည်း ဖြိုးဖြိုးဖျက်ဖျက် ဝင်းလက်သွားသည်။

ထို့နောက်. . .

"ဝေါ. . . ဝေါ. . . ဝေါ"

မိုးသက်လေပြင်း သည်းထန်စွာ ကျရောက်လာလေတော့သည်။

ရက်တရက် ပြောင်းလဲသွားသော ရာသီဥတုက လောကပေါ်၌ အဆိုးဝါးဆုံးဟု ဆိုနိုင်သော လူတစ်ယောက်ကို အသက်ရှင်ခွင့်ပြုလိုက်ခြင်းလည်း ဖြစ်ပေတော့သည်။

လူတစ်ယောက်က မြေပေါ်လဲကျနေ၏။

သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေသည်။

ရင်ဝ၌ ပြင်းထန်သော ဒဏ်ရာကြီးတစ်ခုရရှိထားသည်ကို အတိုင်းသား တွေ့မြင်ရမည်ဖြစ်လေသည်။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်နေသည်။

ထိုအေးစိမ့်သွားခြင်းကြောင့် ထိုလူ၏ရင်ဝဒဏ်ရာမှ သွေးများကို ခဲသွားစေသည်။

ထိုလူအား သတိရလာစေတော့သည်။

"အား. . . ကျွတ်. . . ကျွတ်"

ထိုလူက ညည်းတွားရင်း အားယူကာ လူးလိမ့်ထလိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး မိုးရေစက်များက ဖုံးလွှမ်းထားကာ ဝိုးတဝါးဖြစ်နေ၏။



ဘာဆိုဘာမှ မသဲကွဲသကဲ့သို့ လူရိပ်လူရောင်လည်း မတွေ့ရပါ။

ထိုလူက လူးလိမ့်ထပြီး ဒယီးဒယိုင်ဖြင့် ထွက်သွားလေသည်။

ထိုလူသည် မိုးရေစက်များကြား တိုးဝင်ကာ မြင်ကွင်းမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

အကယ်၍. . .

ထိုလူ သေဆုံးသွားခြင်းမရှိဘဲ အသက်ရှင်နေသေးသည်ကို သိုင်းလောကသားများ သိရှိသွားကြမည်ဆိုပါလျှင်။

ထိုလူမှာ အလွန်ကြောက်စရာကောင်းသူ တစ်ဦးဖြစ်ကြောင်း လူတိုင်းသိရှိထားကြပေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းလေးပေါ်၌ ဘုံကျောင်းလေးတစ်ခု ရှိနေသည်။

ဘုံကျောင်းလေး ပတ်ဝန်းကျင်၌ ရောင်စုံပန်းပင်များ ဖုံးလွှမ်းထားခြင်းကြောင့် အလွန်သာယာလှပသော တောင်ကုန်းလေးဟု ဆိုနိုင်သည်။

ဘုံကျောင်းလေးတည်ရှိသော လှပသောတောင်ကုန်းလေးဆီသို့ အမျိုးသမီးတစ်ယောက်က ကလေးမလေးတစ်ယောက်ကို လက်ဆွဲကာ ဦးတည်သွားနေ၏။

ထိုအမျိုးသမီးမှာ တစ်ချိန်ကလျှမ်းလျှမ်းတောက် ကျော်ကြားသော ထင်းနန်ဂိုဏ်းချုပ် ဝမ်းရှောင်ကျူး၏ဇနီး သခင်မလေးမေဟွားဖြစ်လေသည်။

မေဟွား လက်ဆွဲထားသော ကလေးမှာ သူမနှင့် ဝမ်းရှောင်ကျူးတို့၏ သမီးလေးမေနန်း ဖြစ်သည်။

မေဟွားနှင့်မေနန်းတို့ သားအမိသည် ဤဘုံကျောင်းလေးသို့ လာရောက်ကာ ဝမ်းရှောင်ကျူးအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပေးကြသည်မှာ အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်နေ၏။

သူမတို့ သားအမိ၏ဘဝသည် ကြမ္မာဆိုးနှင့်ကြုံတွေ့ခဲ့ရကာ ပူလောင်ပြင်းပျခဲ့ရလေသည်။

သို့သော်. . .

ယခုတော့ အားလုံးပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။

မေဟွားနှင့် မေနန်းတို့သည် တောင်ကုန်းလေးပေါ်သို့



ရောက်ရှိသွားကြသည်။

ပန်းခင်းထဲမှ ထိုင်ခုံများ၌ ခေတ္တထိုင်ကာ အမောဖြေပြီးမှ လှုံကျောင်းထဲဝင်ကာ ရှစ်ခိုးဟန်တော့လိုက်ကြလေသည်။

သားအမိနှစ်ယောက်သည် ဘုံကျောင်းလေး၌ နေ့ဝက်ခန့်နေထိုင်ပြီးမှ ပြန်လာခဲ့ကြသည်။

သားအမိနှစ်ဦးသည် တောင်ကုန်းလေးအောက်ဘက်၌ ထားရစ်ခဲ့သော မြင်းလှည်းဖြင့် အိမ်သို့ပြန်လာခဲ့ခြင်းဖြစ်သည်။

အပြန်လမ်း၌ လူစည်ကားသော ဈေးကလေးတစ်ခုကို ဖြတ်သန်းခဲ့ကြရာမှ တစ်နေရာသို့အရောက်မှာင် မြင်းလှည်းပြတင်းပေါက်မှ အပြင်သို့ ငေးမောကြည့်ကာ လိုက်လာခဲ့သည့် သမီးလေးမေနန်းက. . .

"မေမေ. . . မေမေ. . . ဟိုမှာကြည့်ပါဦး"

ရုတ်တရက် အော်ပြောလေသည်။

မေဟွားက. . .

"သမီး. . . ဘာဖြစ်လို့လဲ"

"မေမေ. . . ဟိုလူကြီးကို ကြည့်ပါဦး"

"ဘယ်သူလဲ သမီးရဲ့"

"ဟိုလမ်းကြားလေးထဲ ဝင်သွားတဲ့လူကြီးလေ"

"ဘယ်မှာလဲ"

မေဟွားက မေနန်းညွှန်ပြရာသို့ ကြည့်လိုက်လေသည်။

ထိုအခါ လမ်းကြားလေးတစ်ခုအတွင်းသို့ ဝင်သွားသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com



မေဟွားကြည့်လိုက်ချိန်တွင် ထိုလူမှာ လမ်းကြားလေးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

မေဟွားက. . .

"ဘာဖြစ်လို့လဲ သမီးရဲ့၊ အဲသည်လူကြီးကို သမီးသိလို့လား"

မေနန်းက. . .

"သိတာပေါ့၊ အဲသည်လူကြီးဟာ မေမေပြောတဲ့ လူဆိုးကြီးလေ"

"ဟင်"

မေဟွား ရင်ထိတ်သွား၏။

မေနန်းက. . .

"ဖေဖေ့ကို ဒုက္ခပေးခဲ့တဲ့ လူဆိုးကြီးလေ"

မေဟွားက. . .

"မဟုတ်တာ သမီးရယ်၊ အဲသည်လူဆိုးကြီးက သေဆုံးသွားပါပြီကွယ့်"

"မဟုတ်သေးဘူး၊ သူ အသက်ရှင်နေသေးတယ်"

"သမီးရယ်"

မေဟွား ညည်းတွားလိုက်သည်။

သူမသည် အလွန်ကြောက်စရာကောင်းသူ တစ်ယောက်ကို မြင်ယောင်မိလိုက်သည် မဟုတ်ပါလား။

ထိုလူအား သူမလည်း အကြောက်ကြီးကြောက်ရွံ့မိခဲ့သည်။



ထိုလူကြောင့် လူအများ ဒုက္ခရောက်ခဲ့ရသလို သူမတို့မိသားစုလည်း ဒုက္ခရောက်ခဲ့ရသည် မဟုတ်ပါလား။

ထိုလူအား သုတ်သင်ရှင်းလင်းပစ်ရန် သူမကိုယ်တိုင်မုန်းတီးစက်ဆုပ်စွာဖြင့် ကြိုးပမ်းဖူးခဲ့သည်။

သို့တိုင်. . .

မေဟွားက သမီးဖြစ်သူအား ချော့မော့နှစ်သိမ့်လိုက်သည်။

"သမီးရယ်. . . လူတူမရှား နာမည်တူမရှားပါဘူး၊ ဟိုလူကြီးက သေဆုံးသွားခဲ့ပါပြီ၊ အဲသည်လူဆိုးကြီးကို သမီးမေ့ပစ်လိုက်တော့နော်"

မေနန်းမှာလည်း လိမ္မာသော ကလေးမလေးတစ်ယောက် ဖြစ်လေသည်။

"ဟုတ်ကဲ့ မေမေ၊ သမီး မေ့ပစ်လိုက်ပါ့မယ်"

မိခင် စိတ်ချမ်းသာအောင် ပြောလိုက်သည်။

ထို့နောက်. . .

သားအမိနှစ်ယောက် မြင်းလှည်းခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြားကလေးအဆုံး၌ သချိုင်းမြေသို့သွားရာမြေနီလမ်းကလေးရှိနေသည်။

ထိုမြေနီလမ်းကလေး၏ ဝဲဘက်၌ စိမ်းလန်းသော သစ်ပင်ချုံပုတ်များရှိနေပြီး တဲအိမ်ကလေးတစ်လုံး ရှိနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်လေသည်။

အဝတ်အစားများ ဟောင်းနွမ်းကာ ဆံပင်များရှုပ်ပွလျက် တောင်းရမ်းစားသောက်သည့် ဗေဒါနှင့်တူသော လူတစ်ယောက်သည် သစ်ပင်များကြားမှ တဲအိမ်ကလေးဆီသို့ ဦးတည်သွားလိုက်လေသည်။

သစ်ပင်ချုံနွယ်များကို ဖြတ်ကျော်လိုက်လျှင် မြေကွက်လပ်တစ်ခုကို တွေ့ရမည်ဖြစ်ပြီး တဲအိမ်ကလေးက ထိုမြေကွက်လပ်၌ရှိနေခြင်းဖြစ်သည်။

တဲအိမ်ကလေး အနီးတဝိုက် မြေကွက်လပ်၌ အခေါင်းများရှိနေသည်ကို တွေ့ရမည် ဖြစ်လေသည်။

တဲအိမ်ကလေးပိုင်ရှင်မှာ သုဘရာဇာကြီးတစ်ဦး ဖြစ်ပါသည်။

ဗေဒါနှင့်တူသူက တဲအိမ်ကလေးသို့ ဦးတည်သွားလိုက်ပြီး. . .

"ဆရာကြီးဝူးကျောက် ရှိပါသလား ခင်ဗျာ"

ဟု မေးလိုက်လေသည်။

တိတ်ဆိတ်နေသောဝန်းကျင်၌ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ဟု ထင်ရလေသည်။



သူ၏ခေါ်သံနှင့် မရှေးမနှောင်းမှာပင်. . .

"ဘယ်သူလဲ"

တဲအိမ်ထဲမှ လူတစ်ယောက် ထွက်လာလေသည်။

ထိုလူမှာ သုဘရာဇာကြီးပင် ဖြစ်သည်။

သုဘရာဇာကြီးက ဗေဒါနှင့်တူသူအား ကြည့်လိုက်ပြီး

"မင်းက ငါ့ကိုခေါ်တာလား"

"ဟုတ်ပါတယ်ဗျာ"

"မင်းဘယ်သူ. . . အခေါင်း မှာမလို့လား"

"မဟုတ်ပါဘူးဗျာ၊ ဆရာကြီးကို တွေ့ချင်လို့လာခဲ့တာပါ"

"မင်းကို ငါမသိပါလား"

"ကျွန်တော် မိုးကြိုးပါ"

"မိုးကြိုး"

"ဟုတ်ပါတယ်"

"မင်းကို ငါမသိဘူး"

သုဘရာဇာကြီးက ခေါင်းခါယမ်းကာ ပြောလေသည်။

မိုးကြိုးဆိုသူက. . .

"ကျွန်တော်ကတော့ ဦးကိုသိပါတယ်၊ ဦးဟာ မျက်လှည့်ဆရာဝူးယိရဲ့အစ်ကို ဝူးကျောက်မဟုတ်လားဗျာ"

"ဘာကွ"

သုဘရာဇာကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

မိုးကြိုးအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေလာပြောနေတာလဲ၊ မင်းကို ငါမသိဘူး။ သည်နေရာက မြန်မြန်ထွက်သွားရင်ကောင်းမယ်"

"ကျွန်တော်"

"မင်း ထွက်သွားတာ အကောင်းဆုံးပဲ"

"ကောင်းပါပြီဗျာ"

မိုးကြိုးဆိုသောလူသည် သုဘရာဇာကြီးကို တစ်ချက်ကြည့်ပြီး စိတ်ပျက်စွာဖြင့် ကျောခိုင်းထွက်သွားလေတော့သည်။

❋ ❋ ❋

မိုးကြိုး ထွက်သွားပြီ ဖြစ်သည်။

သုဘရာဇာကြီး(ဝါ)ဦးကျောက်က အိမ်ထဲပြန်ဝင်လာခဲ့လေသည်။

အိမ်ထဲ၌ အခြားလူတစ်ယောက် ရှိနေပါသေးသည်။

ထိုလူက သုဘရာဇာကြီးအား လှမ်းမေးလိုက်လေသည်။

"အစ်ကိုကြီးဦးကျောက်. . . ဘယ်သူလဲဗျ"

သုဘရာဇာကြီးဦးကျောက်က. . .

"ညီလတ်ဦးလောက်. . . ပြောရမှာ အံ့သြစရာကောင်းတယ်၊ ညီငယ်ဦးယိနဲ့ ပတ်သက်နေတဲ့ လူတစ်ယောက် ရောက်လာတာပဲ"

"ဗျာ"



သုဘရာဇာကြီးဦးကျောက်နှင့် အိမ်ထဲရှိနေသည့် ဦးလောက်တို့မှာ ညီအစ်ကိုများဖြစ်ကြလေသည်။

အမှန်တော့ သူတို့တွင် ညီအစ်ကိုသုံးယောက် ရှိသည်။

ဦးကျောက်၊ ဦးလောက်နှင့် ဦးယိတို့ ဖြစ်ကြလေသည်။

ထူးခြားသည်ကား သူတို့ ညီအစ်ကိုသုံးယောက်စလုံး လူဆိုးများဖြစ်နေကြခြင်းပင်။

ဦးကျောက်က. . .

"ဦးယိက ငါတို့နဲ့ လမ်းခွဲပြီး တစ်ကိုယ်တော်ကျင်လည်ကျက်စားခဲ့တာပဲ"

ဦးလောက်က. . .

"ဟုတ်တယ်လေ၊ အခု သူဘယ်ရောက်နေသလဲ၊ ဘာတွေလုပ်နေသလဲဆိုတာတောင် ကျုပ်တို့ သိကြရတာမှ မဟုတ်တာ"

မှန်ပေသည်။

သူတို့ညီအစ်ကိုသုံးယောက်၌ ညီအငယ်ဆုံးဖြစ်သော ဦးယိမှာ အလွန်ခေါင်းမာပြီး တစ်ကိုယ်ကောင်းဆန်သူ ဖြစ်လေသည်။

အစ်ကိုနှစ်ယောက်ကိုလည်း အထင်မကြီးဘဲ လမ်းခွဲသွားကာ တစ်ကိုယ်တော် ကျင်လည်ကျက်စားခဲ့သူဖြစ်သည်။

ညီအစ်ကိုများ ဖြစ်ကြသော်လည်း ဦးကျောက်နှင့် ဦးလောက်တို့ကလည်း ဦးယိအား သဘောမကျကြပါချေ။

ဦးကျောက်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ဝူးယိနဲ့ ပတ်သက်နေတယ်ဆိုတဲ့ လူတစ်ယောက် ရောက်လာတာ ထူးခြားနေတယ်"

ဝူးလောက်က. . .

"သူ ဘာပြောသွားတာလဲ"

ဝူးကျောက် ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမပြောရသေးဘူး။ ဝူးယိနဲ့ ပတ်သက်နေတယ်ဆိုတာနဲ့ ငါမောင်းထုတ်လိုက်တာ"

ဝူးလောက်က. . .

"ဒါလည်း ကောင်းတာပါပဲ၊ သူနဲ့မပတ်သက်ရလေ ကောင်းလေပဲ မဟုတ်လား"

ဝူးကျောက်က. . .

"အေး. . . မေ့ထားလိုက်တာ အကောင်းဆုံးပဲ"

ထို့နောက် ဝူးယိနှင့်ပတ်သက်၍ ပြောဆိုခြင်းမပြုဘဲ နေလိုက်လေတော့သည်။

❁ ❁ ❁



သင်္ချိုင်းမြေ. . .။

သင်္ချိုင်းမြေထဲသို့ မိုးကြိုးရောက်ရှိလာလေသည်။

သင်္ချိုင်းထဲ၌ ဇရပ်တစ်ခုရှိနေသည်။

မိုးကြိုးက ဇရပ်ပေါ်သို့တက်ကာ အနားယူလိုက်၏။

အသင့်ပါလာသော အရက်နှင့် စားစရာများကို စားသောက်လိုက်သည်။

သူ၏အသွင်မှာ အလွန်မောပန်းနွမ်းနယ်ကာ အားအင်ကုန်ခမ်းနေပုံမျိုး ဖြစ်နေသည်။

မိုးကြိုးက စားသောက်ပြီး ဇရပ်မှတိုင်တစ်လုံးကို ကျောမှီကာ အနားယူလိုက်သည်။

မကြာမီ မျက်လုံးများ မှေးစင်းလာပြီး အိပ်ပျော်သွားလေသည်။

မိုးကြိုး အိပ်ပျော်သွားချိန်၌ အိပ်မက်တစ်ခု မြင်မက်ခဲ့လေတော့သည်။

အိပ်မက်ထဲ၌. . .

မိုးကြိုးသည် ရန်သူတစ်ယောက်နှင့် ပြင်းထန်သောတိုက်ပွဲတစ်ခု ဆင်နွှဲနေခဲ့ရခြင်း ဖြစ်လေသည်။

မိုးကြိုးက ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

အမှန်တော့ ရန်သူသည် မိုးကြိုးထက်ပိုပြီး သိုင်းပညာအဆင့် မြင့်မားသူဖြစ်သည်။

သို့သော်. . .

မိုးကြိုးက ခကောက်ကျစ်စဉ်းလဲသောနည်းလမ်းမျိုးစုံ

www.burmeseclassic.com

www.burmeseclassic.com



တိုအသုံးပြုလိုက်ခြင်းကြောင့် ရန်သူ အခက်ကြုံကာ မိုးကြိုးအား မယှဉ်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

"တိတ်"

"ယား"

မိုးကြိုးနှင့် ရန်သူတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြလေသည်။

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ရန်သူမှာ မိုးကြိုးကို မယှဉ်နိုင်ဘဲ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

"ဟား. . . ဟား. . . ဟား"

မိုးကြိုး သဘောကျစွာ ရယ်မောလိုက်လေသည်။

"ခင်ဗျား ဘာတတ်နိုင်သေးသလဲ၊ သေဖို့သာပြင်ထားပေတော့"

အော်ဟစ်ရင်း ဒယီးဒယိုင်ဖြစ်နေသော ရန်သူ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ရန်သူမှာ ခုခံရန်ဟန်ပြင်ထားသော်လည်း မဟန်နိုင်တော့ပါချေ။

မိုးကြိုး၏လက်ချက်ဖြင့် သေဆုံးသွားရတော့မည် ဖြစ်လေသည်။

ထိုတဒင်္ဂ အချိန်လေးမှာပင် ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာလေသည်။



"လူယုတ်မာ သေပေတော့"

အော်ဟစ်သံ တစ်ချက်ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခု ခုန်ဝင်လာသည်။

ထိုလူရိပ်က လက်ထဲ၌ ဓားတစ်လက်ကိုင်ဆောင်ထားပြီးမိုးကြိုးအား ဓားဖြင့်ထိုးသွင်းလိုက်လေသည်။

မိုးကြိုး မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကို သည်လို အလစ်တိုက်ခိုက်လို့ ရမယ်များထင်နေသလား"

ချာခနဲလှည့်ကာ လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

သို့တိုင်. . .

ခုန်ဝင်တိုက်ခိုက်လာသူကို တွေ့လိုက်ရသောအခါ ရိုက်ချတော့မည့် သူ၏လက်ဝါးသည် လေထဲ၌ရပ်တန့်သွားလေသည်။

သူ့အား တိုက်ခိုက်လာသူမှာ မိန်းကလေးတစ်ယောက် ဖြစ်နေပါသည်။

မိုးကြိုး အံ့ဩသွားသည်။

"မေဟွား"

ဟုလည်း လွှတ်ခနဲ အော်လိုက်မိသည်။

သူက လက်ဝါးဖြင့် ရိုက်ချလိုက်မည်ဆိုလျှင် မေဟွား သေဆုံးသွားရမည်သာ ဖြစ်လေသည်။

မေဟွားအား ထိခိုက်မိမည်ကို စိုးရိမ်ကာ မိုးကြိုးက

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးရိုက်ချက်ကို ချက်ချင်း ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

မေဟွားကမူ ရပ်တန့်ခြင်းမရှိဘဲ ဓားဖြင့် ဆက်လက်ထိုးသွင်း တိုက်ခိုက်လိုက်လေသည်။

သူမ၏ဓားသည် ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက်ဖြစ်နေသည့် မိုးကြိုး၏ရင်ဝကို ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

"အား"

မိုးကြိုး တစ်ချက်အော်ဟစ်လိုက်ပြီး မြေပေါ်လဲကျသွားလေသည်။

"ဟင်"

မေဟွား ကြောင်အမ်းအမ်းဖြစ်သွား၏။

မိုးကြိုးက သူမအား တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်ခြင်းကြောင့် သူမ၏တိုက်ခိုက်မှုကို ခံလိုက်ရခြင်းဖြစ်ကြောင်း သူမ နားလည်လိုက်သည် မဟုတ်ပါလား။

မိုးကြိုးက မြေပေါ်လူးလိမ့်ရင်း. . .

"မင်း"

သူသည် တစ်စုံတစ်ခု အော်ပြောရန် ကြိုးစားရင်း အိပ်မက်ဆိုးမှ လန့်နိုးလာခဲ့လေတော့သည်။

❁ ❁ ❁



မိုးကြိုး အိပ်မက်ဆိုးမှ လန့်နိုးလာပြီးနောက် တစ်ကိုယ်လုံးဇောချွေးများ စိုရွှဲနေပါတော့သည်။

မိုးကြိုးက ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

သချိုင်းမြေတွင် လူသူကင်းရှင်းနေပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါ။

မေဟွားနှင့် ပြိုင်ဘက်ရန်သူကိုလည်း မတွေ့ရပါ။

မိုးကြိုးက အင်္ကျီရင်ဘတ်ကိုဟ,ကာ ဝမ်းဗိုက်ကို ငုံ့ကြည့်လိုက်သည်။

သူ၏ဝမ်းဗိုက်၌ ဓားဒဏ်ရာရှိနေပါသည်။

ဒဏ်ရာက ပျောက်ကင်းနေပြီဖြစ်သည်။

သေလုမြောပါး ဒဏ်ရာရခဲ့သော်လည်း ကံကောင်းထောက်မကာ အသက်ရှင်ခဲ့ရခြင်း ဖြစ်သည်။

မေဟွားနှင့် ရန်သူတော်ကြီးတို့ကသာ သူ့အား သေပြီထင်မှတ်ထားခဲ့ကြခြင်းမရှိလျှင် သူသေဆုံးသွားရမည် ဖြစ်ပါသည်။

မေဟွားတို့က သူ့အား လုံးဝချမ်းသာပေးကြမည် မဟုတ်ပါ။

မိုးကြိုး သက်ပြင်းချလိုက်သည်။

သူက သေလုမြောပါးဒဏ်ရာကြီးဖြင့် သွေးရူးသွေးတန်းထွက်ပြေးခဲ့သည်။

သူ၏ဆရာဝူယိနှင့်အတူ နေထိုင်စဉ်ကတည်းက သိရှိခဲ့သော ဆေးဆရာထံသို့ အရောက်သွားနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာက ကုသပေးခဲ့ခြင်းကြောင့် ယခုကဲ့သို့ အသက်ရှင်ခဲ့ရခြင်းဖြစ်သည်။

"တောက်"

မိုးကြိုးသည် အတိတ်မှ အဖြစ်ဟောင်းများကို ပြန်လည်တွေးတောစဉ်းစားရင်း ခံပြင်းဒေါသထွက်ကာ တက်ခေါက်လိုက်မိလေသည်။

မေဟွား. . .။

သူ့အား လေသုမြောပါး ဒဏ်ရာရရှိစေခဲ့သည့် မေဟွားကို သူဘယ်တော့မှ မုန်းတီးသွားမည် မဟုတ်ပါ။

သူ၏ထူးဆန်းသော မေတ္တာတရားအကြောင်းကို သူသာလျှင် သိပေသည်။

မိုးကြိုးက. . .

"ငါ့ရဲ့ရန်သူကို ဆုံးမနိုင်ဖို့ ဝူးကျောက်ရဲ့အကူအညီကို လိုနေတာ အမှန်ပဲ၊ သူ့ရဲ့အကူအညီရမှုဖြစ်မယ်"

ဟု တွေးကာ ထိုင်ရာမှထလိုက်သည်။

သူက ဝူးကျောက်ထံသို့ ဒုတိယအကြိမ် ပြန်သွားမည် ဖြစ်လေသည်။

မိုးကြိုး ဇရပ်ပေါ်မှ ဆင်းလိုက်သည်။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် သချိုင်းမြေထဲမှ ထွက်ခွာသွားလေတော့သည်။

❖ ❖ ❖



# တစ်ချိန်က

ချယ်ရီတောင်. . .။

ချယ်ရီတောင်သည် သာယာလှပသော တောင်တစ်လုံးဖြစ်သလို သိုင်းလောက၌ နာမည်ရှိသော တောင်တစ်လုံးလည်း ဖြစ်ပါသည်။

ယခု. . .

မေဟွားနှင့်မေနန်းတို့ သားအမိနှစ်ယောက်သည် ချယ်ရီတောင်၌ ပြန်လည်နေထိုင်ခဲ့လေသည်။

မေဟွားသည် တောင်ပေါ်ဘုံကျောင်းလေး၌ သွားရောက်ဂါရဝပြုခဲ့ပြီးသော နောက်ပိုင်းတွင် တွေးတောစရာကိစ္စများ ပေါ်ပေါက်လာခဲ့လေသည်။

သမီးလေးမေနန်းက လမ်းတွင် လူဆိုးကြီးတစ်ယောက်ကိုတွေ့ခဲ့သည်ဟု ပြောခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူဆိုးကြီးက သူမတို့ မိသားစုလေး၏ဘဝကို ဖျက်ဆီးပစ်ခဲ့သော ဝမ်းလုံ(ဝါ) မိုးကြိုးဖြစ်လေသည်။

မိုးကြိုး. . . ။

မိုးကြိုးသည် သူမအတွက် အလွန်ကြောက်စရာကောင်းသူ ဖြစ်ပါသည်။

မိုးကြိုး အသက်ရှင်နေသမျှ သူမ စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်မည် မဟုတ်ပါ။

သူမ၏သမီးလေး ဘဝရှေ့ရေးအတွက်လည်း စိုးရိမ်ပူပန်ရသည် မဟုတ်ပါလား။

"သူ့ကို ဆုံးမနိုင်ပြီဆိုပြီး တကယ်ပဲ သေဆုံးသွားပြီလားဆိုတာကို မစစ်ဆေးဘဲ ထွက်လာခဲ့မိတာ ငါ့အမှားပဲ"

မေဟွား ကိုယ့်ကိုကိုယ် အပြစ်တင်နေမိသည်။

မေဟွား ချယ်ရီတောင်သို့ပြန်ရောက်ပြီးနောက် သူမ၏လူယုံတော်တစ်ယောက်အား မိုးကြိုးသေဆုံးခဲ့သော နေရာသို့ သွားကြည့်ခိုင်းခဲ့သည်။

လူယုံ ပြန်ရောက်လာလျှင် အကျိုးအကြောင်း သိရလိမ့်မည်ဖြစ်လေသည်။

မေဟွား တွေးတောနေစဉ်မှာပင် လူယုံတော်က ပြန်လည်ရောက်ရှိလာလေသည်။

မေဟွား စိတ်လှုပ်ရှားကာ ဆီးကြိုမေးမြန်းလိုက်သည်။

"သူ့အလောင်းကို တွေ့ခဲ့သလား"

လူယုံက ဦးညွှတ်လိုက်သည်။



"မတွေ့ခဲ့ရပါဘူး၊ အနီးအနားပတ်ဝန်းကျင်မှာ စုံစမ်းကြည့်တော့ ဒဏ်ရာအပြင်းအထန်ရထားတဲ့ လူတစ်ယောက် တောင်ကုန်းပေါ်ကဆင်းလာပြီး အဝေးကို ထွက်သွားတယ်လို့ သိခဲ့ရပါတယ်"

မေဟွား မျက်လုံးပြူးသွား၏။

"အဲဒါ မိုးကြိုးပဲ"

မိုးကြိုးကား သေဆုံးသွားခြင်း မရှိသေးပါချေ။

မေဟွားက. . .

"နောက်ထပ် ဘာများသိရသေးသလဲ"

ဟု မေးလိုက်သည်။

လူယုံက. . .

"အဲသည်လူ ထွက်သွားတယ်ဆိုတဲ့ အရှေ့ဘက်ကို လိုက်သွားပြီး စုံစမ်းကြည့်ပါသေးတယ်၊ ဒါပေမယ့် ဘာသတင်းမှ မကြားရတော့ပါဘူး"

မေဟွား စိတ်ဓာတ်ကျသွားသည်။

သူမ အတန်ကြာ စဉ်းစားလိုက်ပြီးလျှင်. . .

"ကောင်းပြီလေ၊ ဒဏ်ရာရထားတဲ့ လူတစ်ယောက်ဟာ ဆေးကုရမှာပဲ၊ အမှောင်လောကမှာ ထင်ရှားတဲ့ ဆေးဆရာတွေလည်း ရှိတာပဲ၊ ရှင် သတင်းစုံစမ်းကြည့်ရမယ်"

ဟု ထပ်ပြီး တာဝန်ပေးလိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုး. . .။

မိုးကြိုးက သချိုင်းမြေထဲမှ ထွက်လာခဲ့သည်။

သူက ဝူးကျောက်နှင့် သွားရောက်တွေ့ဆုံမည်ဟု ဆုံးဖြတ်ထားသည်။

သချိုင်းမြေထဲမှ ထွက်လိုက်သည်နှင့် ရှေ့မှ လှမ်းလာနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူကား မိုးကြိုး တွေ့လိုနေသော ဝူးကျောက်ပင်ဖြစ်သည်။

ဝူးကျောက်က. . .

"သည်တစ်ခါ ငါက မင်းကို တွေ့ချင်နေတာ"

မိုးကြိုး ခေါင်းညိတ်လိုက်သည်။

"ကောင်းတာပေါ့ဗျာ"

ဝူးကျောက်က. . .

"မင်းဟာ မျက်လှည့်ဆရာ ဝူးယိရဲ့တပည့် ဟုတ်လား"

မိုးကြိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ဝူးကျောက်က. . .

"ဝူးယိက တကယ်ပဲ မျက်လှည့်ဆရာ ဟုတ်လား"

မိုးကြိုး ပြုံးလိုက်သည်။

"သူက မျက်လှည့်ပညာမှာ တစ်ဘက်ကမ်းခတ် ကျွမ်းကျင်တာတော့ အမှန်ပါပဲ"

ဝူးကျောက်က. . .



"ငါမေးတာက ဝူးယိက မျက်လှည့်ပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းတာ ဟုတ်လား၊ တခြား ဘာတွေလုပ်သေးသလဲ"

မိုးကြိုးက. . .

"ခင်ဗျားသိချင်ရင် ပြောပြပါ့မယ်၊ ဆရာဝူးယိရဲ့ တကယ့်အသက်မွေးဝမ်းကျောင်းပညာက လူသတ်တာပဲဗျ"

"ဪ"

"ကြေးစားလူသတ်သမား ဆိုပါတော့ဗျာ"

ဝူးကျောက်က. . .

"မင်းက ဝူးယိနဲ့ ဘယ်လိုပတ်သက်နေသလဲ ပြောပါဦးကွ"

မိုးကြိုးက. . .

"ကျွန်တော်ဟာ သူ့ရဲ့တပည့်တွေ အများကြီးထဲက တပည့်တစ်ယောက်ပေါ့ဗျာ"

"ဪ"

ဝူးကျောက်က မိုးကြိုးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

မိုးကြိုးက. . .

"ဆရာဝူးယိက လမ်းပေါ်မှာ ခြေသလုံးအိမ်တိုင် ဆေးလွင့်နေတဲ့ မိဘမဲ့တစ်ကောင်ကြွက် ကလေးငယ်တွေကို ရှာဖွေပြီး ကျွေးမွေးပြုစောင့်ရှောက်တယ်၊ ပြီးတော့ လူသတ်ပညာသင်ပေးတယ်"

www.burmeseclassic.com



ဝူးကျောက် သက်ပြင်းချလိုက်သည်။

"ငါသဘောပေါက်ပြီ၊ မင်းလည်း ကြေးစားလူသတ်သမားတစ်ယောက်ပေါ့"

မိုးကြိုး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်က ကြေးစားလူသတ်သမား မဟုတ်ဘူးဗျ၊ ဆရာဝူးယိ ခိုင်းတာကို လုပ်ရတာ၊ သူ့ရဲ့တပည့်ပဲ"

ဝူးကျောက်က. . .

"ဝူးယိက ကြေးစားလူသတ်သမားပဲ၊ မင်းလည်း မထူးပါဘူး"

မိုးကြိုး ဘာမှမပြောဘဲ နေလိုက်၏။

ဝူးကျောက်က. . .

"ကောင်းပြီ၊ မင်းက ဘာကြောင့် ငါ့ကို တွေ့ချင်ရတာလဲ ပြောပါဦး"

မိုးကြိုးက. . .

"ခင်ဗျားဆီက အကူအညီ လိုချင်လို့ပါ"

ဝူးကျောက် ပြုံးလိုက်သည်။

"လက်စသပ်တော့ ကျုပ်ရဲ့အကူအညီ လိုချင်နေတာကိုး"

"ဟုတ်ပါတယ်ဗျာ"

"နေပါဦး၊ မင်းရဲ့ဆရာ ဝူးယိက ငါ့ဆီကို လွှတ်လိုက်တာလားကွ"

"သည်လိုတော့ မဟုတ်ပါဘူး"



"ဒါဖြင့် မင်းသဘောနဲ့ မင်းလာခဲ့တာပေါ့ ဟုတ်လား"

မိုးကြိုး ခေါင်းညိတ်လိုက်ပြန်သည်။

ဝူးကျောက်က. . .

"ဝူးယိကော"

"သူ သေသွားပါပြီ"

"ဘာကွ"

"သူသတ်သင်ပေးဖို့ လက်ခံထားတဲ့ လူတွေကပဲ၊ သူ့ကို သတ်သင်လိုက်ကြတာပါ"

ကြေးစားလောကတွင် အခကြေးငွေယူကာ သတ်ပေးရမည့်သူကို သတ်နိုင်လျှင်သတ် မသတ်နိုင်လျှင် ကိုယ်အသတ်ခံရမည် မဟုတ်ပါလား

ထိုသဘောတရားကို ဝူကျောက် ကောင်းစွာ နားလည်ထား၏။ မိုးကြိုးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ဆရာဝူးယိက အင်အားကြီးမားတဲ့ ဂိုဏ်းတစ်ခုရဲ့ ဂိုဏ်းချုပ်ကို လုပ်ကြံပေးဖို့ အလုပ်လက်ခံလိုက်တယ်၊ ပြီးတော့ အစွမ်းကုန်ကြိုးစားခဲ့တယ်၊ ဒါပေမယ့် မအောင်မြင်ဘဲ နောက်ဆုံး သူ့အကြောင်းကို လုပ်ကြံခံရမယ့် ဂိုဏ်းချုပ်က သိသွားတယ်"

ဝူးကျောက်က. . .

"အဲသည် ဂိုဏ်းချုပ်ကပဲ ဝူးယိကို လုပ်ကြံလိုက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်က ဆရာဦးယိ အပါအဝင် ကျွန်တော်တို့ အားလုံးကို ဆုံးမခဲ့တာပါ"

ဦးကျော် မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဆို မင်း အသက်ရှင်နေသေးတာ ကံကောင်းတာပေါ့"

မိုးကြိုးက. . .

"ခင်ဗျားလည်း ကံကောင်းမှာပါ"

ဦးကျော်က. . .

"ကျုပ်က ဘယ်လိုကံကောင်းမှာလဲ ပြောပါဦး"

မိုးကြိုးက. . .

"ကျွန်တော်က လူတစ်ယောက်ကို ရင်ဆိုင်ချင်တယ်၊ ဒါပေမယ့် တစ်ယောက်ထဲ မတတ်နိုင်ဘူး၊ ခင်ဗျားကူညီရင် သူ့ကို သုတ်သင်နိုင်မှာပဲ"

ဦးကျော်က. . .

"မင်းရဲ့ရန်သူကို ကျုပ်က ကူညီရင်ဆိုင်ပေးရမယ့်ကိစ္စ ကျုပ် ကံကောင်းတာလား"

မိုးကြိုး လက်ကာပြလိုက်သည်။

"ခင်ဗျားက ဦးယိနဲ့ ညီအစ်ကိုပဲ မဟုတ်လား"

ဦးကျော်က. . .

"ငါတို့ ညီအစ်ကို ဖြစ်ပေမယ့် လမ်းခွဲခဲ့ကြတာ ကြာပြီ၊ ဦးယိက ရက်စက်တယ်၊ ကောက်ကျစ်တယ်၊ ညီအစ်ကိုချင်း တောင် သူက ချမ်းသာပေးတာ မဟုတ်ဘူး၊ ဒါကြောင့် ညီအစ်ကို



အဖြစ်က ပြတ်စဲလိုက်တာ ကြာပြီကွ"

မိုးကြိုးက. . .

"သူကတော့ ခင်ဗျားတို့အကြောင်းကို အမြဲပြောလေ့ ရှိပါတယ်၊ ကြေးစားအလုပ်ကို စွန့်လွှတ်လိုက်တဲ့ အချိန်ရောက် ရင် ခင်ဗျားတို့ဆီကို ပြန်ပြီး တစ်သက်လုံး အတူနေထိုင်သွားမယ် လို့ မကြာခဏ ပြောခဲ့တာဗျ"

ဦးကျော်. . .

"သူက သတိရပေမယ့် ငါတို့ကတော့ သူ့ကို လုံးဝသတိ မရတာ ကြာလှပြီ"

မိုးကြိုးက. . .

"ဘာပဲဖြစ်ဖြစ် ခင်ဗျားက ကျုပ်ကို ကူညီမယ်ဆိုရင် တစ်သက်စားမကုန်တဲ့ ရွှေငွေရတနာတွေ ရမှာဗျ"

ဦးကျော် မျက်မှောင်ကုပ်သွား၏။

"မင်း ဘာပြောလိုက်တယ်"

မိုးကြိုးက. . .

"ခင်ဗျားတို့အတွက် တစ်သက် မပြောနဲ့ ဆယ်သက် စားမကုန်နိုင်တဲ့ ရွှေငွေရတနာတွေ ရမှာ"

ဦးကျော် ငြိမ်ကျသွားလေသည်။

အမှန်တော့ ဦးကျော်သည်လည်း ဦးယိကဲ့သို့ လူဆိုး ဓားပြတစ်ဦးပင် ဖြစ်သည်။

ဓားပြမှုတစ်ခု ကျူးလွန်ခဲ့ရာမှ အဖြူရောင်သိုင်းသမား များ၏ သဲကြီးမဲကြီး လိုက်လံတိုက်ခိုက်ခြင်း ခံရသဖြင့် ထွက်ပြေး

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှောင်ကာ မထင်ရှားသော မြို့လေးတစ်မြို့၌ သုဘရာဇာကြီးအဖြစ် ဇာတ်မြှုပ်နေခဲ့ခြင်း ဖြစ်လေသည်။

ဦးကျော်က...

"မင်း တကယ် ပြောနေတာလား"

မိုးကြိုး ခေါင်းညိတ်လိုက်သည်။

"တကယ်ပါဗျာ"

ဦးကျော်က...

"ငါကူညီရင်ဆိုင် ပေးရမယ့်လူက ဘယ်သူလဲ"

မိုးကြိုးက...

"သူ့နာမည်က ကျောင်းသိလို့ ခေါ်တယ်"

ဟု အစချီကာ ကျောင်းသိ၏အကြောင်းကို ပြောပြလိုက်လေတော့သည်။

❁ ❁ ❁



## တကျော့ပြန်

"ခွပ်ခွပ်... ခွပ်ခွပ်"

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်နေ၏။

မြင်းလှည်းတစ်စီးသည် လမ်းမကြီးအတိုင်း မောင်းနှင်လာရာမှ လမ်းဘေးသို့ ဆင်းကာ တောလမ်းအတိုင်း ဆက်လက်မောင်းနှင်သွားလေသည်။

မြင်းလှည်း မောင်းနှင်လာသူကား လှပချောမောသော အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

သခင်မလေး မေဟွား ဖြစ်လေသည်။

မေဟွား၏နံဘေး၌ မိန်းကလေးတစ်ယောက် ငုတ်တုတ်ထိုင်ကာ လိုက်ပါလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေဟွားဏ်သမီး မေနန်း ဖြစ်သည်။

မေဟွားသည် မိုးကြိုး၏အကြောင်းကို လူယုံတော်တစ်ဦးအား စုံစမ်းခိုင်းခဲ့သည်။

သို့သော်. . .

လူယုံတော်က မိုးကြိုး၏သတင်းကို စုံစမ်းနိုင်ခြင်း မရှိခဲ့ပါချေ။

နောက်ဆုံးတွင် မေဟွားက ကိုယ်တိုင်ထွက်ကာ စုံစမ်းရန် ဆုံးဖြတ်လိုက်သည်။

သူမသည် မေနန်းအား တစ်ယောက်ထဲ မထားခဲ့လိုဘဲ သူမ သွားလေရာနောက်သို့ ခေါ်ဆောင်သွားလေ့ရှိသူ ဖြစ်သည့်အတိုင်း ယခုလည်း ခရီးထွက်ရာတွင် သမီးလေးမေနန်းကိုပါ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

မေဟွားက အလည်အပတ် ခရီးသွားမည်ဟု မည်သူ့ကိုမျှ အဖော်မခေါ်ဘဲ သားအမိနှစ်ယောက်ထဲ မြင်းလှည်းတစ်စီးဖြင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။

"ခွပ်ခွပ်. . . ခွပ်ခွပ်"

"ခွပ်ခွပ်. . . ခွပ်ခွပ်"

မြင်းလှည်းက တောလမ်းအတိုင်း မောင်းနှင်သွားရင်း တောင်ကုန်းလေးတစ်ခု အနီးသို့ ရောက်ရှိသွားလေသည်။

"ဟေး"

မေဟွားက မြင်းများကို အော်ငေါက်ရင်း မြင်းလှည်းကို ရပ်တန့်လိုက်သည်။



"လာ. . . သမီး၊ တောင်ကုန်းလေးပေါ်က ကြည့်ရင် ရှုမျှော်ခင်းတွေက သိပ်ပြီး သာယာလှပတယ်၊ မေမေတို့ သွားကြည့်ကြမယ်"

"ဟုတ်ကဲ့ မေမေ"

ထို့နောက် သားအမိနှစ်ယောက် တောင်ကုန်းလေးပေါ်သို့ တက်လာခဲ့ကြလေသည်။

ထိုတောင်ကုန်းလေးကား မိုးကြိုးနှင့် နောက်ဆုံး ရင်ဆိုင်ခဲ့သည့် တောင်ကုန်းလေး ဖြစ်လေသည်။

မေဟွားသည် မိုးကြိုးကို သတိရမိသဖြင့် ဤတောင်ကုန်းလေးဆီသို့ လာခဲ့ခြင်း ဖြစ်သည်။

မိုးကြိုးသည် သူမအား သတ်ပစ်နိုင်ပါလျက်နှင့် အသက်ချမ်းသာပေးခဲ့သည် မဟုတ်ပါလား။

အဘယ်ကြောင့်နည်း။

ရက်စက်ကြမ်းကြုတ်လှသည့် လူဆိုးကြီးမိုးကြိုးက သူမအား တစ်ဘက်သတ် မေတ္တာသက်ဝင်ကာ အစွဲလန်းကြီး စွဲလန်းခဲ့သည် မဟုတ်ပါလား။

သူမနှင့် မိုးကြိုးတို့ ဆုံစည်းခဲ့ပုံများကလည်း ထူးခြားနေပါတော့သည်။

တောင်ကုန်းလေးပေါ်သို့ ရောက်လျှင် မေဟွားမှာ အတိတ်မှ ဖြစ်ရပ်များကို ပြန်လည်သတိရလာကာ တွေဝေငေးမောသွားလေတော့သည်။

◉ ◉ ◉

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုး. . .။

မိုးကြိုးသည် ဝူးကျောက်နှင့် ညှိနှိုင်းပြီးခဲ့ပြီ ဖြစ်လေသည်။

ဝူးကျောက်နှင့် ဝူးလောက်တို့ နှစ်ယောက်သည် မိုးကြိုးအား ကူညီရန် ဆုံးဖြတ်လိုက်ကြလေသည်။

သူတို့အား မိုးကြိုးကလည်း အကြောင်းစုံ ပြောပြခဲ့သည် မဟုတ်ပါလား။

ဝူးကျောက်နှင့် ဝူးလောက်တို့မှာ ဝူးယိ၏ညီအစ်ကိုများ ဖြစ်ကြသကဲ့သို့ သွေးဆိုးမိုက်မဲပြီး ကြောက်ရွံ့တတ်ကြသူများလည်း မဟုတ်ကြပါချေ။

သုံးယောက်သား ခရီးထွက်လာရင်း သာယာလှပသော တောင်ကုန်းလေးတစ်ခုသို့ ရောက်ရှိလာကြသောအခါ. . .

"သည်တောင်ကုန်းလေးပေါ်ကို ခဏတက်ဦးမယ်"

မိုးကြိုးက ပြောပြောဆိုဆို တောင်ကုန်းလေးပေါ်သို့ တက်သွားရာ ဝူးကျောက်နှင့် ဝူးလောက်တို့လည်း ဘုမသိဘမသိ လိုက်သွားကြရလေသည်။

မကြာပါချေ။

သုံးယောက်သား တောင်ကုန်းလေးပေါ်သို့ ရောက်ရှိသွားကြလေသည်။

မိုးကြိုး၏မျက်နှာတွင် ထူးခြားသော အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

ဤတောင်ကုန်းလေးအား သူကောင်းစွာ မှတ်မိနေပါသည်။ သူ၏ဘဝတွင် အရာရာကို အရှုံးပေးလိုက်ရသော နေရာတစ်ခု မဟုတ်ပါလား။



ဤတောင်ကုန်းလေးပေါ်၌ ကြီးကျယ်သော တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့သည်။

ထိုတိုက်ပွဲ၌ အနိုင်ရသင့်ပါလျက် ရှုံးနိမ့်သွားခဲ့ရလေသည်။

ထို့နောက်တွင် မိုးကြိုးက ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည်တွေးတော မြင်ယောင်လာမိလေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# အတိတ်

မိုးကြိုးသည် မိဘမဲ့တစ်ကောင်ကြွက်ကလေး ဖြစ်ပြီး လမ်းပေါ်၌ တေတလှည့် ပြတ်တလှည့် ကျင်လည်ကျက်စားခဲ့ရသူ ဖြစ်ပါသည်။

တစ်နေ့. . .

မိုးကြိုးက မြို့လယ်ဈေးနှင့် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်ကာ ဈေးဘက်သို့ အခြေအနေ စောင့်ကြည့်နေသည်။

မကြာပါချေ။

အမျိုးသမီးဝဝကြီး တစ်ယောက်က ဈေးထဲမှ ထွက်လာလေသည်။

မိုးကြိုးမှာ ထိုအမျိုးသမီးကြီးအား မျက်စိကျသွားလေသည်။



သစ်ပင်အောက်မှ ထွက်ကာ မယောင်မလည်ဖြင့် နောက်ရောင်ခံလိုက်သွားပြီး လူရှင်းသော တစ်နေရာသို့ ရောက်လျှင် အမျိုးသမီး၏ငွေအိတ်ကို ဆွဲယူကာ ထွက်ပြေးလေတော့သည်။

"ဟဲ့. . . ဟဲ့ သူခိုးလေး"

"ငါ့ငွေအိတ် ပြန်ပေး"

အမျိုးသမီးကြီး၏ အော်သံကြောင့် ပတ်ဝန်းကျင်မှ လူအများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"သူခိုးလေး မပြေးနဲ့"

"ဝိုင်းဖမ်းကြဟေ့"

လူအများက ဝိုင်းဖမ်းကြလျှင် မိုးကြိုး ပြေးမလွတ်တော့ဘဲ အဖမ်းခံလိုက်ရတော့သည်။

"အကျင့်ပျက်တဲ့ ကောင်လေးပဲ"

"ချကွာ"

လူအများက ဝိုင်းဝန်းထိုးကြိတ် ကန်ကျောက်မှုအောက်တွင် မိုးကြိုး လမ်းပေါ်လဲကျ သတိလစ်မေ့မြောသွားရတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



အချိန်မည်မျှ ကြာသွားမှန်းမသိ။

မိုးကြိုး သတိရလာသော လူတစ်ယောက်က သူ့အား ပြုံး၍ ကြည့်နေပြီး . . .

"ကောင်လေး၊ မင်း ဘာမှမပူနဲ့၊ မင်းကို ငါကျွေးမွေး စောင့်ရှောက်သွားမယ်၊ လူတွေကို ဘယ်လိုခုခံ တိုက်ခိုက်ရတယ် ဆိုတာ သင်ပေးမယ်၊ အေး ငါ့ရဲ့စကားကိုတော့ တသွေမတိမ်း နားထောင်ရလိမ့်မယ်"

ဟု ပြောလေသည်။

ထိုလူမှာ မျက်လှည့်ဆရာ ဝူးယိ ဖြစ်လေသည်။

ဝူးယိနှင့် ဆုံတွေ့လိုက်ရပြီးသည့် နောက်ပိုင်း မိုးကြိုး ၏ဘဝ အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့လေတော့သည်။

❖ ❖ ❖



# သားကောင်

ရွှေကြယ်စားသောက်ဆိုင် . . .။

ပုရှောင်လုံသည် ရွှေကြယ်စားသောက်ဆိုင်သို့ ရောက် ရှိလာသောအခါ ဆိုင်ရှင်နှင့် ဆိုင်စားပွဲထိုးလင်မျှားက ပျာပျာသလဲ ကြိုဆိုပြီး နေရာထိုင်ခင်းပေးလိုက်ကြလေသည်။

စားသောက်ဖွယ်ရာများ၊ အကောင်းစားအရက်များဖြင့် လည်း တည်ခင်းဧည့်ခံကြလေသည်။

ပုရှောင်လုံသည် အပြာရောင်ဒဂေါင်အစားများ ဝတ် ဆင်ထားပြီး စာပေသမားတစ်ဦးနှင့် တူသူ ဖြစ်သည်။

သို့သော် . . .

ခါး၌ ဓားရှည်တစ်လက် ချိတ်ဆွဲထားခြင်းကြောင့် သိုင်း သမားတစ်ယောက် ဖြစ်ကြောင်း ဖော်ပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင်. . .

ပုရှောင်လုံအား ဆိုင်ရှင်ကိုယ်တိုင် ဧည့်ဝတ်ပြုနေခြင်းမှာ ထင်းနန်ဂိုဏ်းကြောင့် ဖြစ်သည်။

ထင်းနန်ဂိုဏ်းသည် အများအကျိုး၊ သိုင်းလောကအကျိုးသည်ပိုးဆောင်ရွက်နေသော အဖြူရောင်သိုင်းဂိုဏ်းကြီးတစ်ခုဖြစ်သည်။

အများသူငါနှင့် ထိပ်ဆုံးသိုင်းဂိုဏ်းကြီးများကပင် ရှိသေလေးစားရသော ဂိုဏ်းတစ်ခုလည်း ဖြစ်လေသည်။

ပုရှောင်လုံမှာ ထင်းနန်ဂိုဏ်းမှ နာမည်ကျော် ဌာနမှူးတစ်ဦးလည်း ဖြစ်လေသည်။

ပုရှောင်လုံသည် ထင်းနန်ဂိုဏ်းချုပ်၏အမိန့်ဖြင့် ဆိုးသွမ်းသောင်းကျန်းနေသော သိုင်းသမားဆိုးအချို့ကို ဆုံးမနှိမ်နင်းပြီး ထင်းနန်ဂိုဏ်းသို့ ပြန်လာရင်း ရွှေကြယ်စားသောက်ဆိုင်၌ ခရီးတထောက်နားကာ အနားယူ စားသောက်ခဲ့ခြင်း ဖြစ်လေသည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များသည် သူ့အား သိရှိနေကာ ရှိသေပျူငှာစွာ ဧည့်ဝတ်ပြုမှုကြောင့် ပုရှောင်လုံ ကျေနပ်သွားလေသည်။

"ကျုပ်က နေရာအနှံ့အပြားကို ရောက်ခဲ့ပေမယ့် ခင်များတို့ဆိုင်က ဟင်းလျာတွေလောက် ခံတွင်းမတွေ့ခဲ့ဘူး၊ အခုမှပဲ စားရသောက်ရတာ ကျေနပ်မှုရတော့တယ်"

ဆိုင်ရှင်အား ကျေးဇူးတင်စကား ပြောလိုက်လေသည်။



ပုရှောင်လုံကဲ့သို့ လူစားမျိုး၏ ချီးကျူးပြောဆိုမှု ခံလိုက်ရခြင်းကြောင့် ဆိုင်ရှင် ကျေနပ်သွားလေသည်။

"ဆရာတို့ ထင်းနန်ဂိုဏ်းအတွက်ဆိုရင် ကျုပ်တို့ စားသောက်ဆိုင်ဟာ အမြဲတမ်း တံခါးဖွင့်ထားပါတယ်ဗျာ၊ ဒါထက်သည့်တစ်ခါ ဆရာခရီးထွက်သွားတာ အတော်ကြာတယ်နော်"

ပုရှောင်လုံ ခေါင်းညိတ်[illegible]ိုက်သည်။

"ဟုတ်တယ်၊ သွားစာန်းကတော့ သိုင်းသမားဆိုးတစ်ချို့ကိုဆုံးမဖို့ပါပဲ၊ ဒါပေမယ့် နယ်ခြားကို ရောက်သွားတော့ တခြားလူဆိုးမားပြတွေကိုပါ တွေ့ခဲ့ရလို့ ဆုံးမနေရတာနဲ့ အချိန်ကြာသွားတာ"

ဆိုင်ရှင်က. . .

"အင်း ထင်းနန်ဂိုဏ်းဟာ အများပြည်သူအတွက် တကယ့်ကို အားကိုးအားထားပြုရတဲ့ ဂိုဏ်းကြီးတစ်ခုပါပဲ"

ဟု ချီးကျူးစကားဆိုလိုက်သည်။

တဖန်. . .

"သည်လိုကြောင့်လည်း လူဆိုးတွေက 'ထင်းနန်'ဂိုဏ်းကို [illegible]မုန်းကျိုးပြီး ဒုက္ခပေးဖို့ ကြံစည်နေကြတယ်လို့ သတင်းတွေ [illegible]ပေါ်နေတာပေါ့"

ဟူ၍ ဆက်ပြောလိုက်သည်။

ပုရှောင်လုံ ပြုံးလိုက်သည်။

"လူကောင်းတွေက ချစ်ခင်လေးစားပြီး လူဆိုးတွေက မုန်းတီးကြတာ မဆန်းပါဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်သည် တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက်ပြီးမှ မပြောဘဲ နေလိုက်၏။

"ကျုပ်မှာ တခြားအလုပ်ကလေးတွေ ရှိနေသေးလို့ ခွင့်ပြုပါဦး၊ လိုတာရှိရင် အားမနာပါနဲ့"

ပုရှောင်လုံက...

"ကိစ္စ မရှိပါဘူးဗျာ၊ ဘာမှ မလိုအပ်တော့ပါဘူး၊ ကျုပ်ကြောင့် အနှောင့်အယှက် ဖြစ်နေပါ့မယ်၊ လုပ်စရာရှိတာ လုပ်ပါဗျာ"

"ကျေးဇူးပါပဲ"

ဆိုင်ရှင်က နှုတ်ဆက်ပြီး ထွက်သွား၏။

ပုရှောင်လုံကလည်း ဖြိန်ရည်ယှက်ရည် စားသောက်လိုက်လေတော့သည်။

❁ ❁ ❁



မကြာမီ...

ပုရှောင်လုံ စားသောက်ပြီးစီးကာ ဆိုင်ရှင်နှင့် ဆိုင်လုလင်များအား နှုတ်ဆက်ကာ ထွက်သွားလေသည်။

ထင်းနန်ဂိုဏ်းသို့ မရောက်မချင်း နောက်ထပ် ရပ်နားမည် မဟုတ်ဘဲ ခရီးပြင်းနှင်တော့မည် ဖြစ်လေသည်။

ဆိုင်ရှင်သည် ပုရှောင်လုံ ထွက်သွားသည်ကို ကြည့်ပြီး သက်ပြင်းချလိုက်မိလေသည်။

မကြာသေးမီက ကြေးစားလူသတ်ဂိုဏ်းတစ်ခု ပေါ်ပေါက်လာသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

ထိုကြေးစားဂိုဏ်းသည် ထင်းနန်ဂိုဏ်းကို ဒုက္ခပေးလိမ့်မည်ဟူသော သတင်းများလည်း ထွက်ပေါ်ခဲ့လေသည်။

ပုရှောင်လုံသည် နယ်ခြားသို့ ရောက်နေခြင်းကြောင့် ထိုသတင်းကို ကြားမိဦးမည် မဟုတ်ဟု ဆိုင်ရှင်ယူဆမိလေသည်။

ထိုသတင်းအား ပြောပြရန် စိတ်ကူးမိခဲ့ခြင်း ဖြစ်ပေသည်။

သို့သော်...

ကြားသိရသော သတင်းများနှင့် ပတ်သက်၍ ခိုင်လုံသော သက်သေအထောက်အထားပြနိုင်မည် မဟုတ်ပါ။

သို့ဖြစ်ရာ ဆိုင်ရှင်ကမပြောပြတော့ဘဲ မျိုသိပ်ထားလိုက်ခြင်း ဖြစ်လေသည်။

"သူဟာ ထိပ်တန်းဌာနမှူးကြီးတစ်ယောက်ပါ၊ ထင်းနန်

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းကို ဒုက္ခပေးမယ့် ကြေးစားလူသတ်သမားဂိုဏ်း အကြောင်းကို မကြာခင် သိသွားမှာပါလေ"

ဟု တီးတိုးရေရွတ်ပြီး ကိုယ့်ကိုကိုယ် နှစ်သိမ့်လိုက် သည်။

အကယ်၍. . .

ဆိုင်ရှင်ကသာ သူသိထားသော သတင်း ခိုင်လုံသည်ဖြစ်စေ၊ မခိုင်လုံသည်ဖြစ်စေ ပုရှောင်လုံကိုသာ ပြောပြသတိပေးခဲ့မိမည်ဆိုပါလျှင်. . .

❁ ❁ ❁



ရွှေကြယ်စားသောက်ဆိုင်သည် အနောက်ဘက် အတော်ဝေးဝေး၌ ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ပုရှောင်လုံ ခပ်သုတ်သုတ် လျှောက်လှမ်းလာခဲ့သည်။

သူက ထင်းနန်ဂိုဏ်းသို့ ပြန်ရောက်လိုနေပြီ မဟုတ်ပါလား။

လမ်းဘေး တစ်ဘက်တစ်ချက်၌ လူနေအိမ်ခြေများ တဖြည်းဖြည်း ကျဲပါးသွား၏။

လမ်းသွားလမ်းလာ နည်းသွားပြီး လမ်းပေါ်၌ လူရှင်းလာလေသည်။

ပုရှောင်လုံက ရွှေကြယ်စားသောက်ဆိုင်ပိုင်ရှင်၏ ထူးခြားမှုကို သတိပြုမိခဲ့သည်။

ထင်းနန်ဂိုဏ်းသို့ ပြန်လာရာ လမ်းတလျှောက်၌ စဉ်းစားလာခဲ့သည်။

"သူက တစ်စုံတစ်ခု ပြောမယ် ဟန်ပြင်ပြီးမှ မပြောဘဲနေလိုက်တာ၊ ထူးခြားတယ်၊ အကြောင်းတစ်ခုခုရှိမှာ သေချာတယ်"

စားသောက်ဆိုင်ပိုင်ရှင်သည် မည်သည့်စကား ပြောလိုသည်ကို သူစဉ်းစားကြည့်သော်လည်း အဖြေရှာမတွေ့ပါချေ။

"အင်းလေ ထူးခြားမှု ရှိနေတယ်ဆိုရင်တော့ ထင်းနန်ဂိုဏ်းကို ပြန်ရောက်တာနဲ့ ငါသိရမှာပဲ"

ထင်းနန်ဂိုဏ်းသို့ အမြန်ဆုံး အရောက်ပြန်ဖို့ ဆုံးဖြတ်ပြီး ခြေလှမ်းအရှိန်ကို မြှင့်တင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

ချက်ချင်းကိုယ်ရှိန်သတ်ကာ ခြေလှမ်းရပ်လိုက်ရလေသည်။

အကြောင်းမှာ သူ၏ရှေ့သို့ ရောက်ရှိလာသည့် ကောင်လေးတစ်ယောက်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ကောင်လေးတစ်ယောက်. . .။

အရိုးပေါ်အရေတင် ပိန်ချုံးနေသောကောင်လေး ဖြစ်သည်။

ချေးညှော်အလိမ်းလိမ်း ညစ်ထေးနေသော အဝတ်အစားများ ဝတ်ဆင်ထားသည်။

လမ်းပေါ်၌ လေလွင့်နေသော မိဘမဲ့တစ်ကောင်ကြွက်ခြေသလုံးအိမ်တိုင်လေး ဖြစ်ကြောင်း မြင်ရုံဖြင့် သိနိုင်ပါတော့သည်။

ထိုကောင်လေးသည် ပုရှောင်လုံ၏ရှေ့သို့ ရောက်လျှင် လက်ဝါးနှစ်ဘက်ဖြန့်ကာ သနားစရာအသံကလေးဖြင့် တောင်းရမ်းလာလေသည်။

"ဦးရယ် ထမင်းဖိုးလေး တစ်ပြားတစ်ချပ်လောက် စွန့်ကြဲခဲ့ပါ ခင်ဗျာ"

ပုရှောင်လုံသည် မျက်နှာငယ်လေးဖြင့် တောင်းရမ်းနေသော ကောင်လေးကို ကြည့်ပြီး သနားသွားလေသည်။

"နေမွန်းတည့်တော့မယ်၊ မင်း ထမင်း မစားရသေးဘူးလားကွ"

"ဟုတ်. . . ဟုတ်ကဲ့၊ ကျွန်တော် ထမင်း မစားရတာ သုံးရက်ရှိပါပြီ ခင်ဗျာ၊ ဗိုက်ဆာလွန်းလို့ပါ"

ပုရှောင်လုံ သက်ပြင်းချလိုက်လေသည်။

"ငါက တောင်းရမ်းစားသောက်တဲ့ အလုပ်မျိုးကို ဘယ်တော့မှ အားပေးခဲ့တာ မဟုတ်ဘူး၊ အေးလေ ခုချိန်မှာ မင်းက သိပ်ဆာနေပြီဆိုတော့လည်း မတတ်နိုင်တော့ဘူး"

ငွေစ တစ်စထုတ်ပြီး ကောင်လေးကို ပေးလိုက်သည်။

"ကဲ သည်ငွေစတို့ ယူသွားပြီး ထမင်းဝယ်စားပေါ့ ဟုတ်ပြီလား"

ကောင်လေး အလွန်ဝမ်းသာသွားလေသည်။

ငွေစကို လက်နှစ်ဘက်ဖြင့် ရိုရိုသေသေ ခံယူရင်း. . .

"ကျေး. . . ကျေးဇူးပါပဲ ခင်ဗျာ"

ကျေးဇူးတင်စကားကို ထစ်ထစ်ငေါ့ငေါ့ ပြောလေသည်။

သူ၏လက်များမှာ အားမရှိသကဲ့သို့ တုန်ယင်နေရကား ငွေစလေးမှာ လက်ထဲမှ လွတ်ကျသွားတော့သည်။

"ဒေါက်"

ကောင်လေး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ပုရှောင်လုံက အပြစ်တင် ကြိမ်းမောင်းမည်ကို ကြောက်ရွံ့သည့်သဘော ဖြစ်လေသည်။

ပုရှောင်လုံက ငွေစလေးကို ကောက်ယူလိုက်၏။

"မကြောက်ပါနဲ့ကွာ၊ မင်းရဲ့လက်တွေ တုန်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးအား နှစ်သိမ့်ပေးရင်း ငွေစလေးကောက်ယူလိုက်ချိန် ပုရွောင်လုံက ငုံ့၍ ကောက်လိုက်ရခြင်း ဖြစ်သည်။

ကောင်လေးက ပုရွောင်လုံအား မျက်ခြည်မပြတ် ကြည့်နေပါသည်။

ပုရွောင်လုံ ခေါင်းငုံ့ကာ ကောက်ယူလိုက်လျှင် ကောင်လေးလည်း ထူးထူးခြားခြား လှုပ်ရှားလိုက်လေသည်။

လမ်းပေါ်၌ ရှိနေသော ကျောက်ခဲတစ်လုံးအား ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်ခြင်း ဖြစ်လေသည်။

"ဝှီး"

ကောင်လေး ကန်ထုတ်လိုက်သည့် အရှိန်ဖြင့် ကျောက်ခဲလေးမှာ အရှိန်ဖြင့် ပုရွောင်လုံ၏မျက်နှာဆီသို့ တိုးဝင်သွားလေသည်။

"ဟာ"

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ပုရွောင်လုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှောင်တိမ်းဖို့ အချိန် မရတော့သဖြင့် လက်တစ်ဘက်ဆန့်ထုတ်ကာ ပစ်လွှင့်တိုးဝင်လာသော ကျောက်ခဲလေးကို ဖမ်းယူထားလိုက်ရလေသည်။

ထိုအချိန်ကလေး၌ ပုရွောင်လုံ၏ ပုံပန်းသဏ္ဌာန်မှာ ဒူးကွေးကာ ခါးကိုညွတ်၍ လက်တစ်ဘက်က ငွေစလေးကို ကောက်ယူနေပြီး ကျန်လက်တစ်ဘက်က ကျောက်ခဲလေးအား ဖမ်းယူနေသည့်သဏ္ဌာန် ဖြစ်လေသည်။



ထိုသို့ ရှိသွားသည့် အခိုက်အတန့်လေးမှာပင် လမ်းဘေးရှိ သစ်ပင်တစ်ပင်ပေါ်မှ ကောင်လေးတစ်ယောက် ခုန်ဆင်းလာကာ တိုက်ခိုက်လာပြန်လေတော့သည်။

အုံ့ဩစရာကောင်းအောင်ပင် ကောင်လေး နှစ်ယောက်သည် ကြိုတင်စည်းဝါးရိုက်ကာ လေ့ကျင့်ထားသည့်အလား အချိန်ကိုက် တိုက်ခိုက်လာကြခြင်း ဖြစ်လေသည်။

သူတို့၏တိုက်ခိုက်ပုံမှာ ပရမ်းပတာ နိုင်သည်ဟု ထင်ရသော်လည်း အမှန်တကယ်တော့ တိုက်ခိုက်မှု အပိုင်းကို ကျွမ်းကျင်ပိုင်နိုင်ပြီး စနစ်တကျ တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်ကြောင်း ပုရွောင်လုံ ချက်ချင်းသတိပြုမိလိုက်လေသည်။

မိမိအား တမင် ထောင်ချောက်ဆင်ကာ တိုက်ခိုက်လိုက်ကြသည်ကိုလည်း နားလည်ပြီး ဒေါသထွက်သွားတော့သည်။

မည်သို့ဆိုစေ။

တိုက်ခိုက်လာကြသူများမှာ ကောင်လေးများ ဖြစ်ကြ၍ ပေါ့ပေါ့တန်တန် သဘောကျကြ၍ မရကြသော်လည်း နားလည်၏။

သူက ပေါ့ပေါ့တန်တန် သဘောထားမိလျှင် အသက်ဘေးအန္တရာယ် ကြုံတွေ့သွားမည်မှာ ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

ပုရွောင်လုံ ဘာမှ မတတ်သာတော့ဘဲ မြေပေါ်လှဲချကာ ဆုံးလေးပတ်လှိမ့်၍ ရှောင်တိမ်းလိုက်ရလေတော့သည်။

"ယား"

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပေါ်မှ ခုန်ဆင်းလာသော ကောင်လေးက ညာသံပေးကာ ထက်ကြွပ်မကွာ လိုက်လံတိုက်ခိုက်လေသည်။

ကောင်လေး၏လက်ထဲ၌ ဓားတစ်လက် ကိုင်ထား၏။

သူ၏ဓားချက်များ လျှင်မြန်ပြင်းထန်သော်လည်း အစီအစဉ်တကျ မရှိဘဲ ဖြစ်သလို တိုက်ခိုက်နေပုံမျိုး ဖြစ်နေ၏။

တောင်းရမ်းခဲ့သော ကောင်လေးကလည်း ပြေးလိုက်လာ၏။

ပုရှောင်လုံ ဒေါသထွက်နေပြီး. . .

"မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ငါ့ကို အကောက်ကြံချင်တာလဲ၊ ငါက မင်းတို့ကို သည်းခံနေမှာ မဟုတ်ဘူးနော်"

မြေပေါ်မှ ခုန်ထကာ အော်ပြောလိုက်၏.

သို့သော် ကောင်လေးနှစ်ယောက်က ဂရုမစိုက်ဘဲ ဆက်၍ တိုက်ခိုက်နေကြသဖြင့်. . .

"သွားကြစမ်း"

ပုရှောင်လုံလည်း ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်တော့သည်။

"ဝုန်း. . . ဝုန်း"

ကောင်လေးနှစ်ယောက်စလုံး ပုရှောင်လုံ၏ခြေထောက်ကန်ချက်ထိကာ လွင့်စဉ်သွားကြလေတော့သည်။

❁ ❁ ❁



ကောင်လေးနှစ်ယောက် လွင့်စဉ်သွားကြလေသည်။

ပုရှောင်လုံကဲ့သို့ ထိပ်တန်းသိုင်းပညာ ရှိသည့် ဌာနမှူးတစ်ဦးအား အညတရ ကောင်လေးနှစ်ယောက်က မည်သို့ ယှဉ်နိုင်ပါမည်နည်း။

ပုရှောင်လုံလည်း ကျေနပ်သွားလေသည်။

"မင်းတို့ ဘာတတ်နိုင်ကြသေးသလဲ"

ကောင်လေးနှစ်ယောက်လည်း မြေပေါ်မှ လူးလိမ့်ထလိုက်ကြလေသည်။

သို့သော် နှစ်ယောက်သား ထွက်ပြေးခြင်းမရှိဘဲ ရင်ဆိုင်ရန် ဟန်ပြင်နေကြ၏။

ပုရှောင်လုံ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မင်းတို့က ထွက်မပြေးဘဲ ငါ့ကို တိုက်ခိုက်ကြဦးမယ် ဟုတ်လား"

ကောင်လေးနှစ်ယောက် ဘာမှမပြောဘဲ ရှေ့တိုးလာကြ၏။

ပုရှောင်လုံ ခံပြင်းသွားသည်။

"မင်းတို့ ဘာတတ်နိုင်မှာမို့လဲ"

လက်နှစ်ဘက် လျှပ်တပြက် ဆွဲထုတ်ကာ ကောင်လေးနှစ်ယောက်ကို ဖမ်းဆွဲလိုက်လေသည်။

ပုရှောင်လုံက ကောင်လေးနှစ်ယောက်၏ လက်တစ်ဘက်စီကို ဆွဲကာ လိမ်ချိုးထားလိုက်လျှင်. . .

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



"သေပါပြီ"

ကောင်လေးနှစ်ယောက် နာကျင်စွာ အော်လိုက်ကြလေသည်။

ဆတ်ဆတ်ခါအောင် နာသွားပြီး မျက်နှာများလည်း ရှုံ့မဲ့သွားကြလေတော့သည်။

"ပြောစမ်း၊ မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ငါ့ကို အကောက်ကြံကြတာလဲ"

ပုရှောင်လုံက ငေါက်လိုက်သည်။

ကောင်လေးနှစ်ယောက် ကြောက်အားလန့်အားဖြင့် အဖြေပေးလာကြမည်ဟု ထင်မိလေသည်။

သို့သော် ကောင်လေးနှစ်ယောက်က အဖြေမပေးသည့် အပြင် လွတ်လပ်နေသော လက်တစ်ဘက်စီဖြင့် တိုက်ခိုက်ရန် ထပ်မံကြိုးစားကြသည်ကို ပုရှောင်လုံ အံ့ဩစွာ တွေ့ရှိလိုက်ရလေသည်။

"မင်းတို့. . ."

ကောင်လေးတစ်ယောက်၏ လက်ထဲ၌ ဓားတစ်လက် ပါလာ၏။

ထိုကောင်လေးက ပုရှောင်လုံအား ဓားဖြင့် ထိုးသွင်းဖို့ ကြိုးစားသကဲ့သို့ ကျန်ကောင်လေးကလည်း ပုရှောင်လုံ၏ မျက်လုံးကို လက်ချောင်းကလေးများဖြင့် ကုပ်ဆွဲထိုးဖောက်ရန် ကြိုးစားလာလေသည်။

ပုရှောင်လုံက. . .



"မင်းတို့ ဘာကြောင့် သည်လောက်တောင် သဲကြီးမဲကြီး ဖြစ်နေကြတာလဲ"

ကောင်လေးနှစ်ယောက်က လုံးဝအမှုမထားဘဲ ရုန်းကန်ရင်း တိုက်ခိုက်ရန်သာ ကြိုးပမ်းနေကြလေသည်။

ပုရှောင်လုံ ဒေါသထွက်လာတော့သည်။

"မင်းတို့ သေချင်ပြီထင်တယ်၊ သွားစမ်း"

ကောင်လေးနှစ်ယောက်အား ဆောင့်တွန်းပစ်လိုက်လေသည်။

ကောင်လေးတစ်ယောက်ကို တွန်းထုတ်ပစ်ကာ ကျန်ကောင်လေးကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားလိုက်လေသည်။

"လွှတ်. . . လွှတ်"

ချုပ်ကိုင်ခံလိုက်ရသော ကောင်လေးက အတင်းရုန်းကန်လိုက်လေသည်။

တွန်းထုတ်ခံလိုက်ရသော ကောင်လေးကလည်း မြေပေါ်ကျသွားသော ဓားကို ကောက်ယူကာ ပြေးလာလေသည်။

"သေပေတော့"

အော်ငေါက်ရင်း ပုရှောင်လုံကို ဓားဖြင့် ထိုးသွင်းလိုက်သည်။

ပုရှောင်လုံ မဲ့ပြုံးပြုံး လိုက်သည်။

"မင်းတော်တော် သွေးဆာနေတယ် ဟုတ်လား၊ ဒါဆို မင်းအဖော်ရဲ့သွေးကို အရင်ဆုံး မြည်းကြည့်လိုက်ဦး"

တမင်အရွဲ့တိုက်သည့် သဘောဖြင့် ချုပ်ကိုင်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကို ရှေ့မှ ဒိုင်းသဖွယ် ကာရံထားလိုက်လေသည်။

ဓားရှည်နှင့် ကောင်လေးက ဆက်၍ တိုက်ခိုက်မည်ဆိုပါလျှင် ပုရှောင်လုံကို ထိမည် မဟုတ်ဘဲ အဖော်ကောင်လေးကိုသာ ထိသွားလိမ့်မည် ဖြစ်လေသည်။

ကိုယ့်အချင်းချင်း ထိခိုက်မိအောင် တိုက်ခိုက်လိမ့်မည် မဟုတ်ဟုလည်း ယုံကြည်ထားလေသည်။

သို့သော် ပုရှောင်လုံ၏ အတွေးများ တက်တက်စင်အောင် မှားယွင်းသွားလေတော့သည်။

ဓားကိုင်ထားသော ကောင်လေးက ဓားရှည်ကို လက်နှစ်ဘက်ဖြင့် ဆုပ်ကာ ရှေ့သို့ ဝါးလုံးထိုး ထိုးသွင်းလိုက်လျှင် ပုရှောင်လုံ၏ရင်ဝရှေ့၌ ဒိုင်းသဖွယ် ကာထားသော ကောင်လေး၏ဝမ်းဗိုက်ကို ထိုးဖောက်စိုက်ဝင်သွားတော့သည်။

ပုရှောင်လုံ အော်လိုက်သည်။

"မင်း မိုက်မဲလှချည်လား"

မည်သို့ဆိုစေ ဓားကိုင်ထားသော ကောင်လေးသည် ကိုယ့်အချင်းချင်း ထိခိုက်မိသည်ကိုလည်း ဂရုမစိုက်ပါ။

သူ၏မျက်စိထဲ၌ ပုရှောင်လုံတစ်ယောက်ထဲ ရှိနေပြီး ပုရှောင်လုံအား တိုက်ခိုက်ဖို့ တစ်ခုတည်းသာ အာရုံစူးစိုက်ထားပုံမျိုး ဖြစ်နေသည်။

ထိုကောင်လေး၏လုပ်ရပ်ကြောင့် ပုရှောင်လုံကိုယ်တိုင်ပင် မယုံနိုင်အောင် ဖြစ်ကာ တဒင်္ဂ မှင်တက်မိသွားခဲ့လေတော့သည်။



တဒင်္ဂအချိန်လေး. . .

သိုင်းလောက၌ တဒင်္ဂအချိန်လေးတစ်ခုသည် အလွန်ကြီးမားသော အပြောင်းအလဲများ ဖြစ်သွားသည့် သာဓကပေါင်းများစွာ ရှိခဲ့လေသည်။

ယခုလည်း ပုရှောင်လုံ မှင်တက်မိသွားသည့် တဒင်္ဂအချိန်လေးမှာပင် ဓားကိုင်ထားသော ကောင်လေး၏ဓားသည် အဖော်ကောင်လေး၏ ဝမ်းဗိုက်၌ စိုက်ဝင်သွားခြင်း ဖြစ်လေသည်။

အဖော်ကောင်လေး၏ ဝယ်သံပါအောင် အော်ဟစ်လိုက်သောအသံက ဓားကိုင်ထားသော ကောင်လေးအား တုန်လှုပ်ချောက်ခြားသွားစေမည် ထင်ရ၏။

"အား"

ထိုအော်သံက ပုရှောင်လုံကိုပင် ကြက်သီးမွေးညှင်းထသွားစေသည်။

ထိုအချိန်မှာပင်. . .

"ယား"

ကောင်လေးက ညာသံပေးကာ ဓားမိုးကို လက်နှစ်ဘက်နှင့်ဆုပ်ပြီး ရှေ့သို့ အားကုန်ဆက်လက် ထိုးသွင်းလိုက်လေ သည်။

ဓားဦးသည် အဖော်ကောင်လေး၏ဝမ်းဗိုက်မှနေ၍ နောက်ကျောသို့တိုင် ဆက်လက်ထိုးဖောက်သွား၏။

"ဖေါး"

ရုတ်တရက် ကောင်လေးက ဓားကို လွှတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ် ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်၏။

"ဟူး"

ခန္ဓာကိုယ် အပေါ်မြောက်ကာ လေထဲရောက်သွား လျှင် သူ၏ခြေထောက်နှစ်ဘက်ဖြင့် အဖော်ကောင်လေး၏ဝမ်းဗိုက်၌ စိုက်ဝင်နေသော ဓား၏ဓားရိုးကို ခြေစုံကန်ကျောက်ပစ်လိုက်လေသည်။

ဓားရှည်သည် အပေါ်ကောင်လေး၏ဝမ်းဗိုက်မှ နေ၍ နောက်ကျောသို့တိုင် ထိုးဖောက်သွားရုံမျှမက နောက်ကျောဘက်၌ ရှိနေသော မုရှောင်လုံ၏ဝမ်းဗိုက်ကိုပါ ဆက်လက်ထိုးဖောက်သွားတော့သည်။

"အား"

ပုရှောင်လုံလည်း အထိတ်တလန့် အော်ဟစ်လိုက်လေတော့သည်။

◉ ◉ ◉



ကောင်လေး. . .။

အသည်းနှလုံး ကင်းမဲ့သော ကောင်လေး၏တိုက်ခိုက်မှုမှာ အလွန်ရက်စက်ကြမ်းကြုတ်သည့် တိုက်ခိုက်မှု ဖြစ်လေသည်။

အတွေ့အကြုံများလှသော ပုရှောင်လုံပင်လျှင် ကောင်လေး၏ရက်စက်လှသော တိုက်ခိုက်မှုကြောင့် မမျှော်လင့်ဘဲ ခံလိုက်ရတော့သည်။

ပုရှောင်လုံ ထိတ်လန့်သွားသည်။

ရင်ဝ၌ ပြင်းထန်သော နာကျင်မှု ဝေဒနာ ခံစားလိုက်ရသဖြင့် ကပျာကယာ နောက်သို့ ခုန်ဆုတ်မိလိုက်လေသည်။

ပုရှောင်လုံက လက်လွှတ်ပေးလိုက်သဖြင့် အဖော်ကောင်လေးမှာ ရပ်တည်နေနိုင်စွမ်း မရှိဘဲ. . .

"ဝုန်း"

လမ်းပေါ် လဲကျသွားလေသည်။

ပုရှောင်လုံက သူ၏ဝမ်းဗိုက်ကို ငုံ့ကြည့်လိုက်သည်။

ထိုအခါ သူ၏ဝမ်းဗိုက်တစ်ခုလုံး သွေးချင်းချင်း နီရဲနေသည်ကို တွေ့လိုက်ရလေသည်။

ပုရှောင်လုံ အံ့ဩနေသည်။

ဝမ်းဗိုက်ဒဏ်ရာ အနီးတဝိုက်မှ သွေးကြောများကို ထိုးပိတ်လိုက်ပြီး ကောင်လေးဘက်သို့ လှည့်လိုက်သည်။

"မင်း. . ."

ချက်ချင်း ရှေ့သို့ ခုန်ထွက်ကာ ဓားဖြင့် ထိုးသွင်းခဲ့သော ကောင်လေး၏လည်ပင်းကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ဖျစ်ညှစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာပြန်သည်။

ဝမ်းဗိုက်မှသည် နောက်ကျောသို့တိုင်အောင် ဓားရှည် ထိုးဖောက်စိုက်ဝင်ခြင်း ခံနေရသော ကောင်လေးက လူးလိမ့်ထလိုက်သည်။

ဝမ်းဗိုက်၌ တန်းလန်း ရှိနေသော ဓားကို အားယူကာ ဆွဲနုတ်လိုက်သည်။

ပြီးလျှင်. . .

"ယား"

ပုရှောင်လုံထံသို့ ပြေးဝင်လာပြီး ပုရှောင်လုံ၏နောက်ကျောကို ဓားဖြင့် ခုတ်ချလိုက်လေသည်။

ပုရှောင်လုံမှာ နောက်ထပ် ဓားတစ်ချက် ခုတ်ချခံလိုက်ရသဖြင့်. . .

"အား"

လည်ပင်းညှစ်ထားသော ကောင်လေးကို လက်လွှတ်ပေးပြီး နောက်လှည့်ကာ လက်ပြန်ရိုက်ထုတ်လိုက်လေသည်။

"ဝုန်း"

"ဝုန်း"

ကောင်လေးနှစ်ယောက်စလုံး လွင့်စဉ်သွားကြလေသည်။

ထို့နောက်. . .



"ဝုန်း"

ပုရှောင်လုံလည်း မြေပေါ် လဲကျသွားတော့သည်။

❁ ❁ ❁

ဝမ်းဗိုက်၌ ဓားစိုက်ခံခဲ့ရသော ကောင်လေး တုတ်တုတ်မျှ မလှုပ်တော့ပါ။

လမ်းပေါ်လဲကျကာ အသက်ပျောက်နေပြီ ဖြစ်သည်။

ရက်စက်သော ကောင်လေးက လူးလိမ့်ထလိုက်သည်။

သူက ပုရှောင်လုံအား ကြည့်လိုက်သည်။

ပုရှောင်လုံ၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေ၏။

မြေပေါ်လူးလိမ့်ကာ ညည်းတွားနေ၏။

"မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ငါ့ကို အကောက်ကြံကြရတာလဲ"

အဖြစ်အပျက်ကို နားမလည်နိုင်အောင် ဖြစ်နေပါသည်။

သူ၏အသံ တဖြည်းဖြည်းတိုးဝင်ကာ နောက်ဆုံးပျောက်ကွယ်သွားလေသည်။

ပုရှောင်လုံလည်း မမျှော်လင့်ဘဲ လုပ်ကြံခံရကာ အသက်ပျောက်သွားခဲ့ပြီ ဖြစ်သည်။

ရက်စက်သော ကောင်လေးသည် ရှေ့တိုးလာပြီး ပုရှောင်လုံ၏ဦးခေါင်းကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုရှောင်လုံ အသက်ရှင်နေသေးခြင်း ရှိမရှိ စမ်းသပ်ကြည့်လိုက်ခြင်း ဖြစ်သည်။

"ဒုတ်"

ပုရှောင်လုံ၏ဦးခေါင်း တစ်ဘက်သို့ လည်သွား၏။

ပုရှောင်လုံထံမှ တုန့်ပြန်ခြင်း မရှိပါ။

ပုရှောင်လုံ သေဆုံးသွားပြီ ဖြစ်ကြောင်း သေချာသွားတော့မှ ရက်စက်သော ကောင်လေးက ချာခနဲလှည့်ကာ ပြေးလွှားသွားတော့သည်။

ကောင်လေးသည် လမ်းကြိုလမ်းကြားများသို့ ပြေးဝင်သွားရင်း တခဏအတွင်းပင် မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့လေတော့သည်။

လျှမ်းလျှမ်းတောက် ကျော်ကြားသော ထင်းနန်ဂိုဏ်းမှ ထိပ်တန်းဌာနမှူးကြီး ပုရှောင်လုံမှာ အလွန်ကောက်ကျစ်စဉ်းလဲသော နည်းလမ်းဖြင့် လုပ်ကြံခံခဲ့ရလေတော့သည်။

❋ ❋ ❋



## မိုးကြိုး

ရောင်စုံပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည့် တောင်ကုန်းလေးပေါ်၌ ရှေးဟောင်းဘုံကျောင်းလေး တစ်ခုရှိနေလေသည်။

ထိုဘုံကျောင်းလေးသည် ဆိတ်ငြိမ်အေးချမ်းပြီး ဆုတောင်းပြည့်သည်ဟု သတင်းကြီးသည်။

ထို့ကြောင့်. . .

ဘုံကျောင်းလေးသို့ လာရောက်လည်ပတ်သူ ဖူးမျှော်ကြည်ညိုသူများဖြင့် စည်ကားသိုက်မြိုက်နေတတ်လေသည်။

ယနေ့. . .

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူတစ်ဦးက ဘုံကျောင်းလေးသို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ဘုံကျောင်းလေးသို့ လာရောက်ဖူးမျှော်ကြည်ညိုသူ တစ်ဦးအသွင် ရှိသော်လည်း သူ၏မျက်လုံးများက ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကာ တစ်ဖုံတစ်ခုအား ရှာဖွေသကဲ့သို့ ရှိနေသဖြင့် ထူးခြားသူဟု ဆိုရမည်ဖြစ်လေသည်။

ထိုလူသည် ဖူးမျှော်ကြည်ညိုဖို့သက်သက် ရောက်လာခြင်းမဟုတ်ဘဲ အခြားအရေးကြီးသောကိစ္စ တစ်ခုကြောင့် ရောက်လာခြင်း ဖြစ်ပါသည်။

ထိုလူ၏အမည်မှာ 'ဝူးယိ' ဖြစ်သည်။

ဝူးယိက လူတစ်ယောက်နှင့် ချိန်းထားခြင်းကြောင့် ရှေးဟောင်းဘုံကျောင်းလေးသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ဝူးယိ. . .။

ဝူးယိသည် ရှေးဟောင်းဘုံကျောင်းလေး၏ ဝဲဘက်ရှိ ပန်းဥယျာဉ်အတွင်းမှ လာရောက်သူများ အနားယူ အပန်းဖြေနိုင်ရန် ဆောက်လုပ်ထားသော လေသာဆောင်လေးများဆီသို့ ဦးတည်လိုက်သည်။

ပန်းဥယျာဉ်အတွင်း၌ သေးငယ်သော်လည်း လွတ်လွတ်လပ်လပ် အနားယူ အပန်းဖြေနိုင်သော လေသာဆောင်လေးများ အစီအရီ ရှိနေသည်။

ဝူးယိက ပတ်ဝန်းကျင်ကို အကဲခတ်ရင်း အပန်းဖြေဆောင်လေးများကို အကဲခတ်လာရင်း တတိယလေသာဆောင်လေးရှေ့သို့ရောက်လျှင် လေသာဆောင်ထဲ၌ လူတစ်ယောက်



ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ဝူးယိ၏မျက်လုံးများ ဝင်းလက်သွား၏။

ချိန်းဆိုထားသူက သူ့ထက်အရင် ရောက်နှင့်နေပြီ မဟုတ်ပါလား။

ဝူးယိက ပြုံးရွှင်သော မျက်နှာထားဖြင့် တတိယလေသာဆောင်လေးထဲ လှမ်းဝင်လိုက်လေသည်။

"ပွဲစားကြီးက အတော်ဝိရိယကောင်းတာပဲ၊ ကျုပ်တို့နှစ်ယောက် ချိန်းထားတဲ့အချိန်ကို တွက်ကြည့်ရင် အနည်းဆုံး ထမင်းတစ်အိုးချက်လောက် အချိန်လိုဦးမယ်ဗျ"

အမှန်တော့. . .

ဝူးယိက ချိန်းထားသည့်အချိန်အတိုင်း အတိအကျ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ပွဲစားကြီးကား ထင်ရှားသူ တစ်ဦးဖြစ်ပါသည်။

မြေလတ်ပိုင်းတခွင်၌ သူ၏စီးပွားရေးလုပ်ငန်းပေါင်းများစွာရှိသကဲ့သို့ ကြိုကြိုတက် ချမ်းသာကြွယ်ဝသူ တစ်ဦးလည်း ဖြစ်လေသည်။

ပွဲစားကြီးလောင်ကျန်းဆိုလျှင် မသိသူ မရှိသလောက် ဖြစ်လေသည်။

လောင်ကျန်းက ထိုင်ရာမှမထဘဲ ဝူးယိအား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

လောင်ကျန်းသည် အဖိုးတန်ပိုးဖဲအကျီ ဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေငွေကျောက်မျက်ရတနာ ပစ္စည်းများလည်း ဆင်မြန်းထားသည်။

သူ၏မျက်နှာထားက ခက်ထန်တင်းမာနေခြင်းကြောင့် အလွန်မာနကြီးသူ တစ်ဦးဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေ၏။

လောင်ကျန်းက ဝူးယီအားကြည့်နေသော အကြည့်မှာ သဘောမကျ၊ မနှစ်မြို့သော အကြည့်မျိုး ဖြစ်နေပါတော့သည်။

"ချိန်းထားတာ လွဲနေမှာစိုးလို့ တမင် အချိန်စောပြီးလာခဲ့တာ"

"ဪ"

"သည်လောက် လူစည်ကားတဲ့ နေရာမှာ ကျုပ်တစ်ယောက်ထဲ လာခဲ့ဖို့ ချိန်းလိုက်တာ မလွန်လွန်းဘူးလား"

ယခု လောင်ကျန်း အဘယ်ကြောင့် မနှစ်မြို့နိုင်အောင် ဖြစ်နေကြောင်း ပေါ်ပေါက်လာပြီ ဖြစ်လေသည်။

ဝူးယီက ရယ်မောလိုက်သည်။

"လက်စသတ်တော့ သည်နေရာမှာ ချိန်းလိုက်တဲ့အတွက် ပွဲစားကြီး သဘောမကျနိုင်အောင် ဖြစ်နေတာကိုး"

သူက ထိုင်ခုံတစ်လုံးဆွဲကာ လောင်ကျန်းနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

လောင်ကျန်းက. . .

"သည်လိုနေရာမျိုးမှာ ချိန်းဆိုလိုက်တာကို ဘယ်လိုလူစားမျိုးက သဘောကျမှာလဲ၊ တွေးကြည့်ပါဦး"

ဝူးယီက. . .



"လောကပေါ်မှာ လျှို့ဝှက်ချက်ဆိုတာ မရှိနိုင်ပါဘူး၊ လျှို့ဝှက်လေလေ ပိုပြီးပေါက်ကြားဖို့ လွယ်လေလေပဲ မဟုတ်လားဗျာ"

လောင်ကျန်း ဘာမှမပြောဘဲ နေလိုက်လေသည်။

ဝူးယီက. . .

"လူသူကင်းဝေးတဲ့နေရာကို ချိန်းလိုက်ရင် ပိုပြီးတောင် လူသိဖို့ လွယ်ပါသေးတယ်"

လောင်ကျန်းက. . .

"သည်လို နေရာမျိုးကကော"

ဝူးယီက. . .

"သည်လိုနေရာမျိုးကို ရုတ်တရက် သတိထားမိကြမှာ မဟုတ်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"စဉ်းစားကြည့်ပါဗျာ၊ လူတိုင်းသိကြတဲ့ ပွဲစားကြီးတစ်ယောက်က လူသူကင်းဝေးတဲ့နေရာကိုသွားရင် လူတွေ စိတ်ဝင်စားကြမှာပေါ့၊ သည်လို နေရာမျိုးကိုလာတာကျတော့ [illegible]နီးဘူးလေ၊ လာသင့်လာထိုက်တဲ့ နေရာပဲ မဟုတ်လား"

လောင်ကျန်းသည် စီးပွားရေးကိစ္စများနှင့် ပတ်သက်၍ ဤဘုံကျောင်းလေး၌ လာရောက်ဆုံတောင်းလေ့ရှိကြောင်း လူတိုင်းသိရှိထားကြသည် မဟုတ်ပါလား။

ဝူးယီက အကျိုးအကြောင်းဆီလျော်စွာ ရှင်းပြလိုက်ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောင်ကျန်းသည် ခေါင်းရှုပ်လာဟန်ဖြင့် လက်ဝှေ့ယမ်းလိုက်လေသည်။

"ကျုပ်က မင်းရဲ့ခံယူချက် သဘောထားတွေကို နားထောင်ဖို့ လာခဲ့တာမဟုတ်ဘူး၊ ကျုပ်ခိုင်းထားတဲ့ကိစ္စ ဘယ်လိုအခြေအနေရှိသလဲဆိုတာ သိချင်လို့ လာခဲ့တာ"

တင်းမာသော မျက်နှာထားဖြင့် ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

ဝူးယိ သက်ပြင်းချလိုက်သည်။

သူလည်း အမူအရာ ပြောင်းလဲသွား၏။

တည်ကြည်လေးနက်သော မျက်နှာထားမျိုး ဖြစ်သွားသည်။

"ပွဲစားကြီးက အချိန်မဖြုန်းချင်သလို ကျုပ်ကလည်း အချိန်မဖြုန်းချင်ပါဘူး၊ ထင်းနန်ဂိုဏ်းကို ဖျက်ဆီးပစ်ဖို့ ကျုပ်ကြိုးပမ်းနေတာ အတော်ကလေး ခရီးရောက်နေပြီလို့ ပြောပါရစေ"

ပြောစရာရှိသည်ကို တိုတိုရှင်းရှင်း ပြောလိုက်သည်။

လောင်ကျန်းက. . .

"မင်းက ခရီးရောက်နေပြီပြောတယ်၊ ထင်းနန်ဂိုဏ်းဟာ ခုထိ သိုင်းလောကမှာ အောင်လံလွှင့်နေတုန်းပါပဲလား"

ဝူးယိက လောင်ကျန်းအား စိုက်ကြည့်လိုက်သည်။

လောင်ကျန်းက ယခုကဲ့သို့ ပြောနေခြင်းမှာ အကြောင်းတစ်ခုခုရှိရမည် မဟုတ်ပါလား။



ဝူးယိ ဘာမှမပြောသဖြင့် လောင်ကျန်းက ဆက်ပြောလိုက်သည်။

"ထင်းနန်ဂိုဏ်းချုပ် ဝမ်းစန်းဖုံးနဲ့ သူ့ရဲ့ဇနီးသည်ချင်းလျှံတို့ဟာ ဟိုတစ်နေ့က ကျင်းပခဲ့တဲ့ မြို့ဝန်မွေးနေ့ပွဲမှာတောင် တွေ့ခဲ့သေးတယ်၊ ပြုံးရွှင်ရယ်မောနေကြတာ ဘာမှမဖြစ်သလိုပဲ"

ဝူးယိက. . .

"ဝါရင့်ဂိုဏ်းချုပ်ကြီး တစ်ယောက်ပဲဗျာ၊ သည်လောက်တော့ ဟန်ဆောင်ကောင်းရမှာပေါ့၊ ထင်းနန်ဂိုဏ်းထဲမှာ အတွင်းကျိတ်ပြီး စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်နေပါပြီ၊ ကျုပ်မွေးထားတဲ့သူတွေက အားထားရတဲ့ လူယုံတော်တွေကို လုပ်ကြံနေကြပါပြီ"

လောင်ကျန်းသည် စိတ်မရှည်နိုင်တော့သည့် အသွင်ဖြင့် ကျောက်စားပွဲကို ဖြန်းခနဲမြည်အောင် လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ကျုပ်က ထင်းနန်ဂိုဏ်းချုပ်ကို လုပ်ကြံခိုင်းတာ မင်းက ဘာတွေလျှောက်လုပ်နေတာလဲ"

သူ၏အသံ ကျယ်လောင်သွားသဖြင့် ဝူးယိက သတိပေးလိုက်လေသည်။

"သည်နေရာမှာ လူများတယ်၊ စကားတိုးတိုးပြောတာ ကောင်းပါတယ်ဗျာ"

ထိုအခါမှ လောင်ကျန်း သတိဝင်လာကာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ထိန်းချုပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးယိက. . .

"ပွဲစားကြီး ဘာကြောင့် သည်လောက်တောင် လောကြီးနေရတာလဲဗျာ၊ ပွဲစားကြီး ခုလိုအောင်မြင်လာတာဟာ စီးပွားရေးလုပ်ငန်းတွေက အမြတ်အစွန်းတွေ ချက်ချင်းရခဲ့လို့လား၊ ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံခဲ့ရတဲ့ အမြတ်ငွေတွေကို တိုးပွားအောင်လုပ်ခဲ့လို့လား"

"ဟော့. . . အပိုတွေ ပြောမနေနဲ့"

"ကျုပ်က ပွဲစားကြီး သဘောပေါက်လာအောင် ရှင်းပြနေတာပါဗျာ၊ ထင်းနန်ဂိုဏ်းချုပ်ဟာ ထိပ်သီးသိုင်းသမားကြီးတစ်ဦးပါ၊ သူ့ကို လုပ်ကြံဖို့မပြောနဲ့ သူ့အနီးကိုချဉ်းကပ်ဖို့ဆိုတာတောင် မလွယ်လှပါဘူး"

လောင်ကျန်းက. . .

"ဒါနဲ့ ကြေးစားလူသတ်သမားတွေထဲမှာ မင်းဟာအတော်ဆုံးလို့ သတင်းကြီးနေတာ ကျုပ်နားကြားမှားတာပဲဖြစ်လိမ့်မယ်"

ဝူးယိက. . .

"ပွဲစားကြီး နားကြားလွဲတာ မဟုတ်ပါဘူး၊ ကျုပ်လောက်တော်တဲ့ ကြေးစားလူသတ်သမား ဘယ်နေရာမှာမှ မရှိနိုင်ပါဘူး၊ ပွဲစားကြီးအနေနဲ့ ကျုပ်ကို ငှားရမ်းလိုက်တာ အမှန်ကန်ဆုံးပါပဲ"

လောင်ကျန်းက. . .

"မင်းလောက်တော်တဲ့လူ မရှိရင် မင်းက ထင်းနန်ဂိုဏ်းချုပ်ကို လုပ်ကြံနိုင်ရမှာပေါ့"



ဝူးယိက. . .

"ပွဲစားကြီး စဉ်းစားကြည့်ပါ၊ သည်ကိစ္စဟာလည်း စီးပွားရေးလုပ်သလိုပဲ၊ ထင်းနန်ဂိုဏ်းချုပ်ကို လုပ်ကြံနိုင်ဖို့ရာ သူ့အနီးမှာ ခြံရံနေတဲ့၊ အားထားရတဲ့ ကိုယ်ရံတော်တွေကို အရင်ဆုံးရှင်းပစ်ရပါလိမ့်မယ်၊ အကိုင်းအခက်တွေကို ခုတ်ထွင် ရှင်းလင်းပြီးမှ ပင်စည်ကိုလှဲတဲ့ သဘောပါပဲ"

လောင်ကျန်း မျက်မှောင်ကုပ်သွား၏။

ဝူးယိ ကျေနပ်သွားပြီး ဆက်လက်ရှင်းပြလိုက်လေသည်။

"ကိုယ်ရံတော်ဌာနမှူးတွေ လုပ်ကြံခံရတာကြောင့် ထင်းနန်ဂိုဏ်းချုပ်ဟာ စိုးရိမ်ပူပန်ပြီး တဖြည်းဖြည်း ဗျာများလာပါလိမ့်မယ်၊ လူသတ်သမားကိုလည်း ဖော်ထုတ်လို့မရဘူးဆိုရင် ဘယ်လိုဖြစ်လာမယ်လို့ ပွဲစားကြီး ထင်ပါသလဲ"

လောင်ကျန်းသည် ဝူးယိ၏အမေးကို အဖြေမပေးနိုင်ဘဲ ဖြစ်သွားလေသည်။

ဝူးယိက. . .

"ပထမဆုံး ထင်းနန်ဂိုဏ်းချုပ်ဟာ သိုင်းလောကမှာ အရှက်ရလာပါလိမ့်မယ်"

ထိုအချက်သည် မငြင်းနိုင်သော အချက်ဖြစ်လေသည်။

ဝူးယိက. . .

"ဒါဆိုရင် ထင်းနန်ဂိုဏ်းချုပ်ဟာ ရန်သူကို ဖော်ထုတ်ဖို့ပိုပြီးကြိုးစားလာလိမ့်မယ်၊ သည်လိုနဲ့ လောကြီးပြီး အမှားတွေပြုလုပ်လာလိမ့်မယ်၊ ကျုပ်တို့အနေနဲ့ ထင်းနန်ဂိုဏ်းချုပ် အ

www.burmeseclassic.com

www.burmeseclassic.com



မှားလုပ်လာတဲ့ အချိန်အထိ ဘာကြောင့် မစောင့်နိုင်ရမှာလဲဗျာ၊ သူ အမှားတွေလုပ်လာအောင် ဘာကြောင့် မဖန်တီးနိုင်ရမှာလဲဗျာ"

လောင်ကျန်းထံမှ သက်ပြင်းချသံ ထွက်ပေါ်လာပြန်သည်။

ဝူးယိ ပြုံးလိုက်သည်။

"သူက အမှားလုပ်လိုက်ပြီဆိုတာနဲ့ ထင်းနန်ဂိုဏ်းဆိုတာ လောကပေါ်မှာ မရှိနိုင်တော့ပါဘူး"

လောင်ကျန်းက ဝူးယိ၏စကားများ သဘာဝကျကာ တိုးကြောင်းဆီလျော်မှန်း နားလည်လိုက်ပြီဖြစ်သည်။

ထင်ရှားလှသော ထင်းနန်ဂိုဏ်းချုပ်အား လုပ်ကြံဖို့ဆိုသည်မှာ ငှက်ပျောသီးအခွံနွှာစားသကဲ့သို့ လွယ်ကူမည်မဟုတ်ပါ။

ဝူးယိက. . .

"ကျုပ်ပြောတာကို လက်ခံနိုင်တယ် မဟုတ်လားဗျာ"

ဟု မေးလိုက်သည်။

လောင်ကျန်းက အဖြေမပေးသေးဘဲ ပြန်လည်မေးခွန်းထုတ်လိုက်လေသည်။

"မင်းပြောတဲ့အတိုင်း လက်တွေ့ဖြစ်လာအောင် မင်းကတကယ်ပဲ လုပ်နိုင်လို့လား"

ဝူးယိ ရင်ကော့လိုက်သည်။

"ကျုပ်ဟာ အတော်ဆုံး ကြေးစားတစ်ယောက်ပဲဗျာ၊



ဘာကြောင့် မလုပ်နိုင်ရမှာလဲဗျာ"

လောင်ကျန်း၏ ထင်းမာခက်ထန်မှုများ လျော့ပါးပျောက်ကွယ်သွားလေသည်။

ဝူးယိအား လက်ခံလိုက်ရလေတော့သည်။

"ကောင်းပြီလေ၊ မင်းလုပ်စရာရှိတာ ဆက်လုပ်ပါ၊ ငွေရေးကြေးရေး ဘာမှမပူပါနဲ့၊ မင်းလိုသလောက် ကျုပ်ထုတ်ပေးမယ်၊ အချိန်တန်လို့ ထင်းနန်ဂိုဏ်းချုပ်ကို လုပ်ကြံနိုင်ရင်ပြီးတာပဲ"

ဝူးယိက. . .

"စိတ်ချပါဗျာ၊ သိပ်အကြာကြီး မစောင့်ရပါဘူး၊ ပွဲစားကြီးရဲ့ဆန္ဒပြည့်ဝသွားမှာပါ၊ ကျုပ်ရဲ့ကောင်လေးတွေကလည်း အစွမ်းကုန် ကြိုးစားနေကြပါတယ်"

ထိုအချိန်မှာပင် လေသာဆောင်အနီးသို့ သူတောင်းစားနှင့်တူသော ကောင်လေးတစ်ယောက် ရောက်ရှိလာလေသည်။

ပုရှောင်လုံအား လုပ်ကြံခဲ့သည့် အလွန်ရက်စက်သော ကောင်လေးပင် ဖြစ်ပါတော့သည်။

အရေးကြီးသောအချိန် လာရောက်တောင်းရမ်းသည်ဟု လောင်ကျန်း မကျေမနပ် ဖြစ်သွား၏။

ချက်ချင်း ငွေတုံးကလေး တစ်တုံးထုတ်ကာ ပစ်ပေးလိုက်သည်။

"ဟေ့. . . သည်အနားက မြန်မြန်ထွက်သွားစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း မောင်းထုတ်လိုက်လေသည်။

သူတောင်းစားလေးက ငွေတုံးကလေးကို ကောက်ယူခြင်းမပြုဘဲ၊ ထွက်သွားခြင်းလည်း မရှိဘဲ၊ ဘာမှမကြားရ မမြင်ရသည့်အလား မလှုပ်မယှက် ရပ်နေ၏။

လောင်ကျွန်း မကျေမနပ် ဖြစ်သွားသည်။

"ဟေ့ကောင်လေး ပြောနေတာ မကြားဘူးလား။ ထွက်သွားစမ်း"

ဟု ထပ်မံ အော်ငေါက်လိုက်လေသည်။

ကောင်လေးက တုတ်တုတ်မျှမလှုပ်ပါ။

လောင်ကျွန်းကိုလည်း မကြည့်ပါ။

သို့သော် ဝူးယိကိုမူ မျက်တောင်မခတ် ကြည့်နေ၏။

ကောင်လေး၏ပုံပန်းသဏ္ဌာန်နှင့် အကြည့်မှာ ထူးခြားမှုရှိနေကြောင်း တဖြည်းဖြည်းနှင့် လောင်ကျွန်း သတိပြုမိသွားလေတော့သည်။

"ဟား. . . ဟား. . . ဟား"

ဝူးယိက ရယ်မောလိုက်လေသည်။

လောင်ကျွန်း ကြောင်အမ်းအမ်း ဖြစ်သွားပြီး. . .

"မင်း ဘာရယ်တာလဲ"

ဟု မေးလိုက်သည်။

ဝူးယိက. . .

"ကျုပ် အမိန့်မရရင် ပွဲစားကြီးက သတ်ပစ်မယ်ဆိုရင်တောင် သူထွက်သွားမှာ မဟုတ်ပါဘူးဗျာ"



ထိုအခါမှ ကောင်လေးသည် ဝူးယိနှင့် ပတ်သက်နေကြောင်း လောင်ကျွန်း သိရှိသွားလေတော့သည်။

"လက်စသတ်တော့ သည်ကောင်လေးဟာ မင်းရဲ့လူတစ်ယောက်ဖြစ်နေတာကိုး"

ဝူးယိက. . .

"ဟုတ်ပါတယ်ဗျာ"

ဟု ဝန်ခံလိုက်သည်။

လောင်ကျွန်းက ကောင်လေးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

ကောင်လေးကား မလှုပ်မယှက်။

ဝူးယိက. . .

"ပွဲစားကြီးနဲ့ မိတ်ဆက်ပေးပါရစေ၊ သူ့ရဲ့နာမည်က မိုးကြိုးလို့ခေါ်ပါတယ်"

"မိုးကြိုး"

"ဟုတ်ပါတယ်၊ ကျုပ် အင်မတန် အားထားရတဲ့ကောင်လေး တစ်ယောက်ပေါ့ဗျာ"

လောင်ကျွန်းက. . .

"သည်ကောင်လေးက အားကိုးရတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ တကယ့်ကို အားကိုးရပါတယ်ဗျာ"

"နေပါဦး၊ မင်း သည်လောက်တောင် ချီးကျူးရအောင် သူ့ကို ဘယ်လိုများ အားကိုးရတာလဲ၊ ပြောစမ်းပါဦး"

ဝူးယိက. . .

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်လုပ်တဲ့ နေရာမှာပေါ့ဗျာ"

"မင်းအလုပ်က. ."

"ကျုပ်က ကြေးစားလူသတ်သမား တစ်ယောက်လေဗျာ"

"ဒါဖြင့် ကြေးစားလူသတ်လုပ်ငန်းမှာ သူ့ကို မင်းက အသုံးချတာပေါ့ ဟုတ်လား"

ဝူးယိက ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့် ပြောသည်။

"သူဟာ ကျုပ်ရဲ့ အတော်ဆုံးကြေးစားလေး တစ်ယောက်ပါဗျာ"

"သည်ကောင်လေးကများ. ."

လောင်ကျန်း မယုံနိုင်အောင် ဖြစ်နေ၏။

ဝူးယိက. . .

"ပွဲစားကြီးကို ကျုပ်ပြောပြပါ့မယ်၊ ထင်းနန်ဂိုဏ်းရဲ့ နာမည်ကျော်ဌာနမှူး ပုရှောင်လုံကို လုပ်ကြံတဲ့အခါမှာ ကျုပ်က မိုးကြိုးနဲ့ တခြားကောင်လေးတစ်ယောက်ကို အသုံးချခဲ့တယ်၊ ဒါပေမယ့် သူတို့ဟာ ပုရှောင်လုံကို အောင်မြင်စွာ လုပ်ကြံနိုင်ခဲ့ကြတာပါပဲ"

"ဘာ"

ကြားလိုက်ရသော စကားများကို လောင်ကျန်း မယုံနိုင်အောင်ဖြစ်သွားလေသည်။

ဝူးယိက. . .

"ပွဲစားကြီး မယုံသေးဘူးဆိုရင် နားထောင်ကြည့်ပါဗျာ"



ဟု ပြောကာ ကောင်လေးဘက်သို့ လှည့်လိုက်လေသည်။

"မိုးကြိုး"

ဝူးယိ ခေါ်လိုက်သည်နှင့် ကျောက်ရုပ်ပမာ ရှိနေသော ကောင်လေး ချက်ချင်း သက်ဝင်လှုပ်ရှားလာလေတော့သည်။

ချက်ချင်းပင် ဝူးယိကို အရိုအသေပြုလိုက်လေသည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျာ"

ဝူးယိက. . .

"အခြေအနေ ဘယ်လိုလဲ၊ ခွေးလေးကော"

မိုးကြိုးဆိုသော ကောင်လေးက. . .

"ခွေးလေး သေသွားပါပြီ၊ သူက ပုရှောင်လုံကို ဓားနဲ့ တစ်ချက် ခုတ်သွားပါတယ်၊ ပုရှောင်လုံလည်း သေသွားပါပြီ"

ဝူးယိက. . .

"မင်း သေချာတယ်နော်"

မိုးကြိုးက. . .

"ပုရှောင်လုံ သေသွားမှ ကျွန်တော် ထွက်လာခဲ့တာပါ"

ဝူးယိက. . .

"ပုရှောင်လုံ သေသွားပြီလို့ မင်းဘာကြောင့် ပြောနိုင်ရတာလဲ"

မိုးကြိုးက. . .

"ပုရှောင်လုံ လမ်းပေါ်လဲကျပြီး ငြိမ်သက်သွားတော့ သူ့ရဲ့ဦးခေါင်းကို ကျွန်တော် ခြေထောက်နဲ့ တစ်ချက်ကန်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါသည် သူက ခလုပ်ဘဲငြိမ်နေလို့ သေသွားပြီဆိုတာ သေချာလို့ ကျွန်တော် ထွက်လာခဲ့တာပါ"

ပုရှောင်လုံ၏ ဦးခေါင်းကို ခြေထောက်ဖြင့် ကန်ကြည့်သည်ဆိုသော စကားကြောင့် လောင်ကျန်း မျက်လုံးပြူးသွားလေသည်။

မိုးကြိုးသည် လူတစ်ယောက် သေဆုံးသွားသည့်ကိစ္စကို ပြောနေသော်လည်း မည်သို့မျှ ခံစားရပုံ မပေါ်ပါချေ။

လောင်ကျန်းသည် မိုးကြိုးကိုကြည့်ရင်း အဆိပ်ပြင်းသော မြွေတစ်ကောင်ကို တွေ့မြင်နေရသည့်ပမာ ကျောရိုးတလျှောက် အေးစိမ့်လာလေတော့သည်။

ဝူးယိက အကျေနပ်ကြီး ကျေနပ်နေ၏။

မိုးကြိုးသည် ဝူးယိ၏စကားကို တသွေမတိမ်း နာခံသူဖြစ်လေသည်။

ဝူးယိက. . .

"မိုးကြိုး. . . မင်းပြောတာကို ပွဲစားကြီးက နားလည်ချင်မှ နားလည်လိမ့်မယ်၊ ဒါကြောင့် မင်းတို့ ဘယ်လိုလုပ်ကြံခဲ့ကြတယ်ဆိုတာကို အသေးစိတ် ရှင်းပြလိုက်ပါ"

ဟု အမိန့်ပေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

မိုးကြိုးက ဝူးယိကို ဦးညွှတ်ပြီး လောင်ကျန်းဘက်သို့ လှည့်လိုက်လေသည်။

ခံစားချက်ကင်းမဲ့သော မျက်နှာ၊ ခံစားချက်ကင်းမဲ့သော



လေသံဖြင့် ရှင်းပြလိုက်လေသည်။

"ကျွန်တော်နဲ့ ခွေးလေးဟာ. . ."

လောင်ကျန်းက စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

မိုးကြိုး၏စကား ဆုံးသွားတော့မှ သူ၏နဖူးပေါ်၌ ချွေးများစို့ရွှဲနေသည်ကို သတိပြုမိလိုက်လေတော့သည်။

ဝူးယိက. . .

"ပွဲစားကြီး ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာကို သိရှိသွားပြီထင်ပါတယ်"

လောင်ကျန်း သက်ပြင်းချလိုက်သည်။

"ကြောက်စရာကောင်းလှချည်လား၊ သည်အတိုင်းဆိုရင် သူတို့ဟာ ဘယ်လိုလူစားမျိုးကိုမဆို လုပ်ကြံနိုင်စွမ်းရှိကြတဲ့ကြေးစား လူသတ်သမားလေးတွေ ဖြစ်နေပြီပေါ့"

ဝူးယိက. . . .

"ပုရှောင်လုံဟာ ထင်းနန်ဂိုဏ်းချုပ်အားအထားရဆုံးဌာနမှူးတစ်ယောက်ပါ၊ သိုင်းပညာလည်း အင်မတန်တော်ပါတယ်၊ သူ့ကိုလုပ်ကြံနိုင်ဖို့ အလွန်ပဲ ခက်ခဲလှပါတယ်"

လောင်ကျန်းကလည်း ပုရှောင်လုံ ထက်မြက်သည့်သတင်းကို ကြားဖူးထားပြီး ဖြစ်လေသည်။

ယခုတော့. . .

ပုရှောင်လုံမှာ ထောင်ချောက်ထဲကျရောက်ကာ သေဆုံးသွားခဲ့ပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးယိက. . .

"ပုရှောင်လုံကိုတောင် လုပ်ကြံနိုင်ခဲ့ပြီဆိုရင် ထင်းနန်ဂိုဏ်းက တခြားဌာနမှူးတွေကို လုပ်ကြံလို့မရနိုင်စရာ မရှိတော့ပါဘူးဗျာ"

လောင်ကျန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် တခြားလူတွေကိုလည်း ဖြည်းဖြည်းချင်းဖယ်ရှားနိုင်မှာပဲ၊ အကိုင်းအခက်တွေကို အရင်ခုတ်ထွင်ရှင်းလင်းတဲ့ သဘောပေါ့"

ဝူးယိက. . .

"ဟုတ်ပါတယ်၊ နောက်ဆုံးအချိန်မှာ ထင်းနန်ဂိုဏ်းချုပ်ရဲ့အလှည့်ရောက်လာမှာပေါ့ဗျာ"

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

လောင်ကျန်းက လက်ခုပ်လက်ဝါးတီးကာ ချီးကျူးလိုက်လေသည်။

လောင်ကျန်း သဘောမကျခဲ့သော ဝူးယိကို အလွန်သဘောကျသွားခဲ့ပြီ ဖြစ်လေသည်။

"ကောင်လေး. . . မင်းကို သီးသန့်ဆုချရဦးမယ်"

လောင်ကျန်းက ငွေလွှဲလက်မှတ်တစ်ထပ် ထုတ်ယူကာ မိုးကြိုးကို ပေးလိုက်လေသည်။

သို့သော်. . .

မိုးကြိုးက မယူဘဲနေ၏။

ငွေလွှဲလက်မှတ်များက သူ့အား ဆွဲဆောင်နိုင်ခြင်း မရှိ



သည့်သဘောဖြစ်လေသည်။

လောင်ကျန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ကောင်လေး ယူလိုက်လေ"

မိုးကြိုး တုတ်တုတ်မျှ မလှုပ်ပါ။

"ဟား. . . ဟား. . . ဟား"

ဝူးယိက ရယ်မောလိုက်သည်။

လောင်ကျန်းက ဝူးယိအားကြည့်ပြီး. . .

"မင်းရဲ့တောင်လေးက ဘယ်လိုဖြစ်တာလဲ"

ဟု မေးလိုက်သည်။

ဝူးယိ ရှင်းမပြတော့ပါ။

"သူတို့က သည်အတိုင်းပါပဲ၊ ကဲ. . . ကဲ. . . မိုးကြိုး မင်းယူလိုက်ပါ"

မိုးကြိုးအား လှမ်းပြောလိုက်၏။

မိုးကြိုး ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

ကျောက်စားပွဲပေါ် တင်ထားသည့် ငွေလွှဲလက်မှတ်များကို လှမ်းယူလိုက်လေသည်။

လောင်ကျန်းသည် မိုးကြိုးကိုတစ်လှည့် ဝူးယိကိုတစ်လှည့်ကြည့်ပြီး ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်လေသည်။

အခြေအနေကို ကောင်းကောင်းကြီး နားလည်သဘောပေါက်သွားပုံမျိုး ဖြစ်လေသည်။

ဝူးယိက. . .

www.burmeseclassic.com

www.burmeseclassic.com



"တချိန်တို့ပြန်တွေ့မယ့်နေ့ရက်ကို ကြိုတင်ညှိနှိုင်းထားရင်ကောင်းမယ်"

လောင်ကျန်းက. . .

"တုတ်တာပေါ့"

ထို့နောက် မည်သည့်နေ့ရက်၌ ပြန်လည်ဆုံတွေ့ကြမည်ကို ညှိနှိုင်းသတ်မှတ် လိုက်ကြလေသည်။

သူတို့၏ တွေ့ဆုံမှုလည်း ပြီးဆုံးသွား၏။

လောင်ကျန်းက နှုတ်ဆက်ပြီး အရင်ဆုံးထွက်သွား၏။

တအောင့်မျှကြာမှ ဝူးယိနှင့်မိုးကြိုးတို့က အဆောင်လေးထဲမှထွက်ကာ ဘုံကျောင်းလေးသို့ လာရောက်ကြသူများကြား၌ ကိုယ်ရောင်ဖျောက်လိုက် ကြလေတော့သည်။

❂ ❂ ❂



## အငြိုးတရား

ကြီးကျယ်ခမ်းနားလှသော ထင်းနန့်ဂိုဏ်း အဆောက်အဦးကြီး၌ ခမ်းနားထည်ဝါမှု လုံးဝမရှိသော သာမန်အခန်းတစ်ခုရှိနေ၏။

ထိုအခန်းမှာ ဂိုဏ်းချုပ်ဝမ်းစန်းဖုံး၏ စာဖတ်ခန်းဖြစ်သည်။

စာဖတ်ခန်းအတွင်း၌ ထိုင်ခုံတစ်လုံး၊ စားပွဲတစ်လုံးနှင့် အစီအရီပုံထားသော စာအုပ်ပုံများသာ ရှိလေသည်။

ဂိုဏ်းချုပ်ဝမ်းစန်းဖုံးသည် စာဖတ်ခန်းအတွင်းရှိ ထိုင်ခုံတွင် မလှုပ်မယှက် ထိုင်နေသည်။

အသက်လေးဆယ်ကျော် အရွယ်မှာပင် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားသော ဂိုဏ်းချုပ်တစ်ယောက်ဖြစ်

www.burmeseclassic.com



အောင် စွမ်းဆောင်နိုင်ခြင်းက ဝမ်းစန်းဖုံး၏ အရည်အချင်းကို ဖော်ပြလျှက်ရှိပေသည်။

ဝမ်းစန်းဖုံးက စာဖတ်ခန်းထဲ၌ ရှိနေစဉ်. . .

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာ၏။

ဝမ်းစန်းဖုံးက. . .

"ဝင်ခဲ့ပါ ညီမ"

ဟု ပြောလိုက်သည်။

တံခါးခေါက်သံကြားသည်နှင့် သူ၏ဇနီးသည်'ချင်းလျှံ' ဖြစ်ကြောင်း အတတ်သိလိုက်လေသည်။

ချင်းလျှံ. . .။

ချင်းလျှံသည် ချောမောလှပပြီး ဉာဏ်ပညာကြွယ်ဝသော အမျိုးသမီးတစ်ဦးဖြစ်သည်။

သူမသည် ဝမ်းစန်းဖုံး၏ခြေရာကို ဆက်ခံနိုင်ရန် 'ဝမ်းရှောင်ကျူး'အမည်ရှိသော သားတစ်ယောက်ကို မွေးဖွားပေးခဲ့သလို ဝမ်းစန်းဖုံး ယခုကဲ့သို့ လျှမ်းလျှမ်းတောက်ကျော်ကြားသည့် ဂိုဏ်းချုပ်ကြီးတစ်ဦး ဖြစ်လာရန် အနီးကပ်ကူညီပံ့ပိုးကာ အကြံကောင်းဉာဏ်ကောင်းများ ပေးစွမ်းခဲ့သူလည်း ဖြစ်သည်။

"ကျွီ"

တံခါးပွင့်သွား၏။

ညင်သာပေျါ့ပါးသော ခြေသံများနှင့်အတူ ဇနီးသည် ချင်းလျှံက အနီးသို့ရောက်လာ၏။



သို့သော်. . .

သူမသည် မလှမ်းမကမ်း၌ ရပ်တန့်လိုက်ပြီး ငြိမ်သက်သွားလေသည်။

စာဖတ်ခန်းထဲ၌ ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ချင်းလျှံက ဘာမှမပြောပါ။

ဝမ်းစန်းဖုံးကလည်း ဘာမှမပြောပါ။

အတော်ကလေးကြာမှ. . .

ဝမ်းစန်းဖုံးမှာ သတိဝင်လာပုံဖြင့် သက်ပြင်းချလိုက်လေသည်။

ဇနီးသည်ချင်းလျှံကို မော့ကြည့်၍ပြောလိုက်သည်။

"ညီမ လိုက်လာပုံထောက်ရင် ကျုပ် သည်မှာလာပြီး ထိုင်နေတာ အတော်ကြာသွားပြီထင်တယ်"

ချင်းလျှံက ပြုံးလိုက်သည်။

"မနက်စာ စားပြီးကတည်းက အစ်ကိုထိုင်နေတာကို၊ အခု နေဝင်တော့မယ်လေ"

သူမသည် စားပွဲပေါ်မှ မီးအိမ်ကို မီးညှိလိုက်ပြီးမှ စကားဆက်လိုက်လေသည်။

"နေ့တစ်ဝက်စာ အချိန်ဟာ တကယ်တော့ ဘာမှကြာသွားတာ မဟုတ်ပါဘူး၊ အစ်ကို့အနေနဲ့ တစ်နေ့လုံး တစ်ညလုံး တွေးတောစဉ်းစားရမယ့် အခြေအနေမျိုး ကြုံနေရတာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်၏ နှစ်သိမ့်စကားကြောင့် ဝမ်းစန်းဖုံး စိတ်သက်သာရာ ရသွားဟန်ရှိသည်။

"အင်း. . . ကြုံနေရတဲ့အဖြစ်က အတော်ကို အံ့သြစရာကောင်းနေတယ်၊ ကျုပ်က ဘာအမှားများ လုပ်မိသလဲလို့ စဉ်းစားနေတာ"

ချင်းလျှံ ခေါင်းခါယမ်းလိုက်သည်။

"အစ်ကို ဘာမှ အမှားမလုပ်ခဲ့ပါဘူး"

ဟု ပြောလိုက်၏။

ဝမ်းစန်းဖုံးက. . .

"မဟုတ်သေးဘူး ညီမ၊ ခုတလော ထင်းနန်ဂိုဏ်းက အားထားရတဲ့ဌာနမှူးတွေ လုပ်ကြံခံနေရတယ်၊ ဒါကြောင့် အမှားအယွင်းတစ်ခု ရှိနေတာ သေချာပါတယ်"

ဟု ပြောလိုက်သည်။

ထိုအခါ. . .

ချင်းလျှံက တည်ငြိမ်ရင့်ကျက်သောလေသံဖြင့် ပြောလေသည်။

"အစ်ကို့အနေနဲ့ ဘာတစ်ခုမှ အမှားမလုပ်ခဲ့ဘူးဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မ သဘောပြောရရင် အစ်ကိုဟာ သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်နေတဲ့ လူတစ်ယောက် မဟုတ်လား၊ လူကောင်းတွေက အစ်ကို့ကိုချီးကျူးကြလိမ့်မယ်၊ လူဆိုးတွေကတော့ မုန်းတီးကြလိမ့်မယ်၊ အမှားအမှန်ကို သူတို့သဘောနဲ့သူတို့ သတ်မှတ်ကြလိမ့်မယ်၊ အစ်ကိုက



မှားယွင်းမှုရှိနေပြီ ထင်နေတာက အစ်ကို့အပေါ် မလိုမုန်းထားသူတွေဟာ မှန်ကန်တဲ့လုပ်ရပ်တွေကို အမှားလို့မြင်နေကြတာကို ဆိုလိုတာပဲဖြစ်မယ်"

ဝမ်းစန်းဖုံး၏မျက်နှာ ကြည်ကြည်လင်လင် ဖြစ်လာ၏။

"တစ်ယောက်ယောက်က အစ်ကို့အပေါ် အထင်အမြင်လွဲမှားပြီး အကောက်ကြံနေတာပဲဖြစ်မယ်၊ အင်း ညီမပြောမှပဲ အစ်ကိုလည်း ရှင်းရှင်းလင်းလင်း ဖြစ်သွားတော့တယ်"

ချင်းလျှံက တည်ကြည်စွာဖြင့် ထပ်ပြောလိုက်သည်။

"မကြာသေးခင်က ရထားတဲ့သတင်းက ကျွန်မရဲ့အယူအဆမှန်တယ်ဆိုတာကို ဖော်ပြနေတယ်၊ အစ်ကိုက ပုရှောင်လုံကိုနယ်ခြားလွှတ်လိုက်တယ် မဟုတ်လား"

ဝမ်းစန်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ နယ်ခြားမှာ သောင်းကျန်းနေတဲ့ လူဆိုးဓားပြတွေကို နှိမ်နင်းဖို့လွှတ်လိုက်တာ၊ သူ့ရဲ့ဆောင်ရွက်ချက်တွေ အောင်မြင်တယ်လို့ သတင်းရတယ်၊ မကြာခင် သူပြန်လာလိမ့်မယ်"

ချင်းလျှံ ခေါင်းခါယမ်းလိုက်သည်။

"သူ ဘယ်တော့မှ ပြန်လာနိုင်တော့မှာ မဟုတ်ပါဘူး"

ဝမ်းစန်းဖုံး အံ့အားသင့်သွား၏။

"ဟင်. . . ညီ. . . ညီမ ဘယ်လိုပြောလိုက်တာလဲ"

ချင်းလျှံက. . .

"ပုရှောင်လုံဟာ ထင်းနန်ဂိုဏ်းကို ပြန်လာရင်း လမ်းခရီး

www.burmeseclassic.com

www.burmeseclassic.com



မှာလုပ်ကြံခံရပါတယ်"

ဟု ပြောလိုက်၏။

ဝမ်းစန်းဖုံး၏မျက်နှာ တင်းခနဲ ဖြစ်သွားလေသည်။

"ကျုပ်အပေါ် မှာသစ္စာရှိတဲ့ ဌာနမှူးတွေ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံနေရပါလား၊ ပုရှောင်လုံနဲ့ဆိုရင် ငါးယောက်ရှိသွားပြီ၊ သည်အတိုင်း လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး၊ တရားခံကိုဖော်ထုတ်ရမယ်၊ ဒါမှမဟုတ်ရင်တော့ ထင်းနန်ဂိုဏ်းဟာ တဖြည်းဖြည်းလုံးပါးပါးပြီး ပျက်စီးသွားလိမ့်မယ်"

ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ခြင်းဖြင့် ထိန်းချုပ်ထားသည့်ကြားမှ ဒေါသပေါက်ကွဲလာကြောင်း ထင်ရှားလေသည်။

ချင်းလျှံက ဖျောင်းဖျလိုက်လေသည်။

"အစ်ကို. . . ထင်းနန်ဂိုဏ်း စော်ကားခံရတာ ခံပြင်းစရာပါပဲ၊ ဒါပေမယ့် အခုချိန်ဟာ အင်မတန် အရေးကြီးတဲ့အချိန်ရောက်နေပြီဆိုတာကို ကျွန်မတို့ မေ့ထားလို့မဖြစ်ပါဘူး၊ ခေါင်းအေးအေးထားပြီး ဖြေရှင်းရမှာပါ၊ သွေးပူနေမယ်၊ ဒေါသထွက်နေမယ်ဆိုရင် ရန်သူ ပိုပြီးတော့ သဘောကျသွားပါလိမ့်မယ်"

ဝမ်းစန်းဖုံးက ချင်းလျှံအား စိုက်ကြည့်လိုက်၏။

တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်ပြီးမှ ဘာမှမပြောဘဲ ထိုင်ခုံတွင် ပြန်လည် ထိုင်ချလိုက်လေသည်။

ချင်းလျှံက စားပွဲပေါ်၌ အသင့်ရှိနေသည့် ရေနွေးကြမ်းအိုးထဲမှ ရေနွေးကြမ်း တစ်ခွက်ငှဲ့ပေးလိုက်လေသည်။



"သောက်လိုက်ပါဦး အစ်ကို"

"ကျေးဇူးပဲ ညီမ"

ဝမ်းစန်းဖုံးက မငြင်းဘဲ အသာလှမ်းယူပြီး တစ်ငုံငုံလိုက်သည်။

လက်ဖက်ခြောက် ကောင်းကောင်းဖြင့် နှပ်ထားသောရေနွေးကြမ်းကို သောက်သုံးလျှင် ဦးနှောက်ကြည်လင်သည်ဟု ဆိုစကားရှိသည်။

ချင်းလျှံက ဝမ်းစန်းဖုံး သွေးအေးသွားစေရန် အချိန်ဆွဲလိုက်ခြင်း ဖြစ်သည်။

ဝမ်းစန်းဖုံးက ရေနွေးကြမ်းကို တစ်ငုံသောက်ရင်း တစ်ပန်းကန်ကုန်သွားသောအခါ ချင်းလျှံ မျှော်လင့်ထားသည့်အတိုင်း တည်တည်ငြိမ်ငြိမ် ဖြစ်လာလေသည်။

ချင်းလျှံကို အကဲခတ်ကာ မေးလိုက်သည်။

"သည်ကိစ္စမှာ ညီမ တွေးတောစဉ်းစားထားတာတွေ ရှိလိမ့်မယ်လို့ အစ်ကို ယူဆတယ်၊ ဟုတ်ရဲ့လား ညီမ"

ချင်းလျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကို"

"ကျုပ်ကို ပြောစမ်းပါဦး"

ချင်းလျှံက တည်ကြည်သော မျက်နှာထားဖြင့်. . .

"ထင်းနန်ဂိုဏ်းကို အများသူငါက ချီးကျူးကြတယ်၊ ကြည်ညိုလေးစားမှုလည်း ရှိပါတယ်၊ အမှောင်နယ်က လူတွေ

www.burmeseclassic.com

www.burmeseclassic.com



တောင်မှ မလေးမစား မလုပ်ဝံ့ပါဘူး၊ ထင်းနန်ဂိုဏ်းဆိုတဲ့ အသံကြားတာနဲ့ ဝေးဝေးက ရှောင်သွားလေ့ရှိပါတယ်”

ဟု ပြောသည်။

ဝမ်းစန်းဖုံး ခေါင်းညိတ်လိုက်၏။

“ညီမပြောတာ မှန်ပါတယ်”

ဟု ထောက်ခံလိုက်သည်။

ချင်းလျှံက ဆက်ပြောသည်။

“သိုင်းလောကမှာ ထင်းနန်ဂိုဏ်း ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့တာ နှစ်အတော်ကြာပါပြီ၊ ယေဘူယျပြောရရင်တော့ သိုင်းလောကမှာ ရန်သူမရှိဘူး၊ ထင်းနန်ဂိုဏ်းကို ဒုက္ခပေးချင်တာ သိုင်းလောကထဲမှာ မရှိဘူးလို့ ဆိုနိုင်ပါတယ်”

ဝမ်းစန်းဖုံး ခေါင်းညိတ်လိုက်သည်။

“ညီမပြောတာ ဖြစ်နိုင်ပါတယ်၊ ကျုပ်တို့ကို ဒုက္ခပေးချင်တယ်ဆိုရင် ဒုက္ခပေးတာ ကြာပြီပေါ့”

ဟု ပြောသည်။

သူက လက်ခံနေသည်ဖြစ်၍ ချင်းလျှံက ကျေနပ်သွားသည်။

“ကျွန်မအနေနဲ့ ထင်းနန်ဂိုဏ်းကို ဘယ်သူကများ ဒုက္ခပေးချင်သလဲလို့ သေသေချာချာ စဉ်းစားကြည့်တဲ့အခါ ပြီးခဲ့တဲ့နှစ်က အဖြစ်အပျက်တစ်ခုကို သတိရလိုက်မိပါတယ်”

ဟု ပြောသည်။

ထိုအခါ. . .



ဝမ်းစန်းဖုံးက စိတ်ဝင်စားသွားသည်။

“ညီမ ဘယ်ကိစ္စကို ဆိုလိုတာလဲ”

ဟု မေးလိုက်သည်။

ချင်းလျှံက. . .

“အစ်ကို မှတ်မိမှာပါ၊ ပွဲစားလောင်ကျန်းနဲ့ ဖြစ်ခဲ့တဲ့ကိစ္စပါ”

“ပွဲစားလောင်ကျန်း”

ဝမ်းစန်းဖုံးက တီးတိုးရေရွတ်လိုက်၏။

ပြီးမှ. . .

“ပွဲစားလောင်ကျန်းဟာ မြေလတ်ပိုင်းက ကျေးရွာတစ်ရွာမှာ လယ်သမားတွေဆီက လယ်မြေတွေသိမ်းယူတဲ့ကိစ္စမှာ အစ်ကိုဝင်ပြီး ဖြေရှင်းပေးခဲ့တာပဲ၊ အစ်ကို့ရဲ့ညှိနှိုင်းဆောင်ရွက်မှုနဲ့ နှစ်ဦးနှစ်ဘက် ပြေပြေလည်လည် ဖြစ်သွားကြတာပဲလေ”

ဟု ပြောလိုက်သည်။

မှန်ပေသည်။

လွန်ခဲ့သောနှစ်က မိုးနည်းသဖြင့် မြေလတ်ပိုင်းဒေသ၏ အချို့နေရာများ၌ လယ်မြေဖြစ်ထွန်း အောင်မြင်ခြင်း မရှိဘဲ အပျက်အစီးများခဲ့လေသည်။

ထို့ကြောင့်. . .

လယ်သမား၊ ယာသမားများသည် သီးနှံပေါ်မှပေးရန် ပွဲစားလောင်ကျန်းထံမှ ကြိုတင်ယူထားသော ချေးငွေများကို ပြန်မဆပ်နိုင်ဘဲ ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပွဲစားလောင်ကျန်းကလည်း ချေးငွေပြန်မဆပ်နိုင်သဖြင့် လယ်ယာမြေများကို သိမ်းပိုက်ရန် စီစဉ်လိုက်သည်။

ဤတွင် . . .

လယ်သမား၊ ယာသမားများနှင့် ပွဲစားလောင်ကျန်းတို့ ပြဿနာဖြစ်ပေါ်ခဲ့ကြလေသည်။

ပြဿနာသည် နောက်ပိုင်းတွင် တစ်စထက်တစ်စ ကြီးမားလာကာ သွေးထွက်သံယိုမှုများဆီသို့ ဦးတည်နေသည်။

ထိုအခါ . . .

မိတ်ဆွေတစ်ယောက်၏ အကူအညီတောင်းမှုကြောင့် ဝမ်းစန်းဖုံးက ကြားဝင်ဖြေရှင်းပေးခဲ့ရသည်။

လယ်သမား အများစုမှာ အလွန်ဆင်းရဲနွမ်းပါးကြသည်။

သူတို့သည် လယ်ယာမြေများမရှိလျှင် ပို၍ အတိဒုက္ခရောက်ရပေမည်။

ထို့ကြောင့် . . .

ပွဲစားလောင်ကျန်းအနေနှင့်လည်း ငွေကြေးအလျှံပယ်ချမ်းသာသူပီပီ တစ်နှစ်သည်းခံ၍ အတိုးမယူဘဲ အလျှအတန်းပြုသည်ဟု သဘောထားကာ နောင်နှစ်မှယူရန် လယ်ယာမြေများအား သိမ်းယူခြင်းမပြုရန် မေတ္တာရပ်ခံခဲ့သည်။

ထင်းနန်ဂိုဏ်းချုပ် ဝမ်းစန်းဖုံး၏ အရှိန်အဝါကို လေးစားတာ ပွဲစားလောင်ကျန်းက မငြင်းဘဲ သဘောတူခဲ့လေသည်။

လယ်သမား၊ ယာသမားများသည် ဝမ်းစန်းဖုံးအား



သောင်းသောင်းဖြဖြ ချီးကျူးခဲ့ကြလေသည်။

ထိုကိစ္စသည် ပြဿနာကြီးတစ်ခု မဟုတ်ဟု ယူဆထားသည်။

ထို့ကြောင့် . . .

ဝမ်းစန်းဖုံးက မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့လေသည်။

ယခု . . .

ဇနီးသည်ချင်းလျှံက အစဖော်ပေးမှ ပြန်လည်စဉ်းစားကာ သတိရလာခြင်းဖြစ်လေသည်။

ချင်းလျှံက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ကျွန်မလည်း သည်ကိစ္စကို မေ့မေ့ပျောက်ပျောက်သဘောထားခဲ့မိတာပါ၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ထင့်နေတာက ချန်အန်းမြို့တော်ဝန်ရဲ့ မွေးနေ့ပွဲမှာ တွေ့ခဲ့ရတဲ့ ပွဲစားကြီးလောင်ကျန်းရဲ့ အပြုအမူပါပဲ"

ဝမ်းစန်းဖုံးက စိတ်ဝင်စားစွာဖြင့် . . .

"သူ ဘာဖြစ်လို့လဲ၊ ပြောပါဦး"

ဟု မေးလိုက်သည်။

ချင်းလျှံ သက်ပြင်းချလိုက်သည်။

"မြို့တော်ဝန်ရဲ့ မွေးနေ့ပွဲကို ကျွန်မတို့လည်း တက်ခဲ့ကြသေးတယ် မဟုတ်လား၊ မွေးနေ့ပွဲမှာ ပွဲစားလောင်ကျန်းနဲ့ ဆုံကြတော့ သူက ကျွန်မတို့ကို ဘယ်မှာနှုတ်ဆက်လို့လဲ၊ ဧည့်သည်သတ်တွေများနေလို့ မတွေ့မမြင်သလို နေခဲ့တာ၊ အဲ့ဒါတော့

www.burmeseclassic.com



ထမင် မမြင်ချင်ဟန်ဆောင်နေတယ်ဆိုတာ ကျွန်မသိတယ်၊ ကျွန်မ ပြောရင် အစ်ကို စိတ်ဆိုးသွားမှာ စိုးရိမ်လို့ မပြောဘဲ နေခဲ့တာ၊ သူဟာ ကျွန်မတို့ကိုတွေ့ပြီး မျက်နှာကြီးမည်းသွားပြီး တစ်ဘက်လှည့်လို့ တံတွေး ထွေးချလိုက်သေးတယ်"

"ဟင်"

ဝမ်းစန်းဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

သက်ပြင်းချကာ. . .

"သည်လောက်တောင်ပဲလား၊ ကျုပ်ကို မုန်းတီးနေလိမ့်မယ် မထင်မိခဲ့ဘူး"

ဟု ပြောလိုက်သည်။

ချင်းလျှံ ခေါင်းညိတ်၏။

"လယ်ယာမြေကိစ္စမှာ မတတ်သာလို့ အပြုံးမျက်နှာနဲ့ အလျှော့ပေးခဲ့ရပေမယ့် သည်ကိစ္စဟာ ငွေကြေးဆုံးရှုံးမှုထက် သူ့ရဲ့ဂုဏ်သိက္ခာ ထိခိုက်တယ်လို့ ပိုပြီးသဘောထားပုံရတယ်"

ထင်းနန်ဂိုဏ်းသည် သိုင်းလောက၌ ထင်ရှားသကဲ့သို့ သူဌေးပွဲစားလောင်ကျန်းသည် သူဌေးသူကြွယ်အသိုင်းအဝိုင်းနှင့် စီးပွားရေးနယ်ပယ်တွင် ဩဇာတိက္ကမကြီးမားသူ တစ်ဦးဖြစ်လေသည်။

ထို့ကြောင့်. . .

သူ၏သိက္ခာနှင့်မာနကို ထိပါးသည်ဟု ပွဲစားလောင်ကျန်းက သဘောထားသည်မှာ ကျိန်းသေသည်ဟု ဝမ်းစန်းဖုံးက ယခုမှ တွေးမိလာလေသည်။



"သူက ကျုပ်ကို လုပ်ကြံဖို့ ထင်းနန်ဂိုဏ်းကို ဖျက်ဆီးပစ်ဖို့အထိတောင် ကြိုးစားမယ်တဲ့လား"

ဟု ညည်းတွားလိုက်မိ၏။

ချင်းလျှံက လက်ညှိုးနှင့်လက်ခလယ်ကို တွေးပြလိုက်ပြီး. . .

"သူဟာ ငွေကိုရေလိုသုံးနိုင်တဲ့ လူတစ်ယောက် မဟုတ်လား၊ သိုင်းလောကမှာ ငွေမက်တဲ့ အကျင့်ပျက်သိုင်းသမားတွေ ကလည်း ရှိကြတယ်၊ သည်တော့ ပွဲစားလောင်ကျန်းကို ပေါ့ပေါ့ တန်တန် သဘောထားရင် ကျွန်မတို့ မှားသွားမှာပဲ"

ဟု ပြောလေသည်။ ဝမ်းစန်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့် မေးလိုက်သည်။

"အခု ဖြစ်ပျက်နေတဲ့ကိစ္စတွေဟာ ပွဲစားလောင်ကျန်းရဲ့ လက်ချက်ပဲလား၊ တခြားတစ်ယောက်ယောက်ရဲ့ လက်ချက်ကော မဖြစ်နိုင်ဘူးလား"

ချင်းလျှံ ခေါင်းခါယမ်းလိုက်သည်။

"တခြား တစ်ယောက်ယောက်ဆိုတာကို ကျွန်မ အခုထိ စဉ်းစားလို့ မရသေးဘူး"

ဟု ပြောလိုက်သည်။ ဝမ်းစန်းဖုံးက. . .

"ကောင်းပြီလေ၊ ပွဲစားလောင်ကျန်းရဲ့ လက်ချက်လို့ပဲ ထားလိုက်ပါတော့၊ သူ့ရဲ့မကောင်းတဲ့အကြံကို အကောင်အထည်ဖော်ပေးမယ့် လူတစ်ယောက်ယောက်ကို သူရှာရမှာပဲ၊ အဲသည်လူကကော ဘယ်သူဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ဝမ်းစန်းဖုံးသည် ချင်းလျှံ၏စကားကို လက်ခံလိုက်ခြင်း မြင့် ရှေးဆတ် တွေးတောစရာများ ပေါ်ပေါက်လာ၏။

ချင်းလျှံ၏မျက်နှာမှာ ပို၍တည်ကြည်လေးနက်လာလေသည်။

"ကျွန်မ သတင်းတစ်ခုရထားတယ်၊ တောင်ပေါ် နတ်သုံးပါးဘုံကျောင်းမှာ ပွဲစားလောင်ကျန်းဟာ လူတစ်ယောက်နဲ့ တွေ့ဆုံခဲ့တယ်၊ အဲသည်လူဟာ သိုင်းလောကသားတစ်ယောက်ပဲ နာမည်ပျက်ရှိတဲ့လူပေါ့"

ဝမ်းစန်းဖုံးက ခီးကျူးသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ကျုပ်က သည်မှာထိုင်ပြီး ငိုင်နေတဲ့အချိန်မှာ ညီမက အတော်ကြိုးစားထားတာကို။ အဲသည်လူ ဘယ်သူလဲဆိုတာ ပြောပါဦး"

ဟု မေးလိုက်၏။ ချင်းလျှံက. . .

"ဗေဒါဝူးယိပါ"

"ဟင်"

ဝမ်းစန်းဖုံး အံ့သြသွားသည်။

"ဗေဒါဝူးယိဆိုတာ မျက်လှည့်ဆရာ တစ်ယောက် မဟုတ်လား။ လမ်းပေါ်မှာ လေလွင့်နေတဲ့ ကလေးသူငယ်တွေကို စည်းရုံးသိမ်းသွင်းပြီး ခိုင်းစားလို့ ဟိုတစ်ချိန်တုန်းက ထောင်ဒဏ်သုံးနှစ် အပြစ်ပေးခံရတဲ့လူ မဟုတ်လား"



ချင်းလျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူပါပဲ၊ ဗေဒါဝူးယိဟာ အပြစ်ပေးခံရတာတောင် သူ့ရဲ့မကောင်းတဲ့အကျင့်က ပျောက်သွားတာ မဟုတ်ဘူး၊ လေလွင့်နေတဲ့ ကလေးသူငယ်တွေကို သိမ်းသွင်းပြီး ခိုးခိုင်း၊ ဖုက်ခိုင်းနဲ့ ခေါင်းပုံဖြတ်စားနေတာ၊ သူ့ရဲ့ကောင်လေးတွေကို ကြေးစားအလုပ်တွေမှာ အသုံးချနိုင်အောင် လေ့ကျင့်ပေးနေတယ်လို့ သတင်းထွက်ခဲ့သေးတယ်၊ အခုလည်း ပွဲစားလောင်ကျန်းဆီက ငွေယူပြီး ကျွန်မတို့ကို ဒုက္ခပေးနေတာ သူပဲဖြစ်မယ်၊ ပုရှောင်လုံ လုပ်ကြံခံရတဲ့ကိစ္စမှာ အသက်ဆယ်နှစ်လောက်ရှိတဲ့ ကောင်လေးတစ်ယောက်တို့ ပါဝင်ခဲ့ကြတယ်လို့ သက်သေ အထောက်အထားတွေ ရထားပါတယ်"

ဝမ်းစန်းဖုံး ဒေါပွသွားလေသည်။

"ဝူးယိ အတင့်ရဲလှချည်လား၊ သူ့ကို မှတ်သားလောက်အောင် ဆုံးမရမယ်"

ဟု ပြောလိုက်၏။

ချင်းလျှံ ပြုံးလိုက်သည်။

"စိတ်ချပါ၊ သည်ကိစ္စကိုလည်း ကျွန်မ စီစဉ်ပြီးပါပြီ"

ဝမ်းစန်းဖုံးက သူမအား စိုက်ကြည့်လိုက်ပြီး စိတ်မထိန်းနိုင်တော့သည့်အလား လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



## ဗေဒါ

မျက်လှည့်ပညာတွင် တစ်ဘက်ကမ်းခတ် ကျွမ်းကျင်ကာ အများသူငါ ငြိချရလောက်အောင် မှော်ဆရာတစ်ယောက်အလား စွမ်းဆောင်နိုင်သည်ဟူ၍ ဝူးယိက အစဉ်ကြွေးကြော်လေ့ရှိသဖြင့် သူ့အား ဗေဒါဟု နောက်ပြောင်ကျီစယ်ခဲ့ကြရာမှ နောက်ပိုင်းတွင် ဗေဒါဟု လွယ်လွယ်နှင့်ခေါ်ခဲ့ကြခြင်း ဖြစ်လေသည်။

ဗေဒါဝူးယိသည် ပွဲစားလောင်ကျန်းနှင့် ပူးပေါင်းကာ ထင်းနန်ဂိုဏ်းအား ဒုက္ခပေးနေပြီဖြစ်သည်။

ထင်းနန်အား လုပ်ကြံရသည်မှာ လွယ်ကူသောကိစ္စတော့ မဟုတ်ပါ။

ကြိုးတန်းပေါ် လမ်းလျှောက်ရသကဲ့သို့ ပရိယာယ်များ



လှသည်ဖြစ်၍ ဝူးယိသည် သူ၏လုပ်ရပ်ကို မည်သူမျှ မရိပ်မိနိုင်စေရန် လမ်းဘေး၌ မျက်လှည့်ဝိုင်းကိုပြသလျက် ဟန်မပျက်နေခဲ့လေသည်။

ယနေ့. . .

ဝူးယိသည် လမ်းဆုံလမ်းခွ တစ်နေရာ၌ မျက်လှည့်ဝိုင်းခင်းကျင်းကာ ပညာစွမ်းပြခဲ့ရာမှ အာတွေ့လက်တွေ့လှသဖြင့် နေမွန်းတည့်ချိန်ရောက်မှ မျက်လှည့်ဝိုင်းကို သိမ်းဆည်းနိုင်တော့သည်။

မျက်လှည့်ပြရာ၌ အသုံးပြုရသော ပစ္စည်းပစ္စယများကို သိမ်းဆည်းနေစဉ် ကောင်လေးမိုးကြိုးက သူ၏အနီးသို့ ရောက်ရှိလာလေသည်။

"ဆရာ"

ဝူးယိ ခေါင်းညိတ်လိုက်သည်။

"ပြော. . . ဘာဖြစ်လို့လဲ"

မိုးကြိုးက. . .

"ထင်းနန်ဂိုဏ်းချုပ် သည်ဘက်ကို လာနေပါတယ်"

"ဟင်"

ဝူးယိ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ပစ္စည်းများချကာ ခေါင်းထောင်ကြည့်လိုက်လျှင် ထင်းနန်ဂိုဏ်းချုပ် ဝမ်းစန်းဖုံးသည် မြင်းဖြူကြီးတစ်ကောင်ကို စီးနင်းကာ လမ်းမကြီးအတိုင်း သူတို့ထံသို့ ဦးတည်လာနေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးယိ ပျာပျာသလဲ ဖြစ်သွားသည်။

"အားလုံး လာကြစမ်း"

သူလက်သပ်မွေးထားသော ကောင်လေးများအား အနီးသို့ ခေါ်လိုက်သည်။

ဝူးယိ၏မျက်လှည့်ဝိုင်း၌ တောက်တိုမယ်ရ ကူညီလုပ်ကိုင်ပေးကြသည့် ကောင်လေးများမှာ ရှစ်ယောက်ခန့် ရှိလေသည်။

ထိုကောင်လေးများသည်ပင် ဝူးယိ လက်သပ်မွေးထားသော ကြေးစားလူသတ်သမားလေးများ ဖြစ်ကြပါတော့သည်။

မိုးကြိုး အပါအဝင် ကောင်လေးရှစ်ယောက်က ချက်ချင်း ဝူးယိအနီးသို့ ရောက်ရှိလာကြလေသည်။

ဝူးယိက တီးတိုးပြောလိုက်သည်။

"အားလုံး သတိဝီရိယနဲ့ နေကြပါ။ ထင်းနန်ဂိုဏ်းချုပ်သည်ဘက်ကိုလာနေတယ်၊ ငါတို့အကြောင်းကို သိသွားလို့ဖြစ်နိုင်တယ်၊ သူရောက်လာရင် အခြေအနေကြည့်ပြီး ပြောဆိုဆက်ဆံမယ်၊ မင်းတို့လည်း မီးစင်ကြည့်ကရမယ်၊ ငါပြောတာကို မင်းတို့ နားလည်ကြတယ် မဟုတ်လား"

ကောင်လေးများက ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

"ကဲ. . . ဟန်မပျက်နေကြ"

"ဟုတ်ကဲ့"

ကောင်လေးများသည် ဝူးယိ၏အနီး၌ ဝိုင်းဝန်းလုပ်ကိုင်



ရင်း ဟန်မပျက် နေလိုက်ကြလေသည်။

ထင်းနန်ဂိုဏ်းချုပ်ဝမ်းစန်းဖုံးသည် မြင်းဖြူကြီးကို ဖြည်းဖြည်းမှန်မှန် စီးနင်းရင်း မျက်လှည့်ဝိုင်းအနီးသို့ ရောက်မှန်းမသိ ရောက်ရှိလာလေသည်။

ဝူးယိက ထိုင်ရာမှထကာ ဦးညွှတ်လိုက်၏။

"ဂိုဏ်းချုပ်ကြီးပါလား၊ ဘယ်များသွားမလို့လဲဗျ"

ဝမ်းစန်းဖုံးက မြင်းပေါ်မှမဆင်းဘဲ ပြုံး၍မြန်လည် နှုတ်ဆက်ဖြေကြားလိုက်၏။

"ကျုပ် အပျင်းပြေ မြင်းစီးထွက်လာတာ၊ မျက်လှည့်ဝိုင်းတောင် သိမ်းတော့မလို့ကိုး၊ နောက်ကြုံတော့မှပဲ မျက်လှည့်ပွဲကြည့်တော့မယ်၊ ကဲ ကျုပ်သွားပြီ"

"ကောင်းပါပြီ. . . ကောင်းပါပြီ"

ဝမ်းစန်းဖုံးသည် နှုတ်ဆက်ကာ မြင်းဖြူကြီးကို စီးနင်းပြီး ထွက်သွားလေသည်။

ဝူးယိက လက်ဝှေ့ယမ်းပြကာ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့လေသည်။

ဝမ်းစန်းဖုံး ခပ်လှမ်းလှမ်းသို့ရောက်သွားလျှင် ဝူးယိ၏ မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွားသည်။

"မြန်မြန် လာကြစမ်း"

မျက်လှည့်ပြရာ၌ အသုံးပြုသော ပစ္စည်းများကို သိမ်းဆည်းနေကြဟန်ဖြင့် ဟိုရွှေ့သည်ရွှေ့ လုပ်နေကြသော ကောင်လေးများအား ခေါ်လိုက်လျှင် ကောင်လေးများ ချက်ချင်း စုရုံး

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကြလေသည်။

ဝူးယိ စိတ်လှုပ်ရှားနေသည်။

“ဝမ်းစန်းဖုံးဟာ တစ်ယောက်တည်း မြင်းစီးထွက်လာတယ်၊ သူက အရှေ့ဘက်ကို ဦးတည်ပြီးသွားနေတော့ ပန်းပေါင်းစုံတောအုပ်ထဲကို ရောက်သွားမှာ သေချာတယ်”

ကောင်လေးများ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပ လာလေသည်။

ပန်းပေါင်းစုံတောသည် သူတို့ ကျင်လည်ကျက်စားရာ အရပ်ဖြစ်နေသည် မဟုတ်ပါလော။

“ဝမ်းစန်းဖုံးက သေချင်လို့ ကျားဂူထဲကိုမှ တန်းတန်းမတ်မတ် ဝင်လာတာပဲ၊ ပစ္စည်းတွေထားခဲ့ကြ၊ တို့တတွေ ပန်းပေါင်းစုံတောအုပ်ကို ရောက်နှင့်အောင် ဖြတ်လမ်းကသွားပြီး စောင့်နေကြမယ်၊ ဝမ်းစန်းဖုံး တောထဲရောက်လာရင် တစ်ခါတည်း သုတ်သင်လိုက်ကြတာပေါ့”

“ကောင်းပါပြီ ဆရာ”

ကောင်လေးများသည် ချက်ချင်း ထွက်သွားရန်ဟန်ပြင်လိုက်ကြလေသည်။

“နေဦး”

ဝူးယိက ဟန့်တားလိုက်သည်။

ကောင်လေးများက သူ့အား ကြည့်လိုက်သောအခါ အလေးအနက်ထားကာ မှာကြားလိုက်သည်။

“မင်းတို့ တစ်စုတစ်ဝေးတည်း သွားမယ်ဆိုရင် ရိပ်မိ



သွားနိုင်တယ်၊ သည်တော့ လူစုခွဲပြီးသွားရာကြ၊ ပန်းပေါင်းစုံတောထဲရောက်ရင်လည်း တစ်နေရာစီခွဲပြီး ပုန်းနေကြ၊ ငါ အချက်ပေးမှထွက်လာရမယ်၊ မင်းတို့ မှတ်မိတယ်နော်”

“ဟုတ်ကဲ့ မှတ်မိပါတယ်ဆရာ”

“ဒါဖြင့် သွားကြပေတော့”

ကောင်လေးများသည် ချက်ချင်းပင် လူစုခွဲကာ မြေးလွှားထွက်ခွာသွားကြလေသည်။

ဝူးယိက ဝမ်းစန်းဖုံး ထွက်သွားရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

“ဝမ်းစန်းဖုံး. . . ခင်ဗျား သေနေ့စေ့ပြီပေါ့”

တီးတိုး ရေရွတ်လိုက်သည်။

ထို့နောက်. . . .

သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းစန်းဖုံးသည် ဝူးယိ၏ မျက်လုည့်ဝိုင်းသို့လည်းကောင်း ပန်းပေါင်းစုံတောသို့လည်းကောင်း တစ်ယောက်တည်းသွားခြင်းသည် ဇနီးသည်ချင်းလျှံ၏ အစီအစဉ်ဖြစ်လေသည်။

ချင်းလျှံသည် ဝူးယိနှင့် ပွဲစားလောင်ကျန်းတို့၏ မကောင်းသော အကြံအစည်များကို ဖော်ထုတ်ရန် စီစဉ်ထားပြီးဖြစ်လေသည်။

ဝူးယိ၏ ကောင်လေးများ သို့မဟုတ် ကြောက်မက်ဖွယ်ကောင်းလှသော ကြေးစားလူသတ်သမားလေးများသည် လူစုခွဲကာ ပန်းတစ်ရာတောအုပ်ဆီသို့ ထွက်သွားကြလေသည်။

ထိုကောင်လေးများ ပန်းပေါင်းစုံတောအုပ်အတွင်းသို့ ဝင်ရောက်သွားကြသောအခါ ကြိုတင်စောင့်ဆိုင်းနေသော ချင်းလျှံနှင့် ထင်နန်ဂိုဏ်းသားများက ဆီး၍ဖမ်းဆီးထားလိုက်ကြလေတော့သည်။

❋ ❋ ❋



ပန်းပေါင်းစုံ ပွင့်လန်းလျှက်ရှိသော တောအုပ်ကလေးသည် မိုးကြိုးတို့ ကျင်လည်ကျက်စားရာ တောအုပ်တစ်ခုဖြစ်ပါသည်။

ဝူးယိသည် မိုးကြိုး အပါအဝင် ကောင်လေးများအား ထိုတောအုပ်သို့ ခေါ်ဆောင်ကာ အကောက်ကြံ၍ လုပ်ကြံသတ်ဖြတ်နည်းများကို သင်ပေးခဲ့သည်။

လက်တွေ့ လေ့ကျင့်စေသည်။

ဤသို့ဖြင့် ပန်းပေါင်းစုံတောသည် မိုးကြိုးတို့နှင့် ရင်းနှီးကျွမ်းဝင်သောတောအုပ် အရပ်ဒေသ ဖြစ်လာရလေတော့သည်။

မိုးကြိုးသည် တစ်ယောက်တည်း ထွက်လာခဲ့ပြီး ရှက်လှတောအုပ်သို့ ရောက်လာခဲ့လေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ သာယာလှပနေလေသည်။

မိုးကြိုးသည် တောအုပ်ရှေ့၌ရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

သူက ဖြတ်လမ်းကို အသုံးပြုကာ ပြေးလွှားလာခဲ့သဖြင့် ပန်းပေါင်းစုံတောအုပ်သို့ ဝမ်းစန်းဖုံးတို့ထက် အရင် ရောက်လာခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် . . .

ဝမ်းစန်းဖုံး ရောက်လာလျှင် မည်သည့်နေရာမှစောင့်ကြိုတိုက်ခိုက်လျှင် ကောင်းမည်နည်းဟု တွေးရင်း ပုန်းအောင်း

www.burmeseclassic.com



နေရမည့်နေရာကို ရှာဖွေလိုက်ခြင်းပင် ဖြစ်လေသည်။

သူ၏မျက်လုံးအစုံသည် ပန်းပေါင်းစုံတောအုပ်သို့ အဝင်လမ်းနံဘေးရှိ ချုံပုတ်ကြီးဆီသို့ ရောက်ရှိသွား၏။

"သည်ချုံပုတ်ကြီးထဲ ဝင်ပုန်းနေပြီး ဝမ်းစန်းဖုံးရောက်လာတဲ့အခါ သူစီးနင်းထားတဲ့မြင်းကို တိုက်ခိုက်လိုက်ရင် ဖရိုဖရဲနဲ့ မြင်းပေါ်က ပြုတ်ကျလာမှာပဲ၊ ဒါဆို သူ့ကိုလုပ်ကြံဖို့ ပထမအဆင့် အောင်မြင်သွားပြီပေါ့"

သူ၏အဖော် ကောင်လေးများနှင့် ဝူးယိသည်လည်း ပန်းပေါင်းစုံတောအုပ်ထဲ၌ လူစုခွဲကာ နေရာယူထားကြမည် ဖြစ်ရာ ဝမ်းစန်းဖုံးအား ချက်ချင်းပင် ဝိုင်းဝန်းတိုက်ခိုက်နိုင်ကြမည်ဟု ယုံကြည်ထားလေတော့သည်။

မိုးကြိုးသည် ချုံပုတ်ကြီးဆီသို့သွားရန် ခြေလှမ်းပြင်လိုက်ပြီးမှ ချက်ချင်း ရပ်တန့်လိုက်သည်။

ဝမ်းစန်းဖုံးကဲ့သို့ ဝါရင့်သိုင်းသမားကြီး တစ်ယောက်သည် တောအုပ်ထဲဝင်လျှင် လမ်းဘေးချုံပုတ်ထဲမှနေ၍ ချောင်းမြောင်းတိုက်ခိုက်လာနိုင်သည့် အန္တရာယ်ကို မသိမဟုတ်။

သိမည် သာဖြစ်သည်ဟု တွေးမိလာခြင်းကြောင့်ပေတည်း။

တဆက်တည်းပင်. . .

"ထင်းနန်ဂိုဏ်းက ထိပ်တန်းသိုင်းသမားတွေ လုပ်ကြံခံနေရတယ်၊ ဂိုဏ်းချုပ်ဝမ်းစန်းဖုံးကို ကြည့်ရတာ ဘာမှမဖြစ်သလို အေးအေးဆေးဆေး ရှိနေတယ်၊ လူပြုတ်တဲ့ ပန်းပေါင်းစုံ တော



အုပ်ဘက်ကို အပျင်းပြေ မြင်းစီးထွက်လာတယ်ဆိုတာ ဘာသဘောလဲ၊ ဒါရိုးသားတဲ့ ကိစ္စတစ်ခု မဖြစ်နိုင်ဘူး"

ဟု တွေးမိလာခြင်းကြောင့် ဖြစ်လေသည်။

မိုးကြိုး မျက်နှာပျက်သွားလေသည်။

ဝမ်းစန်းဖုံးအား လုပ်ကြံနိုင်တော့မည်ဟု ဝူးယိတွေးသကဲ့သို့ မတွေးဘဲ သူတို့လူစုသည် ဝမ်းစန်းဖုံး၏ ထောင်ချောက်ထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နားလည်သွားတော့သည်။

"မဖြစ်ဘူး"

မိုးကြိုးသည် ရှက်လှတောအုပ်ထဲသို့ ဝင်ဖို့ စိတ်မကူးတော့ဘဲ ချာခနဲလှည့်ကာ အဝေးသို့ ထွက်ပြေးရန် ကြိုးစားလိုက်လေသည်။

သူ၏အဖော် ကောင်လေးများကော ဝူးယိအတွက်ပါ မစဉ်းစားတော့ပါ။

ဝူးယိတို့အား စွန့်ပယ်ပြီး ကိုယ်လွတ်ရုန်းပြေးဖို့ ကြိုးစားလိုက်ခြင်း ဖြစ်ပေတော့သည်။

ဝူးယိ ထွက်ပြေးရန် ကြိုးစားလိုက်သည်နှင့်. . .

"မင်း ဘယ်သွားမလို့လဲ"

စကားသံနှင့်အတူ လူရိပ်များ ထွက်ပေါ်လာပြီး ဝိုင်းရံထားလိုက်ကြလေသည်။

ချင်းလျှံနှင့် ထင်းနန်ဂိုဏ်းမှ ထိပ်တန်းသိုင်းသမားများပင်ဖြစ်ပေသည်။

မိုးကြိုးသည် ဝါရင့်သိုင်းသမားကြီးများ၏ ဝိုင်းရံမှုခံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ထွက်ပြေးနိုင်စွမ်း မရှိတော့ပါ။

ချင်းလျှံသည် မိုးကြိုးအား ခြေဆုံးခေါင်းဆုံး ကြည့်ကာ မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်း တော်တော်ပါးနပ်တဲ့ ကောင်လေးတစ်ယောက်ပဲ၊ ပန်းပေါင်းစုံတောထဲမှာ ငါတို့ ကြိုတင်စောင့်ဆိုင်းနေကြမယ်ဆိုတာ မင်း တွေးမိလိုက်တယ်ပေါ့ ဟုတ်လား"

မိုးကြိုးက ခေါင်းညိတ်ကာ မကြောက်မရွံ့ ပြောလိုက်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ ထောင်ချောက်ထဲ ရောက်နေပြီဆိုတာ ရိပ်မိပါတယ်"

"မင်းတို့ ပန်းပေါင်းစုံတောအုပ်ကို လာခဲ့ကြတာ ဂိုဏ်းချုပ်ဝမ်းစန်းဖုံးကို လုပ်ကြံဖို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ထိုစဉ်. . .

ဆူဆူညံညံ အသံများထွက်ပေါ်လာလေသည်။

ဝမ်းစန်းဖုံးက ဝူးယိအား ဖမ်းဆီးခေါ်ဆောင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"လွှတ်. . . လွှတ်. . . ကျုပ်ကိုလွှတ်ပါဗျာ၊ ကျုပ်က ပရဆေးရှာဖို့ သည်ကိုလာခဲ့တာ၊ ဂိုဏ်းချုပ်ကြီးက ကျုပ်ကို ဘာကြောင့်ဖမ်းရတာလဲ"

ဝူးယိက မကျေမနပ် အော်ပြောလေသည်။

ဝမ်းစန်းဖုံးက လွှတ်မပေးပါချေ။



"ကျုပ်က ခင်ဗျားအတွက် ပရဆေးပင်တွေ ဝိုင်းခူးပေးမှာပေါ့၊ ဘာကြောင့် လောနေရတာလဲ"

သူတို့၏ ဖြစ်ပျက်နေပုံကိုကြည့်ကာ ချင်းလျှံ သဘောကျစွာပြုံးလိုက်သည်။

"အစ်ကို အခုအချိန်ထိ သူက ငြင်းချင်နေတုန်းပဲလား"

ဟု လှမ်းမေးလိုက်လေသည်။

ဝမ်းစန်းဖုံးလည်း ရယ်မောလိုက်သည်။

"သူက မျက်လှည့်ဆရာပဲ ညီမရယ်"

ချင်းလျှံက မိုးကြိုး၏လက်ကိုဆွဲကာ ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

"ဝူးယိ. . . သည်မှာ ရှင့်ရဲ့မကောင်းတဲ့ လုပ်ရပ်တွေကို ဖော်ထုတ်ဖို့ သက်သေအထောက်အထား ရှိနေပြီဆိုတာ ကြည့်စမ်းပါ"

ဝူးယိသည် မိုးကြိုးကိုမြင်လျှင် မျက်နှာပျက်သွားလေသည်။

သူ၏လက်သပ်မွေးထားသော ကောင်လေးများတွင် မိုးကြိုးသည် ချင်းလျှံ၏လက်ထဲ ရောက်ရှိနေပြီဖြစ်သည်။

"မိုးကြိုး"

ဝူးယိက လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

ချင်းလျှံ ပြုံးလိုက်သည်။

"သူ့နာမည်က မိုးကြိုးတဲ့လား"

ဝူးယိ ပါးစပ်ပိတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးက အဘယ်ကြောင့် ချင်းလျှံအား တိုက်ခိုက်ခြင်း မပြုသည်ကို စဉ်းစားမရပါချေ။

မိုးကြိုးသည် အရှုံးပေး အညံ့ခံမည့်သူ မဟုတ်ဘဲ အသက်အသေခံရန် ဝန်မလေးသူဟု နားလည်ထားခဲ့သည်။

ယခုတော့. . .

"မိုးကြိုး. . . ဂိုဏ်းချုပ်ကြီးကို လုပ်ကြံဖို့ သူက ခိုင်းစေခဲ့တယ် မဟုတ်လား"

ချင်းလျှံ၏ မေးမြန်းသံ ထွက်ပေါ်လာလေသည်။

မိုးကြိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"ဟော့ကောင် မင်းဘာပြောတာလဲ"

ဝူးယိက အထိတ်တလန့် အော်လိုက်လေသည်။

မိုးကြိုးက ဝူးယိအား မကြည့်ဘဲ ချင်းလျှံ မေးမြန်းသမျှ ဖြေကြားနေလေသည်။

ဝူးယိ၏ မကောင်းသောလုပ်ရပ်များကို မိုးကြိုးက ထုတ်ဖော်ဝန်ခံနေခြင်းဖြစ်ရကား ဝူးယိ ဒေါပွလာတော့သည်။

"မိုးကြိုး. . . မင်းသေချင်ပြီ ထင်တယ်"

သူက အော်ဟောက်လိုက်သော်လည်း မိုးကြိုးကို လက်ဖျားနှင့်ပင် တို့နိုင်မည်မဟုတ်သည့်အပြင် သူ၏အသက်ကို ကာကွယ်စောင့်ရှောက်ဖို့ပင် မလွယ်တော့မှန်း နားလည်လာလေသည်။

မိုးကြိုးကား အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်ပေ



တော့သည်။

"ကျွန်တော်တို့ မိဘမဲ့ ကလေးတွေဟာ ဆရာဝူးယိရဲ့အမိန့်ကို တသွေမတိမ်း နာခံရပါတယ်၊ ပေးသမျှယူ ကျွေးသမျှစား ခိုင်းသမျှလုပ်ရပါတယ်၊ စကား နားမထောင်ရင် ရက်ရက်စက်စက် အပြစ်ပေးခံရပါတယ်၊ သူ့ကိုကြောက်လို့ သူခိုင်းသမျှ မညည်းမညူ လုပ်ပေးခဲ့ရပါတယ်"

မိုးကြိုး၏စကားများသည် ဝူးယိအား အပြစ်ဖို့ပြီးရင်းဖို့နေပါသည်။

ဝူးယိ၏အပြစ်က ပို၍ပို၍ ကြီးမားလာသည်။

မိုးကြိုး အပါအဝင် ကြေးစားကောင်လေးများကား အနှိပ်စက်ခံရသူများ အပြစ်မရှိသူများပမာ ဖြစ်လာသည်။

အားလုံးသည် မိုးကြိုး၏စကားကို နားထောင်ရင်း ကရုဏာသက်လာကြသည်။

ဝူးယိသည် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားလေသည်။

မိုးကြိုးကြောင့် ဝမ်းစန်းဖုံးတို့က သူ့အား ချမ်းသာပေးတော့မည် မဟုတ်ကြောင်း နားလည်လိုက်သည်။

ဝူးယိ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါချေ။

ထို့နောက်. . .

"ဟိတ်"

ဩသံပေးလိုက်သည်။

တဆက်တည်းပင် ဝမ်းစန်းဖုံး၏ လက်ထဲမှ အခွင်းရုန်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်သည်။

ထိုအခါ. . .

"မပြေးနဲ့"

ဝမ်းစန်းဖုံးနှင့် ထင်းနန်ဂိုဏ်းမှ ထိပ်တန်းသိုင်းသမားများက ဝူးယိ မလွတ်မြောက်သွားရလေအောင် အထပ်ထပ်ဝိုင်းရံထားလိုက်ကြလေသည်။

ဝူးယိမှာ လွတ်မြောက်မည်မဟုတ်ကြောင်း နားလည်သွားလေသည်။

ထို့ကြောင့်. . .

သူက ဓားမြှောင်တစ်လက်ကို ဆွဲထုတ်လိုက်သည်။

တဆက်တည်းပင် သူ၏ရင်ဝသို့ ပြန်လည်ထိုးစိုက်ချလိုက်လေသည်။

"ဟင်"

"ဟာ"

ဝမ်းစန်းဖုံးတို့ အံ့ဩသွားကြ၏။

"အ"

ဝူးယိ လွတ်ခနဲ အော်လိုက်ပြီး မြေပေါ်သို့ ဒူးထောက်ကျသွားလေသည်။

သူက မိုးကြိုးကို လှမ်းကြည့်လိုက်သည်။

ထိုအခါ. . .

မိုးကြိုးကလည်း သူ့အားကြည့်နေသဖြင့် မျက်လုံးချင်းဆုံမိလေသည်။



ဤတွင်. . .

မိုးကြိုး၏ အတွင်းသဘော မည်သို့ရှိသည်ကို ဝူးယိနားလည်သွားလေတော့သည်။

ဝူးယိ မျက်လုံးပြူးသွားပြီး. . .

"လက်စသတ်တော့ မင်းက. . "

သူ စကားဆုံးအောင် မပြောနိုင်ပါ။

နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာပြီး ခွေခွေကလေး လဲကျသေဆုံး သွားလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



ဝူးယိ သေဆုံးသွားပြီ ဖြစ်လေသည်။

ဝူးယိ၏ ကြေးစားကောင်လေးများအား ဖမ်းမိထားပြီး ဖြစ်သလို ပွဲစားလောင်ကျန်း၏ မကောင်းကြံမှုကို ဆက်လက် ဖော်ထုတ်သွားနိုင်လိမ့်မည် ဖြစ်လေသည်။

ဝူးယိ၏ ကောင်လေးများထဲမှ မိုးကြိုးသည် ချင်းလျှံ၏ စိတ်ဝင်စားမှု ခံခဲ့ရလေသည်။

ထင်းနန်ဂိုဏ်းသားများက အခြားကောင်လေးများအား ခေါ်ဆောင်သွား၏။

သူတို့က မိုးကြိုးကိုလည်း ခေါ်သွားရန် ဟန်ပြင်လိုက် လေသည်။

ထိုစဉ်. . .

ချင်းလျှံက. . .

"သူ့ကို ခဏထားခဲ့ဦး"

ဟု ခေါ်ထားလိုက်လေသည်။

မိုးကြိုးသည် ချင်းလျှံ၏ရှေ့၌ လက်ပိုက်၍ ခေါင်းက လေးငုံ့ကာ ကျုံ့ကျုံ့လေး ရပ်နေလိုက်လေသည်။

ချင်းလျှံက ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

မိုးကြိုးမှာ အဝတ်အစားများက ညစ်ထေးပေကျံနေ သည်။

ဆံပင်များက ညှင်းသိုးသိုးဖြစ်နေသည်။

ထို့အတူ. . .

သူ့ကိုယ်မှာလည်း အရိုးပေါ်အရေတင် ပိန်လှီလွန်းလှ



သည်။ အာဟာရချို့တဲ့နေသည့် လမ်းပေါ်မှ သူတောင်းစား လေးတစ်ယောက်နှင့် တူနေတော့သည်။

ချင်းလျှံ စိတ်မကောင်း ဖြစ်သွားလေသည်။

"သည်အရွယ်လေးတွေဟာ မိဘရဲ့ရင်ခွင်ထဲမှာ နွေး နွေးထွေးထွေး နေရမယ့် အရွယ်လေးတွေပါ၊ အခုတော့ သူ တို့ဟာ ခက်ခဲကြမ်းတမ်းတဲ့ဘဝကို ခါးစည်းခံနေကြရရှာတယ်၊ သနားစရာကောင်းလိုက်တာ"

ဟု ရေရွတ်လိုက်မိသည်။

ထို့နောက်. . .

သူမက ခင်ပွန်းဖြစ်သူ ဝမ်းစန်းဖုံးအားကြည့်ကာ. . .

"အစ်ကို. . . သည်ကောင်လေးကို ကြည့်စမ်း၊ ကျွန်မ တို့သားလေး ဝမ်းရှောင်ကျူးနဲ့ ရွယ်တူလောက်ပဲ ရှိဦးမယ်နော်"

ဟု လှမ်းပြောလိုက်သည်။

ဝမ်းစန်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ညီမ၊ ကျုပ်တို့ သားလေး အရွယ်လောက် ပါပဲ"

ဝမ်းစန်းဖုံးနှင့် ချင်းလျှံတို့ ဇနီးမောင်နှံတွင် ဝမ်းရှောင် ကျူးဆိုသော သားတစ်ယောက် ထွန်းကားခဲ့သည်

မိဘများ၏ဂုဏ်ရှိန်ကြောင့် ဝမ်းရှောင်ကျူးသည် မွေး လာကတည်းက သခင်လေးအဖြစ် ချမ်းသာပြည့်စုံမှု ရရှိခဲ့သည်။

နောင်တစ်ချိန်. . . .

အရွယ်ရောက် ကြီးပြင်းလာလျှင်လည်း မိဘအမွေတို့

www.burmeseclassic.com

www.burmeseclassic.com



ဆက်ခံကာ ထင်းနန်ဂိုဏ်းချုပ်အဖြစ် သိုင်းလောက၌ ဝင့်ထည်စွာ ရပ်တည်နိုင်ဦးမည် ဖြစ်ပေသည်။

ထို့ကြောင့်. . .

ဝမ်းရှောင်ကျူး၏ဘဝနှင့် မိုးကြိုး၏ဘဝသည် မိုးနှင့်မြေပမာ ကွာခြားနေပါတော့သည်။

လူချင်းအတူတူ ဘဝခြင်းကွာခြားပုံကို တွေးတောရင်း ချင်းလျှံ၏ရင်ထဲ သားသမီးချင်း ကိုယ်ချင်းစာသည့်စိတ် ဖြစ်ပေါ်လာလေသည်။

"မိုးကြိုး. . . မင်းနာမည်က မိုးကြိုးတဲ့လား။ တခြားနာမည် မရှိဘူးလား"

ဟု မေးလိုက်သည်။

မိုးကြိုး ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး ခင်ဗျာ"

"မင်းရဲ့ မိဘတွေကော"

"ကျွန်တော် မသိပါဘူး"

မိုးကြိုးသည် မိဘများအမည် မည်သူမည်ဝါဖြစ်သည်ပင် မသိခဲ့ရသည့် ဘဝဆိုးကြုံခဲ့ရသူ ဖြစ်သည်။

သူ လူမှန်းသိတတ်သည့် အချိန်၌ လမ်းပေါ်ရောက်ရှိနေပြီး ကလေးသူငယ်များအား ကိုယ်ကျိုးအတွက် အသုံးချတတ်သော ဝူးယီ၏လက်တွင်းသို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ချင်းလျှံက ခင်ပွန်းသည်ဘက်သို့ လှည့်လိုက်သည်။



"အစ်ကို. . သူ့ကို ကျွန်မတို့ခေါ်သွားကြရင် မကောင်းဘူးလားဟင်"

ဝမ်းစန်းဖုံး မျက်မှောင်ကုပ်သွားသည်။

ဝမ်းစန်းဖုံးကား ချင်းလျှံနှင့် မိုးကြိုးတို့ သဟဇာတမျှနေကြပုံကို ပြုံး၍ကြည့်နေပါသည်။

ချင်းလျှံသည် မိုးကြိုးအား မွေးစားလိုက်သဖြင့် မိုးကြိုးမှာ အရှင်မွေးက နေ့ချင်းကြီးဆိုသကဲ့သို့ ထင်းနန်ဂိုဏ်းမှ ဒုတိယသခင်လေးဘဝသို့ နေ့ချင်းညချင်း ရောက်ရှိသွား၏။

သူ၏အမည်မှာလည်း. . .

ဝမ်းရှောင်ကျူးနှင့် မတိမ်းမယိမ်းပင် ဝမ်းလုံဟူ၍ပင် ဖြစ်လေသည်။

ဗေဒါဝူးယီသည် သေဆုံးကာနီးအချိန်၌ မိုးကြိုး၏မျက်ဝန်းအစုံမှနေ၍ ရင်ထဲ မည်သို့ရှိနေသည်ကို အမိပွယ်ဖော်နိုင်ခဲ့သည်။

ဝမ်းစန်းဖုံးနှင့်ချင်းလျှံတို့ကား အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

မိုးကြိုးအား မွေးစားလိုက်ခြင်းကြောင့် သူတို့နှစ်ယောက်၏ဘဝသည် လည်းကောင်း ထင်းနန်ဂိုဏ်း၏ အခြေအနေသည် လည်းကောင်း အပြောင်းလဲကြီး ပြောင်းလဲသွားမည်ဖြစ်ကြောင်း ထိုစဉ်အချိန်က မည်သူမျှ သိနိုင်ကြလိမ့်မည် မဟုတ်ချေ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ဘဝသစ်

"ဂျိန်း"

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

လျှပ်နွယ်လျှပ်ပန်းများ ပြိုးခနဲ ပြက်ခနဲ ဝင်းလက်သွားပြီး မိုးရေစက်များ တဖြောက်ဖြောက် ကျဆင်းလာသည်။

သစ်ပင်ပန်းပင်များသည် မိုးစက် အထိအတွေ့ကြောင့် ပို၍စိုပြည် စိမ်းလန်းလာသည် ထင်ရ၏။

ရေညှိတက်နေသော ကျောက်တုံးကြီးများသည် အစိမ်းရောင်သမ်းနေကာ မိုးရေစို့ရွှဲသွားလျှင်. . .

အရောင် ပို၍ တောက်ပလာလေသည်။

ကျောက်တုံးကျောက်ခဲများ၊ သစ်ပင်ပန်းပင်များကြား မြေကွက်လပ်တစ်ခု ရှိနေသည်။



ထိုမြေကွက်လပ်သည် ချိုင့်ကျင်း ခလုတ်ကန်သင်းများဖြင့် ညီညာပြန့်ပြူးခြင်း မရှိသည့်အပြင် နေရာခပ်ကျဉ်းကျဉ်းလေးမျှသာ ဖြစ်လေသည်။

မြေကွက်လပ်ပေါ်၌ လူငယ်တစ်ယောက် ရှိနေ၏။

လူငယ်သည် အသက်နှစ်ဆယ်ခန့်ရှိပြီး ယောကျ်ားပီသစွာ ချောမောခန့်ညားသည့် ရုပ်သွင်ရှိသူ ဖြစ်သည်။

အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားကာ ခါး၌ဓားတစ်လက် ချိတ်ထားပြီး မြေကွက်လပ်ပေါ်သို့ ရောက်ရှိနေခြင်းသည် သိုင်းလေ့ကျင့်ဖို့ဖြစ်ကြောင်း ထင်ရှားနေလေသည်။

လူငယ်သည် ခြေစုံရပ်၍ မလှုပ်မယှက် ရှိနေသကဲ့သို့ စူးရှတောက်ပသော မျက်လုံးများက ရှေ့တူရူသို့ မှိတ်မသုန် ကြည့်နေ၏။

"ဂျိန်း"

မိုးခြိမ်းသံ ထွက်ပေါ်လာပြန်သည်။

မိုးစက်မိုးပေါက်များ ခပ်စိပ်စိပ်ကျလာ၏။

လူငယ်၏ အဝတ်အစားများ ပို၍စိုရွှဲလာသည်။

ရုတ်တရက်. . .

"ယား"

ငြာသံပေးကာ ငြိမ်သက်နေသော လူငယ်က စတင် လှုပ်ရှားလေသည်။

သူ၏လက်နှစ်ဘက်ကို ရှေ့သို့ဆန့်ထုတ်ကာ သိုင်းကွက်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော်ရင်း ခြေထောက်များကလည်း တပါတည်း လှုပ်ရှားသွားသည်။

ကျဉ်းမြောင်းသော မြေကွက်လပ်လေးပေါ်မှာပင် လျှင်မြန်စွာ လှုပ်ရှားရွေ့လျားရင်း ကိုယ်နေဟန်ထား အမျိုးမျိုးပြောင်းလဲကာ သိုင်းကွက်များဖော်ထုတ် လေ့ကျင့်လိုက်လေသည်။

သူ၏ လေ့ကျင့်မှုမှာ အလွန်ကြည့်ကောင်းလှသလို ပညာသားပါသော သိုင်းကွက်များ ဖြစ်နေသည်။

လူငယ်သည် မမောနိုင် မပန်းနိုင်အောင် မိုးထဲရေထဲ အားကြိုးမာန်တက် လေ့ကျင့်နေရင်း ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့နေလေတော့သည်။

ထိုလူရွယ်ကား တစ်ချိန်က လမ်းပေါ်၌လေလွင့်ခဲ့ရာမှ ဗေဒါဝူးယိ၏ စည်းရုံးသိမ်းသွင်းမှုဖြင့် ကြေးစားဖြစ်ခဲ့ရသော မိုးကြိုးဆိုသည့် ကောင်လေးပင် ဖြစ်လေသည်။

မိုးကြိုးသည် ချင်းလျှံ၏ကောင်းမှုကြောင့် ထင်းနန်ဂိုဏ်းသို့ ရောက်လာခဲ့ပြီး သခင်လေးတစ်ယောက် ဖြစ်ခဲ့ရသည်။

ချင်းလျှံက သူ့အား မွေးစားပြီးနောက် သားအရင်းနှင့်မခြား ကြည့်ရှုစောင့်ရှောက်ခဲ့သည်။

စာပေပညာနှင့် သိုင်းပညာများ သင်ပေးသည်။

လိမ္မာရေးခြားရှိလာအောင် သွန်သင်ဆုံးမသည်။

သိုင်းလောက၌လည်းကောင်း၊ လူကုံထံအသိုင်းအဝိုင်း၌လည်းကောင်း ဝင်ဆန့်နိုင်အောင် ဖန်တီးပေးခဲ့သည်။



ထို့အပြင် . . .

အချိန်ကြာလာသောအခါ မိုးကြိုး တဖြစ်လဲ ဝမ်းလုံ အားအများက ထင်းနန်ဂိုဏ်းချုပ်၏ မွေးစားသားဖြစ်သည်ကို ပင်မေ့လျော့သွားကြသည်။

မိုးကြိုးသည် ဝမ်းလုံအဖြစ် ကြီးကျယ်မြင့်မြတ်သောဘဝကို ပိုင်ဆိုင်လာခဲ့လေတော့သည်။

ဝမ်းလုံသည် သိုင်းကွက်များကို အားမာန်အပြည့်ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်လိုက်သဖြင့် မိုးရေထဲမှာပင် ချွေးများထွက်လာလေသည်။

သို့သော် . . .

သူက ရပ်နားခြင်းမပြုသေးဘဲ လက်နက်မဲ့သိုင်းပညာ လေ့ကျင့်ပြီးသည်နှင့် ခါးမှဓားကို ဆွဲထုတ်ကာ ဆက်၍လေ့ကျင့်လိုက်လေသည်။

ဖင်းလက်တောက်ပသော ဓားရောင်များသည် လျှပ်စီးအလင်းရောင်နှင့်အပြိုင် ပြိုးပြိုးပြက်ပြက် ထွက်ပေါ်လာလေသည်။

ငယ်စဉ်ကလို အရိုးပြိုင်းပြိုင်း ဗိုက်ပူနံကားလေး တစ်ယောက် မဟုတ်တော့ဘဲ ခန္ဓာကိုယ် ကျစ်လျစ်သန်မာပြီး ကျားကျားယားယား ရှိနေသော ဝမ်းလုံ၏ဓားပညာ လေ့ကျင့်မှုသည် မိုးကောင်းကင်မှနေ၍ မြေပြင်သို့ အရှိန်အဟုန်ဖြင့် ဆင်းသက်လာသည့် ကြယ်တံခွန်တစ်ခုပမာ မာန်ဟုန်ပြင်းလှတော့သည်။

သူ၏ဓားချက်ကြောင့် သစ်ပင်ပန်းပင်များ အပိုင်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသည်။

ကျောက်တုံးကျောက်ခဲများ ခြွင်းခနဲ ခြွင်းခနဲ ပဲ့ထွက်တုန်သည်။

မြေကွက်လပ်လေးတွင် လေပြင်းမုန်တိုင်း တိုက်ခတ်နေသည်နှင့်ပင် တူနေတော့သည်။

နောက်ဆုံး. . .

"ယား"

"ခြွင်"

ဩသံပေးသံ ထွက်ပေါ်လာကာ ဝမ်းလုံ၏လက်ထဲမှ ဓားသည် ရှေ့သို့ လှစ်ခနဲ ပြေးထွက်သွားပြီး ကျောက်တုံးကြီးတစ်တုံး၌ ထက်ဝက်ခန့် မြုပ်သည်အထိ စိုက်ဝင်သွားသည်။

ဝမ်းလုံ၏ သိုင်းလေ့ကျင့်မှုသည်လည်း ပြီးဆုံးသွားလေတော့သည်။

❋ ❋ ❋



ကျောက်တုံးကြီး၌ ဓားစိုက်ဝင်သွားသည့်အရှိန် ပြင်းထန်လွန်းသဖြင့် ဓားရိုးမှာ တဆတ်ဆတ် တုန်ခါနေပါတော့သည်။

ဝမ်းလုံသည် သေသေချာချာ စိုက်ကြည့်လိုက်ပြီး တီးတိုးရေရွတ်လိုက်လေသည်။

"ဒါလောက်ပဲလား"

သူ၏လေသံမှာ စိတ်ပျက်အားလျော့သည့်အသွင် ရှိနေသည်။

ထိုစဉ်. . .

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

လက်ခုပ်သံများ ထွက်ပေါ်လာလေသည်။

ဝမ်းလုံ လှည့်ကြည့်လိုက်သောအခါ ဆီစိမ်ထီးတစ်လက်ဆောင်းထားသော လူရွယ်တစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

ထိုလူရွယ်ကား ထင်းနန်ဂိုဏ်းချုပ်ဝမ်းစန်းဖုံးနှင့် ဇနီးသည်ချင်းလျှံကို၏သားအရင်း ဝမ်းရှောင်ကျူး ဖြစ်ပါသည်။

ဝမ်းရှောင်ကျူးကို တွေ့ရလျှင် ဝမ်းလုံ ချက်ချင်းဦးညွှတ်လိုက်လေသည်။

"အစ်ကိုကြီး ရောက်လာတာ မသိလို့ မကြိုဆိုမိတာကို ခွင့်လွှတ်ပါ"

ဝမ်းလုံသည် ထင်းနန်ဂိုဏ်းသို့ ရောက်ခဲ့ပြီးနောက် ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံအား လွန်စွာမှပင် ရိုသေကိုင်းရှိုင်းကာ

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ဦးထိပ်ပန်ဆင်ခဲ့ ... ...ချောင်ကျူးကိုလည်း ရိုကျိုးစွာ ဆက်ဆံသည်။

ထင်းနန်ဂိုဏ်းသားများနှင့်လည်း သင့်တင့်အောင် ပေါင်းသင်းဆက်ဆံသည်။

ထို့ကြောင့်. . .

အားလုံးက လမ်းဘေးမှ ကြေးစားကောင်လေးတစ်ယောက် ဖြစ်ခဲ့ဖူးသည်ကို မေ့ပစ်ကာ ချစ်ချစ်ခင်ခင် ဆက်ဆံကြလေသည်။

အများ၏ ချစ်ခင်မှုကို ခံယူနိုင်ခြင်းနှင့် လိမ္မာရေးခြားရှိသူအဖြစ် သတ်မှတ်ခံရခြင်းတို့ကြောင့် အစစအရာရာ တိုးတက်လာကာ ဝမ်းစန်းဖုံး၏ အရေးပေးမှုကိုပင် ခံယူနိုင်ခဲ့လေသည်။

သားအရင်းဖြစ်သော ဝမ်းရှောင်ကျူးနှင့်လည်း ညီအစ်ကို အရင်းပမာ ဖြစ်လာခဲ့ကြလေသည်။

ဝမ်းရှောင်ကျူး လက်ကာပြလိုက်သည်။

"ကိစ္စမရှိဘူး ညီလေး၊ မေမေက ညီလေးကိုခေါ်ခိုင်းလိုက်လို့ လာခေါ်တာ၊ မကြာခင် ချယ်ရီတောင်က ဧည့်သည်တွေ ရောက်လာကြတော့မှာမို့ ထင်းနန်ဂိုဏ်းမှာ ညီလေးကိုလည်း ရှိနေစေချင်တယ်လေ"

ဝမ်းလုံ ပြုံးလိုက်သည်။

"ချယ်ရီတောင်က ဧည့်သည်တွေ ရောက်လာကြတော့မယ် ဟုတ်လား"

"ဟုတ်တယ် ညီလေး"



"ဒါဖြင့်"

ဝမ်းလုံ ဆက်မပြောဘဲ ရယ်ကျဲကျဲလုပ်နေသဖြင့် ဝမ်းရှောင်ကျူး အစိပ္ပါယ်ပေါက်သွားသကဲ့သို့ မျက်နှာ နီရဲသွားလေသည်။

"ညီလေး ဘာရယ်နေတာလဲ"

ဟုလည်း ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်သည်။

ချယ်ရီတောင်ကိစ္စသည် ထင်းနန်ဂိုဏ်းတစ်ခုလုံးသိနေပြီးသောကိစ္စ ဖြစ်ပါသည်။

အသက် နှစ်ဆယ့်လေးနှစ် ရှိနေပြီဖြစ်သော ဝမ်းရှောင်ကျူးအား မိဘများက အိမ်ထောင်ချပေးလိုကြသည်။

နောင်တစ်ချိန်၌. . .

*ထင်းနန်ဂိုဏ်းချုပ်ရာထူးကို အမွေဆက်ခံရမည့် ဝမ်းရှောင်ကျူးမှာ ဝမ်းမျိုးဆက် အဓွန့်ရှည်တည်မြဲရေးအတွက် အိမ်ထောင်ပြုရမည် ဖြစ်လေသည်။*

မိခင်ဖြစ်သူ ချင်းလျှံကပင် ကမကထပြုကာ ချွေးမလောင်း ရှာဖွေခဲ့ရာမှ ချယ်ရီတောင်မှ သခင်မလေးမေဟွားကို မျက်စိကျခဲ့ကြခြင်း ဖြစ်လေသည်။

ချင်းလျှံသည် ခင်ပွန်းသည် ဝမ်းစန်းဖုံးနှင့်တိုင်ပင်ပြီးနောက် အောင်သွယ်တော်များကို ချယ်ရီတောင်သို့ စေလွှတ်ကာ ကမ်းလှမ်းခဲ့ရာ ချယ်ရီတောင်မှလည်း မငြင်းနိုင်ဘဲ လက်ခံခဲ့ကြသည်။

ချယ်ရီတောင်နှင့် ထင်းနန်ဂိုဏ်းတို့ ချွေလင်းငွေလမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖောက်သည့်အနေဖြင့် ချယ်ရီတောင်သခင်မလေးသည် အလည်အပတ် လာလိမ့်မည် ဖြစ်သည်။

ထိုအကြောင်းများ ဝမ်းလုံက သိထားသလို အစ်ကိုဖြစ်သော ဝမ်းရှောင်ကျူးကို ရယ်ကျဲကျဲဖြင့် နောက်ပြောင်ကျီစယ်နေခြင်း ဖြစ်ပေသည်။

ဝမ်းရှောင်ကျူး ရှက်ကိုးရှက်ကန်းဖြစ်သွားသောအခါ ဝမ်းလုံက ပို၍ရယ်မောလိုက်လေသည်။

"ကျွန်တော့်ရဲ့ တူကလေးကို ဘယ်တော့များ ထိန်းကျောင်းရပါ့မလဲလို့ တွေးပြီး"

"ဟော့. . . တော်တော့"

ဝမ်းလုံက ထပ်မံနောက်ပြောင်ကျီစယ်ရန် ဟန်ပြင်လိုက်လျှင် ဝမ်းရှောင်ကျူး ကပျာကယာ ဟန့်တားလိုက်လေသည်။

"ဟား. . . ဟား. . . ဟား"

ဝမ်းလုံက သဘောကျစွာ ရယ်မောနေသည်။

ဝမ်းရှောင်ကျူး နှာခေါင်းရှုံ့လိုက်သည်။

"အေး ညီလေး သည်လောက်တောင် သဘောကျနေရင်လည်း ချယ်ရီတောင် သခင်မလေးမေဟွားကို ညီလေးနဲ့ပေးစားလိုက်ဖို့ မေမေ့ကိုပြောလိုက်မယ်"

"ဟား. . . ဟား. . . သည်လိုတော့ မလုပ်လိုက်ပါနဲ့ အစ်ကိုကြီးရာ၊ ကျွန်တော် သိုင်းပညာ သင်ယူလို့ မဝသေးပါဘူး၊ အိမ်ထောင်ပြုဖို့ မစဉ်းစားပါရစေနဲ့"



ဝမ်းလုံ ဆက်၍မရယ်ဝံ့တော့ဘဲ တောင်းပန်လိုက်ရလေတော့သည်။

ဝမ်းရှောင်ကျူး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ငါ့ညီက သိုင်းပညာ တကယ်ကို ဝါသနာပါတာကိုး၊ ဒါကြောင့်လည်း ကွယ်ရာမှာ ဖေဖေကိုယ်တိုင် ချီးကျူးနေတာဖြစ်ရမယ်"

သူက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်ပြီး မေးခွန်းထုတ်လိုက်လေသည်။

"ဒါထက် နေစမ်းပါဦး၊ တို့ထင်းနန်ဂိုဏ်းမှာ လိုလေသေးမရှိအောင် ပြင်ဆင်ထားတဲ့ သိုင်းလေ့ကျင့်ရေး ခန်းမဆောင်ကြီးရှိတာပဲ၊ ဘာကြောင့် သည်လောက်ကျဉ်းကျဉ်းကြုတ်ကြုတ်နေရာမှာလာပြီး လေ့ကျင့်နေရတာလဲ"

ဝမ်းလုံသည် သိုင်းလေ့ကျင့်ရန် လိုလေသေးမရှိ ပြင်ဆင်ထားသော ခန်းမဆောင်ကြီး၌ လေ့ကျင့်ခြင်းမပြုဘဲ လုံးဝသင့်လျော်ခြင်းမရှိသည့်နေရာ၌ လာရောက်လေ့ကျင့်သည်ကို အားလုံးက နားမလည်နိုင်အောင် ဖြစ်နေကြပါသည်။

ဝမ်းရှောင်ကျူး မေးလိုက်သောအခါ ဝမ်းလုံက တည်ကြည်သော မျက်နှာထားဖြင့် ရှင်းပြလိုက်လေသည်။

"လေ့ကျင့်ဆောင်ထဲမှာ အစစအရာရာ အဆင်သင့်ရှိနေတော့ လေ့ကျင့်ရတာ အင်မတန် အဆင်ပြေလှပါတယ်၊ သည်နေရာမှာတော့ အခက်အခဲတွေ ရှိနေဝါတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်ကြမ်းတမ်းမှုနဲ့ အနှောက်အယှက်တွေ ရှိနေတဲ့ကြားက အောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့ရင် ပိုပြီးထိရောက်မှုရှိမယ်လို့ ကျွန်တော် ယူဆမိလို့ပါ အစ်ကိုကြီး"

ဝမ်းရှောင်ကျူး ပြုံးလိုက်သည်။

"ညီလေးရဲ့ အယူအဆ မဆိုးပါဘူး၊ လက်တွေ့ဘဝမှာ အခက်အခဲ အကျဉ်းအကျပ်တွေနဲ့ ရင်ဆိုင်ရတတ်တာပဲ မဟုတ်လား"

ခက်ထန်ကြမ်းတမ်းသည့် ဘဝမှလာခဲ့ရသော ဝမ်းလုံအား ကရုဏာပိုမိလေသည်။

အတိတ်မှ အဖြစ်ဆိုးများအား မေ့ပစ်စေလိုသော သဘောထားလည်း ရှိလေသည်။

"ကဲ. . . ညီလေးရေ မမစောင့်နေလိမ့်မယ်၊ တို့သွားကြရအောင်"

ဟု ပြောလိုက်၏။

ဝမ်းရှောင်ကျူးက ဝမ်းလုံ၏ပခုံးကို သိုင်းဖက်ရင်း ခေါ်ဆောင်သွားရန် ဟန်ပြင်လိုက်၏။

ထိုအခါ ဝမ်းလုံက. . .

"အစ်ကိုကြီး ခဏနေဦး၊ ကျွန်တော့်ဓားကို ယူရဦးမယ်"

ဝမ်းလုံသည် ကျောက်တုံးကြီး၌ ထက်ဝက်မြုပ်အောင် ထိုးစိုက်ထားသော ဓားဆီသို့ လှမ်းသွားလိုက်လေသည်။

ဝမ်းရှောင်ကျူးကလည်း ဝမ်းလုံ၏နံဘေးမှ လိုက်ပါလာသည်။



သူက ကျောက်တုံးကြီး၌ စိုက်ဝင်လျက်ရှိသောဓားကို စိုက်ကြည့်ရင်း ဝမ်းလုံအား ချီးကျူးလိုက်လေသည်။

"ညီလေးရဲ့ သိုင်းပညာ အတော်ကို တိုးတက်လာတာပဲ၊ ဖေဖေနဲ့မေမေတို့ကလည်း အားရကျေနပ်ကြတယ်၊ နောင် တစ်ချိန် တို့ညီအစ်ကိုနှစ်ယောက် လက်တွဲပြီး သိုင်းလောကမှာ အများအကျိုး ဆောင်ရွက်နိုင်ကြမယ်ဆိုရင် ထင်းနန်ဂိုဏ်းရဲ့ ဂုဏ်သိက္ခာ ပိုပြီးတော့ တိုးတက်လာမှာပဲလို့ ယုံယုံကြည်ကြည် ပြောနေကြတယ်"

ဝမ်းလုံက သူ၏ဓားကို ဆွဲနုတ်ဖို့ကြိုးစားလိုက်လေသည်။

ကျောက်တုံးထဲ အရှိန်ဖြင့် ထိုးစိုက်ထားသောဓားကို ဆွဲနုတ်ယူရန် ခက်ခဲလှပေသည်။

ထိုစဉ်. . .

ဝမ်းရှောင်ကျူးက ပြုံးလိုက်ပြီး. . .

"ညီလေးလည်း သိုင်းလေ့ကျင့်နေရတာ တော်တော်ပင်ပန်းပြီ၊ ကဲ. . ကဲ. . ဓားကို အစ်ကိုပဲ နုတ်ပေးမယ်"

ဟု ပြောလိုက်၏။

သူက တဆက်တည်းပင် ကျောက်တုံးကြီး၌ စိုက်ဝင်လျက်ရှိနေသော ဝမ်းလုံ၏ဓားကို ဆွဲနုတ်လိုက်သည်။

ထိုအခါ. . .

"ဖျပ်"

ဝမ်းရှောင်ကျူးက အသာအယာ ဆွဲနုတ်လိုက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဓားရှည်မှာ လက်ထဲပါလာတော့သည်။

သူက ဝမ်းလုံအားကြည့်၍. . .

"ရော့. . . ညီလေး"

ဓားကို လှမ်းပေးလိုက်သည်။

ဝမ်းရှောင်ကျူးက ဓားကိုပေးသောအခါ ဝမ်းလုံက မယူသေးဘဲ ငေးကြည့်နေသည်။

ဝမ်းရှောင်ကျူးက. . .

"ယူလေ ညီလေး၊ ဘာငိုင်နေတာလဲ"

ဟု ပြောလိုက်ပြန်သည်။

ဝမ်းလုံ ဘာပြောရမှန်းမသိ ဖြစ်[illegible]၏။

"ဟို. . . ဟို"

ဝမ်းရှောင်ကျူး ပြုံးလို[illegible]သည်။

"ဘာလဲ ညီလေ[illegible]ရခက်နေတဲ့ဓားကို အစ်ကိုကြီး ကအလွယ်တကူ ဆွဲ[illegible]ခဲ့လို့လား"

ဟု မေးလိုက်သည်။

ဝမ်းလုံက ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်လေသည်။

ထို့ကြောင့်. . .

ဝန်ခံရာ ရောက်သွား၏။

ဝမ်းရှောင်ကျူးက ရှင်းပြလေသည်။

"သိုင်းပညာကို လေ့ကျင့်တဲ့နေရာမှာ အတွင်းအား ပညာရပ်ဟာ အတော်အရေးပါပါတယ်၊ အတွင်းအားကောင်း



ရင် ကောင်းသလို မိမိဒအသုံးပြုတဲ့ သိုင်းကွက်တွေဟာ ထက်မြက်တယ်၊ ပိုပြီးထိရောက်မှုရှိတယ်၊ သာမန်သိုင်းကွက်လေးတစ်ကွက်တောင်မှပဲ အတွင်းအားကောင်းနေတဲ့အခါ ထိပ်တန်းသိုင်းကွက်လိုဖြစ်လာနိုင်တယ်၊ ညီလေးဟာ အသက်ဆယ်နှစ်ကျော်မှ သိုင်းပညာကို စတင်လေ့ကျင့်ခဲ့ရတာဆိုတော့ အချိန်တိုတိုအတွင်းမှာ ထက်မြက်သူတစ်ယောက် ဖြစ်လာအောင် ထိပ်တန်းသိုင်းကွက်တွေကို ဦးစားပေးသင်ပေးဖို့ ဖေဖေတို့က စီစဉ်ခဲ့ကြတာ၊ အတွင်းအားပညာနဲ့ ပတ်သက်လို့တော့ အခြေခံရအောင် လေ့ကျင့်ခိုင်းပြီး ဆေးဝါးအထောက်အကူနဲ့ တိုးပွားလာအောင် လုပ်ပေးဖို့ ရည်ရွယ်ထားတာပဲဖြစ်မယ်၊ အတွင်းအားတိုးပွားစေတဲ့ဆေးတွေ ညီလေးကို မှန်မှန်တိုက်ကျွေးနေတာပဲ မဟုတ်လား"

ဝမ်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး"

ဝမ်းရှောင်ကျူးက ဆက်၍. . .

"အစ်ကိုကြီးက ညီလေးထက် အတွင်းအားကောင်းနေတာက ငယ်စဉ်လသားအရွယ်ကပဲ ခနဲ့စဉ် ဆေးရည်စိမ်ပေးတာတို့ ဆေးဝါးတိုက်ကျွေးတာတို့နဲ့ ခန္ဓာကိုယ်တည်ဆောက်ပုံ သွေးအားနဲ့အကြောအချဉ်တွေကို ပြုပြင်ပြီး ကြိုတင်စီမံခဲ့ကြလို့ပါပဲ၊ သိုင်းပညာလေ့ကျင့်နိုင်တဲ့အရွယ် မရောက်မီကပဲ အတွင်းအား အခြေခံရခဲ့တယ်ဆိုပါတော့၊ ဒါကြောင့်လည်း အရွယ်ရောက်လာတဲ့အခါ အဘက်ဘက်က ပြည့်စုံမှုရှိလာတာပဲ၊ ညီလေးလည်း

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဆယ်နှစ်လောက် အပင်ပန်းခံပြီး ကြိုးစားလိုက်ရင် ဘတ်စုံတော်တဲ့ သိုင်းသမားတစ်ယောက် ဖြစ်လာမှာမြေကြီး လက်ခတ်မလွဲပါဘူး"

ဆယ်နှစ်ဆိုသော အချိန်သည် နည်းနည်းနောနော အချိန်မဟုတ်ဟု ဝမ်းလုံ တွေးလိုက်မိလေသည်။

နောက်ထပ် ဆယ်နှစ်လေ့ကျင့်ရမည်ဆိုလျှင် အသက်သုံးဆယ်အရွယ်ရောက်မှ သိုင်းပညာ ပြည့်စုံသူတစ်ယောက် ဖြစ်လာနိုင်ပေမည်။

ကြမ်းတမ်းသော သူ၏ဘဝနှင့် လိုလေသေးမရှိ ပြည့်စုံခဲ့သော ဝမ်းရှောင်ကျူး၏ဘဝမှာ နှိုင်းယှဉ်၍မရနိုင်ပါချေ။

"ငါ သိုင်းပညာပြည့်စုံပြီဆိုတဲ့အချိန်မှာ အစ်ကိုကြီး ဝမ်းရှောင်ကျူးက ငါ့ထက်ပိုပြီး ပြည့်စုံနေပြီပေါ့"

ဝမ်းလုံ တွေးတောလိုက်မိ၏။

ထိုစဉ်. . .

ဝမ်းရှောင်ကျူးက တွေးတောနေသော ဝမ်းလုံ၏ပခုံးကို ပုတ်လိုက်ကာ. . .

"ငိုင်မနေနဲ့ ညီလေး။ တို့သွားကြစို့"

ဟု ပြောလိုက်၏။

ဝမ်းလုံ ခေါင်းညိတ်လိုက်သည်။

အတွေးစကို ဖြတ်ကာ. . .

"ကောင်းပါပြီ အစ်ကိုကြီး"

ဟု ပြောလိုက်သည်။



ထို့နောက်. . .

ဝမ်းရှောင်ကျူးနှင့်အတူ လိုက်ပါသွားလေသည်။

သူ၏ရင်ထဲမှ အတွေးနှင့်ခံစားချက်များကိုသာ သိနိုင်ကြမည်ဆိုပါလျှင်။

သူသည် မည်သို့သော လူစားဖြစ်ကြောင်းကို အလွန်လည်သော ဝူးယိသည်ပင် သေဆုံးကာနီးမှ တစ်စွန်းတစ်စ ရိပ်မိခဲ့လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ထင်းနန်ကိုဏ်း၌ ယခုရက်ပိုင်းအတွင်း တစ်ဦးတစ်ယောက်မျှ မအားမလပ်ရလေအောင် အလုပ်များလျှက်ရှိကြလေသည်။

ထင်းနန်ကိုဏ်း၏ အဆောက်အအုံများကို ပြုပြင်မွမ်းမံကြသည်။

ပန်းဥယျာဉ်များကို ရှင်းလင်းကြသည်။

နန်းတော်ကြီးတမျှ အလွန်ကြီးကျယ်ခမ်းနားပြီး သာယာလှပသော ဂိုဏ်းကြီးတစ်ခုဖြစ်လာရလေအောင် အစွမ်းကုန်ဆောင်ရွက်နေကြခြင်းလည်း ဖြစ်သည်။

မကြာမီ. . .

ချယ်ရီတောင်မှ သခင်မလေးမေဟွားသည် အလည်အပတ် ရောက်ရှိလာမည် မဟုတ်ပါလား။

ဝမ်းစန်ဖုံးနှင့် ချင်းလျှံတို့သည် အလုပ်များနေသည့်ကြားမှ ဝမ်းလုံကို ခေါ်ယူကာ တိုင်ပင်ကြလေသည်။

အတွင်းအား ပညာရပ်ကို တစ်ချိန်လုံး တွေးတောစဉ်းစားနေခဲ့သည့် ဝမ်းလုံသည် ဝမ်းစန်းဖုံးနှင့် ချင်းလျှံတို့၏ရှေ့သို့ အရောက်တွင် အလွန်လိမ္မာရေးခြားရှိသူ တစ်ယောက်အသွင် ပြောင်းလဲသွားလေသည်။

သူက ရောက်လာချင်းပင် ဝမ်းစန်းဖုံးနှင့် ချင်းလျှံတို့အားကြမ်းပြင်ပေါ် ဒူးထောက်ချကာ ဦးသုံးကြိမ်ချ ရှိခိုးကန်တော့လိုက်သည်။

တဖန်. . .



အလွန်ရိုကျိုးသော လေသံဖြင့် ချင်းလျှံအား. . .

"မေမေ ကျွန်တော့်ကိုခေါ်တယ်ဆို ကျွန်တော် သိုင်းလေ့ကျင့်ထားလို့ တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေတာနဲ့ ရေမိုးချိုးသန့်စင်နေတာ အချိန်နည်းနည်း ကြာသွားတာ ခွင့်လွှတ် ပါ"

ဟု ပြောလိုက်၏။

ဝမ်းလုံသည် သစ်လွင်တောက်ပသော အပြာရောင်အဝတ်အစားများကို ဝတ်ဆင်ကာ ဆံပင်များကိုလည်း အကျအနဖြီးလိမ်းထားပြီး အလွန်သန့်ရှင်းသပ်ရပ်သော လူငယ်လေးတစ်ယောက်အသွင် ပြောင်းလဲသွားပြီ ဖြစ်ပါသည်။

အမှန်ဆိုရလျှင် ဝမ်းလုံသည် ဝမ်းရှောင်ကျူးထက်ပင် ပို၍ချောမောခန့်ညားသူ ဖြစ်ပေသည်။

ငယ်စဉ်က ဗိုက်ပူနံကား ကြောင်ချေးရုပ်လေးဘဝဖြစ်ခဲ့ရသည်ကို စိတ်အနာကြီးနာလျှက် သန့်ရှင်းစင်ကြယ်မှုကို အလေးအနက်ထား ဂရုစိုက်သူအဖြစ် ပြောင်းလဲသွားသော ဝမ်းလုံကိုကြည့်ကာ ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံ ပြုံးလိုက်ကြလေသည်။

တဖန် ချင်းလျှံက စကားစလိုက်လေသည်။

"သားကို အရေးကြီးတဲ့ကိစ္စ တိုင်ပင်စရာရှိလို့ ခေါ်နိုင်းလိုက်တာ၊ အင်း အရေးကြီးတယ်ဆိုပေမယ့် သည်ကိစ္စကို သားလည်းသိနေလောက်ပါပြီလေ"

ဟု ပြောလိုက်သည်။

ဝမ်းလုံက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးရဲ့ မင်္ဂလာကိစ္စမဟုတ်လား မေမေ၊ သားတို့ညီအစ်ကိုနှစ်ယောက် အမြဲတိုင်တိုင်ပင်ပင် ရှိကြတော့ သည်ကိစ္စကို အစ်ကိုကြီးပြောပြလို့ သိပြီးပါပြီ မေမေ"

ဝမ်းလုံနှင့် ဝမ်းရှောင်ကျူးတို့သည် တကယ့်ညီအစ်ကို အရင်းပမာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိနေကြသည်ကို ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံက ကျေနပ်လျက်ရှိနေကြလေသည်။

ချင်းလျှံ ရယ်မောလိုက်ပြီး. . .

"လက်စသတ်တော့ သား အစ်ကိုကြီးက ပြောပြထားပြီးပြီကိုး၊ ကဲ သည်ကိစ္စကို သား ဘယ်လိုသဘောရသလဲ၊ ပြောစမ်းပါဦး"

ဟု မေးလိုက်၏။

ဝမ်းလုံ မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

"ကျွန်တော်က. . ."

ချင်းလျှံက. . .

"ကိစ္စမရှိပါဘူး၊ ဘာမှမစိုးရိမ်ပါနဲ့၊ ပြောစရာရှိတာ ရဲရဲသာပြောပါ၊ သားအစ်ကိုကြီး အိမ်ထောင်ပြုမယ့်ကိစ္စကို သား သဘောကျရဲ့လားကွယ်"

ဝမ်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တဲ့၊ ကျွန်တော် သဘောတူပါတယ် မေမေ၊ အစ်ကိုကြီးဟာ အိမ်ထောင်ပြုရမယ့်အရွယ် ရောက်နေပါပြီ၊ ပြီးတော့"

ဝမ်းလုံ ပြုံးလိုက်ပြီး. . .



"ကျွန်တော်လည်း တူလေး တူမလေးတွေ ချီချင်လှပါပြီ"

ဟု ပြောလိုက်၏။

ထိုအခါ. . .

သူ၏စကားကြောင့် ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံ တဝါးဝါးရယ်မော သဘောကျသွားလေတော့သည်။

သူတို့ ဇနီးမောင်နှံလည်း မြေးချီလိုနေကြပြီ ဖြစ်ပါသည်။

မိဘဝတ္တရားရှိသည့်အတိုင်း အရွယ်ရောက်နေပြီဖြစ်သော ဝမ်းရှောင်ကျူးအား အိမ်ထောင်ချပေးလိုကြပေသည်။

ချင်းလျှံက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"မေမေတို့ဟာ သားတို့နှစ်ယောက်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ပြုစုပျိုးထောင်ပေးခဲ့တာ၊ နောင်တစ်ချိန်မှာ လူတော်လူကောင်းလေးတွေ ဖြစ်လာပြီး မေမေတို့ကိုယ်စား ထင်းနန်ဂိုဏ်းကို တာဝန်ယူပြီး သိုင်းလောကတာဝန်ဝတ္တရားတွေ ထမ်းဆောင်စေချင်လို့ပါပဲ"

ထိုအခါ. . .

ဝမ်းစန်းဖုံးကလည်း ဝင်ပြောလေသည်။

"သားတို့ညီအစ်ကို နှစ်ယောက်ကို အားကိုးအားထားပြုရပြီဆိုရင် ဖေဖေတို့လည်း အသက်ကြီးလာပြီ၊ အေးအေးဆေးဆေး အနားယူပြီး တရားဘာဝနာ အားထုတ်တော့မယ်လို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထားတယ်"

"ဟုတ်တယ်သား မေမေတို့ အနားယူချင်ပြီ၊ ဒါကြောင့် သားကြီးကို အိမ်ထောင်ချပေးဖို့ စီစဉ်ရတာ၊ သားကြီးအတွက် အစစအရာရာ ပြည့်စုံအောင် စီမံပေးပြီးရင် သားငယ်ရဲ့အလှည့် ရောက်လာတဲ့အခါ အစ်ကိုကြီးက တစ်လှည့် ပြန်ပြီးတော့ တာဝန်ယူစီစဉ်ပေးလိမ့်မယ်ပေါ့ ဟုတ်လား သား"

ဝမ်းလုံ ခေါင်းညိတ်လိုက်သည်။

ပြီးမှ. . .

"ဟုတ်ပါတယ် မေမေ၊ ဒါကြောင့် အစ်ကိုကြီးကို အမြန်ဆုံးသာ အိမ်ထောင်ချပေးလိုက်ပါ"

ဟု ပြောလိုက်၏။

"ဟား. . . ဟား. . . ဟား"

ဝမ်းစန်းဖုံးနှင့် ချင်းလျှံတို့သည် ဝမ်းလုံ၏စကားကို သဘောကျသွားသည့်အလား ပြိုင်တူရယ်မောလိုက်ကြသည်။

တဖန်. . .

"သားငယ်ရဲ့ မရီးတော် မကြာခင် ရောက်လာလိမ့်မယ်၊ သည်ရက်ထဲမှာ သိုင်းလေ့ကျင့်မှုတွေ ခဏရပ်ထားပြီး အစ်ကိုကြီးအနားမှာပဲ ရှိနေစေချင်တယ်"

ဟု မှာကြားလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ဝမ်းလုံမှာ သိုင်းပညာလေ့ကျင့်လျှင် အရာရာကို မေ့လျော့သွားတတ်ပေသည်။

တစ်ခါတစ်ရံ. . .



သုံးလေးရက်တိုင် အိမ်သို့မပြန်ဘဲ လေ့ကျင့်နေတတ်သဖြင့် ချင်းလျှံက သတိပေးလိုက်ခြင်းပင် ဖြစ်လေသည်။

ဝမ်းလုံ ခေါင်းညိတ်လိုက်ပြီး. . .

"စိတ်ချပါ မေမေ၊ အစ်ကိုကြီးအနီးမှာ ကျွန်တော် နေပါ့မယ်၊ အစ်ကိုကြီးရဲ့ မင်္ဂလာကိစ္စပြီးတဲ့အထိ သိုင်းလေ့ကျင့်မှုကို သား ရပ်ထားပါ့မယ်"

ဟု ပြောလိုက်သည်။

ချင်းလျှံ ပြုံးလိုက်သည်။

"လိမ္မာလိုက်တဲ့ သားလေးရယ်"

ဝမ်းစန်းဖုံးနှင့် ချင်းလျှံတို့သည် ဝမ်းလုံအား ချီးကျူးသော အကြည့်ဖြင့်ကြည့်ကာ ဦးခေါင်းကဆတ်ဆတ် ညိတ်လိုက်ကြလေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်. . .။

နှစ်ရက်. . .။

သုံးရက်. . .။

ဝမ်းလုံမှာ သိုင်းပညာလေ့ကျင့်မှုကို ရပ်ထားက မင်္ဂလာတိစ္စအဝဝအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သည်မှာ သုံးရက်ရှိသွားပြီ ဖြစ်ပါသည်။

ထို့အပြင်. . .

ဝမ်းရှောင်ကျူး၏ မင်္ဂလာပွဲတွင် သူကိုယ်တိုင်လည်း သတို့သားအရံအဖြစ် ပါဝင်ဆင်နွှဲရမည် ဖြစ်နေရကား။

သူ့အတွက် လိုအပ်သော အဝတ်အစားများကို နာမည်ကျော် အထည်ဆိုင်ကြီး၌ မှာယူထားပြီးဖြစ်သော်လည်း အချိုးအစားကျနရန် ကိုယ်တိုင်ပေးဖို့မြို့လယ်ရှိ အထည်ဆိုင်သို့ ဝမ်းလုံ ရောက်ရှိလာခဲ့ရလေသည်။

နာမည်ကျော်အထည်ဆိုင်ကြီးသို့ သွားရာလမ်း၌ပန်းများရောင်းချနေသော ပန်းဈေးလေးတစ်ခု ရှိနေပါသည်။

ထိုပန်းဈေးလေး၌ စပယ်၊ နှင်းဆီ၊ ဂန္ဓမာစသည့် ဖြင့် အရောင်အသွေးစုံလင်သော ပန်းမျိုးစုံ ရောင်းချလေသည်။

ပန်းဈေးသည် ရင်အေးချမ်းမြေ့ဖွယ်ရာ သာယာနေသကဲ့သို့ မွှေးကြိုင်သောပန်းရနံ့များက ဖုံးလွှမ်းနေသည်။

ထို့အပြင်. . .

ပန်းသည်များကလည်း အလွန်ယဉ်ကျေးသိမ်မွေ့စွာ ပြောဆို ရောင်းချတတ်ကြလေသောကြောင့် ပန်းဈေးသို့ ရောက်



လာသူတိုင်း စိတ်ချမ်းသာရလေသည်။

ယခု. . .

ဝမ်းလုံက ပန်းဈေးလေးဘက်မှ ဖြတ်သန်းလာစဉ် ပန်းဝယ်သောသူများဖြင့် စည်ကားနေသည်ကို တွေ့ရလေသည်။

ဝမ်းလုံ ပြုံးလိုက်သည်။

"ငါက ဘာကြောင့် သူများတွေလို ပန်းမကြိုက်ရတာလဲ"

တီးတိုး ရေရွတ်လိုက်သည်။

မှန်ပေသည်။

သူက ခက်ထန်ကြမ်းတမ်းသောဘဝမှ လာခဲ့သူပီပီ ပန်းများကို စိတ်မဝင်စားခဲ့ပေ။

လှပသော ရောင်စုံပန်းကလေးများသည် သူ၏စိတ်ကို လှုပ်ရှားမှုရှိလာအောင် ဘယ်တုန်းကမျှ မစွမ်းဆောင်နိုင်ခဲ့ချေ။

ထို့ကြောင့်. . .

ဝမ်းလုံက ပန်းများကို အမှုမထားဘဲ ရှေ့ဆက်လျှောက်လာခဲ့သည်။

ရုတ်တရက်. . .

"ခွပ်. . . ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်. . . ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လာကာ လှပသောမြင်းလှည်းတစ်စီးသည် ပန်းများဖြင့် လှပနေသော ပန်းဈေးအတွင်းသို့ ဝင်ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံသည် ထိုမြင်းလှည်းကို တွေ့မြင်ရချင်း စိတ်ထဲ၌ ထူးခြားမှုများ ဖြစ်ပေါ်လာကာ အလိုလို ခြေလှမ်း ရပ်လိုက်မိလေသည်။

မြင်းလှည်းသည် ဖြည်းဖြည်း မှန်မှန်မောင်းနှင်လာကာ ဝမ်းလုံနှင့် မလှမ်းမကမ်းသို့ ရောက်လာလေသည်။

ဤတွင်. . .

"ဒေါ်ဒေါ်. . . မြင်းလှည်းကို ခဏရပ်ပါဦးရှင်"

မြင်းလှည်းအိမ်ထဲမှ ချိုလွင်သာယာသော စကားသံလေးထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဝမ်းလုံ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားမိလေသည်။

ထို့အပြင်. . .

ကြက်သီးတဖျန်းဖျန်း ထသွားလေသည်။

ကြားလိုက်ရသော စကားသံချိုလေးက ဝမ်းလုံရင်ထဲ တစ်ခါမျှ မခံစားဖူးသော ခံစားချက်များကို ဖြစ်ပေါ်လာစေသည်။

ဝမ်းလုံသည် လှပသော မြင်းလှည်းကို မျက်တောင်မခတ်ငေးမော ကြည့်နေမိလေတော့သည်။

မြင်းလှည်းမောင်းနှင်လာသော အမျိုးသမီးကြီးသည် မြင်းများကို စုပ်သပ်ကာ ချော့မော့ပြီးရပ်တန့်လိုက်လေသည်။

ထို့နောက်. . .

မြင်းလှည်းတံခါးပွင့်သွားပြီး အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဆင်းလာသည်ကို တွေ့လိုက်ရလေသည်။



ထိုမိန်းကလေး ထွက်ပေါ်လာသည်နှင့် တစ်လမ်းလုံးရှိ ရာထောင်ချီနေသော ပန်းများသည် အရောင်အဆင်း မှေးမှိန်သွားသည်ဟု ထင်ရလေတော့သည်။

သို့မဟုတ်လျှင် လှပသော ပန်းတောထဲသို့ နတ်မိမယ်လေးတစ်ပါး ရောက်ရှိလာသည် ထင်ရ၏။

ဝမ်းလုံမှာ ပါးစပ် အဟောင်းသားဖြစ်သွားသည်။

ခက်ထန်ကြမ်းတမ်း ခံစားချက်ကင်းမဲ့ကာ မာကျောကျစ်လျစ်နေသော သူ၏နှလုံးသားမှာ ချက်ချင်းဆိုသလိုပင် အရည်ပျော်ကျသွားသည်ဟု ခံစားရသည်။

မိန်းမချောလေးက ပန်းများဝယ်ယူပြီး မြင်းလှည်းပေါ်သို့ ပြန်တက်ကာ ထွက်ခွာသွားသည်အထိ ဝမ်းလုံမှာ တွေ့ာက်ရုပ်ကြီးအလား တောင့်တောင့်ကြီးရပ်၍ ငေးငိုင်နေမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အထည်ဆိုင်ကြီးသို့ လာခဲ့သော ဝမ်းလုံသည် ပန်းဈေးလမ်းကြားမှ ထွက်လာခဲ့ပြီးနောက် စားသောက်ဆိုင်လေး တစ်ဆိုင်သို့ ရောက်ရှိသွားလေသည်။

မထင်မရှား စားသောက်ဆိုင်လေးဖြစ်သည်။

အချိန်ရှိတိုင်း သိုင်းလေ့ကျင့်နေခဲ့ပြီး အကြောင်းမဲ့ရှိက အပြင်သို့ မထွက်သော ဝမ်းလုံအား အများက အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့ကြလေသည်။

ယခုလည်း . . .

ဆိုင်လုလင်များသည် ထင်းနန်ဂိုဏ်းမှ ဒုတိယသခင်လေးဖြစ်မှန်း မသိကြချေ။

သူ့အား သာမန်စားသောက်သူ တစ်ယောက်ဟု သဘောထားနေကြလေသည်။

ဝမ်းလုံသည် အသားဟင်းတစ်ပွဲနှင့် အရက်တစ်အိုး မှာလိုက်လေသည်။

ဆိုင်လုလင်များက လာရောက်ပို့ဆောင်ပေးသည်နှင့် အရက်သုံးခွက်ဆင့်ကာ သောက်ချလိုက်လေသည်။

အရက်ဝင်သွားလျှင် တစ်ကိုယ်လုံးမှာ ပူရှိန်းလာလေသည်။

သူသည် ဝူးယီထံ၌ နေခဲ့စဉ်ကပင် အရက်သောက်တတ်ခဲ့ပါသည်။

ထို့အပြင် . . .

ဘာမဆို လုပ်ကိုင်ဝံ့အောင်လည်း ဝူးယီက အရက်



တိုက်ကာ ရဲဆေးတင်ပေးခဲ့ရာမှ အကျင့်ပါခဲ့ခြင်းပင် ဖြစ်ပေသည်။

ထင်းနန်ဂိုဏ်းသို့ ရောက်လာပြီးနောက် မကောင်းသော အကျင့်စရိုက်များကို စွန့်ပယ်ပြီး ကောင်းမွန်စွာနေခဲ့ရာ အားလုံးက လူတော်လူကောင်းလေး တစ်ယောက်အဖြစ် ချီးကျူးခဲ့လေသည်။

ဝမ်းလုံ၏ရင်ထဲမှ စိတ်ရင်းအမှန်ကို မည်သူမျှ သိနိုင်ကြမည် မဟုတ်ပေချေ။

ယခုလည်း . . .

နတ်မိမယ်အလား ချောမောလှပသော မိန်းကလေး တစ်ယောက်အား မမျှော်လင့်ဘဲ တွေ့ခဲ့ရသည်။

ထို့နောက် . . .

ဟန်ဆောင်နိုင်စွမ်း မရှိတော့ဘဲ အရက်ကို သောက်ကာ စိတ်ကို နှစ်သိမ့်လိုက်ခြင်းဖြစ်သည်။

ဝမ်းလုံ အရက်သောက်နေသည်ကိုသာ ဝမ်းစန်းဖုံးတို့ ဂနီးမောင်နှံ တွေ့မြင်သွားမည်ဆိုပါက ဝမ်းလုံသည် ဘဝတစ်ခုလုံးကို အမှန်တကယ် ပြောင်းလဲပစ်ရန် ကြိုးစားခြင်းမရှိဘဲ အပေါ်ယံ ဟန်ဆောင်နေခြင်းမျှသာ ဖြစ်သည်ဟု ရိပ်မိသွားကြမည် ဖြစ်ပါသည်။

ဝမ်းလုံ၏နှုတ်လုံးသည် ခက်ထန်မာကြောနေပြီး သွေးဆိုးများဖြင့်ပြည့်နှက်နေသည်ဟုပင် ထင်သွားကြလိမ့်မည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်သုံးခွက် သောက်ပြီးသောအခါ ဝမ်းလုံ၏ဦး ခေါင်းထဲ ရီဝေဝေဖြစ်လာသည်။

ထို့နောက်. . .

အရက်ရှိန်ဖြင့် သွေးကြွလာလေသည်။

"သူ့ကို ငါရအောင်ယူမယ်"

ဟု ကြုံးဝါးလိုက်သည်

သူက ပန်းဈေးထဲ၌ တွေ့ခဲ့ရသော မိန်းမချောလေး အားစွဲလန်းမိပြီဖြစ်ရကား ရအောင်ယူမည်ဟု ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

"ငါ သည်မှာ အချိန်ဖြုန်းနေလို့ မဖြစ်သေးဘူး၊ သူဘယ် သူလဲ၊ ဘယ်မှာနေသလဲဆိုတာ သိရအောင် စုံစမ်းဦးမှဖြစ်မယ်"

ဝမ်းလုံ ဂဏာမငြိမ်ဖြစ်နေ၏။

သူက တဆက်တည်း ထိုင်ရာမှထရန် ဟန်ပြင်လိုက် လေသည်။

ထိုစဉ်မှာပင်. . .

"သနားကြပါဗျာ"

သနားစဖွယ် တောင်းရမ်းသံနှင့်အတူ သူတောင်းစား တစ်ယောက် ဆိုင်ထဲသို့ ဝင်ရောက်လာလေသည်။

ထိုသူတောင်းစားသည် ဆိုင်ထဲရောက်လျှင် ဝမ်းလုံထံ သို့ပင် တည့်တည့်မတ်မတ် လှမ်းသွားလေသည်။

ထို့နောက်. . .

လက်ထဲမှ ခွက်ကို တဂျောက်ဂျောက်မြည်အောင်



ခေါက်ရင်း တောင်းရမ်းလေသည်။

ဝမ်းလုံ ပြုံးလိုက်သည်။

သူထွက်သွားရန် ဟန်ပြင်နေစဉ် လာရှုပ်သည်ဟု သ ဘောထားကာ သုံးခွက်သာ ကျန်သေးသော အရက်အိုးကို မ, ယူလိုက်သည်။

တဆက်တည်း သူတောင်းစား၏ခွက်ထဲ လောင်းထည့် ပေးလိုက်၏။

ပြီးမှ. . .

"ကဲ. . . ကျုပ် အရက်ကိုစွန့်ကြဲလိုက်မယ်၊ အားရပါးရ သောက်ပေတော့"

ဟု ပြောလိုက်၏။

သူ၏လုပ်ရပ်ကား လူကြီးလူကောင်းမဆန်ဘဲ မနှစ်မြို့ စရာကောင်းသော လုပ်ရပ်ဖြစ်နေပါတော့သည်။

သို့သော်. . .

သူတောင်းစားက အကျေနပ်ကြီး ကျေနပ်သွား၏။

သူ၏ခွက်ထဲ ပြည့်သွားသော အရက်များကို တစ်စက်မျှ မကျန်အောင် မော့သောက်ပစ်လိုက်လေသည်။

ပြီးလျှင်. . .

"ဟား. . ဟား. . ဟား. . ကောင်းလိုက်တဲ့အရက် မိုး ကြိုးအရက်လား၊ မီးတောက်အရက်လား ပြောစမ်းပါဦး"

တဟားဟားရယ်ရင်း ဝမ်းလုံအား မေးလာလေသည်။

မိုးကြိုးဆိုသော စကားလုံးပါလာသဖြင့် မောမခန့်

www.burmeseclassic.com

www.burmeseclassic.com



ပြောလသော သူတောင်းစားကို ဝမ်းလုံ မျက်လုံးပြူးကာ ကြည့်လိုက်မိသည်။

ညစ်ပတ်ပေကျံနေသော သူတောင်းစား၏ ရုပ်သွင်ကိုကြည့်ရင်း ရင်းရင်းနှီးနှီးရှိခဲ့သည်ဟု ခံစားလာရသည်။

သူတောင်းစားက သူ၏ဝါကျင်ကျင် သွားများပေါ်လာအောင် ပြုံးလိုက်သည်။

"မိုးကြိုး. . . မင်းက ဒုတိယသခင်လေးဖြစ်နေတော့ ကျုပ်တို့ကိုတောင် မမှတ်မိတော့ဘူးလား၊ ကျုပ်တို့ လေးယောက်က မင်းကို သိပ်ပြီးသတိရမိကြတယ်၊ တို့တတွေ ငယ်စဉ်က ဗေဒါဝူးယိရဲ့ မျက်လှည့်ပစ္စည်းတွေ ထည့်ထားတဲ့ သေတ္တာတွေကြားထဲမှာ အိပ်စက်ရင်း တစ်နေ့ကျရင် လက်ညှိုးညွှန်ရာရေဖြစ်စေတဲ့ဘဝမျိုး ပိုင်ဆိုင်နိုင်အောင် ကြိုးစားကြမယ်လို့ စိတ်ကူးယဉ် ပြောဆိုခဲ့ကြတာတွေကို မမေ့နိုင်ကြသေးဘူး"

ဟု ပြောလေသည်။

"ဟင်. . . ခင်. . . ခင်ဗျား"

ဝမ်းလုံမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူတောင်းစားက ရယ်မောလိုက်သည်။

ပြီးလျှင်. . .

"မိုးကြိုး. . . ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလား၊ ကျုပ်က ကျူးယုလေ"

ဟု ပြော၏။

ထိုအခါ. . .



"မြေ. . . မြေခွေး"

ဝမ်းလုံ ရေရွတ်လိုက်၏။

သို့သော် သူ၏စကားများ ဗလုံးဗထွေးဖြစ်နေလေသည်။

ဗေဒါဝူးယိ လက်သပ်မွေးထားသော အခြေအနေမဲ့ ကြေးစားကလေးများတွင် ဝမ်းလုံဖြစ်နေသော မိုးကြိုးသည် ကျူးယု၊ ရှုထင်း၊ လျှံထင်း၊ ကျန်းချင်ဆိုသော ကောင်လေး လေးယောက်နှင့် အရင်းနှီးဆုံးဖြစ်သည်။

သူတို့ ငါးယောက်သည် မိုးကြိုး၊ မြေခွေး၊ ခေါင်းကြီး၊ မေတ္တာမဲ့၊ ကျောက်တုံးဟူ၍ ဝူးယိက အမည်ပေးခဲ့သည်။

သူတို့ငါးယောက်အား စေခိုင်းလိုက်သည့် ကိစ္စတိုင်း အောင်မြင်မှုရှိခဲ့သည်ချည့် ဖြစ်လေသည်။

ထင်းနန်ဂိုဏ်းချုပ်အား လုပ်ကြံရန်ကြိုးစားရင်း ဗေဒါဝူးယိ၏လုပ်ရပ် ပေါ်ပေါက်သွားသောအခါ ဝူးယိ သေဆုံးသွားသလို မိုးကြိုးတို့ကြေးစား အဖွဲ့ကလေးသည်လည်း ပျက်စီးသွားခဲ့ရလေသည်။

မိုးကြိုး(ဝါ)ဝမ်းလုံအား ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံက မွေးစားရန် ခေါ်ယူသွားခြင်းကြောင့် ကံကောင်းခဲ့သော်လည်း ကျန်လေးယောက်မှာမူ ကံမကောင်းခဲ့ကြပါချေ။

ထိုက်သင့်သော အပြစ်ဒဏ်များခံရပြီး မိဘမဲ့ကလေးဂေဟာသို့ ရောက်သွားကြသည်။

မိုးကြိုးနှင့် သူတို့လေးယောက် ကွဲကွာသွားကြသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း အတော်ကြာသွားပြီ ဖြစ်လေသည်။

ယခု . . .

မိုးကြိုး (ဝါ) ဝမ်းလုံရှေ့သို့ ရောက်နေသူမှာ မြေခွေး ကျူးယုဖြစ်လေသည်။

"မိုးကြိုး . . . မင်းက ကောင်းစားနေတယ်ဆိုတော့ ငါတို့ ကိုမေ့သွားပြီပေါ့ ဟုတ်လား။ ငါတို့က အပြစ်ဒဏ်ခံရတယ်၊ မိဘ မဲ့ဂေဟာကို အပို့ခံရတယ်၊ နောက်ဆုံး ငါတို့ တိတ်တဆိတ် ထွက်ပြေး လွတ်မြောက်လာခဲ့ကြပေမယ့် ခုချိန်ထိ လမ်းပေါ်မှာ ကျင်လည် ကျက်စားနေရတုန်းပဲ၊ တို့အချင်းချင်း ဆုံမိကြရင် မင်း အကြောင်းကိုပြောပြီး အားကျနေကြတာကွ"

ဝမ်းလုံ မျက်နှာပျက်မသွားရလေအောင် မနည်းထိန်း ထားရလေသည်။

ထိပ်တန်းဘဝသို့ ရောက်ရှိနေပြီဖြစ်ရကား ခါးသီးစရာ ကောင်းလှသည့် အတိတ်ကို ပြန်မဖော်လိုတော့ပါချေ။

မြေခွေးကျူးယုတို့ကြောင့် သူ၏ဆိုးဝါးသော အတိတ် ဘဝ ပြန်ပေါ်လာပြီး ဂုဏ်သိက္ခာထိခိုက်မည်ကို စိုးရိမ်လာသည်။

အမည်းစက်ရှိနေသူ တစ်ယောက် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားဖို့ အများ၏ကြည်ညိုလေးစားမှုခံ ရဖို့ ဆိုသည်ကား လွယ်မည်မဟုတ်ဟု ယုံကြည်ထား၏။

"ဘယ်လိုလဲ၊ ငါတို့ အချင်းချင်းပြန်ပြီး ဆုံတွေ့ကြတာ ကောင် မင်း ဝမ်းမသာဘူးလား၊ ဘာလဲ မင်းက သွေးကြီးသွားပြီ လား၊ ငါတို့ကို မေ့သွားပြီလား"



မြေခွေးစကားကြောင့် ဝမ်းလုံ ဦးခေါင်းသွင်သွင် ခါ ယမ်းလိုက်လေသည်။

"ဟာ . . . သည်လိုမဟုတ်ပါဘူး၊ ကျုပ်အနေနဲ့ ဝမ်းသာ လွန်းလို့ စကားကောင်း မပြောနိုင်အောင် ဖြစ်နေတာပါ"

ဟု ပြောလိုက်၏။

"ဩော် . . . သည်လိုလား၊ ကောင်းတယ်၊ သိပ်ကောင်း တယ်၊ ခေါင်းကြီးတို့က မင်းသတိရသေးတယ်ဆိုရင် ဝမ်းသာ ကြလိမ့်မယ်၊ မကြာခင် သူတို့လည်း သည်မြို့ကိုရောက်လာ ကြလိမ့်မယ်"

ဝမ်းလုံ အသက်ရှူကြပ်သလို ဖြစ်သွားသည်။

မကောင်းဆိုးဝါးဆန်သော ငယ်ပေါင်းများနှင့် ပြန်လည် ပေါင်းသင်းဆက်ဆံမည်ကို ဝမ်းစန်းဖုံးတို့က သဘောကျလိမ့်မည် မဟုတ်ပေ။

တစ်စုံတစ်ခု မှားယွင်းလိုက်သည်နှင့် စုတ်ပြတ်နုံချာစွာ ဖြင့် လမ်းမပေါ်သို့ ပြန်လည်ရောက်သွားမည် ဖြစ်၏။

"သူတို့ဟာ ငါ့အတွက် အနှောက်အယှက် ဖြစ်နေပြီ၊ ငါဘယ်လို လုပ်ရပါ့မလဲ"

ဝမ်းလုံ စိုးရိမ်စိတ်များ ဝင်လာသည်။

သူ၏ ပင်ကိုယ်စိတ်ရင်းလည်း ထွက်ပေါ်လာတော့ သည်။

"တစ်နေရာရာကို လှည့်စားခေါ်သွားပြီး နှုတ်ပိတ်မှ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးတို့သည် ယခင်က သူ့ထက်ပို၍ တိုက်ခိုက်ရေး ကျွမ်းကျင်ခဲ့ကြလေသည်။

ယခုအချိန်တွင် သူက မြေခွေးတို့အား မှုစရာမလိုတော့ သဖြင့် နောက်ကြောင်းအေးစေဖို့ နှုတ်ပိတ်ပစ်ရန် ဆုံးဖြတ်လိုက် ခြင်းဖြစ်သည်။

"မိုးကြိုး. . . မင်းကောင်းစားနေပြီဆိုတော့ ငါတို့ကို လည်း ပစ်မထားသင့်ဘူး ပြီးတော့ ငါတို့ဆရာအတွက် ခုချိန်မှာ ထင်းနန်ဂိုဏ်းချုပ်ကို ဆုံးမဖို့ အခွင့်အရေးရနေပြီ၊ သူတို့က မင်းကို ယုံကြည်စိတ်ချနေပြီ မဟုတ်လား"

ဝမ်းလုံ ချွေးစေးများ စို့စို့လာသည်။

မြေခွေးတို့ကို နှုတ်ပိတ်ပစ်မည်ဟု ဆုံးဖြတ်ချက်သည် ပို၍ခိုင်မာလာသည်။

"မြို့ထဲမှာ ကျုပ်သိတဲ့လူများတယ်၊ လူရှင်းတဲ့ မြို့ပြင် သွားပြီး အေးအေးဆေးဆေး စကားပြောကြရအောင်"

"ကောင်းသားပဲ သွားရအောင်"

ချက်ချင်း သဘောတူလေသည်။

ဝမ်းလုံက ထိုင်ရာမှထရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက်. . .

အတွေးတစ်ခုက သူ၏ဦးခေါင်းထဲ ဝင်ရောက်လာ၏။

ထင်းနန်ဂိုဏ်း၌ သူ၏ဘဝသည် ဒုတိယသခင်လေး အဖြစ် ထည်ဝါစွာရှိမည်ဖြစ်သော်လည်း ထိုအဆင့်အတန်းထက် ဘယ်သောအခါမျှ ပိုလာမည် မဟုတ်ပါ။



ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံ မရှိတော့သည့်နောက်ပိုင်း တွင် ဝမ်းရှောင်ကျုံးက ဂိုဏ်းချုပ်ဖြစ်လာပေမည်။

ဝမ်းရှောင်ကျုံး အိမ်ထောင်ပြုလိုက်ပြီး သားသမီးများ မွေးဖွားလာခဲ့လျှင် ထိုကလေးများကပင် ဝမ်းရှောင်ကျုံး၏ အရိုက်အရာကို ဆက်ခံကြမည်သာဖြစ်ပါသည်။

အခြေအနေမှဲ့ လူပေလူတေလေးဟူ၍လည်းကောင်း မွေးစားသားဟူ၍လည်းကောင်း ဝမ်းလုံ တုန်လှုပ်လာလေတော့ သည်။

"ငါ မျှော်လင့်ထားတဲ့ဘဝမျိုး ဘယ်တော့မှရနိုင်မှာ မဟုတ်ပါလား"

စိတ်ပျက်အားငယ်မှုများ၏ နောက်ကွယ်တွင် မနာလို မရှုစိမ့်ခြင်းများနှင့်အတူ မုန်းတီးမှုများ ရှိနေလေသည်။

"ငါမျှော်လင့်တဲ့ဘဝမျိုး ဘာကြောင့်မရနိုင်ရမှာလဲ"

သူလိုလားတောင့်တသော ဘဝမျိုး ပိုင်ဆိုင်လိုသည်ဆို ပါလျှင်. . .

ဝမ်းလုံမှာ အတွေးချက်ချင်းပင် ပြောင်းလဲသွားလေ သည်။

မြေခွေးအား နှုတ်ပိတ်ပစ်မည့် အစီအစဉ်ကို စွန့်လွှတ် လိုက်သည်။

မြေခွေးသာမက ကျန်အဖော်သုံးယောက်ကိုပါ တွေ့လို လာသည်။

သူ့တွင် ကြီးမားသော အကြံအစည်ရှိနေပြီး အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



စွာဆောင်ရွက်နိုင်ရန် မြေခွေးတို့အား အသုံးချဖို့ ဆုံးဖြတ်လိုက်တော့သည်။

ထို့ကြောင့်...

"ခေါင်းကြီးတို့ကိုပါ ခေါ်ထားလိုက်ပါ၊ လူစုံရင် ထင်ထင်ပေါ်ပေါ် မနေကြဘဲ တစ်နေရာရာမှာ လျှို့ဝှက်နေကြပါ၊ လိုအပ်တာမှန်သမျှ ကျုပ်ကူညီထောက်ပံ့သွားမယ်၊ ကဲ ကျန်တာတွေ ဆက်ပြီး ဆွေးနွေးကြရအောင် သွားကြစို့"

ဝမ်းလုံက စားသောက်ခ ကျသင့်ငွေ ပေးချေပြီး ဆိုင်ထဲမှ ထွက်သွားလျှင် မြေခွေးလည်း ကောက်ကောက်ပါအောင် လိုက်ပါသွားလေတော့သည်။

❁ ❁ ❁



မြေခွေးနှင့်တွေ့ခဲ့ပြီး ထင်းနန်ဂိုဏ်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ဝမ်းလုံမှာ ကိုယ့်ကိုကိုယ် မလုံမလဲဖြစ်နေခဲ့လေသည်။

မြေခွေးတို့အား ဝှက်ဖဲတစ်ချပ်အဖြစ် ထားရှိရင်း သူ၏ မဟာအကြံအစည်ကို တစ်ချိန်ချိန်၌ အကောင်အထည်ဖော်ရန် ကြံစည်ခဲ့လေသည်။

မကောင်းသောအကြံသည် ယခုမှမဟုတ် ဟိုအရင်ကပင် ရှိနေခဲ့သည်ကို သူသာ အသိဆုံးဖြစ်လေသည်။

ဝမ်းလုံ ထင်းနန်ဂိုဏ်းသို့ ရောက်ရှိလာသောအခါ ခါတိုင်းနှင့်မတူဘဲ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို သတိပြုမိလိုက်လေသည်။

"ဂိုဏ်းသားတွေ ပျာယီးပျာယာနဲ့ သွားလာလှုပ်ရှားနေပုံထောက်ရင် ထူးခြားမှုတစ်ခုခု ရှိနေပြီ"

သူ မြေခွေးနှင့်တွေ့ဆုံခဲ့ခြင်းကို သိသွား၍လော။

ဝမ်းလုံမှာ ရှေ့ဆက်လှမ်းသွားရန်ပင် မဝံ့မရဲဖြစ်သွားလေသည်။

ထိုစဉ်...

"သခင်လေး ရောက်လာပြီ"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာပြီး ဦးညွှတ်လိုက်လေသည်။

ထိုလူမှာ လူရွယ်တစ်ယောက်ဖြစ်ပြီး အသက်သုံးဆယ်ခန့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှောင်ကျူး၏ အနီးကပ်ကိုယ်ရံတော်များအဖြစ် တာဝန်ထမ်းဆောင်ရသည့် မုဖြူဆိုသူဖြစ်သည်။

မုဖြူနှင့် ညီအစ်ကိုဖြစ်သော မုအင်းသည်လည်းကောင်း ထန်ရီနှင့် အိုရန်ဖုံးဆိုသူတို့သည်လည်းကောင်း နောင်တစ်ချိန်တွင် ဂိုဏ်းချုပ်ဖြစ်လာမည့် ဝမ်းရှောင်ကျူး၏ ကိုယ်ရံတော်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ဂိုဏ်းချုပ်ဝမ်းစန်းဖုံးက အမြော်အမြင်ကြီးစွာဖြင့် ယခုကတည်းက ပြုစုပျိုးထောင်ပေးထားခြင်း ဖြစ်သည်။

"သခင်လေးကို ကျုပ်တို့လိုက်ရှာနေကြတာ အထည်ဆိုင်ကိုတောင် ရောက်ခဲ့ပါတယ်"

မုဖြူ၏စကားကြောင့် ဝမ်းလုံ မျက်နှာပျက်သွား၏။

"ကျုပ်. . . ကျုပ်က"

ဆင်ခြေပေးရန် ကြံစွယ်သော်လည်း မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။

မုဖြူက ထပ်မံဦးညွှတ်လိုက်သည်။

"ချယ်ရီတောင်က သတို့သမီးလောင်းဟာ မမျှော်လင့်ဘဲ အချိန်အစောကြီး ရောက်လာတာကြောင့် ပြင်ဆင်ရင်း ဂိုဏ်းချုပ်ကြီးတို့ အလုပ်များနေကြပါတယ်၊ ခုချိန်မှာ မိသားစုဝင်တွေ လူစုံတက်စုံရှိရအောင် သခင်လေးကို စောင့်မျှော်နေကြပါတယ်"

ထိုစကားကြားလိုက်ရတော့မှ ဝမ်းလုံ၏ရင်ထဲမှ အပူလုံးကြီး ကျသွားလေသည်။



သူ၏အကြောင်းကို မသိဘဲ သတို့သမီးလောင်း စောစီးစွာ ရောက်လာခြင်းကြောင့် ဗျာများနေကြခြင်းဖြစ်ရကား ဝမ်းလုံ ရယ်မောလိုက်လေသည်။

"လက်စသတ်တော့ ကျွန်တော့်ရဲ့မရီးတော် ရောက်လာတာကိုး၊ ကောင်းပါပြီဗျာ၊ ကျွန်တော် ခုချက်ချင်း သွားပြီး ဂါရဝပြုလိုက်ပါ့မယ်"

ကိုယ်ရံတော်မုဖြူအား နှုတ်ဆက်ကာ ခပ်တည်တည်ပင် ထွက်လာခဲ့လေတော့သည်။

❋ ❋ ❋

ဝမ်းလုံသည် ထင်းနန်ဂိုဏ်း၏ အဆောက်အအုံကြီးအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် မွေးစားမိခင်ချင်းလျှံက ကြိုဆိုလာသည်။

"သားလေး အချိန်မီ ပြန်ရောက်လာလို့ တော်ပါသေးရဲ့၊ မေမေကတောင် လိုက်ရှာခိုင်းမိသေးတယ်"

ဟု ပြောလာ၏။

ဝမ်းလုံက. . .

"ဟုတ်တယ် မေမေ၊ သားလည်း အထည်ဆိုင်ကိုသွားရင်း လမ်းတစ်ဝက်မှာပဲ လိုက်ရှာနေကြတဲ့ သတင်းကြားလို့ ချက်ချင်းပြန်လာခဲ့တာ၊ သားရဲ့မရီးလောင်း ရောက်နေတယ်ဆို"

ဝမ်းလုံက အလိုက်သင့်ကလေးပြောရင်း သူ၏အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မှန်တို ဖုံးကွယ်လိုက်လေသည်။

သူ့အကြောင်း မည်သူမျှ မရိပ်မိသလို ချင်းလျှံကလည်း မရိပ်မိပါချေ။

"သားရဲ့မရီးလောင်းက မေမေတို့ကြိုတင်တိုင်ပင်ထားကြသလို ချိန်းတဲ့ရက် လာနိုင်မှာမဟုတ်လို့ တောင်းပန်စကားပြောရင်း ကြိုတင်လာခဲ့တာ၊ ဖြုန်းစားကြီးရောက်လာတော့ မေမေတို့ ဗျာများသွားရတာပေါ့"

ချင်းလျှံ ရယ်မောလိုက်သလို ဝမ်းလုံလည်း ရယ်မောလိုက်လေသည်။

"မေမေရယ် သားလည်း မရီးလောင်းကိုကြည့်ချင်လို့ ချက်ချင်းပြန်ပြေးလာခဲ့တာပါ၊ အခု ဘယ်မှာလဲဟင်"

"ဧည့်ခန်းထဲမှာ သားအစ်ကိုနဲ့ ဖေဖေတို့ ဧည့်ခံနေကြတယ်၊ လာ သား မေမေနဲ့လိုက်ခဲ့"

ချင်းလျှံသည် ဝမ်းလုံ၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

ဝမ်းလုံ လိုက်သွားပြီး ဧည့်ခန်းအတွင်းသို့ ရောက်ရှိသွားသည်နှင့် ဧည့်သည်များ ရောက်ရှိနေသည်ကို တွေ့ရ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်အား ဂိုဏ်းချုပ်ဝမ်းစန်းဖုံးနှင့် သားဖြစ်သူ ဝမ်းရှောင်ကျူးတို့က ဧည့်ခံနေကြခြင်းဖြစ်သည်။

ဝမ်းလုံကိုမြင်လျှင် ဝမ်းရှောင်ကျူးက လှမ်းခေါ်လိုက်သည်။



"ညီလေးဝမ်းလုံ ဟောသည်မှာ မင်းရဲ့မရီးလောင်းကိုလာပြီး ဂါရဝပြုလိုက်ပါဦး"

သူ၏စကားကြောင့် အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးက လှည့်ကြည့်လာ၏။

ဤတွင် . . .

နတ်မိမယ်အလား ချောမောလှပသည့် မျက်နှာလေးကို တွေ့မြင်လိုက်ရသည်။

"ဟာ"

ဝမ်းလုံ လွှတ်ခနဲ ရေရွတ်လိုက်ပြီး ကြက်သေ့ငြိမ်ဆည်နိုင်အောင်ဖြစ်သွားလေသည်။

အကြောင်းမှာ ထိုမိန်းကလေးသည် ပန်းဈေး၌တွေ့ခဲ့ရသော မိန်းကလေးဖြစ်နေခြင်းကြောင့်တည်း။

ထိုမိန်းကလေးသည်ပင် ဝမ်းရှောင်ကျူး၏ ဇနီးလောင်း (ဝါ) သူ၏မရီးလောင်း ဖြစ်နေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံ၏ဘဝသည် ကြမ္မာမုန်တိုင်းတိုက်ခတ်ပြီး တစ်စစီ နင်းခြေဖျက်ဆီးခြင်းခံလိုက်ရသကဲ့သို့ ရှိနေပါတော့သည်။

မည်သူမည်ဝါမှန်း မသိသေးခင်ကပင် တစ်ကြိမ်တစ်ခါ တွေ့ရရုံဖြင့်ပင် ဘဝတစ်သက်တာအတွက် စွဲလန်းမိခဲ့သော မိန်းမချောလေးသည် သူ၏မရိုးလောင်းဖြစ်နေသည်။

နှာကျည်းမှုများကို ဖုံးလွှမ်းထားသော နှလုံးသားသည် အေးစက်မာကျောသွားခဲ့သလို ရက်စက်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းများ အမြစ်တွယ်ခဲ့ပြီး အလွန်ဟန်ဆောင်ကောင်းသူဖြစ်ခဲ့သော ဝမ်းလုံမှာ မမျှော်လင့်ဘဲ မိန်းမချောတစ်ယောက်အား သံယောဇဉ်ဖြစ်မိခဲ့သည်။

သို့သော်. . .

ထိုမိန်းကလေးအား သူဘယ်တော့မှ ရနိုင်တော့မည် မဟုတ်ပေ။

ထင်းနန်ဂိုဏ်းချုပ် ရာထူးသည်လည်းကောင်း၊ မိန်းမချောလေးသည်လည်းကောင်း ဝမ်းစန်းဖုံး၏သားအရင်းဖြစ်သည့် ဝမ်းရှောင်ကျူးအတွက် ဖြစ်နေသည်။

ဤတွင်. . .

ဝမ်းလုံ၏ ပင်ကိုယ်စရိုက်မှန် ပေါ်လွင်လာလေတော့သည်။

❋ ❋ ❋



မြို့စွန်တွင် ပန်းပင်များ စိုက်ပျိုးရောင်းချသော ပန်းခြံတစ်ခြံ ရှိလေသည်။

ထိုပန်းခြံပိုင်ရှင်မှာ အဘိုးအိုတစ်ယောက် ဖြစ်ခဲ့သော်လည်း ယခုအချိန်၌ အရွယ်ကောင်းသော လူလေးယောက်တပိုင်ရှင်များ ဖြစ်လာကြသည်။

ပန်းခြံပိုင်ရှင်သည် ဈေးကောင်းရသဖြင့် သူ၏ပန်းခြံကိုရောင်းချကာ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားခြင်းဖြစ်သည်။

ပိုင်ရှင်အသစ်ဖြစ်သော လူရွယ်လေးယောက်သည် ပန်းခြံလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။

သူတို့၏ဘဝကို ပန်းခြံထဲ၌ပင် မြှုပ်နှံထားကြလေသည်။

အများကလည်း သူတို့အား ပန်းစိုက်ပျိုးရောင်းချသူများအဖြစ် လက်ခံလာကြသည်။

အကယ်၍. . .

ထိုပန်းခြံအား အမှန်တကယ် ဝယ်ယူလိုက်သူမှာ ထင်းနန်ဂိုဏ်းမှ ဒုတိယသခင်လေးဝမ်းလုံဖြစ်နေသည်ကို သိကြမည်ဆိုပါလျှင်။

ပန်းခြံထဲ၌ ဇာတ်မြှုပ်နေသူ လေးယောက်မှာ တစ်ချိန်က ဗေဒါဝူးယိ၏ ကြေးစားလူသတ်သမား လေးယောက်ဖြစ်ခဲ့ကြသည်ကို သိနိုင်ကြမည် ဆိုပါလျှင်။

ဝမ်းလုံသည် သူ၏ရင်ထဲမှ အကြံအစည်ကို အကောင်အထည်ဖော်ရန် စတင်စီစဉ်နေပြီ ဖြစ်လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ပန်းရနံ့များဖြင့် မွှေးကြိုင်နေသည့် ပန်းခြံအတွင်း၌ အိမ်ကလေးတစ်လုံး ရှိနေသည်။

ယနေ့. . .

ဝမ်းလုံသည် ထိုအိမ်ကလေးသို့ လျှို့ဝှက်စွာရောက်ရှိလာခဲ့ပြီး မြေခွေးတို့နှင့် တွေ့ဆုံခဲ့လေသည်။

ငါးယောက်သား စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့၍ ထိုင်လိုက်ကြသည်။

ဝမ်းလုံသည် တည်ကြည်သော မျက်နှာထားဖြင့် မြေခွေးတို့အား ဝေ့ကြည့်လိုက်ပြီး ပြတ်သားသောလေသံဖြင့် ပြောလိုက်လေသည်။

"ထင်းနန်ဂိုဏ်းကို ဆုံးမဖို့ ကျုပ်ဆုံးဖြတ်ပြီးပြီ၊ အစီအစဉ်တွေလည်း လုပ်ထားပြီးပြီ၊ ဒါပေမယ့် ကျုပ်ရဲ့အကြံအစည် ပြည့်ဝအောင်မြင်ဖို့အတွက် တဆင့်ပြီးတဆင့် လုပ်ကိုင်ဆောင်ရွက်ရမှာမို့ အချိန်ယူရလိမ့်မယ်"

မြေခွေးတို့ ပြုံးလိုက်ကြသည်။

"ကိစ္စမရှိဘူး၊ ဆယ်နှစ်လောက် စောင့်ရမယ်ဆိုရင်လည်း စောင့်နိုင်ပါတယ်"

ကျန်လူများကလည်း ခေါင်းညိတ်လိုက်ကြသည်။

ဝမ်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အနည်းဆုံး ဆယ်နှစ်လောက်တော့ စောင့်ရလိမ့်မယ်"

မိမိ၏ရည်ရွယ်ချက် အောင်မြင်ရေးအတွက် ဝမ်းလုံ



သည် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေမည့်သူ ဖြစ်ပေတော့သည်။

မျှားမကြာမီ. . .

ထင်းနန်ဂိုဏ်း၌ သခင်လေးဝမ်းရှောင်ကျူးနှင့် ချယ်ရီတောင်သခင်မလေး မေဟွားကို့၏ မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကျင်းပခဲ့လေသည်။

ဝမ်းလုံသည် သတို့သားအရန်အဖြစ် ပါဝင်ဆင်နွှဲခဲ့လေသည်။

အစ်ကိုဖြစ်သူအတွက် ပျော်မဆုံး တပြုံးပြုံးဖြစ်ခဲ့သည်။

ဝမ်းလုံသည် အစ်ကိုဖြစ်သူ၏ မင်္ဂလာကိစ္စကို အကျေနပ်ကြီး ကျေနပ်ခဲ့သည်ဟု အားလုံးယုံကြည်ခဲ့ကြလေသည်။

မင်္ဂလာပွဲတွင် ဂိုဏ်းချုပ်ဝမ်းစန်းဖုံးက မကြာမီအချိန်အတွင်း ထင်းနန်ဂိုဏ်းချုပ်ရာထူးအား ဝမ်းရှောင်ကျူးကို လွှဲပြောင်းပေးမည်ဟု ဟူသိရှင်ကြား ထုတ်ဖော်ကြညာခဲ့လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## မဟာအကြံအစည်

တစ်နှစ်. . ။

တစ်နှစ်ဟူသော အချိန်သည် အံ့ဩစရာကောင်းလောက်အောင် လျင်မြန်စွာ ကုန်ဆုံးသွားသည်ဟု ထင်ရ၏။

ဝမ်းရှောင်ကျူးနှင့် မေဟွားတို့ လက်ထပ်ပြီး တစ်နှစ်အကြာတွင် ဝမ်းစန်းဖုံးသည် ရွှေခွက်ဖြင့်လက်ဆေးကာ သိုင်းလောကမှ အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

ထင်းနန်ဂိုဏ်း၏ ကိစ္စအဝဝကို ဝမ်းရှောင်ကျူးက တာဝန်ယူဆောင်ရွက်နိုင်ပြီဟု ယုံကြည်ခြင်းကြောင့်လည်း ဖြစ်သည်။

ဝမ်းရှောင်ကျူးအား ဝမ်းလုံက အနီးကပ်ကူညီသွားနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားသည်။



သို့ဖြင့်. . .

ဝမ်းစန်းဖုံးသည် ဝမ်းရှောင်ကျူးနှင့် ဝမ်းလုံတို့အားခေါ်ယူကာ တိုင်ပင်ပြီးလျှင် သိုင်းလောကမှ ကြေညာချက် ထုတ်ပြန်လိုက်သည်။

ဝမ်းစန်းဖုံး အနားယူလိုက်သောအခါ ဝမ်းရှောင်ကျူးကဂိုဏ်းချုပ်ဖြစ်လာသည်။

ဝမ်းရှောင်ကျူးသည် ဖခင်၏ခြေရာကိုနင်းကာ ထင်းနန်ဂိုဏ်းကို ဆက်၍ဦးဆောင်နိုင်ခဲ့သည်။

တစ်ဘက်မှလည်း ဇနီးသည်မေဟွားနှင့်ပျော်ရွှင် ချမ်းမြေ့သော အိမ်ထောင်ရေးကို တည်ဆောက်ရင်း ချစ်စရာကောင်းသော မေနန်းဆိုသည့် သမီးလေးတစ်ယောက် ရရှိခဲ့လေသည်။

◉ ◉ ◉

www.burmeseclassic.com

www.burmeseclassic.com



မြို့စွန်ပန်းခြံအတွင်း၌ ပန်းပင်များ ပိုမိုများပြားလာပြီး ခြံဝင်းအပြင်ဘက်မှ ကြည့်လျှင် ခြံပိုင်ရှင်၏ဒေါ်မိကလေးကိုပင် မတွေ့မမြင်နိုင်တော့အောင် ဖြစ်ရလေသည်။

ထိုသို့ဖြစ်နေသည်ကိုပင် ဝမ်းလုံက အကြိုက်တွေ့နေပါတော့သည်။

ပန်းခြံသို့ သူရောက်လာသောအခါ ပန်းပင်များက အလိုလို လျှို့ဝှက်ထားသကဲ့သို့ရှိသည် မဟုတ်ပါလား။

မြေခွေးတို့လူစုသည် ဝမ်းလုံကို အကဲခတ်ကြည့်နေကြသည်။

ယခုအချိန်၌ ဝမ်းလုံသည် မည်သူမျှ တင်မြှောက်စရာမလိုဘဲ ခေါင်းဆောင်တစ်ယောက်ပမာ ရှိနေချေပြီ။

ဝမ်းလုံကလည်း အားလုံးကို ဝေ့ကြည့်ပြီးမှ လျှို့ဝှက်သောလေသံဖြင့် စကားဆိုလိုက်သည်။

"ကျုပ်တို့ ဘာမှ လုပ်စရာမလိုဘဲ ပထမအဆင့်ကို အောင်မြင်သွားပါပြီ၊ ဝမ်းစန်းဖုံးဟာ ဝမ်းရှောင်ကျူးကို ဂိုဏ်းချုပ်ရာထူး လွှဲပြောင်းပေးအပ်ပြီး သိုင်းလောကက အနားယူသွားပြီ၊ ဒါဟာ ကျုပ်တို့ စောင့်ဆိုင်းနိုင်တဲ့ အကျိုးကြောင့်ပါပဲ"

အမှန်တော့ ဝမ်းစန်းဖုံးသည် သိုင်းလောကမှ စောစီးစွာ အနားယူသွားခြင်းမှာ ဝမ်းလုံ၏ စွမ်းဆောင်နိုင်မှုကြောင့်ဟု ဆိုနိုင်ပါသည်။

ဝမ်းလုံသည် ဘယ်သောအခါမှ ဂိုဏ်းချုပ်ဖြစ်လာနိုင်မည်မဟုတ်သော်လည်း ထင်းနန်ဂိုဏ်းနှင့် ပတ်သက်သောကိစ္စ



အဝဝကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်။

နေရာတကာ မျက်နှာလွှဲထားနိုင်သည်အထိ ဖြစ်လာသောအခါ ဝမ်းရှောင်ကျူး ဂိုဏ်းချုပ်ဖြစ်လာလျှင် အနီးကပ်ကူညီပံ့ပိုးပေးမည့်သူ ရှိနေပြီဟူ၍ ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံ စိတ်ချလာကြလေသည်။

ဝမ်းရှောင်ကျူးနှင့်ဝမ်းလုံတို့ ညီအစ်ကိုနှစ်ယောက် စည်းလုံးညီညွတ်နေခြင်းကြောင့် ထင်းနန်ဂိုဏ်းကို တာဝန်ယူနိုင်မည့်အပြင် တိုးတက်ထွန်းကားအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်လေသောအခါ ဝမ်းစန်းဖုံး သိုင်းလောကမှ အနားယူဖို့ နှောင့်နှေးစရာမလိုအောင် ဖြစ်လာလေတော့သည်။

ထိုသို့ဖြစ်လာရလေအောင် ဝမ်းလုံက ကြိုးစားခဲ့ခြင်းဖြစ်ကြောင်းကိုကား မည်သူမျှ ရိပ်မိနိုင်ကြလိမ့်မည် မဟုတ်ပေ။

ဝမ်းလုံ ဆက်ပြောလိုက်သည်။

"ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံဟာ ထင်းနန်ဂိုဏ်းကို ဝမ်းရှောင်ကျူးနဲ့လွှဲပြီးတဲ့နောက် တရားအားထုတ်ဖို့ မကြာခဏ ခရီးထွက်ကြလိမ့်မယ်"

မြေခွေးက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"သည်လိုဆိုရင် ထင်းနန်ဂိုဏ်းကို ဖြိုခွဲဖို့ ဝမ်းရှောင်ကျူးကိုရှင်းပစ်ဖို့ပဲ လိုတော့တာပေါ့"

ဝမ်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းရှောင်ကျူးကို ရှင်းရမယ့်အချိန် မရောက်သေးပါဘူး၊ စိတ်ရှည်ရှည်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ကိုင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ခွက်သွားရလိမ့်မယ်လို့ ကျုပ်ပြောထားပြီးပါပြီ"

ခေါင်းကြီးရှထင်းက. . .

"မိုးကြိုး. . . မင်းရဲ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောရင်ကောင်းမယ်"

ဟု ပြောလာ၏။

ဝမ်းလုံ ပြုံးလိုက်သည်။

"ကျုပ်သဘောကတော့ ဘယ်လိုအနှောက်အယှက်မျိုး မှမရှိတော့ဘူးလို့ ယုံကြည်စိတ်ချနေကြတဲ့ ဝမ်းစန်းဖုံးတို့ ဖနီးမောင်နံ့ကို သုတ်သင်ရှင်းလင်းပစ်ဖို့ပါပဲ"

ကျေးရွာရှင် မွေးစားမိဘများအပေါ် မကောင်းကြံမည့် ကိစ္စအား သွေးအေးအေးဖြင့် ပြောပြလိုက်လေတော့သည်။

❋ ❋ ❋



ဝမ်းလုံသည် ကျေးဇူးတရားကို နားမလည်သော၊ သစ္စာမဲ့သူ၊ ကောက်ကျစ်သူ၊ ကျေးဇူးကန်းသူ ဖြစ်လာလေသည်။

ကျေးဇူးရှင် ဝမ်းစန်းဖုံးတို့ ဖနီးမောင်နှံအား ဒုက္ခပေးဖို့ ဆုံးဖြတ်လိုက်သည်။

ထို့နောက်. . .

အခွင့်အရေးရရှိနိုင်ရန် သုံးနှစ်တိတိ စောင့်ဆိုင်းနေခဲ့ရလေသည်။

ဤသို့ဖြင့် ဆင်ကြံကြံနေသော ဝမ်းလုံအတွက် အခွင့်အရေးတစ်ခု ရရှိခဲ့လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံအတွင်းရှိ အိမ်ကလေးသို့ ဝမ်းလုံရောက်ရှိလာ ပြန်ပြီဖြစ်သည်။

မြေခွေးတို့သည် ဝမ်းလုံတို့ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ အံ့ဩလာကြသည်။

စိုးရွံ့လာကြသည်။

လေးစားလာကြသည်။

"ဝမ်းစန်းဖုံးတို့ ဖနီးမောင်နဲ့ မြောက်ပိုင်းဒေသကို ခရီးထွက်သွားကြပြီ"

ထိုစကားသည် မြေခွေးတို့အတွက် မင်္ဂလာစကားပင် ဖြစ်ပါတော့သည်။

ဝမ်းလုံက. . .

"ကျုပ် သည်ပန်းခြံကို ဘာကြောင့် ဝယ်လိုက်ရသလဲ ဆိုတာ ခင်ဗျားတို့ သိသလား"

ဟု မေးလိုက်၏။

ထိုအခါ. . .

ခေါင်းကြီးရှထင်းက ရယ်မောလိုက်သည်။

"ကျုပ်တို့ သည်နေရာမှာ ခိုအောင်းနေနိုင်ဖို့ကလွဲပြီး တခြားဘာများ ရှိဦးမှာလဲ"

ဟု ပြော၏။

ဝမ်းလုံ ပြုံးလိုက်သည်။

"ရှိပါသေးတယ်ဗျာ"

ခေါင်းကြီး ကြောင်သွား၏။



"ဘာကွ"

ဝမ်းလုံက. . .

"ခင်ဗျားတို့ သည်မှာခိုအောင်းနေနိုင်ဖို့ကလွဲပြီး တခြားရည်ရွယ်ချက် ရှိပါသေးတယ်၊ ဒါကြောင့်လည်း ခင်ဗျားတို့ကို ပန်းပင်တွေ စိုက်ခိုင်းခဲ့တာပေါ့"

ခေါင်းကြီးရှထင်းက နားမလည်နိုင်သည့် သဘောဖြင့် ဝမ်းလုံအား ကြည့်လိုက်လေသည်။

မေတ္တာမဲ့လျှံထင်းနှင့် ကျောက်တုံးကျန်းချင်းတို့ကလည်း အခြေအနေကို စောင့်ကြည့်နေကြလေသည်။

ဝမ်းလုံသည် ကြောက်စရာကောင်းသူ ဖြစ်သည့်အပြင် နားလည်ရခက်သော ပဟေဠိဆန်သူဖြစ်ကြောင်းလည်း ပို၍သိလာကြလေသည်။

ဝမ်းလုံက တည်ကြည်သော မျက်နှာထားဖြင့် ပြောလာသည်။

"သည်ပန်းခြံထဲမှာ ကျုပ်စိုက်ခိုင်းထားတဲ့ ပန်းတစ်မျိုးဟာ ဆေးဘက်ဝင်နေတယ်၊ သည်ပန်းပင်တွေရဲ့ ဝတ်မှုန်တွေကို ဆန့်ကျင်ဘက်ဆေးဝါးတွေနဲ့ ပေါင်းစပ်လိုက်ရင် အင်မတန် ကြောက်စရာကောင်းတဲ့ အဆိပ်တစ်မျိုးအဖြစ် ပြောင်းလဲသွားတယ်ဆိုတာကို ကျုပ်သိထားလို့ပဲ"

မြေခွေးကျူးယုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ဝမ်းလုံက ဆက်ပြောသည်။

www.burmeseclassic.com



"ပန်းတစ်ရာအဆိပ်ဟာ လူထက် တိရစ္ဆာန်တွေကို ပိုပြီး ဒုက္ခပေးနိုင်တယ်၊ အဆိပ်မိသွားရင်တောင် အဆိပ်ရဲ့အစွမ်းသတ္တိဟာ ချက်ချင်းမသိသာဘဲ တဖြည်းဖြည်းမှ ပေါ်လာတတ်တယ်"

မေတ္တာမဲ့လျှံထင်းက ခပ်ပြတ်ပြတ် ပြောလေသည်။

"ဝမ်းစန်းဖုံးတို့ကို လုပ်ကြံရမယ့်ကိစ္စပဲ၊ သူတို့ဟာ တိရစ္ဆာန်တွေမှ မဟုတ်ဘဲ"

ဝမ်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က သူတို့ စီးနင်းလိုက်သွားတဲ့ မြင်းလှည်းမှာ အသုံးပြုမယ့် မြင်းတွေကို ပန်းတစ်ရာအဆိပ်တိုက်ကျွေးလိုက်ပါတယ်"

အဘယ်ကြောင့် ထိုသို့ပြုလုပ်လိုက်သည်ကို မည်သူမျှ နားမလည်နိုင်ကြပါချေ။

ဝမ်းလုံက အကြောင်းမရှိဘဲ အချိန်ပေးပြီး စောင့်ဆိုင်းနေမည် မဟုတ်ချေ။

ထိုသို့ပြုလုပ်လိမ့်မည် မဟုတ်ဟုလည်း ယုံကြည်ထားကြလေသည်။

ဝမ်းလုံ၏စကားကြောင့် အားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားကြလေသည်။

"ခုလို မိုးရာသီမှာ မြောက်ပိုင်းတောင်ပေါ်လမ်းတွေဟာ အတော်ဆိုးရွားတဲ့ အခြေအနေရှိပါတယ်၊ တောင်ပြိုကျတာတွေ၊ လမ်းချော်တာတွေ၊ သဘာဝဘေးအန္တရာယ်တွေနဲ့ ပြည့်လွှမ်းနေ



တယ်၊ တောင်ပေါ်လမ်းအတိုင်း ခရီးနှင်နေတုန်း အဆိပ်မိနေတဲ့ မြင်းတွေဟာ ပုံမှန်မဟုတ်ဘဲ ဖောက်ပြန်သွားကြမယ်ဆိုရင် ဝမ်းစန်းဖုံးတို့ကို ဘယ်သူကမှ ကယ်နိုင်ကြတော့မှာ မဟုတ်ဘူး"

ကျောက်တုံးကျန်းချင်း ရယ်မောလိုက်သည်။

"မြောက်ပိုင်း တောင်တန်းတွေဟာ မြင့်မားမတ်စောက်လှတယ်၊ မိုးရေတွေနဲ့ လမ်းချော်နေတဲ့ တောင်ပေါ်လမ်းမှာ ခရီးသွားရင်း မြင်းတွေက စိတ်ဖောက်ပြန်ပြီး ကဆုန်ပေါက်လို့ကတော့ မြင်းလှည်းကို လမ်းဘေးချောက်နက်ကြီးတွေထဲ ဆွဲချလိုက်သလို ဖြစ်သွားမှာပဲ"

ဟု ပြောလိုက်သည်။

ထိုအခါ. . .

ခေါင်းကြီးရှထင်း ကျေနပ်သွားသည်။

"ချောက်ထဲရောက်သွားတော့မှ ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံ အရိုးအသား ရှာမရအောင် စိစိညက်ညက် ကြေသွားမှာပဲ"

ဟု ပြောလိုက်သည်။

ဝမ်းလုံကမူ မရယ်မပြုံး မျက်နှာထားတည်တည်ဖြင့်ပင် ရှိနေပါသည်။

ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံသည် သူ့အား မွေးစားခဲ့ကြသော ကျေးဇူးရှင်များဖြစ်ရကား သွေးထွက်သံယို တိုက်ပွဲဆင်နွှဲခြင်းမပြုဘဲ အလွန်ပိရိသေသပ်သော နည်းလမ်းဖြင့် ဖယ်ရှားလိုက်ခြင်း ဖြစ်လေသည်။

အခြားသော အကြောင်းတစ်ခုခုဖြင့် ဝမ်းစန်းဖုံးတို့ ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ကြလျှင် ဝမ်းရှောင်ကျူးနှင့် ထင်းနန်ဂိုဏ်းသားများ အပါအဝင်သိုင်းလောကမှ မိတ်ဆွေများက ခေါင်းထောင်လာကြမည်ဖြစ်ရာ သံသရာရှည်နေလိမ့်မည် ဖြစ်လေသည်။

မြေခွေးကျူးယုက ဝမ်းလုံအား စိုက်ကြည့်ကာ မေးလိုက်လေသည်။

"ဝမ်းလုံ. . . မင်းက ကျုပ်တို့ကိုခေါ်ပြီး သည်မှာနေခိုင်းတယ်၊ ဒါပေမယ့် ထင်းနန်ဂိုဏ်းကို ဆုံးမဖို့ မင်းဘာသာစီစဉ်လုပ်ကိုင်တယ်၊ ကျုပ်တို့ကို ဘာမှမတိုင်ပင်ဘူး၊ ကျုပ်တို့က တစ်ခုမှမလုပ်လိုက်ရဘူး၊ ဒါက ဘာသဘောလဲဆိုတာ ရှင်းပြမှဖြစ်လိမ့်မယ်"

ထိုအခါ. . .

မေတ္တာမဲ့လျှံထင်းက ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ကျုပ်တို့က မျက်လှည့်ပွဲမှာ ကြည့်နေတဲ့ ပရိသတ်တော့ မဖြစ်ချင်ဘူး"

ဝမ်းလုံ ရယ်မောလိုက်သည်။

"စိတ်ချပါဗျာ၊ ခင်ဗျားတို့ဟာ ပရိသတ်မဟုတ်ပါဘူး၊ ဝမ်းစန်းဖုံးကို လုပ်ကြံဖို့ ပန်းတစ်ရာအဆိပ်ရအောင် ပန်းပင်တွေ စိုက်ပျိုးပေးတဲ့နေရာမှာ ပါဝင်ခဲ့ကြသလို ကျုပ်က ထင်းနန်ဂိုဏ်းကထွက်လို့မရတဲ့အချိန်မှာ လုပ်စရာရှိတဲ့ ကိစ္စတွေကို လုပ်ပေးခဲ့ကြတာပဲ၊ ကျုပ်ပြောပြီးပါပကော အချိန်ယူရမယ်၊ စိတ်ရှည်ရမယ်ဆိုတာလေ၊ ဝမ်းစန်းဖုံးအလှည့်ပြီးရင် ဝမ်းရှောင်ကျူးရဲ့အလှည့် ရောက်လာပါလိမ့်မယ်"



ဝမ်းလုံ၏အသံ အေးစိမ့်လာသည်။

"ဝမ်းရှောင်ကျူးကို ရှင်းပြီးလို့ ကျုပ်က ထင်းနန်ဂိုဏ်းချုပ်ဖြစ်လာပြီဆိုရင် ခင်ဗျားတို့ဟာ ကျုပ်ရဲ့အားကိုးရတဲ့ ဌာနမှူးတွေဖြစ်လာကြမှာပါ။ သည်တော့မှ အတိုးချပြီး ဆောင်ရွက်ကြတာပေါ့"

သူ၏စကားအဆုံးတွင် အားလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ကံကြမ္မာဆိုး

လျှမ်းလျှမ်းတောက် ကျော်ကြားသော ထင်းနန်ဂိုဏ်းတွင် မမျှော်လင့်သော ကံကြမ္မာဆိုး ကျရောက်လာလေသည်။

မြောက်ပိုင်းတောင်တန်းဒေသသို့ ခရီးထွက်သွားသော ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံမှာ တောင်ပေါ်တွင် မြင်းလှည်းတိမ်းမှောက်ပြီး ချောက်ထဲကျကာ သေဆုံးသွားကြလေသည်။

ဝမ်းစန်းဖုံးတို့ သေဆုံးသွားကြသဖြင့် ဝမ်းရှောင်ကျူးမှာ ဆောက်တည်ရာမရ ဖြစ်ခဲ့ရလေသည်။

မိဘများအတွက် ဝမ်းနည်းကြေကွဲလွန်းသဖြင့် အရက်ကို အဖော်ပြုခဲ့သည့် ဝမ်းရှောင်ကျူးက အရက်အိုးထဲ ခေါင်းစိုက်နေသောကြောင့် အသုဘကိစ္စအဝဝနှင့် ထင်းနန်ဂိုဏ်း၏ ကိစ္စအဝဝကို ဝမ်းလုံကပင် တာဝန်ယူဆောင်ရွက်ခဲ့ရလေသည်။



ဤတွင်. . .

ဝမ်းလုံသည် အများ၏ အထင်ကြီးလေးစားစရာ ဖြစ်လာခဲ့လေတော့သည်။

ဝမ်းရှောင်ကျူးက အရက်သမားလုံးလုံးကြီး ဖြစ်သွားလေသည်။

ထို့ကြောင့်. . .

ဝမ်းလုံကပင် ထင်းနန်ဂိုဏ်း၏ ဂိုဏ်းချုပ်ပမာ ဖြစ်လာခဲ့သည်။

တစ်နှစ်ခန့်အကြာမှာပင် ဝမ်းရှောင်ကျူးသည် အရက်အမူးလွန်ကာ ရေကန်ထဲပြုတ်ကျ၍ သေဆုံးသွားခဲ့ပြန်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းစန်းဖုံးတို့ ဇနီးမောင်နှံ ကွယ်လွန်သွားသလိုပင် ဝမ်းရှောင်ကျူးလည်း သေဆုံးသွားသောအခါ ဝမ်းလုံမှာ အလိုလိုပင် ဝိုက်ဂျောင်းချုပ်ရာထူး ရရှိပြီးသား ဖြစ်သွားတော့သည်။

ဝမ်းရှောင်ကျူး သေဆုံးသွားရသည့်ကိစ္စမှာ ဝမ်းလုံ၏ လက်ချက်ပင်ဖြစ်သည်။

အတားအဆီးများကို ဖယ်ရှားပြီး ထင်းနန်ဂိုဏ်းချုပ်ဖြစ်လာသောကြောင့် ဝမ်းလုံ၏ရည်ရွယ်ချက် ပြည့်ဝသွားပြီဆိုနိုင်လေသည်။

သို့သော်. . .

ဝမ်းလုံ၏ဆန္ဒများ ပြည့်ဝနိုင်ခြင်း မရှိသေးပါ။

သူ၏ ရည်ရွယ်ချက်တစ်ခုမှာ အထမြောက် အောင်မြင်ခြင်းမရှိဘဲ ကျန်နေသေးသည်။

ထိုရည်ရွယ်ချက်မှာ သူစွဲလန်းမိသော မေဟွားအား သိမ်းပိုက်နိုင်ရေး ဖြစ်ပါတော့သည်။

❂ ❂ ❂



ထို့နောက်. . .

ဝမ်းလုံနှင့် မြေခွေးကျူးယုတို့ ပြန်လည်တွေ့ဆုံမိကြပြီးငါးနှစ်အကြာတွင် ဝမ်းလုံမှာ ထင်းနန်ဂိုဏ်း၏ဂိုဏ်းချုပ်ဖြစ်လာခြင်းပင်။

ထင်းနန်ဂိုဏ်းချုပ်ဖြစ်လာပြီးနောက် တစ်နှစ်အကြာတွင် မြေခွေးကျူးယုတို့လူစုသည် ထင်းနန်ဂိုဏ်း၌ ရာထူးအသီးသီး ရရှိလာကြလေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ် . . .။

ရာသီစက်ဝန်း လည်ပတ်၍ ဝမ်းရှောင်ကျူး သေဆုံးသွားခဲ့သည်မှာ သုံးနှစ်တင်းတင်းပြည့်ခဲ့ပြီ ဖြစ်ပါသည်။

မေဟွားသည် သမီးလေးမေနန်း၏ လက်ကိုဆွဲကာ ဝမ်းရှောင်ကျူး၏အုတ်ဂူသို့ သွားရောက်ဂါရဝပြုခဲ့လေသည်။

တောက်ပသော နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး အေးချမ်းငြိမ်သက်နေ၏။

သေဆုံးသွားပြီးသူတို့၏ လဲလျောင်းရာနေရာသည် ပူပင်သောကများငြိမ်း၍ အေးချမ်းနေသည် မဟုတ်ပါလား။

မေဟွားသည် ဝမ်းရှောင်ကျူး၏ အုတ်ဂူပေါ်တွင် ရောင်စုံပန်းများကြဲလိုက်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များကို မီးညှိလိုက်သည်။

ရွှေစက္ကူ၊ ငွေစက္ကူများကိုလည်း မီးရှို့၍ပူဇော်လိုက်လေသည်။

မေဟွား၏ မျက်ဝန်းအစုံ၌ မျက်ရည်များက ရစ်ဝဲနေလေသည်။

"အစ်ကိုရယ် တမလွန်ဘုံဘဝမှာ အေးချမ်းငြိမ်သက်မှု ရနိုင်ပါစေလို့ ညီမ ဆုတောင်းလိုက်ပါတယ်"

သူမ၏နံဘေး၌ရှိသော မေနန်းကိုလည်း ပြောလိုက်သည်။

"သမီး . . . သမီးဖေဖေရဲ့ အုတ်ဂူကို ကန်တော့လိုက်လေ"



အရွယ်နှင့်မလိုက်အောင် လိမ္မာရေးခြားရှိသော မေနန်းက ချက်ချင်းပင် ဒူးထောက် ကန်တော့လိုက်လေသည်။

"ဖေဖေ . . . သမီးကန်တော့ပါတယ်၊ ကောင်းရာသုဂတိ ရောက်ပါစေ"

မေဟွားသည် လူမမယ်ဘဝလေးမှာပင် ဖတဆိုးလေး ဖြစ်ရရှာသည့် မေနန်းကိုကြည့်ရင်း မျက်ရည်ဖြိုင်ဖြိုင်ကျလာသည်။

"ကံဆိုးလိုက်တဲ့ သမီးလေးရယ်"

မေနန်းကို ထွေးပွေ့ကာ ညည်းတွားလိုက်သည်။

ထိုစဉ် . . .

"မေနန်း ကံမဆိုးပါဘူးဗျာ"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသဖြင့် မေဟွားက မော့ကြည့်လိုက်သည်။

ထိုအခါ . . .

ဝမ်းလုံဖြစ်နေသည်ကို တွေ့ရလေသည်။

"ဟင် . . . မောင်လေး လိုက်လာတယ် ဟုတ်လား"

အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိသော်လည်း ဝါစဉ်အရ မေဟွားက အစ်မကြီးဖြစ်နေပါတော့သည်။

ဝမ်းလုံ ပြုံးလိုက်သည်။

"လာ . . . သမီးလေး"

ဟုပြောကာ မေနန်းကိုဆွဲယူကာ ပွေ့ချီလိုက်လေသည်။

တဖန် . . .

www.burmeseclassic.com

www.burmeseclassic.com



"မေနန်း ကံဆိုးတယ်လို့ မပြောစေချင်ဘူး၊ သူ့ကို သမီး အရင်းလို ကြင်ကြင်နာနာ စောင့်ရှောက်သွားမယ့် ကျုပ်တစ်ယောက်လုံး ရှိနေပါသေးတယ်"

သူက မေဟွားအား စိုက်ကြည့်ကာ ပြောလိုက်ခြင်းဖြစ်သည်။

မေဟွားကား ကလေးတစ်ယောက်အမေ မုဆိုးမလေး ဆိုသော်လည်း ငယ်ရွယ်ကာ ချောမောလှပနေဆဲဖြစ်ပါသည်။

ဝမ်းလုံ၏စကားကြောင့် မေဟွားမှာ အံ့သြသွားလေသည်။

"မောင်လေး. . . မင်း ဘယ်လိုပြောလိုက်တာလဲ"

ဟု မေးလိုက်သည်။

ဝမ်းလုံ ပြုံးလိုက်သည်။

"ကျုပ်က မင်းတို့သားအမိရဲ့ဘဝကို တစ်သက်လုံး တာဝန်ယူစောင့်ရှောက်သွားမယ်လို့ ပြောတာလေ"

ဟု ပြောလိုက်သည်။

"ဟင်"

ဝမ်းလုံက ဆက်ပြောလေသည်။

"ကျုပ်က မင်းတို့သားအမိရဲ့ဘဝကို တာဝန်ယူမယ်၊ ကျုပ်ဟာ သြဇာတိက္ကမကြီးမားတဲ့ ထင်းနန်ဂိုဏ်းချုပ်ဖြစ်နေပြီပဲ၊ကျုပ်တာဝန်မယူနိုင်ဘူး ထင်လို့လား"

"မဟုတ်ဘူး၊ မဟုတ်သေးဘူး မောင်လေး"

မေဟွား ခေါင်းခါယမ်းလိုက်သည်။



"မောင်လေးပြောတဲ့စကားတွေကို မမ နားမလည်နိုင်တော့ဘူး၊ အခုလည်း မင်းအစ်ကိုကြီးမရှိတဲ့နောက် မမတို့သားအမိကို မင်းပဲတာဝန်ယူထားတာ မဟုတ်လား"

ဟု ပြောလိုက်သည်။

ဝမ်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

"မင်း မသိချင်ဟန်ဆောင်မနေပါနဲ့၊ စကားကို လှည့်ပတ်ပြောမနေပါနဲ့၊ ဝမ်းရှောင်ကျူးထက်အရင် ကျုပ်က မင်းကို တွေ့ခဲ့ပြီး စွဲလမ်းခဲ့တယ်ဆိုတာ မှတ်ထားစမ်းပါ"

"ဟင်"

"ယန်ယီမြို့ရဲ့ ပန်းဈေးလမ်းကြားမှာ ကျုပ်တို့တွေ့ခဲ့ကြတာ မင်းမမှတ်မိဘူးလား"

ဟု မေးလိုက်သည်။

မေဟွား သက်ပြင်းချလိုက်လေသည်။

ဝမ်းလုံက သူမအား စွဲလမ်းနေကြောင်း မိန်းမသားပီပီ ရိပ်မိခဲ့ပါသည်။

သို့သော်. . .

သူမအနေနှင့် မောင်လေးတစ်ယောက် အဖြစ်သာ သဘောထားခဲ့သည်။

ခင်ပွန်းသည် ဝမ်းရှောင်ကျူးမှလွဲ၍ မည်သူ့ကိုမျှ သူမ၏မေတ္တာတရားကို ခွဲဝေပေးနိုင်မည် မဟုတ်ပါချေ။

ဝမ်းရှောင်ကျူးအပေါ်၌သာ တစ်သက်လုံး သစ္စာရှိပြီး နေထိုင်သွားလိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံသည် မေဟွားကိုကြည့်ရင်း အားမလိုအားမရ ဖြစ်လာလေသည်။

"မေဟွား. . .တစ်ချိန်က မတတ်သာခဲ့လို့ မင်းကိုရင်နာနာနဲ့ လက်လွှတ်ခဲ့ရပေမယ့် ခုချိန်မှာတော့ ဘယ်နည်းနဲ့မှ လက်မလွှတ်တော့ဘူး၊ မင်းကို ကျုပ် လက်ထပ်ယူမယ်"

ဟု ပြောလိုက်သည်။

သူက မေနန်းကိုမြေပေါ်သို့ချကာ မေဟွားထံသို့ ချဉ်းကပ်လာလေသည်။

မေဟွားက ကပျာကယာ နောက်ဆုတ်လိုက်၏။

"မောင်လေး. . .မင်းမှားမယ်၊ မင်းအစ်ကိုရဲ့ အုတ်ဂူရှေ့မှာဆိုတာ သတိထားပါဦးကွယ်"

ဝမ်းလုံ အမှုမထားချေ။

"ဝမ်းရှောင်ကျူးဟာ ကျုပ်ရဲ့အစ်ကိုအရင်းမှ မဟုတ်တာ၊ ဒါတွေကို မင်းသိထားပြီးသားပါ"

"မင်း. . .မင်း"

"ကျုပ်က မင်းကိုရအောင်ယူမယ်လို့ ဝမ်းရှောင်ကျူး ရှိစဉ်ကတည်းက ဆုံးဖြတ်ထားခဲ့တယ်"

"ဘာ"

"မေဟွား မင်းငြင်းမနေပါနဲ့တော့"

ဟုပြောကာ ဝမ်းလုံက မေဟွား၏လက်ကို လှမ်းဆွဲလိုက်သည်။

ထိုအခါ. . .



မေဟွားက ဆောင့်ရုန်းလိုက်လေသည်။

"လွှတ်စမ်း၊ မင်းကိုငါ မောင်လေးတစ်ယောက်လိုပဲ သဘောထားနိုင်မယ်၊ မင်းအစ်ကိုရဲ့ နေရာကို ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး၊ မင်းဆက်ပြီးတော့ ကြိုးစားမယ်ဆိုရင် ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ရမှာပဲ"

"ဟာ"

မေဟွား၏ ပြတ်သားသော စကားကြောင့် ဝမ်းလုံ လွှတ်ခနဲအော်ကာ နောက်ဆုတ်လိုက်လေသည်။

မေဟွားက အံကြိတ်ကာ ခပ်စိမ်းစိမ်းကြည့်နေ၏။

ပြောသည့်အတိုင်း လုပ်မည့်အသွင်မျိုးဖြစ်လေသည်။

ဝမ်းလုံ သက်ပြင်းချလိုက်သည်။

"ကျုပ်. . . ကျုပ် အမှားကြီးမှားသွားပါတယ်၊ ကျုပ်ကိုအပြစ်ပေးလိုက်ပါတော့"

မေဟွား၏ရှေ့၌ ဒူးထောက်ချကာ တောင်းပန်လိုက်လေသည်။

မေဟွား ခေါင်းခါယမ်းလိုက်သည်။

"မင်းကို အပြစ်ပေးစရာ အကြောင်းမရှိဘူး၊ တို့တတွေ မောင်နှမတွေလို နေထိုင်စောင့်ထိန်းသွားကြမယ်ဆိုရင် မင်းရဲ့တူမလေး မေနန်းဘဝဟာ ဘစ်သက်လုံး ပျော်ရွှင်စရာကောင်းသွားမှာပါ"

ဝမ်းလုံ ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်သည်။

"ကျွန်တော် နားလည်ပါပြီ မမရယ်၊ ကျွန်တော့်ကို ခွင့်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပါနော်"

သူက အထပ်ထပ် တောင်းပန်တိုးလျှိုးနေပြီး မေဟွားတလည်း ခေါင်းညိတ်လိုက်လေသည်။

ဝမ်းလုံ ဒူးထောက်ရာမှ ထလိုက်သည်။

မေနန်း၏နဖူးကို တစ်ချက်နမ်းရှုံ့လိုက်ပြီး ကျောခိုင်းထွက်ခွာသွားလေသည်။

ဝမ်းလုံ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ မေဟွားလည်း သက်ပြင်းချနိုင်လေတော့သည်။

❋ ❋ ❋

ဝမ်းလုံသည် မိမိအား စွဲလမ်းနေသော်လည်း အမွေသိမ်းပိုက်ဖို့ မကြိုးစားခြင်းကြောင့် မေဟွား ကျေးဇူးတင်မိလေသည်။

"လာ. . . သမီး"

မေနန်း၏လက်ကိုဆွဲကာ သချိုင်းမြေမှထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်၏နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ဝမ်းရှောင်ကျူး၏ သစ္စာရှိ ကိုယ်ရံတော်အဖြစ် အမှုထမ်းခဲ့သည့် မုဖြူဖြစ်လေသည်။

ဝမ်းရှောင်ကျူး သေဆုံးသွားပြီး ဝမ်းလုံ ဂိုဏ်းချုပ်ဖြစ်



လာပြီးနောက် မုဖြူသည် မြင်းဇောင်းတွင် တာဝန်ယူသူ ဖြစ်သွားသည်။

အခြားကိုယ်ရံတော်များဖြစ်သော မုအင်း၊ ထန်ရိ၊ အို့ရန်ဖုံးတို့သည်လည်း မီးဖိုချောင်၊ ပန်းဥယျာဉ်နှင့် တံခါးမကြီး၌ တာဝန်ယူရသော အဖွဲ့ခေါင်းဆောင်များအဖြစ် ပြောင်းရွှေ့တာဝန်ချထားခြင်း ခံခဲ့ရလေသည်။

သူတို့၏နေရာ၌ မြေခွေးကျူးယုတို့က အစားထိုးဝင်ရောက်လာခဲ့ကြသည်။

ဝမ်းရှောင်ကျူး၏ ကိုယ်ရံတော်ဘဝက အနီးကပ် ဆက်ဆံခဲ့ရသော်လည်း မြင်းဇောင်းတာဝန်ခံဖြစ်သွားသောအခါ မုဖြူမှာ မေဟွားတို့နှင့် ဝေးသွားခဲ့လေသည်။

ရင်းရင်းနှီးနှီးရှိခဲ့ဖူးသော မုဖြူအား သချိုင်းမြေ၌မမျှော်လင့်ဘဲတွေ့လိုက်ရလျှင် မေဟွား အံ့သြသွားလေသည်။

"ဟင်. . . ကိုယ်ရံတော်ကြီး မုဖြူပါလား"

မုဖြူက ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ဟုတ်ပါတယ် သခင်မ၊ ကျုပ် သည်သချိုင်းမြေထဲမှာ ရောက်နေတာ ကြာပါပြီ"

"ဟင်"

မုဖြူက. . .

"သည်ကနေ့ဟာ ဂိုဏ်းချုပ်ကြီးဝမ်းရှောင်ကျူး ကွယ်လွန်သွားတဲ့ သုံးနှစ်ပြည့်ဖြစ်လို့ ဂိုဏ်းချုပ်ကြီးရဲ့ အုတ်ဂူမှာ ဂါရဝပြုဖို့ လာခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

မုဖြူ ရောက်နေသည်မှာ ကြာပြီဆိုသောကြောင့် မေဟွားမျက်နှာပျက်သွားလေသည်။

"ရှင်. . . ရှင်"

မုဖြူ လက်ကာပြလိုက်သည်။

"မစိုးရိမ်ပါနဲ့ သခင်မ၊ အဖြစ်အပျက် အလုံးစုံကို ကျုပ်တွေ့မြင်ခဲ့ပေမယ့် သခင်မ ဘာမှမမှားဘူးဆိုတာ ကျုပ်သိပါတယ်၊ ဝမ်းလုံဟာ မွေးစားသားပီပီ အကောက်ကြံတာပါ"

ဟု ပြောလိုက်သည်။

မေဟွား ရင်ထိတ်သွား၏။

"ဟင်"

မုဖြူသည် ဝမ်းလုံအား ဂိုဏ်းချုပ်ကြီးဟု ရိုသေလေးစားသမှုဖြင့်မခေါ်ဘဲ နာမည်ကိုသာခေါ်လိုက်ခြင်းကြောင့် သူမတ ထိတ်လန့်သွားခြင်းဖြစ်လေသည်။

မုဖြူသည် ဝမ်းလုံအား အမုန်းကြီးမုန်းနေကြောင်း ထင်ရှားနေပါတော့သည်။

မုဖြူက. . .

"ဝမ်းလုံဟာ ဂိုဏ်းချုပ်ကြီးဝမ်းချောင်ကျူး သေဆုံးရတဲ့ကိစ္စမှာ မရိုးမသား ပါဝင်ခဲ့မယ်လို့ ကျုပ်တို့ ယူဆထားကြပါတယ် သခင်မ"

"ရှင်. . . ရှင် ဘယ်လိုပြောလိုက်တာလဲ"

ဟု မေးလိုက်သည်။



မုဖြူက. . .

"ဂိုဏ်းချုပ်ကြီးကို အရက်မူးအောင်တိုက်ပြီးတော့ ရေကန်ထဲတွန်းချ လုပ်ကြံလိုက်တယ်လို့ပဲ ကျုပ်တို့ ယူဆပါတယ် သခင်မ"

ဟု ပြောလိုက်သည်။

မေဟွား အံ့ဩသွား၏။

"ရှင်"

မုဖြူ၏စကားကြောင့်လည်း မယုံနိုင်အောင် ဖြစ်သွားသည်။

မုဖြူအား ကြည့်ကာ. . .

"အစ်ကို. . . အစ်ကိုဟာ သွေးရိုးသားရိုး သေဆုံးသွားတာမဟုတ်ဘဲ လုပ်ကြံခံလိုက်ရတာ ဟုတ်လား"

ဟု မေးလိုက်၏။

မုဖြူ ခေါင်းညိတ်လိုက်သည်။

ထို့နောက်. . .

သူသည် မြေပေါ်သို့ တံတွေးထွေးချလိုက်ပြီး. . .

"စကားပုံ ခပ်ရိုင်းရိုင်း နှိုင်းရရင် သူ့မယားလိုချင် သူ့လင်လှံနဲ့ထိုးဆိုသလိုပါပဲ၊ ဂိုဏ်းချုပ်ကြီးကို လုပ်ကြံပစ်မှ သူ သခင်မကိုရနိုင်မယ့်အပြင် ထင်းနန်ဂိုဏ်းချုပ်ရာထူးကိုလည်း ယူနိုင်မယ် မဟုတ်လား"

ဟု ပြောသည်။

မေဟွား တွေဝေသွားသည်။

www.burmeseclassic.com



မုဖြူ၏စကားကို ယုံကြည်ဖို့ ရုတ်တရက် ခက်ခဲနေ၏။

ဝမ်းလုံသည် ဝမ်းစန်းဖုံးတို့ ဧနီးမောင်နှံနှင့်တကွ ဝမ်းရှောင်ကျူးအပေါ် အလွန်ရှိသေလေးစားခဲ့သည်ကို သူမ ကိုယ်တိုင်တွေ့မြင်ခဲ့ရသည် မဟုတ်ပါလား။

ထိုစဉ်. . .

မုဖြူက ဆက်ပြောလာသည်။

"ကျုပ်တို့ဟာ ဂိုဏ်းချုပ်ကြီးအပေါ် သစ္စာရှိသူတွေဖြစ်တော့ ဝမ်းလုံက ချောင်ထိုးထားလိုက်တယ်၊ ဒါက မရိုးသားဘူးဆိုတာ ထင်ရှားနေတာပဲ သခင်မ၊ ကျုပ်တို့ စောင့်ရှောက်ခြင်း မပြုနိုင်တာကို ခွင့်လွှတ်ပါ၊ ဒါကြောင့် ကိုယ့်ကိုကိုယ် အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ သတိဝိရိယနဲ့နေပါ"

ဟု ပြောသည်။

သူ၏စကားမှာ အဝေးတစ်နေရာသို့ ထွက်ခွာသွားမည့် သူတစ်ယောက် ပြောသောစကားကဲ့သို့ ဖြစ်နေသည်။

မုဖြူတို့သည် ဝမ်းလုံအား အလွန် မုန်းတီးနေကြပြီဖြစ်သည်။

ဝမ်းရှောင်ကျူး သေဆုံးမှုအပေါ်၌ ဝမ်းလုံက အကောက်ကြံခြင်းဖြစ်ကြောင်းလည်း ရိပ်မိထားပြီးကြပြီ ဖြစ်သည်။

ထို့ကြောင့်. . .

သူတို့က ဝမ်းလုံ ဇာတိအမှန်ကို ဖော်ထုတ်လိုကြပေသည်။

သူတို့သည် ဝမ်းရှောင်ကျူးအပေါ် သစ္စာရှိသော လူ



ယုံတော် တပည့်ကောင်းများဖြစ်ကြသည် မဟုတ်ပါလား။

မုဖြူ၏စကားကြောင့် ရုတ်တရက် မေဟွား လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

သူမက မုဖြူအား ကြည့်လိုက်ပြီး. . .

"ကိုယ်ရံတော်ကြီးက ဘယ်ကိုများ သွားမလို့လဲရှင်"

ဟု မေးလိုက်သည်။

ထိုအခါ. . .

မုဖြူက မေဟွားအား ကြည့်လိုက်သည်။

သူ၏မျက်နှာမှာ တည်ကြည်လေးနက်နေ၏။

"ကျုပ်တို့ သည်မှာ ဆက်နေရင် ဝမ်းလုံရဲ့အန္တရာယ်ရှိလာနိုင်တာမို့ သည်နေရာက ထွက်သွားပြီး ထင်းနန်ဂိုဏ်းအပြင်ဘက်ကနေပြီးတော့ ဂိုဏ်းချုပ်ကြီးလုပ်ကြံခံရတဲ့ကိစ္စကို စုံစမ်းဖော်ထုတ်သွားဖို့ ဆုံးဖြတ်ပြီးပါပြီ"

ဟု ပြောလိုက်သည်။

မေဟွားက ကပျာကယာ တောင်းပန်စကားဆိုလိုက်သည်။

"ကိုယ်ရံတော်ကြီး မသွားလို့ကော မဖြစ်ဘူးလားရှင်"

မုဖြူ ခေါင်းခါယမ်းလိုက်သည်။

ပြီးလျှင်. . .

"မသွားလို့ မဖြစ်တော့ပါဘူး သခင်မ၊ ကျုပ်တို့က သူ့အပေါ် သံသယဝင်ပြီး အဖြစ်မှန်ကို စုံစမ်းနေကြတယ်ဆိုတာ မကြာခင် ဝမ်းလုံ ရိပ်မိသွားပါလိမ့်မယ်၊ ကျုပ်တို့ သည်မှာဆက်

www.burmeseclassic.com

www.burmeseclassic.com



နေရင် နှုတ်ပိတ်ခံရပါလိမ့်မယ်၊ ကျုပ်တို့ သည်မှာ ဆက်မနေတော့ပါဘူး။ ဒါကြောင့် သခင်မ သတိဝိရိယနဲ့နေပါ၊ မကြာခင် ကျုပ်တို့ ပြန်လာပြီး သခင်မကို ကယ်တင်ပါ့မယ်"

စကားဆုံးလျှင် အလေးအနက် ထားကာ ဦးညွှတ်လိုက်လေသည်။

ထို့နောက်. . .

ချာခနဲလှည့်ကာ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

❂ ❂ ❂

"တောက်"

ကြားလိုက်ရသည့် သတင်းကြောင့် ဝမ်းလုံ တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်မိလေသည်။

ထောင့်စေ့အောင် စီမံထားသည့်ကြားမှပင် ဝမ်းရှောင်ကျူး၏သစ္စာရှိ ကိုယ်ရံတော်များသည် ထင်းနန်ဂိုဏ်းမှ တိတ်တဆိတ် ထွက်ခွာသွားကြသည် မဟုတ်ပါလား။

ကိုယ်ရံတော်များတွင် မုဖြူနှင့် မုအင်းတို့ ညီအစ်ကိုက ခေါင်းဆောင်များဖြစ်ကြသည်။

ထို့အပြင်. . .

ဝမ်းရှောင်ကျူး သေဆုံးသွားသည့်ကိစ္စနှင့် ပတ်သက်၍ သူ့အပေါ် သင်္ကာမကင်းဖြစ်နေကြောင်း သတိပြုမိခဲ့သည်။



ထို့ကြောင့်လည်း ကိုယ်ရံတော်ရာထူးမှ ဖယ်ရှားကာ အရေးမပါသောနေရာများ၌ တာဝန်ပေးထားလိုက်ခြင်း ဖြစ်သည်။

မုဖြူတို့အား တဖြည်းဖြည်း ရှင်းလင်းသွားမည်ဟု ကြံရွယ်ထားသော်လည်း မုဖြူတို့လူစု အကင်းပါးစွာ ရှောင်တိမ်းသွားကြပြီ ဖြစ်လေသည်။

"ကျူးယု. . . သည်ကိစ္စကို မင်းတို့ တာဝန်ယူရမယ်၊ မုဖြူတို့ကို လိုက်ရှာပြီး သုတ်သင်ရမယ်"

ကျူးယု၊ ရှုထင်း၊ လျှံထင်းနှင့် ကျန်းချင်းတို့သည် ထင်းနန်ဂိုဏ်း၌ အရေးပါသော ရာထူးများရရှိထားကြပြီးဖြစ်ရာ ယခင်ကလို မဆက်ဆံဝံ့တော့ဘဲ ဂိုဏ်းချုပ်ကြီးတစ်ယောက်အဖြစ် ရိုသေလေးစားစွာ ပြောင်းလဲဆက်ဆံနေကြပြီ ဖြစ်လေသည်။

ဝမ်းလုံက အမိန့်ပေးလိုက်လျှင် ကျူးယုက ဦးညွှတ်လိုက်သည်။

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ကျုပ်တို့ သူတို့လေးယောက်ကို တစ်ယောက်မှမကျန်အောင် ရှင်းလင်းလိုက်ပါမယ်"

ငယ်စဉ်ကပင် ကြေးစားများဖြစ်ခဲ့ကြသော ကျူးယုတို့မှာ မုဖြူတို့အား အလွယ်တကူ သုတ်သင်ရှင်းလင်းပစ်နိုင်လိမ့်မည်ဟု ဝမ်းလုံ စိတ်ချထားလိုက်တော့သည်။

"မေဟွားတို့ သားအမိကိုလည်း သီးသန့်အဆောက်အအုံတစ်ခုမှာ ထားလိုက်ပါ၊ သူတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမယ်၊ ဘာအကြောင်းနဲ့မှ ထွက်ပြေးလွတ်မြောက်သွား

www.burmeseclassic.com

www.burmeseclassic.com



တာမျိုး မလိုချင်ဘူး"

ဟု ပြောလိုက်သည်။

ကျူးယု ဦးညွှတ်လိုက်ပြန်သည်။

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

ထိုအခါ. . .

ဝမ်းလုံက အနည်းငယ် စဉ်းစားပြီး ထပ်မံမှာကြားလိုက်လေသည်။

"သူတို့ကို အကျယ်ချုပ်သဘောမျိုးထားတယ် ဆိုပေမယ့် သူတို့ မရိပ်မိစေချင်ဘူး။ သတိဝိရိယနဲ့ ဆောင်ရွက်ကြရမယ်၊ ကဲ အားလုံး သွားနိုင်ပြီ"

ကျူးယုတို့သည် ဝမ်းလုံ၏အမိန့်အတိုင်း ဆောင်ရွက်နိုင်ရန် ချက်ချင်း ထွက်ခွာသွားကြလေတော့သည်။

ပထမပိုင်းပြီး၏။

ဒု-ဇာတ်သိမ်းပိုင်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# နန္ဒကျော်သူ

# သားရဲမေတ္တာ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၂၅၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်တင်တင်အေး (ရွက်စိမ်း စာပေ)
အမှတ် ၄၃ (A)၊ ၄ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



## မေတ္တာတရား

ကျူးယုတို့ ထွက်ခွာသွားကြပြီးနောက် အခန်းတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဝမ်းလုံသည် အရက်တစ်အိုး သွားယူပြီး တစ်ခွက်ငှဲ့သောက်ရန် ဟန်ပြင်လိုက်၏။

သို့သော် သူ အရက် မသောက်ဖြစ်ခဲ့ပါ။

ဝမ်းရှောင်ကျူးအား သတိရလာခြင်းကြောင့် ဖြစ်လေသည်။

ဝမ်းရှောင်ကျူးသည် မိဘများ ကွယ်လွန်သွားသဖြင့် စိတ်ထိခိုက်နေချိန်၌ ပူပင်သောကများ မေ့ပျောက်စေရန် ညီအစ်ကို နှစ်ယောက် အရက်သောက်ကြမည်ဟု ဝမ်းလုံကအင် အဖော်ဆွယ်ခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com



တကယ်တမ်းတွင် သူက မသောက်တဲ ဝမ်းရှောင်ကျူး ကိုသာ ပို၍တိုက်ခဲ့သည်။

အရက်ထဲတွင် သူ၏လက်စွဲတော် ပန်းတစ်ရာအဆိပ် ကို ခတ်ထားခဲ့လေသည်။

ပန်းတစ်ရာအဆိပ်သည် အရက်နှင့် ပေါင်းစပ်လိုက် သောအခါ လူကိုပါ ဒုက္ခပေးနိုင်သော အဆိပ် ဖြစ်လာလေတော့ သည်။

ပြောင်းလဲသွားသော ပန်းတစ်ရာအဆိပ်၏ အာနိသင် အရ ဝမ်းရှောင်ကျူးသည် အဆိပ်ခတ်ထားမှန်း မသိဘဲ ပန်း တစ်ရာအဆိပ်ပါသော အရက်ကို တန်းတန်းစွဲ ဖြစ်သွားလေ သည်။

နေ့စဉ်ရက်ဆက် သောက်ပါများလာသောအခါ ခန္ဓာ ကိုယ်ထဲမှ ကလီစာများ ပျက်စီးလာသည့်အပြင် အတွင်းအား ပျက်စီးကာ ဦးနှောက်မူမမှန် ဖြစ်လာတော့သည်။

ဝမ်းရှောင်ကျူးအား အရက်ဖြင့် ဖျက်ဆီးလုပ်ကြံခဲ့သည် ကို အမှတ်ရလိုက်လေသောကြောင့် ဝမ်းလုံက အရက်သောက် ဖို့ မကြိုးစားတော့ချေ။

ထိုင်ရာမှထကာ ပြတင်းပေါက်ဆီသို့ လှမ်းသွားပြီး အ ပြင်ဘက်သို့ ကြည့်လိုက်၏။

တောင်းကင်ပေါ်၌ လမင်း ထိန်ထိန်သာနေရကား ဝန်း ကျင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

ဝမ်းလုံက ကောင်းကင်ပေါ်မှ လဝန်းကို မော့ကြည့်



လိုက်လေသည်။

ထိုအခါ. . .

လဝန်းတွင် စွဲလန်းမိသော မေဟွား၏လှပသော မျက် နှာလေး ထင်ဟပ်လာသည်။

ဝမ်းလုံ၏ရင်ထဲ အေးမြသွားကာ ပူပင်သောကအားလုံး မေ့လျော့သွားပြန်လေတော့သည်။

"ငါ ဘာကြောင့် သူ့ကို သည်လောက်တောင် စွဲလန်း နေရတာပါလိမ့်၊ သူ့ကို ငါ အပိုင်သိမ်းပိုက်လို့ ရနိုင်သားပဲ"

"ဒါပေမယ့်"

မေဟွားသည် သူ၏လက်ခုပ်ထဲမှရေ ဖြစ်နေသော် လည်း သူက လက်လျှော့ထားခဲ့သည်။

မေဟွား၏အမုန်းကို မလိုလားသောကြောင့်ပင် ဖြစ်ပေ သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်၌ သူ့အပေါ် တိမ်းညွတ်လာ လိမ့်မည်ဟု ယုံကြည်လာနေလေသည်။

သူမျှော်လင့်ထားသလို မေဟွား၏မေတ္တာကို ရနိုင် ပါမည်လော။

ဝမ်းလုံသည် အရာအရာ အားလုံးကို လျစ်လျူရှုကာ မေဟွား၏အကြောင်းကိုသာ တွေးတောနေလိုက်လေတော့၏။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



## အလှည့်အပြောင်း

မုဖြူတို့ ထွက်သွားကြပြီးနောက် ဝမ်းလုံအတွက် အလှည့်အပြောင်း များစွာ ဖြစ်ပေါ်လာလေသည်။

သိုင်းလောက၌ ဒဏ္ဍာရီတစ်ပုဒ်အလား ရှိခဲ့သော မကောင်းသူပယ်၊ ကောင်းသူကယ်သည့် တစ္ဆေမင်းသားနှင့် ပတ်သက်၍ ယန်ယီနယ်တွင် ပြောဆိုသံများ ထွက်ပေါ်လာ၏။

ကျူးယု၊ ရှုထင်း၊ လျံထင်းနှင့် ကျန်းချင်းတို့က ဝမ်းရှောင်ကျူးအပေါ် သစ္စာရှိသူများအား တိတ်တဆိတ် လိုက်လံလုပ်ကြံရာမှ အမည်မသိသော လူသတ်မှုများအား စုံစမ်းရန်ဖော်ထုတ်ခြင်း မပြုဘဲ အဘယ်ကြောင့် ခေါင်းရှောင်နေရသနည်းဟု မေးခွန်းထုတ်သူများ ပေါ်ပေါက်လာသည်။

အချို့က ထင်းနန်ဂိုဏ်းသည်ပင် ပါဝင်ပတ်သက်နေလိမ့်မည်ဟု သံသယဖြင့် ပြောဆိုလာကြသည်။



ဝမ်းလုံမှာ ထင်ရာမစိုင်းဝံ့ဘဲ သတိကြီးစွာထား၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ရတော့သည်။

ထို့ကြောင့်လည်း ကိုယ်ရံတော် မုဖြူတို့လူစု အသက်ရှုချောင်ခဲ့ကြသည်။

မည်သို့ဆိုစေ။

ဝမ်းလုံတို့က အင်အားကောင်းနေဆဲ။

အရှိန်အဝါ ကြီးမားနေဆဲ။

ထို့နောက်. . .

မုဖြူတို့လူစုသားလျှင် တိတ်တဆိတ် လုပ်ကြံခံရခြင်းဖြင့် တဖြည်းဖြည်း လုံးပါးပါးလာတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဝါကျင်ကျင် မီးရောင်အောက်တွင် လူလေးယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

ထင်းနန်ဂိုဏ်းအား စွန့်ခွာလာခဲ့ကြသော မုဖြူ၊ မုအင်းတို့ ညီအစ်ကိုနှင့် သွေးသောက်မိတ်ဆွေ အိုရန်ဖုံးနှင့် ထန်ရိတို့ ဖြစ်သည်။

သူတို့၏မျက်နှာများတွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ ရှိနေကြသဖြင့် အရေးကြီးသော အကြောင်းကိစ္စတစ်ခုကြောင့် ယခုကဲ့သို့ စုဝေးနေကြခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ကိုယ်ရံတော်လေးယောက်တွင် အသက်အကြီးဆုံး ဖြစ်သလို ခေါင်းဆောင်လည်း ဖြစ်သော မုဖြူက ချောင်းတစ်ချက်ဟန့်ကာ စကားစလိုက်သည်။

"ကျုပ်တို့ ထွက်လာပြီးတဲ့နောက် သူ့အပေါ်မှာ သက်ဘမကင်း ဖြစ်နေတယ်ဆိုတာကို ဝမ်းလုံ ရိပ်မိသွားတယ်၊ ဒါကြောင့် သူ့ရဲ့လူတွေအပြင် သိုင်းလောက ကြေးစားတွေကို ငှားရမ်းပြီး ကျုပ်တို့ကို သုတ်သင်ဖို့ ကြိုးစားခဲ့တာ အားလုံးအသိပဲ၊ သူ့ရဲ့ လက်ချက်ကြောင့် ကျုပ်တို့စုစည်းထားတဲ့ သွေးသောက်သိုင်းသမားတွေ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံနေရတယ်၊ ကြာရင် ကျုပ်တို့ပါ ဒုက္ခရောက်မှာ သေချာနေတယ်"

သူ၏စကား သွေးထွက်အောင် မှန်ကန်နေသဖြင့် ကျန်လူများ မည်သို့မျှ မပြောနိုင်အောင် ဖြစ်နေကြလေသည်။

ဝမ်းရှောင်ကျူးအတွက် မကျေနပ်ကြသဖြင့် သစ္စာရှိသူများအား စည်းရုံးသိမ်းသွင်းကာ သွေးသောက်အဖွဲ့ဖွဲ့၍ ဝမ်းလုံနှင့် ထင်းနန်ဂိုဏ်းကို အန်တုရန် စီစဉ်ခဲ့ကြသည်။

သို့သော်. . .

ဝမ်းရှောင်ကျူး လုပ်ကြံခံရသည်မှာ ဝမ်းလုံ၏လက်ချက်ဖြစ်သည်ဟူသော အထောက်အထား မပြနိုင်သေးဘဲ သွေးသောက်အဖွဲ့ဝင်များ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံရတော့သည်။

ဝမ်းလုံမှာ အရှိန်အဝါ ကြီးမားနေပြီး ခြေသွက်လက်သွက် ရှိလှသဖြင့် မုဖြူတို့ ခေါင်းဆောင်များပင် စိတ်မချရသည့် အခြေအနေ ကြုံလာရတော့သည်။

ထန်ရိ ညည်းတွားလိုက်သည်။

"ဝမ်းလုံ ဘယ်လောက်ပဲ အင်အားကြီးမားပါစေ၊ သူ့ရဲ့ မကောင်းတဲ့ လုပ်ရပ်ကို သက်သေအထောက်အထားနဲ့ ဖော်ထုတ်နိုင်ရင် သိုင်းလောကသားတွေက လက်ပိုက်ကြည့်နေကြမှာ မဟုတ်ပါဘူး။ ကျုပ်တို့ သံသယ ရှိနေကြတယ်ဆိုပေမယ့် သက်သေမပြနိုင်တာ အတော်ဆိုးတာပဲ"

ဤတွင်. . .

အိုရန်ဖုံးက ဝင်ပြောလိုက်လေသည်။

"ကျုပ်တော့ သက်သေအထောက်အထား တစ်ခုရထားတယ်"

ထိုစကားကြောင့် မုဖြူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

www.burmeseclassic.com



"ဘယ်လိုအထောက်အထားလဲ ပြောစမ်းပါဦး"

အိုရန်ဖုံးက. . .

"မြို့စွန်က ပန်းခြံတစ်ခြံကို ဝမ်းလုံ ဝယ်ယူထားတာ ကြာပြီ၊ အခု ဒုခမှူးတွေ ဖြစ်နေကြတဲ့ ကျူးယုတို့လူစုဟာ အဲသည် ပန်းခြံထဲမှာ နှစ်အတန်ကြာ ခိုအောင်းနေထိုင်ခဲ့ကြဖူးတယ်၊ ဝမ်းလုံ ဂိုဏ်းချုပ် ဖြစ်လာတော့မှ သူတို့ဟာ ပန်းခြံထဲက ထွက်ပြီး ထင်းနန်ဂိုဏ်းကို ရောက်လာခဲ့ကြတာပဲ"

ဟု ပြောလိုက်သည်။

မုဖြူ စိတ်ပျက်သွားလေသည်။

"ကျူးယုတို့ဟာ ဝမ်းလုံ့လို မသူတော်တွေဆိုတာ အမှန်ပါပဲ၊ ဒါပေမယ့် မင်းပြောသလောက်နဲ့ မလုံလောက်သေးဘူး၊ ဒါဟာ ဂိုဏ်းချုပ်ကြီးကို လုပ်ကြံတယ်ဆိုတဲ့ ခိုင်လုံတဲ့ သက်သေအထောက်အထား မဟုတ်ဘူး"

မုဖြူ၏ဝေဖန်စကားကြောင့် အိုရန်ဖုံး စိတ်ဓာတ်ကျသွားလေသည်။

"ဒါဆိုရင် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ ဝမ်းလုံ မတရားလုပ်သမျှ ခေါင်းငုံ့ခံနေကြရတော့မှာလား၊ သခင်မတို့ သားအမိလဲ သူ့ရဲ့လက်ထဲမှာ ကျရောက်နေတယ်"

မုဖြူ လက်ကာပြလိုက်သည်။

"သိပ်လဲ မလောပါနဲ့လေ၊ သည်ကနေ့ သည်နေရာမှာ စုဝေးရတာ အရေးကြီးတဲ့စကား ပြောချင်လို့ပါပဲ၊ သိုင်းလောကမှာ မကောင်းသူပယ် ကောင်းသူကယ်ဆိုတဲ့ တစ္ဆေမင်းသားရဲ့



ဒဏ္ဍာရီကို ကြားဖူးကြတယ် မဟုတ်လား"

အားလုံး ခေါင်းညိတ်လိုက်ကြလေသည်။

မုဖြူက ဆက်ပြောသည်။

"ဝမ်းလုံဟာ သိုင်းပညာလဲ တော်နေတော့ သူ့ကို တကယ်တမ်း ဆုံးမနှိမ်နင်းနိုင်မယ့်လူ၊ သူ့ရဲ့မကောင်းမှုတွေကို ဖော်ထုတ်နိုင်မယ့်လူဟာ တစ္ဆေမင်းသားတစ်ယောက်ပဲ ရှိတယ်လို့ ကျုပ်ယူဆမိတယ်"

အိုရန်ဖုံးက ညည်းတွားလိုက်လေသည်။

"တစ္ဆေမင်းသားအကြောင်း လူတိုင်းကြားဖူးပေမယ့် သူ့ကို ဘယ်သူက တွေ့ဖူးလို့လဲ၊ သူ ဘယ်မှာနေတယ်ဆိုတာ ဘယ်သူသိလို့လဲ"

ထန်ရိ ခေါင်းညိတ်လိုက်သည်။

"တစ္ဆေမင်းသားကို လိုက်ရှာရတာ လေကို ဖမ်းရတာထက်တောင် ခက်ဦးမယ်လို့ ကျုပ်ထင်တယ်"

မည်သို့ပင် စိတ်ပျက်စွာ ပြောနေစေကာမူ မုဖြူက အားမလျှော့ပါချေ။

"လူတွေ ပြောနေတဲ့ ဒဏ္ဍာရီထဲက တစ္ဆေမင်းသားဟာ ရှေးဟောင်းစံအိမ်ကြီးတစ်ခုထဲမှာ နေထိုင်တယ်၊ သူ့ဆီကို အရောက်သွားပြီး အကူအညီတောင်းရင် တရားတဲ့ဘက်က ရပ်တည်ပြီး ကူညီဖြေရှင်းပေးခဲ့တာပဲ မဟုတ်လား၊ ကျုပ်တို့က ရှေးဟောင်းစံအိမ်ကြီးကိုသာ ရှာဖွေနိုင်မယ်ဆိုရင် တစ္ဆေမင်းသားကို တွေ့ရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မုဖြူသည် မဖြစ်နိုင်သည်ကို ပြောဆိုနေသည်ဟု အိုရန်ဖုံးတို့ မဝေဖန်ဝံ့ကြချေ။

မုဖြူက စိတ်ပါလက်ပါ ပြောဆိုနေခြင်းကြောင့် ဖြစ်လေသည်။

"ကျုပ်တို့ သက်သေအထောက်အထား ရှာနေတာနဲ့ အချိန်တွေ ကုန်နေပြီး လုပ်ကြံခံနေရတာထက်စာရင် တစ္ဆေမင်းသားကို လိုက်ရှာပြီး အကူအညီတောင်းတာကမှ ပိုပြီး အကျိုးရှိဦးမယ်လို့ ယူဆမိတယ်၊ ကဲ. . . မင်းတို့ကော ဘယ်လိုသဘောရသလဲ"

ထန်ရိ ပခုံးတွန့်လိုက်သည်။

"အစ်ကိုကြီးပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် တစ္ဆေမင်းသားကို လိုက်ရှာဖို့ ဘယ်သူတာဝန်ယူမလဲ"

မုဖြူ ရင်ကော့လိုက်သည်။

"ကျုပ်ပဲ တာဝန်ယူပြီး တွေ့အောင် ရှာကြည့်ပါ့မယ်"

ထန်ရိ ပါးစပ်ပိတ်ထားလိုက်လေသည်။

မုဖြူက ဆက်ပြောလိုက်၏။

"ကျုပ်က တစ္ဆေမင်းသားကို လိုက်ရှာနေတုန်း ညီလေးမုအင်းက ယန်ယီမြို့ထဲမှာပဲ မထင်မရှား ခြေရာဖျောက်ပြီးနေပါ။ ဒါမှ ထင်းနန်ဂိုဏ်းရဲ့ သတင်းတွေကို စုံစမ်းထောက်လှမ်းနိုင်လိမ့်မယ်"

"ကျုပ်က မြို့ထဲမှာ ခေါက်ဆွဲဆိုင်တစ်ဆိုင် တွေ့ထားတယ်၊ အရှုံးပေါ်နေတာကြောင့် ဆိုင်ရှင်က ဈေးပေါပေါနဲ့ ပြန်



ရောင်းချင်နေတယ်၊ အဲသည် ဆိုင်ကို ဝယ်ထားလိုက်ရင် အစ်ကိုကြီး ပြောသလို ဆောင်ရွက်ဖို့ လွယ်သွားမှာပဲ"

"ကောင်းတယ် ညီလေး"

မုဖြူက ခွင့်ပြုလိုက်သည်။

တဖန်. . .

အိုရန်ဖုံးတို့ဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်ကတော့ စိတ်ပျက်နေကြတဲ့ သွေးသောက်တွေကို ခေါ်ပြီး တစ်နေရာရာကို ခဏရှောင်နေလိုက်ကြပါ၊ သည်မြို့မှာ ကျန်ရစ်ခဲ့မယ့် မုအင်းနဲ့တော့ အဆက်အသွယ် မပြတ်စေနဲ့ပေါ့၊ ကျုပ်က တစ္ဆေမင်းသားနဲ့ တွေ့ပြီးရင် အားလုံးပြန်ဆုံကြမယ်၊ ဝမ်းလုံကို ဆုံးမပြမယ်"

အိုရန်ဖုံးနှင့် ထန်ရိတို့သည် မုဖြူအား ပို၍ လေးစားလာကြလေသည်။

ဝမ်းလုံအား ဆုံးမဖို့ မုဖြူက အစွမ်းကုန် ကြိုးစားနေသည် မဟုတ်ပါလား။

"ကောင်းပါပြီ၊ အစ်ကိုကြီးပြောတဲ့အတိုင်း ကျုပ်တို့ ရှောင်နေလိုက်ပါ့မယ်"

သူတို့သည် တာဝန်ကိုယ်စီ ခွဲဝေလိုက်ကြပြီးနောက် ဘေးမသီ ရန်မခ ပြန်လည်ဆုံတွေ့နိုင်စေရန် ဆုတောင်းတာ တိတ်ဆိတ်စွာ လမ်းခွဲလိုက်ကြလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံသည် ကျူးယု ပြောသည့် စကားများကို ဂရုစိုက် နားထောင်နေပြီးမှ မျက်မှောင်ကြုတ်ကာ မေးလိုက်လေသည်။

"မုဖြူနဲ့ လူစုတွေ လှုပ်ရှားမှု လုံးဝ မရှိတော့ဘဲ ငြိမ်သွားကြတယ်ဆိုတာ ဘာလဲ သွေးပျက်ပြီး အဝေးကို ထွက်ပြေးသွားကြတာတော့ မဖြစ်နိုင်ဘူး ထင်တယ်"

ကျူးယု ဦးညွှတ်လိုက်သည်။

"သူတို့ရဲ့ လှုပ်ရှားမှုတွေကို ခါတိုင်းလို မတွေ့တော့ သုတ်သင်ပစ်ဖို့ ခက်သွားပါတယ်၊ သူတို့ငြိမ်ချက်သားကောင်းနေတာ ခေါင်းဆောင်ဖြစ်တဲ့ မုဖြူက လူတစ်ယောက်ကို လိုက်ရှာပြီး အကူအညီတောင်းဖို့ ခရီးထွက်သွားတာကြောင့်လို့ သိရပါတယ်"

ဟု ပြောလိုက်၏။

ဝမ်းလုံ မှုံ့ပြုံးပြုံးလိုက်သည်။

"မုဖြူက ဘယ်သူ့ကိုများ အားကိုးတကြီး ဖြစ်နေတာလဲ ပြောစမ်းပါဦး"

ထိုအခါ. . .

ကျူးယုသည် ပြောသင့်မပြောသင့် တွေဝေနေပြီးမှ သက်ပြင်းချကာ ပြောလိုက်လေသည်။

"သိုင်းလောကမှာ ဒဏ္ဍာရီတစ်ပုဒ်လို သတင်းကြီးနေတဲ့ တစ္ဆေမင်းသားပါ"

"တစ္ဆေမင်းသား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ထိုအခါ. . .



ဝမ်းလုံက မပြုံးတော့ဘဲ ဝါးလုံးကွဲရယ်ချလိုက်လေတော့သည်။

"မုဖြူတော့ ရှုံးနေပြီ၊ ဟား. . . ဟား. . . ဟား"

❁ ❁ ❁

မကောင်းသူပယ်၊ ကောင်းသူကယ်သည့် တစ္ဆေမင်းသား အကြောင်းကို ဝမ်းလုံလည်း ကြားဖူးထားပါသည်။

ဒုစရိုက်သမားများ၊ မကောင်းမှု ကျူးလွန်သူများသည် တစ္ဆေမင်းသားအား ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြပြီး အဖြူရောင်သိုင်းသမားများက တစ္ဆေမင်းသားမှာ မည်သူမည်ဝါ ဖြစ်ကြောင်း စိတ်ဝင်စားနေကြသည်ကိုလည်း ကြားဖူးထားလေသည်။

မုဖြူသည် သူ၏မကောင်းသော လုပ်ရပ်များကို ဖော်ထုတ်ရန် တစ္ဆေမင်းသားထံသို့ သွားရောက်အကူအညီ တောင်းနေပြီ ဖြစ်သည်။

ဝမ်းလုံ၏ရယ်မောသံ တဖြည်းဖြည်း တိမ်ဝင်သွားလေသည်။

မျက်နှာလည်း တည်သွားသည်။

"မုဖြူကို မလွှတ်စေနဲ့၊ တစ္ဆေမင်းသားနဲ့ တွေ့သွားတာမျိုး ကျုပ်မလိုချင်ဘူး"

ဟူ၍ ခပ်ပြတ်ပြတ် အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လေသံ မာကျောနေသည်။
သို့သော်. . .
အနည်းငယ် တုန်ခါနေသဖြင့် စိတ်ထဲ၌ စိုးရိမ်ပူပန်နေကြောင်း ထင်ရှားလေသည်။
မှန်လေသည်။
မာကျောလှသော ဝမ်းလုံးသည်ပင် တစ္ဆေမင်းသား၏ အမည်ကို ကြားရသောအခါ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာခဲ့လေတော့သည်။

❁ ❁ ❁



## ကယ်တင်ရှင်

ည. . .။
ညသည် မှောင်မည်းနေ၏။
ကောင်းကင်ပြင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ အတ်ကြောင်းပမာ ဖြစ်ပေါ်နေသည်။
လေတဟူးဟူး တိုက်ခတ်နေပြီး လေထဲတွင် မိုးရနံ့များ ပါရှိနေ၏။
အချိန်အခါမဟုတ် မိုးရွာသွန်းပေတော့မည်။
ပတ်ဝန်းကျင်တွင် အေးစိမ့်မှုက တစ်မှုဟုတ်ချင်း လွှမ်းခြုံလာလေသည်။
"ဂျိမ်း. . . ဂျလိန်း. . . လိန်း"
ရုတ်တရက်. . .

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပြင်တွင် လျှပ်စီးလက်သွားကာ မိုးကြိုးပစ်သံ ဟိန်းထွက်လာ၏။

လျှပ်စီးတစ်ချက် ဝင်းလက်သွားမှုအောက်တွင် လူတစ်ဦးနှင့် မြင်းတစ်ကောင်တို့ မြင်တွေ့လိုက်ရလေသည်။

ထိုလူက လူသွားလူလာ နည်းပါးလှသော လမ်းကျဉ်းကလေးအတိုင်း မြင်းကို ဒုန်းစိုင်းမောင်းနှင်လာ၏။

မြင်းစီးလာသူမှာ အသက်သုံးဆယ်ကျော် လေးဆယ်နီးပါးခန့်ရှိသော လူတစ်ယောက် ဖြစ်သည်။

သူ၏ခန္ဓာကိုယ်က ကျစ်လျစ်သန်မာလှပေသည်။

"ဂျိမ်း"

မိုးခြိမ်းသံတစ်ချက် ထပ်မံထွက်ပေါ်လာပြန်သည်။

မိုးခြိမ်းသံတစ်ချက်နှင့်အတူ မိုးစက်မိုးပေါက်များက တဖြောင်းဖြောင်း ကျဆင်းလာလေသည်။

ထို့အပြင်. . .

လေကလည်း တဝေါဝေါ တိုက်ခတ်လာ၏။

မိုးသက်လေပြင်း ဆင်နေသည်မှာ လောကတစ်ခုလုံးအား ဖြိုခွဲဖျက်ဆီးပစ်တော့မည်ဟုပင် ထင်မှတ်ရ၏။

မြင်းစီးသမားက မြင်းကို ဒုန်းစိုင်း၍ မောင်းနှင်နေဆဲပင်။

မြင်ခွာသံများမှာ မိုးသက်လေပြင်း အောက်တွင် ကွယ်ပျောက်သွားလေသည်။

မြင်းစီးသမား၏မျက်လုံးများက စူးရှတောက်ပနေပြီး



ပတ်ဝန်းကျင်တစ်ခုလုံးသို့ အဆက်မပြတ် အကဲခတ်ကြည့်လေသည်။

မိုးခိုစရာနေရာတစ်ခုမှာ သူ့အတွက် အလွန်အရေးကြီးနေပြီ မဟုတ်ပါလား။

သူက မိုင်ပေါင်းတစ်ရာမက ခရီးနှင်လာပြီးဖြစ်သည်။

သူကိုယ်တိုင်သာမက သူစီးနင်းလာသောမြင်းမှာလည်း ခြေကုန်လက်ပန်း ကျနေရှာလေပြီ။

မိုးသက်လေပြင်း၏ နှိပ်စက်မှုများကို ကြာရှည်ခံနေရမည်ဆိုပါက သူ၏မြင်းမှာ မြေပြင်ပေါ်သို့ လဲကျရတော့မည် ဖြစ်လေသည်။

ထို့အတူ. . .

ထိုလူမှာလည်း ရာသီဥတုဒဏ်ကို ကြိုးစား၍ ကြံ့ကြံ့ခံနေသော်လည်း အလွန် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်လေသည်။

လူသားတို့၏ ကြံ့ခံနိုင်မှုစွမ်းရည်မှာ တစ်ခါတစ်ရံ သဘာဝ၏ဖြိုဖျက်ခြင်းဒဏ်ကို ခံရတတ်သည် မဟုတ်ပါလော။

မြင်းစီးလာသူမှာ မုဖြူပင်ဖြစ်လေသည်။

မုဖြူသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော တစ္ဆေမင်းသားအား လိုက်လံရှာဖွေနေခြင်း ဖြစ်ပါသည်။

တစ္ဆေမင်းသားသည်သာလျှင် ကြုံတွေ့နေရသော အခက်အခဲများအား ကူညီနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားခြင်းကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ထူးဆန်းသည့် တာရှေ့မင်းသားအား သုံးလတိုင်တိုင် အပြင်းအထန် ရှာဖွေပြီးနောက် သဲလွန်စတစ်ခုရလာ၍ လူသူမနီးသည့် အရပ်ဒေသတစ်ခုသို့ ခရီးနှင်လာရင်း မိုးသက်လေပြင်းနှင့် ရင်ဆိုင်လိုက်ရခြင်းလည်း ဖြစ်လေသည်။

မုဖြူမှာ ပတ်ဝန်းကျင်ကို အဆက်မပြတ် ကြည့်ရှုအကဲခတ်လာရာမှ မြင်း၏ပြေးနှုန်းမှာ တစ်စထက်တစ်စ တဖြည်းဖြည်း အရှိန်လျော့လာခြင်းကို သိရှိလိုက်မိလေတော့သည်။

သူက ရင်ထိတ်ကာ ခေါင်းငုံ့ကြည့်လိုက်သည်။

မြင်း၏ပါးစပ်မှ အမြှုပ်များ ထွက်နေပြီဖြစ်သည်။

ထိုစဉ်မှာပင် မြင်း၏ရှေ့ခြေနှစ်ချောင်း ခွေခေါက်ကာ မြေပြင်ပေါ်သို့ ဟပ်ထိုးလဲကျသွားလေသည်။

မုဖြူက မြင်းပေါ်မှ အချိန်မီ ခုန်ထွက်လိုက်၏။

သူက မြင်းပေါ်မှ ရွံ့ဗွက်များထလာအောင် ရွှာသွန်းနေသော မိုးရေစက်များအကြား ခုန်ထွက်ရင်း မြေပေါ်တွင် သုံးလေးပတ်မျှ လိမ့်ကာ ထရပ်လိုက်လေသည်။

ထို့နောက်. . .

ကြေကွဲဖွယ်ရာကောင်းအောင် မြည်သံက တိုးညင်းစွာထွက်ပေါ်လာသည်။

မြင်း၏လှုပ်ရှားမှုက တဖြည်းဖြည်းနှင့် နှေးကွေးကာ နောက်ဆုံး ငြိမ်သက်သွားလေသည်။

သူ၏အဖော် မြင်းညိုကြီးမှာ သေဆုံးသွားခဲ့ပြီဖြစ်လေသည်။



သူ၏နောက်ဆုံး အချိန်မှာလည်း မကြာမီ ရောက်ရှိလာတော့မည်ဟု စိတ်ထဲ သိရှိခံစားနေမိလေသည်။

ဤမျှ လူသူခေါင်းပါးပြီး နားခိုစရာနေရာမရှိ၊ စားသောက်စရာမရှိ၊ မြင်းမရှိဘဲ မည်သို့ခရီးဆက်ရပါမည်နည်း။

မုဖြူ စိတ်ဓာတ် ကျဆင်းလာမိလေသည်။

သူက မြေပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချရန်ဟန်ပြင်လိုက်သည်။

"ဂျိမ်း"

ရုတ်တရက်. . .

မိုးခြိမ်းသံထွက်ပေါ်လာပြီး လျှပ်စီးဝင်းလက်သွားလေသည်။

ထိုတဒင်္ဂအချိန်လေးမှာပင် ထွက်ပေါ်လာသော အလင်းရောင်ကြောင့် အရှေ့ဘက် မလှမ်းမကမ်း အမည်းရောင်အရိပ်သဏ္ဌာန်များက သူ့ထံပြေးလွှားလာနေခြင်းကို မြင်တွေ့လိုက်ရလေသည်။

သူ၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားသည်။

သူက မယုံကြည်နိုင်စွာဖြင့် ကြောင်ကြည့်နေစဉ်မှာပင် လူရိပ်များက သူ့အားဝိုင်းရံလိုက်ကြ၏။

သူက ဝုန်းခနဲ ထရပ်လိုက်သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ဟား. . . ဟား. . . ဟာ. . . မိတ်ဆွေကြီး မုဖြူကလည်း အတော်ကလေး သတိမေ့တတ်တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . မင်း. . . မင်း ကျောက်တုံးကျွန်းချင်း"

"ဟုတ်ပါတယ်၊ ကျုပ်က ကျောက်တုံးကျွန်းချင်းပါဗျာ"

မုဖြူရင်ထဲ လေးလံလာလေသည်။

ကျောက်တုံးကျွန်းချင်းသည် ထင်းနန်ဂိုဏ်း၏ အရေးပါသူတစ်ယောက်ဖြစ်နေချေပြီ။

ထင်းနန်ဂိုဏ်းအကြောင်း တွေးမိလျှင် မုဖြူမှာ ဒေါသခြောင်းခြောင်းထွက်လာပြီး တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

ကျောက်တုံးကျွန်းချင်း မဲ့ပြုံးပြုံးလိုက်သည်။

"မုဖြူ. . . မင်း ပြေးလို့မလွတ်တော့ပါဘူး"

စကားဆုံးလျှင် ဗြာသံပေးကာ သူ၏ထက်မြက်သော သိုင်းပညာကို အသုံးပြု၍ စတင်တိုက်ခိုက်လိုက်ရာ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

◉ ◉ ◉



တိုက်ပွဲက ပြင်းထန်လှပေသည်။

မုဖြူက သိုင်းကွက်တစ်ရာခန့် တိုက်ခိုက်ပြီးသောအခါ ကိုယ်ပေါ်တွင် ဒဏ်ရာများ ရရှိနေပြီဖြစ်သည်။

ကျောက်တုံးကျွန်းချင်း ရယ်မောလိုက်၏။

"မုဖြူ. . . ခင်ဗျား အသာတကြည် အဖမ်းခံပါ၊ နောက်ပြီး ကျုပ်တို့ခေါင်းဆောင်ကြီးဆီမှာ သစ္စာခံလိုက်ပါ"

"ဟာကွ၊ ခွေးလောက်တောင် သစ္စာတရားကို စောင့်သိရမှန်းမသိတဲ့ မင်းတို့ဆရာလိုလူမျိုးကို ဘယ်တော့မှ ခေါင်းဆောင်မတင်ဘူးကွ"

မုဖြူက ယင်းသို့ ပြန်ပြောလိုက်သော်လည်း သူ၏အခြေအနေ မဟန်တော့ပါချေ။

သူ၏ခန္ဓာကိုယ်ပေါ်မှ သွေးများစီးဆင်းနေပြီး မိုးရေများနှင့်အတူ မျောပါနေလေသည်။

မိုးကလည်း သည်းထန်စွာ ရွာနေဆဲပင်ဖြစ်သည်။

နောက်ဆုံးတွင် သူလည်း ပြန်လည်တိုက်ခိုက်ရင်း ထိုးဖောက်သွားရန် ဆုံးဖြတ်ချက်ချလိုက်သည်။

"ယား"

သူက မာန်သွင်းလိုက်သည်။

ထို့နောက်. . .

ရှိသမျှအင်အားကို စုစည်း၍ ကျောက်တုံးကျွန်းချင်းကို ခုခံရင်း နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားလေသည်။

ထိုအချိန်မှာပင် မေတ္တာမဲ့လျှံထင်းက မုဖြူအား နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

မုဖြူက ဓားကို စကြာသဏ္ဍာန် ဝှေ့ယမ်းလိုက်သည်။

တဆက်တည်းပင် လျှံထင်းထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

အမှန်တွင် သူက လျှံထင်းအား ဟန်ပြတိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

လျှံထင်းက အနောက်သို့ ကပျာကယာ ခုန်ဆုတ်သွားလေသည်။

မုဖြူက ကျောက်တုံးကျွန်းချင်းထံသို့ ဓားရောလူပါ ခုန်ဝင်တိုက်ခိုက်လိုက်၏။

ထို့နောက်. . .

ကိုယ်ဖော့ပညာကို အသုံးပြုကာ ထိုနေရာမှ ပြေးလွှားသွားလေတော့သည်။

❋ ❋ ❋



မုဖြူကား ရှိသမျှအင်အားကို အသုံးပြုကာ ပြေးလွှားသွားနေသည်။

ထို့အတူ. . .

ကျောက်တုံးကျွန်းချင်း၊ မေတ္တာမဲ့လျှံထင်း၊ ခေါင်းကြီးရှထင်းနှင့် မြေခွေးကျူးယုတို့က နောက်မှထပ်ကြပ်မကွာ ပြေးလွှားလိုက်ပါလာကြလေသည်။

မုဖြူက အတန်ကြာ ပြေးလွှားလာသောအခါ အင်အားချည့်နဲ့လာပြီ ဖြစ်သည်။

သူက ဤအတိုင်း ဆက်လက် ပြေးလွှားနေပါလျှင် မလွတ်နိုင်ကြောင်း သိရှိလိုက်၏။

ထို့ကြောင့်. . .

သူက တောလမ်းဘေးရှိ ချုံပုတ်ထဲသို့တိုးဝင်ပုန်းကွယ်နေလိုက်၏။

မကြာပါချေ။

သူပုန်းကွယ်နေပြီး တခဏအကြာမှာပင် ထိုချုံပုတ်နေရာဆီသို့ ကျောက်တုံးကျွန်းချင်းတို့လူစု ရောက်ရှိလာသည်။

ထို့နောက်. . .

အမှောင်ထဲသို့ ဆက်လက်တိုးဝင် ပြေးလွှားသွားကြလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကျန်းချင်းတို့ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

သို့သော်. . .

မုဖြူက ချုံပုတ်အတွင်းမှ တုတ်တုတ်မျှပင် မလှုပ်သေးပါချေ။

အချိန်အတန်ကြာသွားသောအခါမှ သူက စိတ်ကိုလျှော့ချလိုက်လေသည်။

ယင်းသို့ စိတ်ကိုလျှော့ချလိုက်သောအခါ သူ၏ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲသော ဝေဒနာကိုခံစားလိုက်ရလေသည်။

သူက အံကို တင်းတင်းကြိတ်လိုက်သည်။

တဆက်တည်း အားယူ၍ မတ်တတ်ရပ်လိုက်လေသည်။

ထို့နောက်. . .

ခြေလှမ်းယိမ်းယိုင်စွာဖြင့် အနောက်ဘက်အရပ်ဆီသို့ ဒယီးဒယိုင်ဖြင့် ပြန်လည် လျှောက်လာလေသည်။

အတန်ကြာအောင် လျှောက်လာပြီးသောအခါ သူ၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများ အလွန်နာကျင်လာ၏။

ထိုအခါ. . .

မုဖြူမှာ မဟန်နိုင်တော့ဘဲ မြေပေါ်သို့ ပြိုလဲကျသွားလေသည်။

သူက မြေပြင်ပေါ်တွင် ဓားကိုထောက်ချလိုက်လေ



သည်။ ပတ်ဝန်းကျင်ကိုလည်း အကူအညီရလိုရငြား ရှာဖွေကြည့်လိုက်မိ၏။

သို့သော် မှောင်မည်းသိပ်သည်းမှုကိုသာ မြင်တွေ့နေရလေတော့သည်။

သူက အံကို တင်းတင်းကြိတ်လိုက်ပြန်သည်။

တဆက်တည်း ဓားကို မြေပေါ်တွင် အားပြုထောက်၍ မတ်တတ်ရပ်လိုက်၏။

ထို့နောက် ခြေဦးတည့်ရာဆီသို့ ဒယီးဒယိုင်ဖြင့် လျှောက်လာခဲ့လေသည်။

သူက ခြေလှမ်းနှစ်ဆယ်ခန့် လျှောက်လှမ်းမိသောအခါ အရှေ့ဘက် ခပ်လှမ်းလှမ်းနေရာတွင် မည်းမည်းသဏ္ဌာန် အဆောက်အအုံတစ်ခုကို မြင်တွေ့လိုက်ရ၏။

မုဖြူက မိမိ၏ဝေဒနာပြင်းထန်မှုကြောင့် မျက်စိထဲ တွေ့ကရာ မြင်နေသည်လောဟု ယူဆကာမျက်လုံးများကို ပွတ်ကြည့်လိုက်လေသည်။

မုဖြူ၏ခန္ဓာကိုယ်မှာ မမြင်နိုင်စွမ်းသော ခွန်အားများက သွေးကြောများမှတဆင့် တစ်ကိုယ်လုံး ပျံ့နှံ့လာသည်ဟု ခံစားလိုက်ရလေသည်။

သူ မြင်တွေ့လိုက်ရသော ခပ်မည်းမည်းသဏ္ဌာန် အဆောက်အအုံကြီးဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေ

မိုးသက်လေပြင်းများက အဆက်မပြတ် ပြင်းထန်စွာ တိုက်ခတ်နေဆဲ။

မုဖြူက မိုးစိုနေသော ကြွက်ကလေးတစ်ကောင်ပမာ ထိုအဆောက်အအုံရှေ့သို့ ရောက်ရှိလာလေသည်။

ခပ်မည်းမည်းသဏ္ဌာန် အဆောက်အအုံကြီးက မိုးသက်လေပြင်းဒဏ်ကို မမှုသည့်အလား ငြိမ်သက်စွာရှိနေ၏။

မုဖြူက ယင်းအဆောက်အအုံကြီးအနီးသို့ ရောက်သွားသောအခါ စံအိမ်ပျက်ကြီးတစ်ခုဖြစ်နေကြောင်း တွေ့မြင်ရလေသည်။

ထိုစံအိမ်ပျက်ကြီးမှာ အလွန်ပင် ကြီးမားခန့်ညားလှပေသည်။



ဂဝံကျောက်များဖြင့် အခိုင်အမာ တည်ဆောက်ထားလေသည်။

ထို့ကြောင့်. . .

တစ်ချိန်က ခမ်းနားဝင့်ကြွားထည်ဝါစွာ ရှိခဲ့ဟန်တူ၏။

စံအိမ်ပျက်ကြီး၏ ခြံဝင်းအဝတွင် တံခါးများက မရှိတော့ချေ။

ကျောက်တိုင်များသာ ကျန်ရစ်တော့သည်။

ကျောက်တိုင်များ၏ အရှေ့တွင် ကျောက်လှေကားထစ်များရှိနေ၏။

ယင်းလှေကားထစ်များ၏ နံဘေးတွင်မူ ကြီးမားသော ရုပ်ထုကြီးနှစ်ခု ရှိလေသည်။

မုဖြူက ယင်းရုပ်ထုကြီးများကို ကြည့်လိုက်မိလေသည်။

ထိုအခါ. . .

သူ၏မျက်လုံးအစုံက အဆမတန် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

"ဟင်"

"တစ္ဆေရုပ်ကြီးတွေပါလား"

ဟု ရေရွတ်လိုက်မိလေသည်။

မှန်ပေသည်။

သူ မြင်တွေ့လိုက်ရသည်မှာ တစ္ဆေရုပ်ကြီးပင် ဖြစ်ပေသည်။

တစ္ဆေရုပ်ကြီးနှစ်ရုပ်မှာ ထုလုပ်ထားသောလက်ရာ

www.burmeseclassic.com

www.burmeseclassic.com



မြောက်လှသည်။

ထို့ကြောင့် . . .

သက်ရှိထင်ရှား တစ္ဆေများနှင့်မခြား တည်ရှိနေလေသည်။

မုဖြူ၏ရင်ထဲ အမျိုးအမည် မသိသော ဝေဒနာတစ်ခု ခံစားလိုက်ရသည်။

တဆက်တည်း သူ၏ကျောရိုးတလျှောက် အေးစိမ့်သွားလေသည်။

ထို့အပြင် . . .

သူက သိုင်းလောကတွင် ပြောဆိုနေကြသော ဒဏ္ဍာရီတစ်ပုဒ်ကို ရုတ်ခြည်းဆိုသလိုပင် သတိရလာမိ၏။

အခြားမဟုတ်ပေ။

အလွန်နက်ရှိုင်း ခေါင်သီလှသော တောအုပ်ကြီးတစ်ခုထဲတွင် စံအိမ်ကြီးတစ်ခု တည်ရှိနေလေသည်။

ထိုစံအိမ်ကြီးထဲတွင် တစ္ဆေများက နေထိုင်ကြလေသည်။

ယင်းဝိညာဉ်များမှာ အလွန်တရာပင် များပြားလှပြီး ထိုဝိညာဉ်များကို အုပ်ချုပ်သည့် ဝိညာဉ်ဘုရင်တစ်ပါးရှိလေသည်။

ထိုသူမှာ တစ္ဆေမင်းသား ဖြစ်သည်။

တစ္ဆေမင်းသားမှာ တန်ခိုးသိဒ္ဓိနှင့်ပြည့်စုံကာ အမှန်တရားဘက်တော်သားများအား အစဉ်သဖြင့် ကူညီကာ စောင့်ရှောက်ပေးနေသည်ဟုဆိုကြသည်။



ဆင်းရဲဒုက္ခရောက်နေသူများက တစ္ဆေစံအိမ်သို့ အကူအညီသွားတောင်းပါလျှင် တစ္ဆေမင်းသားက ကူညီလေ့ရှိသည်။

တစ္ဆေစံအိမ်တွင် အဖိုးတန်ရတနာ ရွှေငွေ အမြောက်အများရှိနေသည်ဟုလည်း လူအများက ပြောဆိုကြသည်။

ဤသည်ကား တစ္ဆေစံအိမ်၏ ဒဏ္ဍာရီသာ ဖြစ်ပေသည်။

ထိုဒဏ္ဍာရီမှာ ပုံပြင်ဆန်ဆန်သာဖြစ်ပြီး ဖြစ်ရပ်မှန်မဟုတ်ပါချေ။

လူသားတို့၏ စိတ်ကူးယဉ်တွေးတော စိတ်ဝင်စားဖွယ်ရာ ပြောဆိုနေခြင်းသာဖြစ်သည်။

မုဖြူက တွေးတောစဉ်းစားနေရင်းမှ တစ္ဆေရုပ်နှစ်ရုပ်အား စိုက်ကြည့်နေလေသည်။

ထိုအခါ . . .

တစ္ဆေရုပ်များကလည်း သူ့အား ပြန်ကြည့်နေသည့်အလား အသက်ဝင်လှ၏။

သူက မဝံ့မရဲ တွေးလိုက်မိသည်။

"ဒါဟာ လူပြောများလှတဲ့ သိုင်းလောကဒဏ္ဍာရီထဲက တစ္ဆေစံအိမ်ကြီးများ ဖြစ်နေမလား"

ဟု တွေးလိုက်မိသည်။

ထို့ကြောင့် . . .

သူသည် စံအိမ်ပျက်ကြီးအား ကြည့်ကာ ရင်ထဲ၌ ကြောက်ရွံ့လာမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ။

သူ အဘယ်မျှ ကြောက်ရွံ့ပါစေ သူက ဤညတွင် စံအိမ်ပျက်ကြီးထဲ၌ မိုးဝင်ခိုရတော့မည်သာ ဖြစ်သည်။

သူ့တွင် ထို့ထက် ကြောက်စရာ ကျောက်တုံးကျွန်းချင်းတို့လူစုရှိနေသည် မဟုတ်ပါလား။

ကျွန်းချင်းတို့လူစု သူ့အား မျက်ခြည်ပြတ်သွားသော်လည်းမတွေ့တွေ့အောင် ရှာကြမည်မှာ သေချာလှပေသည်။

သူ ကံကောင်းလွန်း၍ ရှောင်ပုန်းနိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။

သို့သော်. . .

နောက်တစ်ကြိမ်တွင် သူက ကျွန်းချင်းတို့လက်မှ လွတ်နိုင်ပါမည်လော။

မုဖြူ အံတင်းတင်း ကြိတ်လိုက်သည်။

ကျွန်းချင်းတို့က သူ့ကိုအလွတ်ပေးမည် မဟုတ်ချေ။

ဤသည်မှာ ဝမ်းလုံ စေခိုင်းညွှန်ကြားချက်ကြောင့်ပင် ဖြစ်သည်။

သူသည် ဝမ်းလုံအပေါ် အလွန်ပင် နာကျည်းမုန်းတီးလာသည်။

ဝမ်းလုံ၏လက်ချက်ကြောင့် ထင်းနန်ဂိုဏ်းချုပ်ဝမ်းရှောင်ကျူး သေဆုံးခဲ့ရ၏။

ထို့အပြင်. . .

သခင်မလေးမေဟွားတို့ သားအမိမှာလည်း အန္တရာယ်



ကြုံတွေ့နိုင်၏။

သူတို့က ဝမ်းလုံ၏ယုတ်မာမှုများကို ဖော်ထုတ်ရန် ကြိုးစားခဲ့သည်။

ဝမ်းလုံက သူတို့၏သစ္စာရှိ လူယုံများကို တစ်ယောက်ပြီးတစ်ယောက် သုတ်သင်ရှင်းလင်းခဲ့သည်။

ထို့ကြောင့်. . .

သူတို့က လူစုခွဲကာ ရှောင်တိမ်းခဲ့၏။

သူက အမှန်တရားကို ဖော်ထုတ်ရန် တစ္ဆေမင်းသားအားလိုက်လံရှာဖွေခဲ့သည်။

သို့သော်. . .

သူ၏အကြံကို ဝမ်းလုံက ကြိုတင်ရိပ်မိသွားပြီဖြစ်လေသည်။

မြေခွေးကျူးယုတို့အား စေလွှတ်ကာ လုပ်ကြံခိုင်းလေသည်။

ယခု. . .

သူက ဒဏ်ရာပြင်းထန်စွာ ရထားပြီဖြစ်သည်။

သူ၏ဆရာ ဝမ်းရှောင်ကျူးအတွက် အမှန်တရားကို ဖော်ထုတ်ပေးနိုင်ခြင်း ရှိပါတော့မည်လော။

မုဖြူ တွေးတောရင်း မျက်ရည်များ စီးဆင်းကျလာလေသည်။

သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး

"ဝမ်းလုံ. . . မင်းကို တစ်သက် မကျေဘူး. တစ်နေ့

www.burmeseclassic.com



မင်းရဲ့ယုတ်မာမှုတွေ ပေါ်လာစေရမယ်"

ဟု ကြုံးဝါးလိုက်သည်။

ထိုစဉ်. . .

လေပြင်းတစ်ချက် ဝှေ့ယမ်းလာ၏။

မုဖြူမှာ အသည်းခိုက်အောင် အေးစိမ့်သွား၏။

သူက စံအိမ်ပျက်ကြီးဆီသို့လည်း မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။

ဤနေရာတဝိုက်တွင် စံအိမ်ပျက်ကြီးမှအပ အခြားမိုးခိုနားစရာဟူ၍ အဆောက်အအုံမပြောနှင့် တဲအိမ်တစ်လုံးပင် မရှိပါချေ။

မုဖြူ အံကို တင်းတင်းကြိတ်လိုက်သည်။

ထို့နောက်. . .

သူက ကျောက်လှေကားထစ်အတိုင်း တစ်လှမ်းချင်း တက်လိုက်သည်။

တဆက်တည်းပင် စံအိမ်ကြီး၏ အတွင်းဘက်သို့ လျှောက်သွားလေသည်။

ခြံဝင်းမှ စံအိမ်ကြီး၏ အတွင်းသို့ဝင်ရန် ကျောက်ပြားလမ်းလေးတစ်ခု ဖောက်လုပ်ထား၏။

သို့သော်. . .

ယင်းကျောက်ပြားလမ်းကလေးမှာ ရေညှိများတက်ကာ အလွန်ချောနေလေသည်။

သတိလက်လွတ် နင်းမိပါက ချော်သွားမည်မှာ မလွဲပေ။



အချို့နေရာများတွင်လည်း ချိုင့်ခွက်ကလေးများဖြစ်ပေါ်လျှက်ရှိသည်။

ခမ်းနားသိုက်မြိုက်မှု၏ ကျဆုံးမှုတစ်ခုပင် ဖြစ်လေသည်။

အကျည်းတန်သော မြင်ကွင်းက သံဝေဂရစရာပင် ဖြစ်သည်။

သို့သော်. . .

စံအိမ်တံခါးမှာမူ ခိုင်ခံ့နေဆဲပင်ဖြစ်သည်။

ထူထဲသော ကျွန်းတံခါးကြီးက တင်းတင်းစေ့ကာ ပိတ်ထားလေသည်။

တံခါးပေါ်တွင် ကြေးလက်ကိုင်ကွင်းတစ်ခုက ရှိနေလေသည်။

ထိုကြေးလက်ကိုင်ကွင်းမှာမူ အစိမ်းရောင်ရေညှိတက်ခြင်းမရှိဘဲ ပြောင်လက်နေဆဲပင်။

ရုတ်တရက်. . .

မုဖြူက မျက်မှောင်ကြုတ်လိုက်မိသည်။

ဤကြေးကွင်းအား မကြာခဏဆိုသလိုပင် ကိုင်တွယ်အသုံးပြုနေသောကြောင့်သာ အရောင်တောက်ပနေခြင်း ဖြစ်ရမည်ဟု သူက စဉ်းစားမိရာ ရင်ထိတ်သွားမိလေသည်။

ထိုသို့ဆိုပါလျှင် ဤနေရာသို့ မကြာခဏ ရောက်လာတတ်သူများ ရှိနေနိုင်မည် မဟုတ်ပါလော။

သူက ပတ်ဝန်းကျင်ကို လှည့်ပတ်၍ အကဲခတ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရှုလိုက်လေသည်။

ထိုစဉ် . . .

သူ၏နောက်ကျောတစ်ခုလုံးမှာ အေးစိမ့်လာသည်။

တဆက်တည်း လုံးဝစိတ်ချရမှုမရှိဟု ခံစားမိလိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မိုးသည်းထန်စွာ ရွာချနေသည်။

လက်တစ်ကမ်း အကွာလောက်ကိုပင် သဲကွဲစွာ မမြင်တွေ့ရပါချေ။

မုဖြူက ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် ဖြစ်နေသည်။

မိုးသက်လေပြင်းဒဏ်နှင့် ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများကြောင့် ပြင်းထန်သော ဝေဒနာကို ခံစားလိုက်မိသည်။

ထိုအခါ . . .

အတွင်းဘက်သို့ အရဲစွန့်၍ ဝင်သွားရန် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်မိ၏။

သူက ကြေးကိုင်လက်ကွင်း တပ်ဆင်ထားသော သစ်သားတံခါးကြီးအား တဒုန်းဒုန်းဖြင့် ထုချလိုက်လေသည်။

မိုးသံလေသံကြောင့်လည်းကောင်း၊ သူ၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများကြောင့်လည်းကောင်း သူ၏တံခါးထုသံက ကျယ်လောင်စွာ ထွက်ပေါ်လာခြင်း မရှိပါချေ။

မုဖြူက အံကို တင်းတင်းကြိတ်ကာ ထပ်မံ၍ ထုလိုက်



ပြန်လေသည်။

သို့သော် . . .

ဤတစ်ကြိမ်လည်း အသံက ကျယ်လောင်စွာ ထွက်ပေါ်လာခြင်း မရှိပါချေ။

သူက တံခါးမကြီးအား တွန်းဖွင့်ကြည့်လိုက်၏။

သစ်သားတံခါးမကြီးမှာ တုတ်တုတ်မျှပင် မလှုပ်ပါချေ။

အတွင်းဘက်မှ မင်းတုပ်ချထားခြင်း ဖြစ်ကြောင်း သိရှိလိုက်ရသည်။

ဤသို့ဆိုပါလျှင် အတွင်းဘက်၌ လူရှိနေပြီ ဖြစ်လေသည်။

မုဖြူ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

လူရှိလျှင် အစာရေစာ ရရှိနိုင်သည် မဟုတ်ပါလော။

ထိုသို့ တွေးမိကာ မုဖြူ၏ဝမ်းဗိုက်မှာ တကြုတ်ကြုတ် ဆာလောင်လာလေသည်။

သူက ဇွဲကြီးစွာဖြင့် တံခါးကို ဆက်၍ ထုနှက်လိုက်လေသည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

တံခါးခေါက်သံက မိုးသံလေသံထဲတွင် ခပ်အုပ်အုပ်သာ ထွက်ပေါ်လာလေသည်။

သို့သော် . . .

ယခုတစ်ကြိမ်၌ မုဖြူ ကံကောင်းသွားပြီ ဖြစ်သည်။

အကြောင်းမှာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

အတွင်းဘက်မှ စူးရှကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

မုဖြူ အားတက်သွား၏။

သူက တံခါးကို ထုရိုက်နေခြင်းကိုလည်း ရပ်တန့်လိုက်သည်။

ထိုစဉ်. . .

တံခါးကြားမှ မီးရောင်တစ်ချို့ ထွက်ပေါ်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။

မုဖြူက ဝမ်းသာအားရဖြင့် ဗလုံးဗထွေး ပြောလိုက်လေသည်။

"ကျုပ်ဟာ ဒုက္ခရောက်လာတဲ့ ခရီးသည်ပါ၊ ကျေးဇူးပြုပြီး မိုးခိုခွင့်ပြုပါ ခင်ဗျာ"

သူက ဝေဒနာကြားမှ မိမိအသံကို စံအိမ်အတွင်းရှိ လူ မကြားမည် စိုးရိမ်သဖြင့် ကြိုးစား၍ အော်ပြောလိုက်သည်။

သူ၏အသံအား အတွင်းဘက်မှ ကြားသည် မကြားသည်ကို မသိပါချေ။

တံခါးမကြီးက ကျွီခနဲမြည်ကာ ပွင့်သွားလေတော့၏။

တံခါးပွင့်သွားသည်နှင့် အတွင်းဘက်မှ စူးရှသော မီးအလင်းရောင်က မုဖြူ၏မျက်နှာပေါ်သို့ ထိုးကျလာသည်။

ရုတ်တရက် ထွက်ပေါ်လာသော မီးအလင်းရောင်ကြောင့် မုဖြူ၏မျက်လုံးများ ကျိန်းစပ်သွားရလေသည်။



သူ၏မျက်လုံးများ ပြာဝေကာ မီးရောင်ကို မကြည့်နိုင်၍ မှိတ်ထားလိုက်ရလေသည်။

ထိုတဒင် အချိန်အတွင်း၌ တံခါးလာဖွင့်ပေးသူက သူ့အား ခြေဆုံးခေါင်ဆုံး ဖြုံကြည့်ကာ အကဲခတ်ခွင့် ရရှိသွားကြောင်းကို သူက သဘောပေါက်မိ၏။

ထိုလူကသာ သူ၏ရန်သူ ဖြစ်ခဲ့ပါလျှင် ဓားတစ်ချက်တည်းနှင့် အသက်ဆုံးရှုံးသွားနိုင်ကြောင်းကိုလည်း စဉ်းစားမိလိုက်လေသည်။

ထိုအခါ. . .

စိုးရိမ်ထိတ်လန့်မှုများက သူ၏ခန္ဓာကိုယ်တစ်ခုလုံး လွှမ်းခြုံလာသည်။

တံခါးမကြီး ပွင့်သွားသောကြောင့် အတွင်းဘက်မှ နွေးထွေးသော အငွေ့အသက်များ လွင့်ပျံလာသည်ကို ခံစားလိုက်ရ၏။

မီးရောင်များက သူ၏မျက်နှာပေါ်တွင် ရွေ့လျားသွားလေသည်။

မုဖြူက မျက်လုံးအစုံကို လက်ဖြင့် ပွတ်သပ်လိုက်လေသည်။

အနောက်ဘက်သို့လည်း ခြေတစ်လှမ်း ဆုတ်လိုက်၏။

ထို့နောက် တံခါးမကြီးမှ နေ၍ အတွင်းဘက်သို့ လှမ်းကြည့်လိုက်လေသည်။

တံခါးဝတွင် လူတစ်ယောက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ငါးဆယ်ခန့် ရှိသော လူကြီးတစ်ယောက် ဖြစ်သည်။

ထိုလူကြီးက အလင်းရောင် အားအလွန်ကောင်းလှသော မီးအိမ်တစ်လုံးကို ကိုင်ဆောင်ကာ သူ့အား အကဲခတ်ကြည့်ရှုနေခြင်းကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ ညစ်ထေးဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားသည်။

ထို့အတူ မျက်နှာပေါ်တွင်လည်း အိုအင်းရင့်ရော်သည့် ဟန် ပေါ်လွင်လာလေသည်။

သူက မုဖြူအား အကဲခတ်ကြည့်ရင်းမှ မျက်မှောင်ကြုတ်လိုက်၏။

"သြော်. . . မောင်ရင့်တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေနဲ့ ပြည့်နှက်နေပါလား။ မောင်ရင်ဟာ စိတ်ထားဖြူစင်တဲ့ လူရွယ်တစ်ယောက်ပဲ၊ ဘယ်လိုလူမျိုးက သည်လို ဒုက္ခဝိုင်းပေးလိုက်တာလဲ"

မုဖြူက လက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်၏။

"ကျွန်. . . ကျွန်တော်"

သူ၏စကားမဆုံးမီမှာပင် ထိုလူကြီးက ကြားဖြတ်ပြောလိုက်သည်။

"သြော်. . . မိုးရွာထဲမှာ ရပ်မနေပါနဲ့၊ အထဲကို ဝင်ပါ"

အသံသြဇာပြည့်ဝပြီး ချစ်ခင်ကြင်နာမှု လွှမ်းသော အသံဖြင့် ပြောလိုက်သည်။



ထိုအသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် မုဖြူ၏ရင်ထဲ နွေးနွေးထွေးထွေး ဖြစ်လာသည်ဟု ခံစားလိုက်ရသည်။

ထို့ကြောင့် သူက ထိုလူကြီးအား ဦးညွှတ်လိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်ဗျာ"

ယင်းသို့ ပြောပြီး အတွင်းသို့ လှမ်းဝင်လိုက်သည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ခိုက်ခိုက်တုန်အောင် ချမ်းနေပြီ ဖြစ်လေသည်။

သူက အတွင်းဘက်သို့ ခပ်သွက်သွက် ခြေလှမ်း၍ ဝင်လိုက်သည်။

အတွင်းဘက်သို့ ခြေလှမ်းသုံးလေးလှမ်းမျှ ဝင်လိုက်ပြီးသောအခါ မုဖြူမှာ အနည်းငယ် ရင်ထိတ်သွားရလေသည်။

အကြောင်းမှာ အတွင်းဘက်တွင် သူလုံးဝ မျှော်လင့်မထားသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်၏။

သူမြင်တွေ့လိုက်ရသော မြင်ကွင်းမှာ အရောင်အသွေးစုံလင်လှသော၊ အရွယ်အစား အမျိုးမျိုးရှိသော မြွေများပင် မဟုတ်ပါလော။

မီးရောင်အောက်တွင် မြွေများမှာ စူးရှတောက်ပသော မျက်လုံးအစုံဖြင့် မုဖြူအား ကြည့်နေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



မြွေများက စူးရှတောက်ပသော မျက်လုံးအစုံဖြင့် မုဖြူအား ဝိုင်း၍ ကြည့်နေကြ၏။

မုဖြူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ခဲဆွဲထားသကဲ့သို့ လေးလံနေမိလေသည်။

သူက မြွေများကို တွေ့မြင်ခဲ့ဖူးလေသည်။

သို့သော်. . .

ဤမျှ များပြားသော မြွေများကိုမူ မြင်တွေ့ဖူးခြင်း မရှိပါချေ။

မုဖြူက ကြက်သေသေ၍ ကြည့်နေရာမှ မီးအိမ်ကိုင်ဆောင်ထားသူ၏ စကားကြားမှ သက်ဝင်လှုပ်ရှားလာလေသည်။

"ဟော့. . . မောင်ရင့်ကို ကြည့်ရတာ မြွေတွေကို ချစ်တတ်တယ် ထင်ပါ့"

မုဖြူက ထိုလူဘက်သို့ တဖြည်းဖြည်းချင်း ကြည့်လိုက်ရလေသည်။

မုဖြူက ဟန်မူရာကင်းမဲ့သော လေသံဖြင့် ပြောလိုက်လေသည်။

"မြွေ. . . မြွေတွေကို ချစ်တယ် ဟုတ်လား"

ထိုလူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်မှာ အဖော်ဆိုလို့ မြွေပဲရှိတာလေ၊ ဒါကြောင့် မြွေတွေကို ချစ်ရတာပေါ့၊ သူတို့က တစ်ချို့လူတွေကို ဒုက္ခမပေးတတ်ပါဘူး"

သူက စကားဆက်လိုက်သည်။



"ဒါပေမယ့် အမည်းရောင် ဒုစရိုက်သမားတွေကိုတော့ ဒုက္ခပေးတတ်တယ်ကွယ့်"

သူ၏စကား ကြားလိုက်ရသောအခါ မုဖြူ၏စိတ်ထဲတွင် အလွန်အေးစိမ့်သော အငွေ့အသက်ကို ခံစားလာရသည်။

"ခင်. . . ခင်ဗျား"

သူ၏စကားမဆုံးမီ ထိုလူက ကြားဖြတ်ပြောလိုက်ပြန်လေသည်။

"ကျုပ်က နေစရာမရှိလို့ ခြေသလုံးအိမ်တိုင် လျှောက်သွားရင်း သည်နေရာကို ရောက်လာတော့ လူသူစွန့်ပစ်ထားတာတွေ့တဲ့ သည်စံအိမ်ကြီးကို ကျုပ်အိမ်လို့ပဲ သဘောထားလိုက်တယ်လေ"

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

မုဖြူက အားပါးတရ အော်ဟစ်ပြောဆိုလိုက်မိ၏။

ထိုလူ မျက်မှောင်ကြုတ်သွား၏။

"ဘာကောင်းတာလဲ"

မုဖြူက သူ့အား စူးစိုက်ကြည့်လိုက်သည်။

"တကယ်တော့ ကျုပ်က တစ္ဆေမင်းသားကို လိုက်ရှာနေတဲ့လူ၊ ခင်ဗျားဟာ ကျုပ်အကြောင်းကို သိနေတဲ့လူပဲ ဖြစ်ရမယ်"

ထိုလူက ခေါင်းခါယမ်းလိုက်၏။

"မင်း ဘာတွေပြောလိုက်တာလဲ၊ ကျုပ်က မင်းရဲ့အကြောင်းကို ဘာမှမသိရပါလား"

www.burmeseclassic.com

www.burmeseclassic.com



မုဖြူ မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား လိမ်နေတာ"

ထိုလူမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

"ဟေ. . .ကျုပ်က ညာပြောတယ် ဟုတ်လား၊ မင်း ဘယ်လိုလူစားမျိုးလဲ၊ နေစမ်းပါဦး၊ ဒါနဲ့ မင်းက ဘာကြောင့် တစ္ဆေမင်းသားကို လိုက်ရှာနေတာလဲ"

"တစ္ဆေမင်းသားကို ကျုပ်ရှာတာက. . ."

မုဖြူ စကား မဆက်နိုင်ဘဲ ဖြစ်နေ၏။

ထိုလူ မျက်မှောင်ကြုတ်လိုက်သည်။

"ဟော့. . . မောင်ရင် စိတ်မှန့်သေးရဲ့လား၊ မောင်ရင်ပဲ တစ္ဆေမင်းသားကို လိုက်ရှာနေတယ်ဆို"

"ဟုတ်တယ်၊ သူ ဘယ်မှာလဲ"

သူ၏စကားပြောပုံမှာ အရူးတစ်ယောက်နှင့် တူလှသည်။

သူ ခရီးပန်းလာသည့်ဒဏ်နှင့် စိတ်ထိခိုက်ဖွယ်ရာကိစ္စများကြောင့် မြွေများကို တွေ့သည်နှင့် သတိလက်လွတ် ဖြစ်သွားရခြင်းပင် ဖြစ်၏။

ထိုလူက သက်ပြင်းတစ်ချက်ချလိုက်၏။

"မောင်ရင်၊ မင်း မှားနေပြီ၊ မင်းဆေးသောက်ပြီး နွေးနွေးထွေးထွေး အနားယူဖို့ ကောင်းပြီ"

မုဖြူ အံကို တင်းတင်းကြိတ်လိုက်၏။

"ကျုပ်မေးနေတယ်၊ တစ္ဆေမင်းသား ဘယ်မှာလဲ"



ဟု မေးလိုက်၏။

သူ၏အမေးကို ထိုသူက မဖြေတော့ချေ။

သူက စိတ်ပျက်သည့်အလား ဦးခေါင်းကို ခါယမ်းလိုက်လေသည်။

"မဖြစ်ဘူး၊ မင်းမှာ ဒဏ်ရာတွေ ပြင်းထန်လွန်းလို့ စိတ်မမှန်တော့ဘူး၊ ကျုပ်ဆေးသွားယူလိုက်ဦးမယ်"

သူက ထိုသို့ပြောပြီး မီးအိမ်ကို ကျောက်စားပွဲတစ်ခုပေါ်တင်ကာ အခန်း၏ဝဲဘက်ထောင့်ရှိ လမ်းကျဉ်းလေးဆီ လျှောက်သွားလေသည်။

"ခင်ဗျား မသွားရဘူး"

မုဖြူက ပြောလိုက်ရင်း ထိုလူအား ဖမ်းချုပ်ထားလိုက်သည်။

ရုတ်တရက်. . .

အပြင်ဘက်မှ စူးရှကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မုဖြူ၏လှုပ်ရှားမှုက ချက်ချင်းရပ်တန့်သွား၏။

ထိုလူမှာမူ မြင်းဟီသံများကို ကြားလိုက်ရသောအခါ အခန်း၏ဝဲဘက်ထောင့်သို့ လျှောက်သွား၏။

ထို့နောက်. . .

လမ်းကျဉ်းကလေးအတိုင်း ချိုးကွေ့ဝင်ရောက်ကာ ပျောက်ကွယ်သွားလေသည်။

မုဖြူက ဖွင့်ထားသော တံခါးမကြီး၏အပြင်ဘက် မိုးရေ

www.burmeseclassic.com

www.burmeseclassic.com



စက်များ အကြားသို့ လှမ်းကြည့်ကာ တွေဝေသွားမိ၏။

သူက ရုတ်တရက် သတိပြန်ဝင်လာ၏။

ချက်ချင်းပင် ထိုလူအား လှမ်းကြည့်မိသောအခါ မတွေ့ရတော့ပါချေ။

သူက အော်ခေါ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်. . .

အပြင်ဘက်မှ စကားသံများ ထွက်ပေါ်လာ၏။

အပြင်ဘက်၌ လူသုံးယောက်ထက် မနည်း ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရှိလိုက်ရ၏။

အပြင်တက်တွင် ရောက်ရှိနေကြသူများမှာ သူ့လိုပင် မျက်စိလည်လမ်းမှားကာ ဒုက္ခတောထဲမှ ပြေးလာကြသူများလော။

သူသည် စဉ်းစားရင်း၊ ငေးငိုင်နေစဉ် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တဆက်တည်းမှာပင် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားကြသော လူငါးယောက်က စံအိမ်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

သူတို့၏ကျောပေါ်တွင် ဓားတစ်လက်စီ လွယ်ပိုးထားကြသည်။

သူတို့၏မျက်နှာများမှာ ဟန်မူရာကင်းမဲ့၍ အေးစက်တင်းမာလှပေ၏။

သူတို့ငါးယောက်အား ရှေ့မှ ဦးဆောင်လာသူမှာ ခန္ဓာ



ကိုယ်ဝဖြိုးသော လူတစ်ယောက် ဖြစ်သည်။

မုဖြူ၏ခန္ဓာကိုယ် ထိတ်ခနဲ ဖြစ်သွားမိ၏။

သူက ခေါင်းဆောင်ဖြစ်သော ခန္ဓာကိုယ်ဝဖြိုးသည့်လူအား ကောင်းစွာ သိရှိနေသောကြောင့် မဟုတ်ပါလား။

ထိုလူ့နာမည်မှာ ထိုက်ကျင်း ဖြစ်၏။

သူတို့သည် ယင်းနန်ဂိုဏ်းက ငှားရမ်းထားသော ကြေးစားလူသတ်သမားများပင် ဖြစ်၏။

ထိုက်ကျင်းတို့ ကြေးစားအဖွဲ့မှာ လူတစ်ယောက်၏ အသက်အား ပုရွက်ဆိတ်တစ်ကောင်မျှပင် တန်ဖိုးမထားတတ်ကြပါချေ။

မုဖြူက ထိုက်ကျင်းအား ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်၏။

ထိုက်ကျင်းတို့လူစုသည် သူ့အား တွေ့မြင်သွားကြ၏။

ထိုက်ကျင်း၏ မျက်နှာပေါ်တွင် အံ့ဩသော အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

သူက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်၏။

ပြုံးလျှင်. . .

"သြော်. . . လက်စသတ်တော့ ခင်ဗျားက သည်နေရာမှာ လာပြီး ပုန်းနေတာကိုး။ ဟေ့. . . သူ့ကို ဝိုင်းထားလိုက်ကြစမ်း"

ဟု အမိန့်ပေးလိုက်သည်။

ထိုအခါ. . .

www.burmeseclassic.com

www.burmeseclassic.com



ကျန်လူလေးယောက်က မုဖြူအား ဝိုင်းရံထားလိုက်ကြလေသည်။

"ခြိမ်း"

သူတို့အားလုံးသည် ဓားကိုယ်စီ ဆွဲထုတ်ထားလိုက်ကြသည်။

ထို့နောက်. . .

မုဖြူအား တိုက်ခိုက်ရန်လည်း အသင့်ပြင်ထားလိုက်လေသည်။

မုဖြူ၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

သူ၏ခန္ဓာကိုယ်၌ ဒဏ်ရာများစွာ ရရှိထားသည့်အပြင် မိုးရေထဲ၌ အချိန်ကြာမြင့်စွာ လျှောက်လှမ်းခဲ့ရသဖြင့် ခရီးပန်းနေပြီ ဖြစ်သည်။

သို့သော်. . .

သူက ထိုက်ကျင်းတို့၏ တိုက်ခိုက်မှုကို ရှောင်တိမ်း၍ မရကြောင်း နားလည်မိလိုက်လေသည်။

မုဖြူက ဓားကို ဆွဲထုတ်လိုက်၏။

သူက ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

ထိုက်ကျင်းက ရယ်မောလိုက်သည်။

"မုဖြူ၊ မင်းမှာ ခြေထောက်ဆယ်ချောင်း ရှိနေမယ်ဆိုရင်တောင်မှ ကျုပ်တို့လက်ထဲက ပြေးမလို့ မလွတ်တော့ပါဘူး၊ အေးအေးဆေးဆေး အဖမ်းခံရင် အကောင်းဆုံးပါပဲ"



ဟု ပြောလိုက်သည်။

မုဖြူ အံကြိတ်လိုက်၏။

ပြီးလျှင်. . .

"မင်းတို့လို လူယုတ်မာတွေ လက်ထဲကို ကျုပ်အသက်ရှင်လျက် ဘယ်တော့မှ အဖမ်းမခံဘူးဆိုတာ မှတ်ထားပါ"

ဟု အေးစက်စွာ ပြောလိုက်၏။

ထိုအခါ. . .

ထိုက်ကျင်းက သူ့အား စူးစိုက်ကြည့်လိုက်သည်။

"မင်းမှာ ဒဏ်ရာတွေ ရထားတယ်၊ ဒါကြောင့် ခုခံလဲ အပိုပဲ၊ ကျုပ်တို့နဲ့ ပူးပေါင်းပါ"

ဟု ပြော၏။

မုဖြူ မဲ့ပြုံးပြုံးလိုက်သည်။

"တို့. . . မင်းတို့ဟာ ငရဲပြည်သွားရမယ့် လူတွေပဲကွ၊ ကျုပ်က ပူးပေါင်းစရာ မလိုပါဘူး"

ထိုက်ကျင်း ဒေါပွသွား၏။

သူ၏မျက်နှာမှာ ဒေါသကြောင့် နီရဲခက်ထန်နေလေသည်။

သူက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းပြီ၊ ဒါဆိုရင် မင်း သည်နေ့ သေနေ့စေ့ပြီ"

သူ၏အသံ အေးစက်၍ တင်းမာလှသည်။

မုဖြူက. . .

"လူတိုင်း တစ်နေ့ သေကြမှာပဲ၊ ကောင်းမြတ်သော သေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းနဲ့ ယှဉ်သော သေခြင်းသာ ကွာခြားပါတယ်"

ဟု ပြောလိုက်၏။

ထိုက်ကျင်းက စကား မပြောတော့ချေ။

မုဖြူကိုသာ အတန်ကြာအောင် စိုက်ကြည့်နေ၏။

ထို့နောက်. . .

လက်တစ်ချက် မြှောက်ယမ်းပြလိုက်သည်။

"သူ့ကို မလွှတ်စေနဲ့"

သူ၏အမိန့်ပေးသံဆုံးသည်နှင့် ဝိုင်းရံထားသူ လေးယောက်က မုဖြူအား ချက်ချင်းပင် ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

တဆက်တည်းမှာပင်. . .

ထိုက်ကျင်းက သူကိုယ်တိုင်လည်း ဓားကို မြှောက်ယမ်းကာ ဝင်လာသည်။

မုဖြူမှာ ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီး ထိုက်ကျင်းကဲ့သို့ပင် သိုင်းပညာအဆင့်မြင့်လှသော ကြေးစားလူသတ်သမား ငါးယောက်နှင့် တိုက်ခိုက်ရသဖြင့် သတိကြီးစွာထား၍ ကာကွယ်နေရလေသည်။

❋ ❋ ❋



တိုက်ပွဲမှာ ပြင်းထန်လှပေသည်။

ဓားရိပ်နှင့် လူရိပ်များက ခွဲခြား၍ မရအောင် ရှုပ်ထွေးနေလေသည်။

"အား"

ရုတ်တရက်. . .

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

တဆက်တည်းမှာပင် အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်က မုဖြူ၏ဓားချက်ကြောင့် ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

ထိုက်ကျင်း ရင်ထဲထိတ်ခနဲ ဖြစ်သွားလေသည်။

မုဖြူမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီး ငါးယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်နေသည့်တိုင်အောင် သူ၏အဖွဲ့သားတစ်ယောက်အား သုတ်သင်တိုက်ခိုက်နိုင်ပြီ မဟုတ်ပါလော။

မှန်ပေသည်။

ထိုက်ကျင်းက မုဖြူအား ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ပါချေ။

"တိုက်ကြစမ်း"

သူ၏လူများအား အမိန့်ပေးလိုက်လေသည်။

"ဟိတ်"

"ယား"

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကျင်း၏လူများကလည်း ပြေးသံပေးကာ ရှေ့သို့ တိုးလာကြလေသည်။

ထိုအခါ. . .

မုဖြူ မဲ့ပြုံးပြုံးလိုက်သည်။

"သေကြစမ်း"

ဟု အော်ငေါက်လိုက်၏။

ရုတ်တရက်. . .

အနီးကပ်ဆုံး ရှိနေသော လူတစ်ယောက်အား ဓားဖြင့် ခုတ်ချလိုက်သည်။

သူ၏ဓားချက်မှာ ရိုးစင်းလှသော်လည်း ရန်သူ မရှောင်နိုင်သော အချိန်အတွင်းမှာပင် လျင်မြန်စွာ ခုတ်ချလိုက်ခြင်း ဖြစ်သည်။

ဓားရောင်က ဖွေးခနဲ လှုပ်ရှားဝင်းလက်သွားလေသည်။

မုဖြူ၏ဓားက ထိုလူ၏ရင်ဝသို့ တည့်မတ်စွာ စိုက်ဝင်သွားလေသည်။

"စွပ်"

"အား"

ထိုလူမှာ စူးရှစွာ အော်ဟစ်ရင်း လဲကျသွား၏။

ထိုက်ကျင်း၏ မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သို့သော်. . .

သူက အံတင်းတင်းကြိတ်လိုက်သည်။



ပြီးလျှင်. . .

"မုဖြူ သည်ကနေ့ မင်းအသက်ကို ငါရအောင် ယူမယ်"

ဟု ပြောလိုက်၏။

ထို့နောက်. . .

သူက ပို၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

မုဖြူက မဲ့ပြုံးပြုံးလိုက်လေသည်။

"သိပ်ကောင်းတယ်၊ လာလေ၊ မင်းတို့လို လူယုတ်မာတွေကို ငရဲပြည်ပို့ဖို့ ငါစောင့်နေတာ"

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

တဆက်တည်းပင် အဆက်မပြတ် ဓားကို ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

သူ၏တိုက်ခိုက်ပုံမှာ စနစ်တကျ ရှိမနေတော့ချေ။

အရှိန်ပြင်းထန်လွန်းပြီး ကြောက်မက်ဖွယ်ရာ အလွန်ကောင်းနေ၏။

သူ၏ရင်ထဲ၌ မိမိ အသက် မသေသေးသရွေ့ ထိုက်ကျင်းအား အပြီးတိုင် ချေမှုန်းသွားမည်ဟု ဆုံးဖြတ်ထားလေသည်။

မှန်ပေသည်။

ထိုက်ကျင်းမှာလည်း သူ၏တိုက်ပုံကို ကြည့်ပြီး ရင်ထဲ၌ လေးလံလာမိလေသည်။

ထို့အတူ. . .

သူက အခြေအနေ မဟာန်ကြောင်း သဘောပေါက်၍ နား

www.burmeseclassic.com

www.burmeseclassic.com



လည်လိုက်လေသည်။

ထို့ကြောင့်. .

သူ၏လူတစ်ယောက်က. . .

"ဟော့. . . တစ်ယောက် နောက်ဆုတ်ပြီး အမြန် သတင်းပြန်ပို့စမ်း"

အော်ဟစ်အမိန့်ပေးလိုက်လေသည်။

သူ၏အမိန့်ပေးသံဆုံးသည်နှင့် လူတစ်ယောက်က ချက်ချင်း နောက်ဆုတ်သွားသည်။

မုဖြူ ရင်ထတ်သွား၏။

ထိုလူများက မိမိအား မည်သည့်နည်းနှင့်မျှ အလွတ်မပေးတော့ကြောင်း ကောင်းစွာ သိရှိနားလည်လိုက်ချေပြီ။

သူက အန္တရာယ်ကို မစဉ်းစားနိုင်တော့ပါချေ။

ရုတ်တရက်. . .

"မပြေးနဲ့"

ဟု အော်ဟစ်လိုက်၏။

ထို့နောက်. . .

ခုန်ထွက်ပြေးလွှားသွားသော လူနောက်သို့ ရုတ်ခြည်းခုန်အုပ်လိုက်၏။

တဆက်တည်းမှာပင် သူ၏လက်ထဲမှ ဓားက ထိုလူ၏ရင်ဝသို့ ထိုးစိုက်လိုက်လေသည်။

"ဖွပ်"

"အား"



ထိုလူမှာ မည်သည့်နည်းနှင့်မျှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ချေ။

စူးရှကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး အရှပ်ကြီးပြတ်လဲကျသွားလေသည်။

ထိုစဉ်. . .

ယင်းတဒင်္ဂ အချိန်လေးမှာပင် မုဖြူသည် သူ၏နောက်ကျောဘက်မှ လေတိုးသံတစ်ချက် ကြားလိုက်ရ၏။

သူက ရင်ထိတ်သွားသည်။

အနောက်ဘက်သို့ ချာခနဲလှည့်ကာ ဓားဖြင့် ပက်ထုတ်လိုက်၏။ သို့သော် နောက်ကျသွားလေပြီ။

ထိုက်ကျင်း ပစ်လွှတ်လိုက်သော ဓားမြှောင်က သူ၏ကျောပြင်သို့ စူးစိုက်ဝင်သွားလေ၏။

"အား"

မုဖြူ၏ဝမ်းဗိုက်တွင် နာကျင်ပြင်းပြသော ဝေဒနာတစ်ခုဖြစ်ပေါ်လာခြင်းကို ခံစားလိုက်ရလေသည်။

သူ၏ဝမ်းဗိုက်မှ သွေးများ တရဟော စီးဆင်းကျလာသည်။

ထို့နောက် ဒူးများ ကွေးညွှတ်ကာ ကြမ်းပြင်ပေါ်သို့လဲကျသွားလေသည်။

သူ၏ခန္ဓာကိုယ်နှင့် ကြမ်းပြင် မထိတွေ့နိုင်မီ သက်လံမှေ့မြောသွားလေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



## စံအိမ်သခင်

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အရာရာမှာ မှောင်မည်းလျက် ရှိလေသည်။

မုဖြူမှာ အမှောင်ထု၏ဝါးမျိုမှုကို ရုန်းထွက်ရင်း နာကျင်စူးရှသော ဝေဒနာကို ခံစားလိုက်မိလေသည်။

"အား"

စူးရှသော အော်ဟစ်သံက အမှောင်ထုကို ဖြိုခွင်းနိုင်ခဲ့လေသည်။

မုဖြူ၏မျက်လုံးများတွင် အလင်းရောင် ဝင်ရောက်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူသတိပြန်ရလာပြီး မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့အား စိုးရိမ်ကြီးစွာ ကြည့်ရှုနေသည့် လူတစ်ယောက်အား အမှတ်မထင် တွေ့မြင်လိုက်ရလေ၏။



သူသည် မိုးခိုခဲ့သည့် စံအိမ်အတွင်း၌ပင် ရှိနေသေးသည်။

သူ၏ပတ်ဝန်းကျင်တွင် လူသေအလောင်းများ ပြန့်ကျဲလျက်ပင် ရှိနေသေးသည်။

ယင်းအလောင်းများမှာ ထိုက်ကျင်း၏အဖွဲ့သားများ ဖြစ်ကြလေသည်။

ထိုက်ကျင်းကိုမူ မတွေ့ရချေ။

ထိုက်ကျင်းက မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

မုဖြူက အားတင်း၍ ပြောလိုက်၏။

"ထိုက်. . . ထိုက်ကျင်းကော"

သူ့အား စိုးရိမ်စွာ ကြည့်နေသူ၏ မျက်နှာပေါ်တွင် အပြုံးရိပ်များ ထင်ဟပ်လာလေသည်။

"သူ့အတွက် မပူပါနဲ့၊ အခုအချိန်မှာ စကား မပြောနိုင်တော့ပါဘူး"

သူက ပြောရင်း အခန်းထောင့်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

မုဖြူက သူညွှန်ပြရာဆီသို့ ဦးခေါင်းလှည့်လိုက်လေ၏။

ထိုအခါ. . .

အခန်းထောင့်၌ ထိုက်ကျင်း၏အလောင်းကို မြင်တွေ့လိုက်ရလေသည်။

ထိုက်ကျင်းမှာ တပည့်လေးယောက်နှင့်အတူ အမိုက်

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်သိမ်းသွားလေပြီ။

မုဖြူ၏မျက်လုံးများ ဝိုင်စက်ပြူးကျယ်သွားလေ၏။

"ခင်. . . ခင်ဗျားက သူ့ကို သတ်လိုက်တယ် ဟုတ်သလား"

ဟု မေးလိုက်၏။

သူ့အား ပွေ့ထားသော လူရွယ်က သိမ်မွေ့စွာ ပြုံးလိုက်၏။

"သူနဲ့ ခင်ဗျား တစ်ယောက်ယောက် သေရတော့မယ်လေ၊ အကယ်၍ သူ့ကို မသတ်နိုင်ဘူးဆိုရင် အခုလို ခင်ဗျားစကား မပြောနိုင်တော့ပါဘူး"

မုဖြူက လူရွယ်အား ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် ကြည့်နေလေသည်။

"ကျုပ်အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးကို မမေ့ပါဘူး"

လူရွယ်က ဦးခေါင်းကို ခါယမ်းလိုက်သည်။

"ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ခံချင်လို့ ကယ်တင်ခဲ့တာ မဟုတ်ဘူး၊ ခင်ဗျားက ကျုပ်ကို ကျေးဇူးမဆပ်နိုင်ဘူးဆိုတာလဲ ကျုပ်သိတယ်"

မုဖြူ တွေဝေငေးငိုင်သွားသည်။

လူရွယ်က သူ့လက်ကို ဆုပ်ကိုင်ကာ နှစ်သိမ့်လိုက်လေသည်။

"သည်မှာ စိတ်အေးအေးထားပါဗျာ၊ ခင်ဗျားရထားတဲ့ ဒဏ်ရာက မကြာခင် သက်သာသွားမှာပါဗျာ"



မုဖြူ မချိပြုံးပြုံးလိုက်၏။

အခြေအနေမှန်ကို မုဖြူက အမှန်အတိုင်း သဘောပေါက်ပြီး ဖြစ်လေသည်။

သူ၏ဝမ်းဗိုက်မှာ ပြင်းထန်စွာ ကိုက်ခဲနေ၏။

ထို့အပြင်. . .

စကားပြောလိုက်တိုင်း နာကျင်မှုဝေဒနာက သိသိသာသာ တိုးလာနေပြီ မဟုတ်ပါလား။

သူက ပြုံးလိုက်ပြီး. . .

"ကျုပ်ရဲ့ အခြေအနေကို ကျုပ်နားလည်ပါတယ်ဗျာ၊ ဒါနဲ့ ကျုပ် မသေခင် ကျုပ်ရဲ့ကျေးဇူးရှင် ဘယ်သူဘယ်ဝါဆိုတာ သိပါရစေ"

ဟု ပြောလိုက်၏။

လူရွယ် ပခုံးတွန့်လိုက်၏။

"ကျုပ်က သည်နေရာရဲ့ ပိုင်ရှင်ပေါ့"

"ဗျာ"

မုဖြူ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

"မင်းက သည်နေရာရဲ့ပိုင်ရှင် ဟုတ်လား"

လူရွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မုဖြူ မျက်မှောင်ကြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"စောစောတုန်းက သည်နေရာရဲ့ ပိုင်ရှင်တစ်ယောက်ကို တွေ့ခဲ့တယ်"

လူရွယ်က ပြုံးလိုက်သည်။

"သူက ကျုပ်ရဲ့လူယုံတော်ပါ၊ ကျုပ် မရှိတဲ့အချိန်မှာတော့ သူက သည်စံအိမ်ရဲ့ပိုင်ရှင်ပေါ့၊ အခုတော့ ကျုပ်ပြန်ရောက်လာပြီဆိုတော့ သူက ကျုပ်ရဲ့လူယုံတော်ပေါ့၊ ကျုပ်ပြောတာ ဟုတ်တယ် မဟုတ်လား"

ဟု ပြော၏။

မုဖြူ တွေဝေသွား၏။

"အခု သူ ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

လူရွယ်က. . .

"ခင်ဗျားက သူ့ကို တွေ့ချင်လို့လား"

မုဖြူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ဘာကိစ္စ ရှိလို့လဲ"

"ခင်ဗျားပြောတာ မှန်မမှန် သိချင်လို့"

လူရွယ်က အားပါးတရ ပြုံးလိုက်သည်။

"ခင်ဗျား မဆိုးဘူး၊ နောက်ဆုံးအချိန်အထိ သတ္တိအပြည့်ရှိနေတာပဲ"

သူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ သူ့ကို ခင်ဗျား အခုချက်ချင်း တွေ့စေရပါမယ်ဗျာ"



သူက ပြောလိုက်ပြီး တစ်ဖက်သို့ လှည့်ကာ အော်ခေါ်လိုက်၏။

"အိမ်ထိန်းကြီး. . . အိမ်ထိန်းကြီး"

သူ၏အော်သံ ဆုံးသွားသည်နှင့် လူတစ်ယောက်က အခန်းတွင်းမှ ပြေးထွက်လာလေသည်။

ထိုလူမှာ မုဖြူ ဤနေရာသို့ ရောက်စဉ် တွေ့ရှိခဲ့ရသောလူ ဖြစ်သည်။

သူက လူရွယ်အား ဦးညွတ်လိုက်သည်။

"အမိန့်ရှိပါ သခင်လေး"

မုဖြူမှာ အခြေအနေကို ချက်ချင်း သဘောပေါက်သွားလေတော့သည်။

သူ ပထမဦးဆုံး တွေ့ခဲ့ရသူမှာ စံအိမ်ပိုင်ရှင် မဟုတ်ဘဲ ထိုက်ကျင်းအား ဆုံးမလိုက်သည့် လူငယ်သည်သာလျှင် ပိုင်ရှင်အစစ် ဖြစ်နေသည်။

စိတ်လှုပ်ရှားလာသဖြင့် သူ၏အသက်ရှူသံ ပြင်းထန်လာသည်။

လူရွယ်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

"အင်း. . . ခင်ဗျားလဲ ကျုပ်စကားကို ဆုံးအောင် နားထောင်နိုင်မှာ မဟုတ်ဘူး"

မုဖြူ ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သိချင်လွန်းသောဆန္ဒကို အားယူ၍ မေးမြန်းလိုက်လေသည်။

"မင်း...မင်း ဘယ်သူလဲ"

"ကျုပ်လား၊ ခင်ဗျားသိပ်သိချင်တော့လဲ ပြောပြရမှာပေါ့၊ ကျုပ်က ဟောသည် ဝိညာဉ်တစ္ဆေတွေ နေထိုင်တဲ့ သည်စံအိမ်ကြီးရဲ့သခင်ပါပဲ"

မုဖြူ ရင်ထဲတစ်ချက် လှုပ်ရှားသွား၏။

"မင်း...မင်း ထိုက်ကျင်းကို သိုင်းကွက် ဘယ်နှစ်ကွက်နဲ့ အနိုင်ရလိုက်တာလဲ"

ဟု မေးလိုက်၏။

လူရွယ်က လက်တစ်ချောင်း ထောင်ပြလိုက်သည်။

"တစ်ကွက်"

မုဖြူ၏မျက်လုံး ပြူးကျယ်သွား၏။

ထိုက်ကျင်းကဲ့သို့ သိုင်းသမားအား သိုင်းကွက်တစ်ကွက်တည်းနှင့် အသေသတ်နိုင်သည့် လူရွယ်မှာ မည်သူမည်ဝါ ဖြစ်ကြောင်း သူက ခန့်မှန်းသိရှိလိုက်ပြီ မဟုတ်ပါလား။

ထို့ကြောင့်...

သူ၏မျက်လုံးများ ဝင်းလက်တောက်ပလာလေတော့သည်။

သူက လူရွယ်၏လက်အား ပြန်လည်ဆုပ်ကိုင်လိုက်သည်။

"ခင်ဗျား တစ္ဆေတွေနဲ့ ပတ်သက်ပြီး သိုင်းလောကမှာ



နာမည်ကြီးနေတဲ့ ဒဏ္ဍာရီတစ်ပုဒ်ကို ကြားဖူးတယ် မဟုတ်လားဗျာ"

လူရွယ်က မဲ့ပြုံးပြုံးကာ ခေါင်းညိတ်လိုက်သည်။

"ကြားဖူးပါတယ်"

"ဒါဆိုရင် တစ္ဆေတွေနဲ့အတူ နေထိုင်နေတဲ့ ခင်ဗျားဟာ"

သူက ပြောရင်း မော်ဟိုက်လာလေ၏။

မုဖြူက အားတင်းကာ စကားဆက်လိုက်သည်။

"ကျုပ်...ကျုပ်သိသလောက်ဆိုရင် လွန်ခဲ့တဲ့ငါးနှစ်အချိန်ကစပြီး သိုင်းလောကမှာ ဒုစရိုက်သမားတွေကို ဖယ်ရှားနေတဲ့ တစ္ဆေမင်းသားဆိုတာ ရှိတယ်"

သူက အတန်ကြာအောင် နားပြီးမှ စကားဆက်လိုက်လေသည်။

"အဲသည် တစ္ဆေမင်းသားကို အင်မတန် ဒုက္ခရောက်နေကြတဲ့ အဖြူရောင်သိုင်းသမားတွေက တွေ့ချင်နေကြတယ်၊ သူတို့ရဲ့အကြောင်းကို ခင်ဗျားစိတ်ဝင်စားမလား မသိဘူး"

လူရွယ်၏မျက်လုံးများ ရီဝေလာသည်။

သူက မုဖြူအား တည်ကြည်လေးနက်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

သူက အတန်ကြာအောင် စဉ်းစားနေသည်။

ထို့နောက်...

"အင်း...ကျုပ်က စိတ်ဝင်စားတယ်ဗျာ၊ ပြောပြနိုင်သရွေ့ ပြောပြပါ"

www.burmeseclassic.com

www.burmeseclassic.com



မုဖြူ၏ဝေဒနာ ချက်ချင်းလျော့ပါးသွားသည့် သဘော ဟု ထင်မှတ်အောင် ဝမ်းသာသွားမိလေသည်။

"ကျုပ်ဟာ ထင်းနန်ဂိုဏ်းက ဌာနမှူးတစ်ယောက်ပါ၊ ကျုပ်တို့ဂိုဏ်းချုပ်ဟာ မတရားလုပ်ကြံခံခဲ့ရပါတယ်၊ သည်ကိစ္စ ကို ဖြေရှင်းပေးဖို့ မေတ္တာရပ်ခံပါတယ်"

လူရွှယ် မျက်မှောင်ကြုတ်ကာ ထင်းနန်ဂိုဏ်းဟူသော အမည်ကို တီးတိုးရေရွတ်လိုက်လေသည်။

မုဖြူ၏အသံ တဖြည်းဖြည်း တိမ်ဝင်လာသည်။

"ယန်ယီမြို့က အရှုပ်ခေါက်ဆွဲဆိုင်ကို သွားပါ၊ လူဝကြီး နဲ့ တွေ့တဲ့အခါ"

ရုတ်တရက်. . .

မုဖြူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့ သည်။

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်ပြီး ခေါင်းငိုက် စိုက်ကျသွားလေသည်။

လူရွှယ် စိတ်မကောင်း ဖြစ်သွားလေသည်။

မုဖြူ၏ဒဏ်ရာ ပြင်းထန်လွန်းသဖြင့် သူလည်း ဘာမှ မတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေရသည် မဟုတ်ပါလား။

အိမ်ထိန်းကြီး ရှေ့တိုးလာသည်။

"သခင်လေး သူဟာ"

"အင်မတန် သစ္စာရှိပြီး သနားစရာကောင်းတဲ့ လူတစ်



ယောက် ဖြစ်ပါလိမ့်မယ်"

လူရွှယ်က တည်ကြည်သော မျက်နှာထားဖြင့် ဆက် ပြောလိုက်လေသည်။

"သိုင်းလောကထဲမှာ မတရားမှုကြီးတစ်ခုတော့ ဖြစ် ပေါ်နေတာ သေချာတယ်"

ထိုစကားအရ လူရွှယ်(ဝါ)တာရွှေမင်းသားသည် သိုင်း လောကထဲသို့ ဆင်းသွားတော့မည် ဖြစ်ကြောင်း အိမ်ထိန်းကြီးက နားလည်သဘောပေါက်လိုက်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေမင်းသား

ထင်းနန်ဂိုဏ်း. . .။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ထင်းနန်ဂိုဏ်းသည် ဂိုဏ်းချုပ် ဝမ်းရှောင်ကျူး ကွယ်လွန်သွားပြီး သည့်နောက်ပိုင်း ဝမ်းလုံက ဂိုဏ်းချုပ်အဖြစ် တာဝန်ယူပြီး နောက်ပိုင်း ငြိမ်ချက်သားကောင်းနေလေသည်။

ယခုတလော ထင်းနန်ဂိုဏ်းအား သိုင်းလောက ဒဏ္ဍာရီမှ တစ္ဆေမင်းသားဆိုသူက ဒုက္ခပေးလိမ့်မည်ဟူသော အသံသဲ့သဲ့ ထွက်ပေါ်လာခဲ့လေ၏။

တစ္ဆေမင်းသားသည် မကောင်းမှု ပြုလုပ်သူများကိုသာ ရွေးချယ်၍ ဆုံးမသုတ်သင်လေ့ ရှိသည်ဟု အများက သိထားကြသည်။



ထို့ကြောင့်. . .

ထင်းနန်ဂိုဏ်းအား တိုက်ခိုက်မည်ဆိုသည့် သတင်းမှာ ထူးဆန်းနေပေတော့သည်။

ဂိုဏ်းချုပ်ဝမ်းရှောင်ကျူး ကွယ်လွန်သွားသည့် ကိစ္စမှာလည်း မရှင်းမလင်း ဖြစ်နေသည်ဟု ထိုသူက ဆိုနေ၏။

ထင်းနန်ဂိုဏ်းနှင့် တစ္ဆေမင်းသားတို့၏ ပတ်သက်မှုများအား စိတ်ဝင်တစား ရှိနေမိကြသော သိုင်းလောကသားများသည်လည်း စိတ်ဝင်စားလာကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောက၌ ထူးခြားသော သတင်းများ ထွက်ပေါ်လာချိန်တွင် ထင်းနန်ဂိုဏ်း၌ ထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည်။

လူရွယ်တစ်ယောက်က မြွေအသေတစ်ကောင်ကို လာရောက်ပို့ပေးသွားခြင်း ဖြစ်လေသည်။

ထင်းနန်ဂိုဏ်းသည် ထိုလူရွယ်အား စိတ်ဝင်စားကာ သဲကြီးမဲကြီး ဖြစ်ခဲ့ကြလေတော့သည်။

❋ ❋ ❋

ယန်ယီမြို့မှ အရှုပ်ခေါက်ဆွဲဆိုင်သို့ ညဥ့်နက်တော့မှ စားသောက်မည့် လူရွယ်တစ်ယောက်က ရောက်ရှိလာလေသည်။

အနားယူရန် ပြင်ဆင်နေသော ဆိုင်ရှင်လူဝကြီး စိတ်ပျက်သွားလေသည်။

"သည်ကနေ့ ရောင်းချဖို့ ကြော်ထားတဲ့ ခေါက်ဆွဲတွေ ကုန်သွားပြီ၊ မင်းစားချင်တယ်ဆိုရင် မနက်ဖြန်မှ လာပေတော့"

ဟူ၍ ဆီးပြောလိုက်လေသည်။

လူရွယ်က ပြောလိုက်သည်။

"ကိစ္စ မရှိပါဘူး ခင်ဗျာ၊ ခင်ဗျားမှာ ရောင်းစရာ ခေါက်ဆွဲကြော် ရှိတယ်ဆိုရင်တောင် ကျုပ်စိတ်မဝင်စားပါဘူး"

ထိုအခါ. . .

လူဝကြီး မျက်မှောင်ကြုတ်သွားသည်။



သူက လူရွယ်အား နားမလည်သလို ကြည့်ကာ. . .

"မင်းက. . ."

လူရွယ် ပြုံးလိုက်သည်။

ပြီးလျှင်. . .

"ကျုပ်က ပူပူနွေးနွေး ကင်ထားတဲ့ မြွေသားကင်ကို စားချင်တာပါ"

ဟု ပြောလိုက်သည်။

လူဝကြီး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာသည်။

သူက လူရွယ်အား ကြည့်ကာ ပြုံး၍ ခေါင်းညိတ်ပြလိုက်လေသည်။

"ဒါဆို အတော်ပဲ၊ ကျုပ်မှာ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင် ရထားတယ်၊ မီးကင်ပေးမယ်၊ မင်းစားမလား၊ ကျုပ်က အသားကင်တာလဲ တော်ပါတယ်"

ဟု ပြောလိုက်၏။

လူရွယ် သဘောကျသွား၏။

လူဝကြီးအား ကြည့်ကာ. . .

"သိပ်ကောင်းတာပေါ့ဗျာ၊ ကျုပ်ဗိုက်ဆာနေပေမယ့် စောင့်ပါ့မယ်"

ဟု ပြောလိုက်သည်။

လူဝကြီး ခေါင်းညိတ်လိုက်သည်။

လူရွယ်အား စိုက်ကြည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ကျုပ်ကောင်းကောင်းမွန်မွန် ကင်ပေးပါ့မယ်၊ ဒါပေမယ့် ကင်ပြီးရင်တော့ ကုန်အောင် စားရမယ်"

လူရွှယ် ပြုံးလိုက်၏။

"ကျုပ်ပြောပြီးပြီလေ၊ ကျုပ်က မြွေသားကင်ဆို အရမ်းကြိုက်တာ၊ ခင်ဗျားသွားကင်မှာသာ မြန်မြန်သွားကင်လိုက်စမ်းပါ၊ ကျုပ်ကုန်အောင် စားပါ့မယ်"

ဟု ပြောလိုက်၏။

လူဝကြီးက. . .

"ဒါဆို ခဏစောင့်ပါ"

လူရွှယ် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

ထို့နောက်. . .

လူဝကြီးက လူရွှယ်အား နေရာထိုင်ခင်း ပေးလိုက်လေတော့သည်။

❁ ❁ ❁



လူရွှယ် ထိုင်စောင့်နေလိုက်၏။

လူဝကြီးက မြွေသားကင်ရန်အတွက် ထွက်ခွာသွားပြီဖြစ်ပါသည်။

မကြာပါချေ။

လူဝကြီး ပြန်ရောက်လာ၏။

ထို့အတူ. . .

သူ၏လက်ထဲတွင်လည်း အငွေ့တထောင်းထောင်း ထနေသော မြွေသားကင် ပါလာ၏။

လူဝကြီးက မြွေသားကင်ပန်းကန်ကို စားပွဲပေါ် တင်လိုက်၏။

ပြီးမှ. . .

"ကဲ. . . မြွေသားကင် ပူပူနွေးနွေး စားလို့ ရပါပြီဗျာ"

ဟု ပြောလိုက်သည်။

လူရွှယ် ခေါင်းညိတ်လိုက်၏။

"ဟာ. . . မွှေးကြိုင်နေတာပဲ၊ တော်တော်စားလို့ကောင်းမှာ၊ ခင်ဗျားကော စားဦးမလား"

ဟု မေးလိုက်၏။

လူဝကြီး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ခေါက်ဆွဲကြော်စားထားတာ ဗိုက်ပြည့်နေပါပြီ"

လူရွှယ်က. . .

"ဒါဆို ကျုပ်စားပြီ"

ပြောပြောဆိုဆို စားသောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က မြွေသားကင်ကို စတင်စားသောက်နေပြီ ဖြစ်ပါသည်။

ထိုစဉ်. . .

ဆိုင်ရှင်လူဝကြီးက နံဘေးတွင် ရပ်ကြည့်နေရင်းမှ ဝါး ခနဲ တစ်ချက်သမ်းလိုက်လေသည်။

"ဝါး"

လူရွယ်က သူ့အား ခေါင်းမော့ကြည့်လိုက်၏။

"ခင်ဗျား အိပ်ချင်နေပြီ ထင်တယ်"

ဟု မေးလိုက်၏။

ဆိုင်ရှင်လူဝကြီး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ် အရင်တုန်းက သည်အချိန်ဆိုရင် အိပ်နေပြီဗျ"

ဟု ပြော၏။

လူရွယ်က. . .

"ကောင်းပြီလေ၊ ဒါဆိုရင်လဲ ခင်ဗျားအိပ်ပေတော့"

ဟု ပြောလိုက်၏။

ထိုအခါ. . .

ဆိုင်ရှင်လူဝကြီးက သူ့အား တစ်ချက်မျှ စိုက်ကြည့် လိုက်သည်။

ပြီးလျှင်. . .

"မင်းကော"

ဟု မေးလာ၏။



လူရွယ်က ပြုံးလိုက်၏။

"ကျုပ်လဲ သည်မှာပဲ အိပ်မှာပေါ့"

ဆိုင်ရှင်လူဝကြီးက ချက်ချင်းပင် ခေါင်းခါယမ်းလိုက် လေသည်။

"ဟာ. . . မဖြစ်ဘူး ထင်တယ်"

လူရွယ်က မျက်ခုံးပင့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

ဟု မေးလိုက်၏။

ထိုအခါ. . .

ဆိုင်ရှင်လူဝကြီးက ဆိုင်အနောက်ဘက်သို့ လက်ညှိုး ထိုးညွှန်ပြလိုက်သည်။

"ဆိုင်အနောက်ဘက် လမ်းကြားကလေးက သွားရင် မြို့ပြင်သချိုင်းကို ရောက်တယ်"

ဟု ပြော၏။

လူရွယ် မျက်မှောင်ကြုတ်လိုက်၏။

ဆိုင်ရှင်လူဝကြီးကို ကြည့်ကာ. . .

"အဲဒါ ဘာဖြစ်လဲ"

ဟု မေးလိုက်၏။

ဆိုင်ရှင်လူဝကြီးက သူ့အား မျက်လုံးပြူး၍ ကြည့်လိုက် ပြန်သည်။

"အဲသည်မှာ သွားအိပ်ပေါ့"

လူရွယ် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမအိပ်ရဲစရာအကြောင်း ရှိလို့လဲ"

"ကောင်းပြီလေ၊ မင်း အိပ်ရဲတယ်ဆိုရင်တော့ အိပ်ပေါ့၊ တစ်ခုတော့ရှိတယ်"

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလေသည်။

လူရွယ်က သူ့အား စေ့စေ့ကြည့်လိုက်သည်။

လူဝကြီးက. . .

"သည်လိုဗျ၊ ကျုပ်ဆိုင်မှာ အိပ်တဲ့လူတိုင်းဟာ မနက်လင်း အချိန်ကျရင် သင်္ချိုင်းကို ရောက်နေတတ်ကြလို့ပါ"

ဟု ပြောလိုက်၏။

ထိုအခါ. . .

လူရွယ်၏မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။

"ဩော်. . . ဟုတ်လား၊ တစ်ညတည်းနဲ့ နှစ်နေရာပြောင်းအိပ်ရတာဆိုတော့ ဘယ်ဆိုးလို့လဲ၊ ပျော်စရာကောင်းတာပေါ့"

လူဝကြီးက သူ့အား အံ့သြစွာ ကြည့်လိုက်၏။

"မင်းက သည်ကိစ္စကို ပျော်စရာတစ်ခုလို သဘောထားသလား"

ဟု မေးလေသည်။

လူရွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

လူဝကြီးက သူ့အား စေ့စေ့ကြည့်လိုက်သည်။



"ကောင်းပြီလေ၊ မင်းအမြဲတမ်း ပျော်ရွှင်နိုင်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်"

သူက ပြောလိုက်၏။

ထို့နောက်. . .

အနောက်ဘက်သို့ လှမ်းဝင်သွားလေသည်။

လူရွယ်က ဆိုင်ရှင်မှာ အိပ်ချင်နေပြီ ဖြစ်ကြောင်းကို သဘောပေါက် နားလည်လိုက်လေသည်။

ထို့ကြောင့်. . .

သဘောကျစွာပြုံးရင်း အရက်နှင့် မြွေသားကင်ကို ဆက်၍ စားသောက်နေ၏။

မကြာပါချေ။

မြွေသားကင်နှင့် အရက်များမှာ တက်တက်စင်အောင် ပြောင်သွားပြီ ဖြစ်သည်။

လူရွယ်မှာ ဗိုက်ဝသွားပြီ ဖြစ်သည်။

ထိုအခါ သူသည် တဖြည်းဖြည်း ငိုက်စင်းလာလေသည်။

သူက လက်နှစ်ဖက်ကို ဆန့်တန်းရင်း ဝါးခနဲ တစ်ချက်သမ်းလိုက်၏။

"အိပ်ဖို့ အချိန်တန်ပြီ၊ ပျော်စရာကောင်းတဲ့ ညပဲ ဖြစ်မှာပါ"

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



ည. . .။

တိတ်ဆိတ်သောည. . .။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေလေသည်။

လ၏ပိုးတဝါး အလင်းရောင်မှာ အမှောင်ထုကို အန်တုနိုင်စွမ်း မရှိပါချေ။

ည၏လေက တဖြည်းဖြည်း အေးစိမ့်လာလေသည်။

ရှည်လျားသော ခွေးအူသံများက တစ်ချက်တစ်ချက် ထွက်ပေါ်လာလေသည်။

ခေါက်ဆွဲဆိုင်လေးမှာ အမှောင်ထုအောက်တွင် ငြိမ်သက်စွာ အိပ်မောကျနေလေသည်။

မီးရောင်များ ပျောက်ကွယ်သွားပြီး လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရတော့ပါချေ။

လူရွယ်က ဆိုင်ကလေး အတွင်းရှိ စားပွဲ ကုလားထိုင်ကို ပေါင်းစပ်၍ ကွပ်ပျစ်တစ်လုံးသဖွယ် ဖန်တီးလိုက်သည်။



ထို့နောက်. . .

အေးဆေးစွာ တက်အိပ်လိုက်၏။

အတန်ကြာသောအခါ ခပ်မှန်မှန် ဟောက်သံပင် ထွက်ပေါ်လာလေသည်။

"တုံ. . . တုံ. . . တုံ"

အဝေးမှ အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာသည်။

ဤအချိန်မှာ လူသားတို့အတွက် အလွန်အိပ်မောကျဖွယ်ကောင်းသော အချိန်ပင် ဖြစ်သည်။

အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာပြီး ချိန်၌ ဆိုင်ကလေး၏ အနောက်ဘက် တံခါးတစ်ချပ် ပွင့်လာလေသည်။

တဆက်တည်းမှာပင် လူရိပ်တစ်ခု ဆိုင်ထဲသို့ လွှားခနဲ ပြေးဝင်လာလေသည်။

သူ၏လှုပ်ရှားပုံမှာ လျင်မြန်လှပြီး ခြေသံပင် မကြားရပါချေ။

သူက လူရွယ် အိပ်နေရာသို့ ဦးတည်ကာ တရွေ့ရွေ့ ချဉ်းကပ်လာသည်။

ထိုလူမှာ ဆိုင်ရှင်လူဝကြီးပင် ဖြစ်သည်။

သူ၏မျက်နှာမှာ ရက်စက်ကြမ်းကြုတ်သော လူသတ်သမား၏ မျက်နှာကဲ့သို့ ခက်ထန်ကြမ်းတမ်းနေလေသည်။

သူက လူရွယ်၏အနီးသို့ ရောက်ရှိလာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"မင်းလဲ သချိုင်းကို သွားပါတော့"

သူက ယင်းသို့ ပြောပြီး လူရွှယ်အား ပွေ့ချီလိုက်လေသည်။

သူ၏ဟန်မူရာမှာ လူရွှယ် လန့်နိုးသွားမည်ကို လုံးဝပူပန်ခြင်း မရှိပါချေ။

လူရွှယ်အား ပွေ့ချီရင်း အေးဆေးသော ခြေလှမ်းအစုဖြင့် ဆိုင်အနောက်ဘက်သို့ ရောက်လျှင် တံခါးကို တွန်းဖွင့်ကာ မီးဖိုချောင်ထဲ ဝင်သွားလေသည်။

ထိုမှတဆင့် လမ်းကြားလေးအတိုင်း အနောက်ဘက်သို့ ဦးတည်လမ်းလျှောက်လာသည်။

သူ၏ခြေလှမ်း ဦးတည်ရာအရပ်၌ လူနေအိမ်ခြေဟူ၍ မရှိပါချေ။

ထိုလူရွှယ်အား ပြောပြခဲ့သည့်အတိုင်း သချိုင်းကိုသာ မြင်တွေ့ရလေသည်။

ဝိုးတဝါး လရောင်အောက်တွင် ဖြူဖွေးသော အုတ်ဂူများကို မသဲမကွဲ တွေ့မြင်နေရသည် မဟုတ်ပါလား။

ရုတ်တရက် . . .

ခွေးအူသံများကလည်း ထိတ်လန့်ဖွယ်ရာ ဆွဲဆွဲငင်ငင် ထွက်ပေါ်လာပြန်သည်။

ဤမျှ ကြောက်စရာကောင်းသော ညမျိုးတွင် လူဝကြီးက မည်သည့်ရည်ရွယ်ချက်ဖြင့် လူရွှယ်အား သချိုင်းရှိရာသို့



ခေါ်ဆောင်လာရပါသနည်း။

ထိုလူဝကြီးမှာ မည်သူ ဖြစ်ပါသနည်း။

❋ ❋ ❋

လူဝကြီးက ဆိုင်အနောက်ဘက် တံခါးမှ ထွက်ခွာသွားပြီးနောက် ခေါင်မိုးပေါ်မှ ရုတ်တရက် လူရိပ်သုံးခု ထွက်ပေါ်လာလေသည်။

မသဲကွဲသော အလင်းရောင်ကြောင့် လူရိပ်နှစ်ခုမှာ ပိန်ပိ ပါးပါး ဖြစ်ပြီး ကျန်လူရိပ်တစ်ခုမှာ ဝဝပုံသဏ္ဍာန်ရှိ၏။

ညဉ့်နက်သန်းခေါင် လူဝကြီး ခေါက်ဆွဲဆိုင်ကလေး၏ ခေါင်မိုးပေါ်သို့ လျှို့ဝှက်လှုပ်ရှားနေသူများမှာ မည်သူများ ဖြစ်ပါသနည်း။

သိုင်းလောကတွင် လူတိုင်းလူတိုင်းသည် တန္ခွေမင်းသားအား စိတ်ဝင်စားလျက် ရှိကြလေသည်။

ထို့ကြောင့် . . .

တန္ခွေမင်းသားက ထင်းနန်ဂိုဏ်းအား တိုက်ခိုက်မည်ဟု သတင်းထွက်ပေါ်လာသောအခါ သိုင်းလောကသားများသည် ယန်ယီမြို့သို့ တိတ်တဆိတ် ရောက်လာကြပြီး အကဲခတ် စောင့်ကြည့်နေခဲ့ကြသည်။

ထင်းနန်ဂိုဏ်းအား မြွေအသေတစ်ကောင် လက်ဆောင်ပေးခဲ့သောလူရွှယ်နှင့် လျှို့ဝှက်သော ခေါက်ဆွဲဆိုင်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ရှင်လူဝကြီးသည် အများ၏စိတ်ဝင်စားစရာ ဖြစ်နေလေတော့သည်။

နေရာမလပ်အောင် စောင့်ကြည့်နေကြလျက် ရှိသော သိုင်းလောကသားများအနက် သိုင်းသမားအချို့က လူဝကြီး၏ လုပ်ရပ်ကို ခြေရာခံမိသွားခြင်း ဖြစ်လေတော့သည်။

လူဝကြီးကလည်း တွေဝေစဉ်စားမနေတော့ဘဲ လူရွယ်အား ပွေ့ချီကာ အမှောင်ထုထဲသို့ လျင်မြန်စွာ တိုးဝင်လိုက်လေတော့သည်။

❁ ❁ ❁



# လှည့်ကွက်

ညဉ့်. . .။

ညဉ့်နက်လှပြီ ဖြစ်ပေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်မှောင်မည်းနေလေသည်။

"အူး. . .ဝူး. . .ဝူး"

ရုတ်တရက် ဆွဲဆွဲငင်ငင် ထွက်ပေါ်လာသော ခွေးအူသံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေသည်။

သချိုင်း၏ညဉ့်မှာ ခြောက်သွေ့လျက် ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှပေသည်။

လရောင်၏ မပီဝိုးတဝါး လရောင်အောက်တွင် ဖြူဖွေးနေသော အုတ်ဂူများကို တွေ့မြင်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့အုတ်ဂူများက သစ်လွင်တောက်ပလျက် ရှိသေးသော်လည်း အချို့အုတ်ဂူများမှာ ယိုယွင်းပျက်စီးနေပြီ ဖြစ်သည်။

လူဝကြီးက အုတ်ဂူများကို ကွေ့ပတ်ကာ လျှောက်သွားနေလေသည်။

သူသည် ဤနေရာသို့ မကြာခဏ ရောက်ခဲ့ဖူးပုံ ရလေသည်။

သင်္ချိုင်းမြေမှာ သူနှင့် အလွန်ရင်းနှီးကျွမ်းဝင်နေသည့် အလားပင်။

သူက လူရွယ်အား အချိန်ကြာမြင့်စွာ ပွေ့ချီလာခဲ့သော်လည်း လက်ညောင်းခြင်း၊ မောပန်းခြင်း ရှိပုံ မတွေ့ရပါချေ။

အုတ်ဂူများကို ကွေ့ပတ်ရင်း အရှေ့ဘက်ရှိ ဇရပ်ပျက်ကြီးတစ်ခုကို ဘွားခနဲ တွေ့မြင်လိုက်ရသည်။

ဇရပ်ပျက်ကြီးမှာ ညအမှောင်အောက်တွင် မကောင်းဆိုးဝါးတစ်ကောင်အလား မလှုပ်မယှက် ရှိနေလေသည်။

ရုတ်တရက် လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသဖြင့် ဇရပ်ပျက်ကြီးမှာ မကောင်းဆိုးဝါးတစ်ကောင်၏ အော်မြည်သံအလား တကျွီကျွီ တအီအီ မြည်သံများ ထွက်ပေါ်လာလေသည်။

ယင်းဇရပ်ပျက်ကြီးမှာ သင်္ချိုင်းမြေအတွင်း အလောင်းများ မြှုပ်နှံထားသော အလုပ် လုပ်ကိုင်ကြသည့် သုဘရာဇာများ၏ ကွန်းခိုအနားယူရာ စခန်းကြီး ဖြစ်လေသည်။



လူဝကြီးက လူရွယ်ကို ပွေ့ပိုက်လျက် ဇရပ်ပျက်ကြီးပေါ်သို့ ကျောက်လှေကားထစ်များအတိုင်း နင်းကာ တက်သွားလေသည်။

ဇရပ်ပျက်ကြီး၏ အချို့နေရာများတွင် အမိုးများ ကျန်ရှိနေသေးသဖြင့် အောက်ဘက်တွင် အမှောင်ရိပ်က ထိုးကျနေလေသည်။

လူဝကြီးမှာ ဇရပ်ပျက်ကြီးပေါ်သို့ တက်ကာ အမှောင်ထုထဲသို့ တိုးဝင်ကွယ်ပျောက်သွားလေတော့သည်။

❋ ❋ ❋

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသည်။

တိတ်ဆိတ်ခြောက်ချားခြင်းက သင်္ချိုင်းမြေထဲသို့ ရောက်ရှိလာသည်။

ညဥ့်ငှက်မှာ အဝေးမှ ပျံသန်းလာရသဖြင့် မောပန်း၍လား မသိပါချေ။

သစ်ပင်တစ်ပင်ထိပ်တွင် နားခိုလိုက်လေသည်။

ရုတ်တရက် သင်္ချိုင်းမြေအတွင်းမှ ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာ မြင်ကွင်းကို တွေ့မြင်လိုက်၍လားမသိ။

အစ်ခနဲမြည်ကာ အဝေးသို့ လျင်မြန်စွာ ပျံသန်းသွားပြီး အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ညဥ့်ငှက်နားခိုသော သစ်ပင်ကြီးအောက်တွင် ကြီးမား

www.burmeseclassic.com

www.burmeseclassic.com



သော အုတ်ဂူတစ်ခုမှလွဲ၍ အခြား မရှိပါချေ။

ကြီးမားသော အုတ်ဂူမှာ ဟောင်းနွမ်းနေပြီ ဖြစ်၏။

သို့သော် ပျက်စီးခြင်း မရှိပါချေ။

တစ်စုံတစ်ယောက်က ယင်းအုတ်ဂူကို ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု ထင်မှတ်ရ၏။

အုတ်ဂူပေါ်တွင် ရေညှိတတ်နေမှု မရှိသကဲ့သို့ အုတ်ပြားများ ကွာကျခြင်း မရှိပါချေ။

ရုတ်တရက် ယင်းအုတ်ဂူမှာ ကမ္ဗည်းထိုးထားသော စာတန်းက နံဘေးသို့ ရွေ့လျားသွားလေသည်။

အတန်ကြာ ကျောက်ပြားရွေ့ပြီးနောက် အပေါက်တစ်ခု ဖြစ်ပေါ်လာခြင်းကို မြင်တွေ့လိုက်ရ၏။

ထို့နောက် လူတစ်ယောက်က ယင်းအပေါက်ဆီမှ လှမ်းထွက်လာခြင်းကို မြင်တွေ့လိုက်ရ၏။

ထိုလူမှာ ဆိုင်ရှင်လူဝကြီးပင် ဖြစ်သည်။

ထိုလူဝကြီးက လူရွယ်အား ပွေ့ပိုက်ထားဆဲပင် ဖြစ်ပေသည်။

သူက အုတ်ဂူတွင်းမှ ထိုးထွက်လာပြီးနောက် လူရွယ်အား မြေပေါ်သို့ ချလိုက်၏။

ထို့နောက် ကမ္ဗည်းထိုးထားသော ကျောက်ပြားကို လက်ဖြင့် ပိတ်လိုက်သည်။

ယင်းအချိန်မှ သူက သက်ပြင်းတစ်ချက်ချလိုက်လေတော့သည်။



"အင်း. . . သူတို့ကို မျက်ခြည်ပြတ်အောင် လုပ်နိုင်ခဲ့လို့ တော်ပါသေးရဲ့"

သူက တီးတိုးရေရွတ်လိုက်သည်။

"ခင်ဗျား မဆိုးဘူး၊ ဒါပေမယ့် နောက်ယောက်ခံလိုက်လာတဲ့ သူတွေ ရှိနေသေးတယ်ဗျ"

ရုတ်တရက် အလွန်တိုးညင်သော အသံ ထွက်ပေါ်လာလေသည်။

လူဝကြီး၏ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားသည်။

သူက အနောက်ဘက်သို့ ချာခနဲလှည့်ကာ ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရှုလိုက်၏။

သို့သော် နှစ်မြိုက်စွာ အိပ်မောကျနေသော လူရွယ်မှလွဲ၍ မည်သူတစ်စုံတစ်ယောက်မျှ မတွေ့ရပါ။

ဆိုင်ရှင်လူဝကြီး မျက်နှာကွက်ခနဲ ပျက်သွားလေတော့သည်။

သူက သင်္ချိုင်းမြေအတွင်းရှိ ပုန်းကွယ်နေသော နေရာများအား ပို၍ သေချာအောင် ထပ်မံအကဲခတ် ကြည့်ရှုလိုက်သည်။

ထိုအချိန်တွင် အလွန်တိုးညင်းသော စကားသံက ထွက်ပေါ်လာပြန်သည်။

"အုတ်ဂူရဲ့ ယာဘက်မှာ ဝမ်းလုံရဲ့လူတွေ ရှိနေတယ်၊ သူတို့ကိုတော့ ခင်ဗျားလှည့်စားလို့ ရမှာ မဟုတ်တော့ပါဘူး"

စကားသံက တိုးညင်းလှသော်လည်း ကြည်လင်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



သားလာပေသည်။

လူဝကြီး၏နဖူးပြင်မှ ချွေးများ စိမ့်ထွက်လာလေသည်။

သူသည် သရဲတစ္ဆေကို ယုံကြည်သူ မဟုတ်သဖြင့် သရဲခြောက်ခြင်းဟု မခံစားရပါချေ။

သူ၏ပတ်ဝန်းကျင်၌ သတိပေးပြောဆိုနေသူတစ်ဦး ရှိနေပြီဟု သိလိုက်လေသည်။

ဤသို့ဆိုလျှင် သတိပေးပြောဆိုနေသူမှာ မည်သူ ဖြစ်ပါသနည်း။

လူဝကြီး၏မျက်လုံးအစုံ နှစ်ခြိုက်စွာ အိပ်မောကျနေသော လူရွယ်ထံသို့ ရောက်ရှိသွားလေသည်။

သူက ပြုံးလိုက်မိသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"အင်း အမှန်တော့ ကျုပ်ဟာ မင်းကို အလွယ်တကူ ဖမ်းလို့ မရဘူးဆိုတာ သဘောပေါက်သင့်ပါတယ်၊ အခုတော့ မင်းက ကျုပ်ရဲ့လျှို့ဝှက်ချက်ကို အတော်လေး သိသွားပြီကိုး"

လူရွယ်က တုတ်တုတ်မျှ မလှုပ်ပါချေ။

သူက နှစ်ခြိုက်စွာ အိပ်နေဆဲ ဖြစ်၏။

လူဝကြီးက တင်းမာသော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"မင်းက အတော် ဟန်ဆောင်ကောင်းတာကိုး၊ ဒါပေမယ့် ကျုပ်ကို လှိမ့်လို့ မရဘူးဆိုတာ နားလည်ထားစမ်းပါ"

လူရွယ်က နှစ်ခြိုက်စွာ အိပ်မောကျနေဆဲပင်။



သို့သော်. . .

"ခင်ဗျားစကားတွေ အများကြီး ပြောမနေနဲ့၊ ကျုပ်ထက် ဝမ်းလုံရဲ့လူတွေက ကြောက်စရာကောင်းတယ်ဆိုတာ သတိထားပါ၊ ကျုပ်က ခင်ဗျားကို သတ်ချင်မှ သတ်မှာ၊ ဒါပေမယ့် ဝမ်းလုံရဲ့လူတွေကတော့ ညှာတာမှာ မဟုတ်ဘူး"

ဆိုင်ရှင်လူဝကြီး ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားလေတော့သည်။

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်ရဲ့လျှို့ဝှက်ချက်တွေ ပေါ်ကုန်ပြီဆိုတော့ ကျုပ်သေလဲ မထူးတော့ပါဘူး၊ ဒါပေမယ့် ဝမ်းလုံလို လူယုတ်မာကို မသတ်ရတာကိုတော့ ရင်ထဲမှာ နာကျည်းတယ်"

"ခင်ဗျား ဘာဖြစ်လို့ ဝမ်းလုံကို သတ်ချင်ရတာလဲ"

"ဒါ မင်းနဲ့ မဆိုင်ပါဘူး"

သူ၏အသံက တင်းမာအေးစက်နေလေသည်။

လူရွယ်ထံမှ အလွန်တိုးညင်းသော ရယ်မောသံ ထွက်ပေါ်လာပြန်လေသည်။

"ခင်ဗျား သေချာပြောနိုင်သလား"

လူဝကြီးက မျက်မှောင်ကြုတ်လိုက်သည်။

"မင်းစကားက ဘာအဓိပ္ပါယ်လဲ"

"ကျုပ် ဒီကိစ္စမှာ အနည်းဆုံးတော့ ခင်ဗျားတို့ကို အကူအညီပေးနိုင်ပါတယ်"

လူဝကြီးက တွေဝေသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရင်ထဲ၌ လူရွယ်မှာ ထူးခြားမှု တစ်စုံတစ်ရာ ရှိနေသူဟု ခံစားမိနေလေသည်။

သို့သော် မိမိ၏လျှို့ဝှက်ချက်ကို လူရွယ်က ကုန်စင်အောင် သိထားသောကြောင့် မိမိရန်သူ ဖြစ်လေသည်။

ထို့ကြောင့် သူက လူရွယ်ကို ကြည့်ရင်း မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်းက တစ္ဆေမင်းသားကို သတ်မလို့လား"

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသေသေချာချာ သိလို့လား"

"မင်း ဘယ်သူပဲဖြစ်ဖြစ် ကျုပ်ရဲ့လျှို့ဝှက်ချက်ကို သိရှိထားတဲ့လူဆိုတော့ ကျုပ်သတ်ပစ်ရမှာပဲ"

လူရွယ်က မျက်လုံးမှိတ်ထားဆဲပင် ဖြစ်သည်။

သို့သော် သူ၏နှုတ်ခမ်းများကမူ ပြုံးနေလေသည်။

"အကယ်၍သာ မုဖြူက အကူအညီတောင်းလို့ လာခဲ့တာဆိုရင်တော့ ခင်ဗျားက ကျုပ်ကို သတ်ဦးမှာလား"

မုဖြူဆိုသော နာမည်ကြောင့် လူဝကြီး၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူက လူရွယ်အား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်လေသည်။

"မုဖြူ ဟုတ်လား"

"ဟုတ်တယ်"

"သူ အခု ဘယ်မှာလဲ"



"သေပြီ"

လူရွယ်၏အဖြေက တိုတောင်းလှပေသည်။

လူဝကြီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး စကားမဆက်နိုင်တော့ချေ။

တစ်ခဏအကြာတွင် သူ၏မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

သချိုင်းမြေတစ်ခုလုံး ငြိမ်သက်နေသည်။

လူဝကြီးကလည်း ငြိမ်သက်စွာ ဒူးထောက်နေလေတော့သည်။

သူ၏ပုံသဏ္ဌာန်မှာ တစ်စုံတစ်ယောက်အား စောင့်မျှော်နေခြင်းနှင့် တူလှပေသည်။

အမှန်တွင် သူငြိမ်သက်စွာ ထိုင်နေခြင်းမှာ လူရွယ်နှင့် စကားပြောနေခြင်း ဖြစ်သည်။

သို့သော် သူတို့နှစ်ယောက်အား အဝေးမှ ကြည့်ပါလျှင် တစ်ယောက်က မြေပြင်ပေါ်၌ ငြိမ်သက်စွာ လဲလျောင်းကာ အိပ်ပျော်နေပြီး ကျန်တစ်ယောက်က ထိုင်နေသည်ဟု ထင်ရသည်။

လူရွယ်မှာ သတိကောင်းစွာ ရရှိနေပြီဟု မည်သူမျှ ရိပ်စားမိမည် မဟုတ်ပါချေ။

ထို့အတူ မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်၏ နောက်

www.burmeseclassic.com



ကွယ်မှ ချောင်းမြောင်းကြည့်ရှုနေသူ နှစ်ယောက်ကလည်း မရိပ်မိပါချေ။

ယင်းနှစ်ယောက်မှာ ထင်းနန်ဂိုဏ်းမှ ဂိုဏ်းချုပ်ဝမ်းလုံ၏ ကိုယ်ရံတော်များပင် ဖြစ်ကြလေသည်။

◉ ◉ ◉

ထင်းနန်ဂိုဏ်း. . .။

ထင်းနန်ဂိုဏ်းတစ်ခုလုံး မီးရောင်များ ထိန်ထိန်လင်းနေလေသည်။

ထင်းနန်ဂိုဏ်း၏ဂိုဏ်းချုပ် ဝမ်းလုံမှာ ငြိမ်သက်စွာ ထိုင်နေသည်။ သူက ငြိမ်သက်စွာ ထိုင်နေသော်လည်း စိတ်အစဉ်ကမူ ပျံ့လွင့်နေလေသည်။

လူရွှယ်၏သတင်းကို စုံစမ်းရန် စေလွှတ်လိုက်သော ခေါင်းကြီးရှထင်းက ပြန်လည်ရောက်ရှိလာခြင်း မရှိသေးပါချေ။

သူက ကျောက်တုံးကျန်းချင်းအား လှမ်းကြည့်လိုက်လေသည်။

"ကျန်းချင်း၊ ရှထင်း ထွက်သွားတာ ကြာပြီ၊ အခုအချိန်ထိ ပြန်မရောက်လာသေးပါလား"

"သူ ပြန်လာမှာပါ"

ဝမ်းလုံ မျက်မှောင်ကြုတ်လိုက်၏။

"ဒီလောက် အချိန်တွေ ကြာနေတာ သူတစ်စုံတစ်ခုများ



အန္တရာယ် ရှိနေသလား မသိဘူး"

ကျောက်တုံးကျန်းချင်း အနည်းငယ် စဉ်းစားလိုက်သည်။

"မဖြစ်နိုင်ပါဘူး ခင်ဗျာ၊ ခေါင်းကြီးရှထင်းက ပါးနပ်တဲ့လူတစ်ဦးပါ၊ ရန်သူတစ်ယောက်ကို အပိုင်ချုပ်ကိုင်လို့ မရဘူး ထင်ရင် အဝေးက စုံစမ်းမှာ သေချာပါတယ် ခင်ဗျာ"

ဝမ်းလုံက. . .

"ကောင်းပြီလေ၊ ကျုပ် အခု အိပ်တော့မယ်၊ အကယ်၍ ရှထင်း ပြန်လာခဲ့ရင် ချက်ချင်းအကြောင်းကြားပါ"

ကျောက်တုံးကျန်းချင်းက. . .

"ကောင်းပါပြီ ခေါင်းဆောင်ကြီး"

ဝမ်းလုံ ထိုင်ရာမှထကာ အခန်းတွင်းသို့ ဝင်ရောက်သွားလေသည်။

ကျောက်တုံးကျန်းချင်း၊ မြွေခွေးကျူးယုနှင့် မေတ္တာမဲ့လျှံထင်းတို့က အခန်းအပြင်တွင် ရပ်၍ စောင့်နေကြသည်။

ဝမ်းလုံမှာ အခန်းတွင်းသို့ ရောက်သောအခါမှ သက်ပြင်းချလိုက်သည်။

သူက တစ္ဆေမင်းသား၏ မြိမ်းခြောက်မှုကို ခံရပြီးနောက် အလွန်အမင်း တုန်လှုပ်ချောက်ချားသော်လည်း ယခုအခါ ခေါင်းအေးအေးဖြင့် စဉ်းစားလာခဲ့ပြီ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သိုင်းပညာအလွန်အဆင့်မြင့်ပြီး ထူးဆန်းသော လူရွှယ်က ရောက်ရှိလာကာ မြွေအသေကို ပေးအပ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ရှထင်း ပြန်ရောက်လာပါက ထူးခြားသော သတင်းများ သယ်ဆောင်လာလိမ့်မည်ဟု ယုံကြည်လေ၏။

သူသည် ရှထင်း ပြန်ရောက်လာမည့် အချိန်ကို မျှော်နေလေသည်။

သူစဉ်းစားတွေဝေနေသဖြင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေရလေသည်။

သူ၏စဉ်းစားချက်များတွင် တချွေမင်းသားအား မေ့လျော့ကာ လူရှယ်ကိုသာ စိတ်ဝင်နေမိလေသည်။

ခေါင်းကြီးရှထင်း အမြန်ဆုံး ပြန်ရောက်ပါစေဟုလည်း သူက ကျိတ်၍ ဆုတောင်းနေမိလေသည်။

ထိုအချိန်တွင်. . .

တံခါးခေါက်သံ ရုတ်တရက် ထွက်ပေါ် လာလေ၏။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ဝမ်းလုံက ရုတ်တရက် ခေါင်းထောင်ထလာ၏။

"ဘယ်သူလဲ"

သူ၏အသံမှာ အက်ကွဲခြောက်သွေ့ နေလေသည်။

ညာဘက်လက်ကလဲ ခါးတွင် မချတမ်း ချိတ်ဆွဲထားသော ဓားရှိုးကို ဆုပ်ကိုင်ထားလေသည်။

အခန်းပြင်မှ အသံ ထွက်ပေါ် လာလေသည်။

"ခေါင်းကြီးရှထင်း ရောက်လာပါပြီ ဂိုဏ်းချုပ်ကြီး"

ဝမ်းလုံ၏မျက်လုံးများ ဝင်းလက်တောက်ပသွားလေတော့သည်။



"ကျူးယူ၊ မင်းတို့ အပြင်မှာ ဆက်စောင့်နေပါ၊ ရှထင်းကို ငါ့အခန်းထဲ လွှတ်လိုက်"

သူ၏စကားဆုံးသောအခါ အခန်းတံခါး ပွင့်သွားလေတော့သည်။

ထို့နောက် လူတစ်ယောက် အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

ခေါင်းကြီးရှထင်းပင် ဖြစ်ပေသည်။

◉ ◉ ◉

ခေါင်းကြီးရှထင်း အခန်းဝတွင် ရပ်နေလေသည်။

သူက ခေါင်းငုံ့၍ ရပ်နေခြင်း ဖြစ်၏။

ဝမ်းလုံက သူ့အား အကဲခတ်ကြည့်ရှုလိုက်၏။

ရှထင်းမှာ အစဉ်အမြဲ တက်တက်ကြွကြွ ရှိသူတစ်ဦး ဖြစ်လေသည်။

ယခုကဲ့သို့ ခေါင်းငိုက်စိုက်ချထားခြင်းမှာ တစ်စုံတစ်ခုကို လက်လွှတ်အရှုံးပေးခဲ့ရသဖြင့် စိတ်ပျက်နေခြင်း ဖြစ်ကြောင်း ဝမ်းလုံက ချက်ချင်းနားလည်လိုက်သည်။

သူက ရှထင်းအား အတန်ကြာအောင် အကဲခတ်ကြည့်နေလိုက်လေသည်။

"အခြေအနေ ဘယ်လိုလဲ"

ရှထင်းက သက်ပြင်းချကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကို မျက်ခြည်ပြတ်သွားပါတယ်"
ဝမ်းလုံ၏မျက်နှာ အနည်းငယ် တင်းမာသွားလေသည်။
"ဘာ့မျက်ခြည်ပြတ်သွားတယ် ဟုတ်လား"
ရှထင်းက. . .
"ဟုတ်ပါတယ်"
ဝမ်းလုံ မဲ့ပြုံးပြုံးကာ. . .
"မင်းတို့ အကြားအမြင်များတယ်ဆိုတာ ဘာလဲ၊ ဒီမြို့ထဲမှာ တစ္ဆေမင်းသားရဲ့ သတင်းကို ရနိုင်တဲ့နေရာ ရှိတယ်ဆိုတာတောင်မှ မသိလိုက်ကြဘူးလား"
ဝမ်းလုံက ပြောလိုက်ခြင်း ဖြစ်သည်။
ရှထင်း မျက်နှာကွက်ခနဲ ပျက်သွားမိလေသည်။
ဝမ်းလုံက သူ့အား စူးစိုက်ကြည့်ကာ. . .
"ရှထင်း"
သူ၏အသံက အေးစိမ့်နေလေသည်။
ရှထင်းက ဦးညွတ်ကာ. . .
"ပြောပါ ဂိုဏ်းချုပ်ကြီး"
ဝမ်းလုံက သူ့အား ကြည့်ကာ. . .
"အရှုပ်ခေါက်ဆွဲဆိုင်ပိုင်ရှင်ကို ကျွပ်လိုချင်တယ်၊ ဘယ်လိုလဲ"
ရှထင်းက. . .
"စိတ်ချပါ ခေါင်းဆောင်ကြီး၊ ကျွန်တော် အခုချက်ချင်းသွားဖမ်းခေါ်လာခဲ့ပါ့မယ်"



သူက ပြောပြီး လှည့်ထွက်ရန် ဟန်ပြင်လိုက်၏။
"နေဦး"
ဝမ်းလုံက ဟန့်တားလိုက်သည်။
ရှထင်းက ခြေလှမ်းရပ်ကာ. . .
"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"
"အင်း အရှုပ်ခေါက်ဆွဲပိုင်ရှင်ဟာ တစ္ဆေမင်းသားနဲ့ ပတ်သက်နေတယ်ဆိုရင် အလွယ်တကူ ဖမ်းလို့ရမှာ မဟုတ်ဘူး"
သူက အနည်းငယ် စဉ်းစား၍ စကားဆက်လိုက်သည်။
"ဒီတော့ မင်း ကျူးယုကို အဖော်ခေါ်သွားပါ၊ သူက သာတစ္ဆေမင်းသားနဲ့ ပတ်သက်တဲ့သတင်းကို ရောင်းမယ်ဆိုရင် ကျွပ်ပဲဝယ်မယ်၊ ဘယ်သူ့မှ မဝယ်ပါစေနဲ့"
ရှထင်းက ခေါင်းညိတ်ကာ. . .
"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"
"ကောင်းပြီ၊ ကဲ. . . မင်းသွားတော့"
ရှထင်းက ခေါင်းညိတ်ကာ. . .
"ဟုတ်ကဲ့"
သူက ပြောပြီး ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။
သို့သော် သူက ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားလေ၏။
ဝမ်းလုံ မျက်မှောင်ကြုတ်လိုက်သည်။
"မင်း ဘာဖြစ်လို့ မသွားသေးတာလဲ"
ရှထင်းက မဝံ့မရဲဟန်ဖြင့်. . .
"ဒီ. . . ဒီလိုပါ၊ ကျွန်တော်တို့က လူရှုပ်ဝေးနဲ့ သွားရင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်လူဝကြီး ထွက်ပြေးသွားမှာပေါ့၊ နောက်ပြီး အရှုပ်ခေါက်ဆွဲဆိုင်ထဲမှာ ကျော်ကြားတဲ့ သိုင်းသမားတွေ အများကြီး ရောက်နေတဲ့အတွက် အချင်းများစရာအကြောင်း ရှိပါတယ်"

ဝမ်းလုံ တွေဝေသွားသည်။ သူက တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေပုံဖြင့် ခွေးတွဲပြုံးမြိမ်သက်နေသည်။

"မင်း ဘယ်လိုလုပ်ချင်သလဲ"

"ကျွန်တော် လူတစ်ယောက်ပဲ အဖော်ခေါ်သွားပြီး အဖြေ ဒီနေကို အကဲခတ်ကြည့်ချင်ပါတယ်၊ အရှုပ်ခေါက်ဆွဲဆိုင်ထဲက သိုင်းသမားတွေ ရှင်းသွားတဲ့အခါကျမှ အရှုပ်ခေါက်ဆွဲဆိုင်ပိုင်ရှင်ကို ခေါ်ခဲ့ပါ့မယ်"

ဝမ်းလုံက ဘဝင်မကျ ဖြစ်သွားလေသည်။

"ဒီလိုဆိုရင် တန္တေမင်းသားရဲ့သတင်းကို သိုင်းသမားတွေ ရသွားမှာပေါ့"

ရှထင်းက ပြုံး၍...

"သူတို့သတင်းရသွားလေလေ ကျွန်တော်တို့အတွက် ကောင်းလေပါပဲ၊ သိုင်းသမားတွေဟာ တန္တေမင်းသားကို ဖိတ်ခေါ်ဖို့ စုံစမ်းကြလိမ့်မယ်"

သူက စကားဆက်လိုက်သည်။

"တန္တေမင်းသားလဲ သူ့ရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြမှာ မဟုတ်ဘူး၊ ဒီတော့ သူက သိုင်းသမားတွေ လက်က လွတ်အောင် ရှောင်ရမယ်၊ ဒါမှမဟုတ်ရင်လဲ ရင်ဆိုင်တိုက်ခိုက်ရလိမ့်မယ်"



ဝမ်းလုံက ရှထင်း ပြောလိုသော စကားအဓိပ္ပါယ်ကို နားလည်လိုက်၏။

အရှုပ်ခေါက်ဆွဲဆိုင်ပိုင်ရှင်က တန္တေမင်းသား၏သတင်းကို များများဖြန့်ချိနိုင်ပါက သူတို့အတွက် ကောင်းလေလေပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တန္တေမင်းသားက သူ့အား လုပ်ကြံရန် အကြံအစည် နည်းပါးသွားမည်။

ထို့ကြောင့် တန္တေမင်းသားကို စုံစမ်းရန် အနယ်နယ်အရပ်ရပ်မှ သိုင်းသမားများ ရောက်လာကြခြင်းမှာ ဝမ်းလုံ၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန် ရောက်ရှိခြင်းနှင့် အတူတူပင် ဖြစ်၏။

ဝမ်းလုံက ကျေပွန်စွာ ပြုံးလိုက်သည်။

သူက ရှထင်းအား လက်တစ်ဖက်မြှောက်ပြကာ...

"မင်း မဆိုးဘူး ကဲ... ဆိုင်ရှင်လူဝကြီးနဲ့ ပတ်သက်ပြီး မင်းကြိုက်သလို လုပ်ဆောင်နိုင်တယ်"

ရှထင်းက ယခုမှပင် ပေါ့ပေါ့ပါးပါး ရှိသွားလေသည်။

"ခုလို ခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဝမ်းလုံက ခေါင်းညိတ်ကာ...

"ကောင်းပါပြီ၊ မင်းသွားတော့"

ရှထင်းက တစ်ချက် ဦးညွှတ်ကာ ချာခနဲ လှည့်ကာ အခန်းထဲမှ ထွက်ခွာသွားလေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ရှထင်းက ဝမ်းလုံဆီမှ ထွက်လာပြီးနောက် ကျူးယုအား ဝင်ခေါ်လိုက်၏။

ထို့နောက်. . .

သူတို့နှစ်ယောက်သည် အရှုပ်ခေါက်ဆွဲဆိုင် ကလေးဆီသို့ ပြန်လာခဲ့သည်။

သူတို့ ခေါက်ဆွဲဆိုင်ကလေးသို့ ပြန်ရောက်သောအခါ အုန်းမောင်းသုံးချက်တိတိ ရှိပြီ ဖြစ်၏။

အရှုပ်ခေါက်ဆွဲဆိုင်မှာ ပိတ်ထားပြီဖြစ်၍ ခပ်လှမ်းလှမ်းမှ အကဲခတ်နေလေသည်။

ခေါက်ဆွဲဆိုင်ကလေးထဲမှ လူရိပ်များ အမှောင်ထုကို အကာအကွယ်ယူ၍ ပုန်းလျှိုးကွယ်လျှိုးနေခြင်းကို တွေ့မြင်လိုက်ရသည်။

ထို့ကြောင့် ရှထင်းနှင့် ကျူးယုက ထိုလူရိပ်များ နောက်မှ ထပ်ကြပ်မကွာ တိတ်ဆိတ် လိုက်လာကြသဖြင့် မြို့ပြင်သချိုင်းဆီသို့ ရောက်ရှိနေကြခြင်းပင် ဖြစ်လေတော့၏။

ရှထင်းက. . .

"ဆိုင်ရှင်လူဝကြီးက မခေဘူးနဲ့တူတယ်"

ကျူးယုက ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှထင်းက ဆိုင်ရှင်လူဝကြီးထံသို့ အကဲခတ်ကြည့်ရှုလိုက်သည်။

လူဝကြီးက ဒူးထောက်နေဆဲပင် ဖြစ်သည်။

ရှထင်းက မျက်မှောင်ကြုတ်ကာ. . .



"သူ့ကို ကြည့်ရတာ တစ်စုံတစ်ယောက်ကို စောင့်နေပုံရတယ်ကွ"

ကျူးယုက ခေါင်းညိတ်လိုက်သည်။

ရှထင်းက. . .

"ကျုပ်တို့ အခုနေ ဝင်ဖမ်းရင် မကောင်းဘူးလား"

ကျူးယုက ခေါင်းခါယမ်းကာ. . .

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

ကျူးယုက မချိုပြုံးပြုံးကာ. . .

"လူရှယ်တောင်မှ မဟုတ်ဘူးဆိုရင် ကျုပ်တို့ကကော ဘာများတတ်နိုင်မှာတဲ့လဲ"

ရှထင်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျူးယုက စကားဆက်ကာ. . .

"အကောင်းဆုံးက ဂိုဏ်းချုပ်ကြီးဆီ မင်းပြန်သွားပြီး သတင်းပို့ပါ။ ကျုပ်က သူ့ကိုမျက်ခြည်မပြတ်အောင် စောင့်ကြည့်နေမယ်"

ရှထင်းက ခေါင်းခါကာ. . .

"ကျုပ် မသွားချင်ဘူး"

ကျူးယုက. . .

"ဘာလဲ ဒါဆိုရင် ခင်ဗျားက သူ့ကို ဒီအတိုင်း ကြည့်နေမှာပဲလား"

ရှထင်းက ပြုံးကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"လက်ပိုက်ကြည့်နေမယ် ထင်ရင်တော့ မှားမှာပေါ့"

သူက စကားဆုံးသောအခါ ဓါးကို တင်းတင်းကြိုတ်၍ ဓားကို ဆွဲထုတ်လိုက်၏။

ထို့နောက်. . .

ဆိုင်ရှင်လူဝကြီးထံသို့ တစ်ဟုန်ထိုး ပြေးသွား လေတော့သည်။

ကျူးယုမှာ သူက ထွက်ပြေးသွားသဖြင့် မနေနိုင်တော့ဘဲ ရှထင်း နောက်သို့ ပြေးလိုက်သွားရလေတော့သည်။

◉ ◉ ◉



# သွေးသောက်များ

ညဥ့်. . .။

နက်ရှိုင်းသော ညဥ့်အချိန်ကို မကြာသေးမီက ဖြတ်ကျော်လာခဲ့ပြီးနောက် နံနက်ဘက်သို့ ကူးပြောင်းရန် အားယူနေပြီ ဖြစ်၏။

သို့သော် ယခုတိုင် အရုဏ်ဦးရောင်ခြည်များ ပျို့တက်ခြင်း မရှိသေးပါချေ။

ခပ်မည်းမည်းသဏ္ဍာန် အရိပ်နှစ်ခုက အမှောင်ရိပ်ကိုခိုကာ အကာအကွယ်ပြု၍ လျှပ်တပြက် ပြေးထွက်လာကြသည်ကို လရောင်အောက်တွင် မြင်တွေ့လိုက်၏။

မြေပေါ်တွင် လဲလျောင်းနေသော လူရွယ်က မျက်စိမှိတ်ရင်းမှ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့လာနေကြပြီ"

လူဝကြီးက အံကြိတ်ကာ. . .

"ကျုပ် သူတို့ကို သတ်ပစ်မယ်"

"ခင်ဗျား မှားသွားမှာပေါ့"

လူဝကြီး မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"ဘာဖြစ်လို့လဲ"

"ဝမ်းလုံဆီမှာ ခင်ဗျားတို့လူ တော်တော်များများကို ဖမ်းထားကြတယ်လေ"

လူဝကြီး၏ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

သူက လူရွယ်အား ကြည့်ကာ. . .

"မင်း. . ."

လူရွယ်၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ထင်ဟပ်လာလေသည်။

"ခင်ဗျားအံ့သြနေသလား၊ ဝမ်းလုံက ဝမ်းရှောင်ကျူးရဲ့လူတွေ အတော်များများကို ဖမ်းဆီးထားပြီးပြီလေ၊ အခု သူက အခြေအနေကို စောင့်ကြည့်နေတာ"

သူက စကားဆက်လိုက်သည်။

"ခင်ဗျားတို့ရဲ့အဖွဲ့က ထင်ထင်ရှားရှား လှုပ်ရှားလာတာနဲ့ တစ်ပြိုင်နက် ယှဉ်ပြိုင်ခဲ့တဲ့ လူတွေက သတ်ပစ်လိမ့်မယ်၊ နောက်ပြီး ခင်ဗျားတို့ရဲ့ဂိုဏ်းချုပ်ကြီး ဝမ်းရှောင်ကျူးရဲ့ဇနီးနဲ့ သမီးကို ဒုက္ခပေးကြမှာ သေချာနေပြီ"

လူဝကြီး၏ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်ချောက်ခြား



သွားလေသည်။

"မင်း. . . မင်း. . . ဒါတွေ. . . ဘယ်လိုသိ. . ."

သူ၏စကားမဆုံးမီ လူရွယ်က ကြားဖြတ်ပြောလိုက်လေတော့သည်။

"ခုချိန်မှာ ခင်ဗျား ဒါတွေ သိချင်နေရင် အနည်းဆုံး ဟိုနှစ်ယောက်နဲ့ တိုက်ခိုက်ရပါလိမ့်မယ်၊ သူတို့က ခင်ဗျားကို အသေရရ အရှင်ရရ လိုချင်နေတယ်၊ ဒီတော့ ခင်ဗျားက ခုခံတိုက်ခိုက်ရင်း လက်လွန်ခဲ့မယ်ဆိုရင်"

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်လေသည်။

လူဝကြီး၏မျက်နှာပေါ်မှ ချွေးသီးချွေးပေါက်များ ကျဆင်းလာလေသည်။

"ဒါ. . . ဒါဖြင့် ကျုပ် ဘာလုပ်ရမလဲ"

လူရွယ်က အေးဆေးသော စကားသံဖြင့်. . .

"ဘာမှ မလုပ်နဲ့၊ ကျုပ်ကို ပွေ့ချီပြီး ပြေးပေတော့"

လူဝကြီးက စောဒက မတက်နိုင်တော့ပါချေ။

သူက လူရွယ်အား ပွေ့ချီကာ မြေပြင်ပေါ်မှ ခုန်ထလိုက်လေသည်။

ထို့နောက် ရှထင်းတို့နှင့် ဆန့်ကျင်ဘက်အရပ်ဆီသို့ ထွက်ပြေးသွားလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



ရှထင်းနှင့် ကျူးယုတို့မှာ ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားကြရသည်။

သူတို့ အရှိန်ဖြင့် ပြေးလာစဉ် လူဝကြီးက မလှုပ်မယှက် ထိုင်နေဆဲပင် ဖြစ်သည်။

သို့သော် သူတို့က လူဝကြီးနှင့် ခြေလှမ်းနှစ်ဆယ်ခန့် အကွာအဝေးသို့ ရောက်သောအခါ လူဝကြီးက လူရွယ်အား ပွေ့ချီလျက် ရုတ်တရက် ခုန်ထွက်ပြေးသွားသည် မဟုတ်ပါလား။

သူတို့က ကြောင်အမ်းအမ်း ဖြစ်ကာ ခြေလှမ်းတစ်ချက် တုံ့ခနဲ ရပ်ဆိုင်းသွားပြီးမှ ချက်ချင်းပင် ပြေးလွှားသွားကြလေသည်။

သို့သော် သူတို့မှာ လူဝကြီး၏ ခြေလှမ်းအား မမီနိုင်တော့ပါချေ။

လူဝကြီးက လူရွယ်ကို ပွေ့ချီလျက် အုတ်ဂူများကို ကွေ့ပတ်ပြေးလွှားရင်း ပျောက်ကွယ်သွားလေသည်။

လူဝကြီး၏ ကိုယ်ဖော့ပညာ အဆင့်မြင့်လွန်း၍ ဖြစ်လေသည်။

ရှထင်းနှင့် ကျူးယုတို့၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူတို့က လူဝကြီးမှာ သိုင်းပညာ လျှို့ဝှက်ထားသော ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်ကြောင်း သိရှိလိုက်သည်။

သူတို့က လူဝကြီး၏ကိုယ်ဖော့ပညာကို တွေ့မြင်ရလျှင်



ဆက်မလိုက်ဘဲ ရပ်တန့်လိုက်ကြရလေသည်။

သူတို့က အတွေ့အကြုံ ရင့်ကျက်သူများပီပီ လူဝကြီးမှာ မည်သူမည်ဝါ ဖြစ်ကြောင်း ခန့်မှန်းသိရှိလိုက်၏။

ထို့ကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်လေသည်။

"သူ့ကို မင်းအကဲခတ်မိတယ် မဟုတ်လား"

ကျူးယုက ခေါင်းညိတ်ကာ. . .

"သူဟာ ငါတို့ဂိုဏ်းချုပ်ကြီးရဲ့ အရေးကြီးတဲ့ ရန်သူတွေထဲက တစ်ယောက် အပါအဝင်ပဲကွ"

ရှထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ အမြန်ဆုံးပြန်ပြီး ဂိုဏ်းချုပ်ကြီးကို သတင်းပို့မှ ဖြစ်မယ်"

သူတို့သည် ပြောပြီးနောက် နှစ်ယောက်သား လေးလံသော ခြေလှမ်းများဖြင့် ပြန်လာခဲ့လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ဝမ်းလုံ၏မျက်နှာတစ်ခုလုံး ပြုံးရွှင်နေလေတော့သည်။

သူ ဝမ်းသာနေခြင်းမှာ မထူးဆန်းပါချေ။

သူ၏လူများက ထူးခြားသော သတင်းများ ရလာခြင်းကြောင့် ဖြစ်လေသည်။

ဝမ်းလုံက စုရုံးရောက်ရှိနေသည့် သူ၏ကိုယ်ရံတော်များအား ပြောလိုက်သည်။

"ကဲ. . . မင်းတို့ ဘယ်လောက် သိခဲ့ကြပြီလဲ၊ ပြောစမ်းပါဦး"

ရှထင်းက. . .

"တကယ်တော့ လူဝကြီးက ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ပါ"

ဟု ပြောလိုက်သည်။

ထို့နောက် သူသည် ပြောသင့်မပြောသင့် စဉ်းစားနေလေသည်။

ဝမ်းလုံက. . .

"ရှထင်း၊ မင်းဟာ ကျုပ်ရဲ့လက်ထဲမှာ နေလာတာ နှစ်ပေါင်း မနည်းတော့ပါဘူး။ မင်းတို့ရဲ့ သစ္စာရှိမှုကိုလဲ ကျုပ်က သိရှိထားပါတယ်၊ ဒါကြောင့် ပြောစရာရှိတာကို ရဲရဲသာ ပြောပါ"

ရှထင်းက ခေါင်းခါယမ်းကာ. . .

"အဲဒီလို မဟုတ်ပါဘူး၊ ကျွန်တော်စဉ်းစားနေလို့ပါ၊ တကယ်တော့ လူဝကြီးက ဝမ်းရှောင်ကျူးရဲ့ ကိုယ်ရံတော်တစ်ယောက်ပါပဲ"



"ဘာ"

ဝမ်းလုံ မျက်လုံးပြူးသွားလေသည်။

ထို့နောက် ဆတ်ခနဲ ခန္ဓာကိုယ် တုန်ခါသွားလေသည်။

သူက မယုံကြည်နိုင်စွာဖြင့် ရှထင်းအား ကြည့်လိုက်လေတော့သည်။

"မင်း. . . မင်းပြောတာ သေချာရဲ့လား"

ရှထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ပြောတာ မယုံရင် ကျူးယုကို မေးကြည့်ပါ ခင်ဗျာ"

ဝမ်းလုံ၏မျက်လုံးအစုံက ကျူးယုထံသို့ ရောက်ရှိသွားလေသည်။

ကျူးယုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ဝမ်းလုံက အတန်ကြာ ငြိမ်သက်စွာ စဉ်းစားနေပြီးမှ ခေါင်းမော့လိုက်သည်။

"ဩော်. . . ဝမ်းရှောင်ကျူးရဲ့ ကိုယ်ရံတော်တွေက သန်ယီမြို့လေးအထိ ခြေချလာပါရောလား"

ကိုယ်ရံတော်လေးယောက် ပါးစပ်ပိတ်ထားကြလေတော့သည်။

ဝမ်းလုံက အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အလွန်စိတ်လှုပ်ရှားနေပုံရလေသည်။

ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်သည်။

သူ၏မျက်နှာမှာလည်း တင်းမာခက်ထန်လာလေသည်။

"ကျုပ်လက်ထဲမှာ သူတို့လူတွေ ရှိနေတယ်ဆိုတာ သူတို့မသိကြဘူးလား"

သူက ရှထင်းအား ကြည့်လိုက်သည်။

"ပြောစမ်း၊ မင်းတို့ တွေ့ခဲ့တဲ့ ဆိုင်ပိုင်ရှင် လူကြီးက ဘယ်သူလဲ"

"ဝမ်းရှောင်ကျူးရဲ့ ညာလက်ရုံး ကိုယ်ရံတော် မုဖြူရဲ့ညီ မုအင်းပါ"

သူ၏အသံက တိကျသေချာလှပေသည်။

ဝမ်းလုံက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်၏။

"ဒါဆိုရင် သူတို့ကို သုတ်သင်နိုင်းလိုက်တဲ့ ကြေးစားဆယ်ယောက်က ကျုပ်ခိုင်းတာကို မလုပ်ဘဲ ဘာတွေ လျှောက်လုပ်နေကြတာလဲ"

သူ၏အသံက ဒေါသကြောင့် တုန်ခါနေလေသည်။

ကျောက်တုံးကျွန်းချင်းက ကြားဖြတ်ပြောလိုက်သည်။

"သူတို့လဲ ဂိုဏ်းချုပ်ကြီး ပြောတဲ့အတိုင်း လိုက်ပြီး ရှင်းလင်းသုတ်သင်နေပါတယ်"

ဝမ်းလုံက မျက်မှောင်ကြုတ်ကာ. . .

"ဒါဆိုရင် အခု မုအင်းက ဘာကြောင့် ယန်ယီမြို့အထိ ရောက်လာတာလဲ"



"ဒါကတော့ ကျန်ရှိနေသေးတဲ့ လူအချို့လို့ ထင်ပါတယ်"

ဝမ်းလုံ၏မျက်နှာ သုန်မှုန်အေးစက်လာလေသည်။

"ဒါဆိုရင် ဝမ်းရှောင်ကျူးရဲ့ ကိုယ်ရံတော်တွေထဲမှာ အမာခံသိုင်းသမား ဘယ်နှစ်ယောက် ရှိသေးသလဲ"

ရှထင်းက. . .

"ကျုပ်တို့ သုတ်သင်ရှင်းလင်းပစ်တာရော၊ ထောင်ချောက်ဆင်ပြီး ဖမ်းဆီးခဲ့တာရော အတော်များပါပြီ၊ များများစားစား မကျန်တော့ပါဘူး"

သူ၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ဒါပေမယ့် ကျန်နေတဲ့ လူနည်းစုဟာ အရေးပါတဲ့သူဖြစ်နေပါတယ်၊ အဓိက,ကတော့ မုအင်းတို့ညီအစ်ကိုပေါ့"

"ဒါထက် မုဖြူကို မင်းတို့ လုပ်ကြံပြီးပြီဆို"

"ဟုတ်ပါတယ်၊ မုဖြူဟာ ကြံ့ရာမရဖြစ်ပြီး နာမည်ကြီးတဲ့ တစ္ဆေမင်းသားကို လိုက်ရှာခဲ့ပါတယ်၊ ကျုပ်တို့ လိုက်လံတိုက်ခိုက်တော့ ဒဏ်ရာတွေရပြီး ထွက်ပြေးသွားပါတယ်၊ ဒါပေမယ့် ကြေးစားထိုက်ကျင်းတို့လူစုက စံအိမ်တစ်ခုထဲမှာ သူ့ကို ရှာဖွေတွေ့ရှိပြီး သုတ်သင်နိုင်ခဲ့ကြတယ်လို့ သိရပါတယ်"

"မုဖြူ သေသွားတော့ မုအင်းက ပိုပြီး လှုပ်ရှားလာတာ မဟုတ်လား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ဝမ်းလုံသည် မျက်မှောင်ကြုတ်၍ အနည်းငယ် စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

သူသည် တစ္ဆေမင်းသားနှင့် ပတ်သက်သော သိုင်းလောကအကြောင်း ကြားဖူးထားသူ ဖြစ်ပါသည်။

ဝမ်းလုံက. . .

"မုဖြူ ပျောက်သွားပြီး မကြာခင်မှာပင် တစ္ဆေမင်းသားရဲ့ သတင်း ပေါ်ပေါက်လာတယ်၊ ဟင်း. . . ဟင်း၊ သူဟာ ရှေးဟောင်းစံအိမ်ကို ရောက်သွားပြီး တစ္ဆေမင်းသားနဲ့ တွေ့ခဲ့ပြီထင်တယ်လေ"

သူက ရှထင်းကို စိုက်ကြည့်ကာ မေးလိုက်သည်။

"မုအင်းတစ်ယောက်တည်းပဲလား၊ တခြား ဘယ်သူတွေရှိသေးသလဲ"

ရှထင်းက ခေါင်းညိတ်ကာ. . .

"နောက်ထပ် နှစ်ယောက် ရှိပါသေးတယ်"

"ထန်ရိုနှင့် အိုရန်ဖုံး မဟုတ်လား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ဝမ်းလုံ သက်ပြင်းချလိုက်သည်။

"သူတို့သုံးယောက်ဟာ ကျုပ်ရဲ့အစ်ကိုတော် ဝမ်းရှောင်ကျူးရဲ့ လက်ထက်ကတည်းက ထင်းနန်ဂိုဏ်းမှာ သစ္စာရှိရှိ အမှုထမ်းခဲ့တဲ့ ကိုယ်ရံတော်တွေပါပဲ"

သူသည် သေဆုံးသွားပြီ ဖြစ်သော ဝမ်းရှောင်ကျူး၏ မျက်နှာကို မြင်ယောင်လာလေသည်။

သူ၏မျက်နှာ တင်းမာခက်ထန်သွားသည်။



"ဝမ်းရှောင်ကျူး သေသွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး သူတို့ဟာ ကျုပ်အပေါ်မှာ သံသယဝင်နေကြတယ်၊ အဖြစ်မှန်ကို ဖော်ထုတ်ဖို့ ကြိုးစားကြတယ်၊ ထင်းနန်ဂိုဏ်းကနေပြီး သူတို့ နုတ်ထွက်သွားတော့ သူတို့ရဲ့ သဘောထားကို ကျုပ် မသိဘဲနေပါ့မလား၊ ကောင်းပြီ၊ သူတို့သုံးယောက်ကို ကျုပ်လိုချင်တယ်"

ရှထင်းက. . .

"လူဝကြီးမုအင်း ဒီမြို့မှာ အခြေစိုက်ခဲ့တော့ ထန်ရိုနဲ့ အိုရန်ဖုံးလဲ ရောက်လာကြမှာ သေချာပါတယ်"

ဝမ်းလုံ အံကြိတ်ကာ. . .

"ဒါဆိုရင် မင်းတို့အားလုံး မြို့ဝင်မြို့ထွက် တည်းခိုခန်းနဲ့ ချောင်ကြိုချောင်ကြားတွေပါ မကျန်အောင် လူလွှတ်ပြီး စုံစမ်းထားပါ"

ကျန်းချင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလာလေသည်။

"ဂိုဏ်းချုပ်ကြီးက ကျန်တဲ့လူတွေဟာ လူဝကြီးမုအင်း ထွက်သွားတာ မသိသေးလို့ တိတ်တဆိတ် ဝင်ရောက်လာပြီး လူဝကြီးမုအင်းနဲ့ ဆက်သွယ်မယ်လို့ ယူဆထားတယ် ထင်တယ်"

ဝမ်းလုံက ပြုံးကာ. . .

"သိပ်ဟုတ်တာပေါ့"

ကျန်းချင်း မျက်နှာတင်းမာသွားသည်။

သူက မဲ့ပြုံးပြုံးကာ. . .

"သူတို့က ဂိုဏ်းချုပ်ကြီးပြောသလို ယန်ယီမြို့ထဲကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာမယ်ဆိုရင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားမှာပေါ့"

ဝမ်းလုံက ခေါင်းခါယမ်းလိုက်သည်။

"သူတို့လို လူစားတွေက ကိုယ့်သေတွင်း ကိုယ်တူးမှာ မဟုတ်ဘူးကွ"

ကျွန်းချင်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။

"ဒါဖြင့်. . ."

ဝမ်းလုံက အလွန်အေးစိမ့်သော လေသံဖြင့် တစ်ခွန်းချင်း ပြောလိုက်လေသည်။

"သူတို့ရဲ့သေတွင်းကို မင်းတို့က တူးပေးရမှာကွ"

ကျွန်းချင်း၊ ရှထင်၊ ကျူးယုနှင့် လျှံထင်းတို့က ပြိုင်တူ ခေါင်းညိတ်လိုက်၏။

ဝမ်းလုံက အတန်ကြာအောင် ငြိမ်သက်စွာ စဉ်းစားပြီးနောက် ရုတ်တရက် အကြံတစ်ခု ရရှိလာလေသည်။

"ဟာ. . . ဟုတ်ပြီ"

သူက သူ၏ကိုယ်ရံတော်များကို မော့ကြည့်လိုက်၏။

"မင်းတို့အားလုံးကို အရေးကြီးတဲ့ တာဝန်တစ်ရပ် ထပ်ပေးလိုက်ဦးမယ်"

ရှထင်းတို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"မင်းတို့တွေ ဒီကနေ့ညမှာ မေဟွားနဲ့ သူ့သမီး မေနန်းတို့ကို ဖမ်းဆီးခေါ်ခဲ့"



ရှထင်းတို့လေးယောက် အံ့ဩလွန်း၍ ပြိုင်တူ ခေါင်းမော့ကာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားကြလေသည်။

အဘယ်ကြောင့်ဆိုသော် ဝမ်းလုံသည် ဝမ်းရှောင်ကျူး၏ဇနီး မေဟွားအပေါ် တစ်ဖက်သတ် စွဲလမ်းနှစ်ခြိုက်ခဲ့ခြင်းကို သူတို့အားလုံး သိရှိထားသည် မဟုတ်ပါလား။

သူက မေဟွားအပေါ် စွဲလမ်းသော စိတ်ကြောင့်လည်း ဝမ်းရှောင်ကျူးကို မုန်းတီးကာ သတ်ပစ်ခဲ့ခြင်း ဖြစ်ကြောင်း သူတို့အားလုံး နားလည်ထားကြလေသည်။

ထို့အပြင် သူတို့အား မေဟွားတို့ သားအမိအား မည်သူမျှ မစော်ကားရန် စောင့်ရှောက်ရမည်ဟုလည်း ဝမ်းလုံက အမိန့်ချထားသည် မဟုတ်ပါလား။

သို့သော် ယခု သူတို့အား ဝမ်းလုံကိုယ်တိုင်က ဖမ်းဆီးခိုင်းနေပြီ ဖြစ်လေသည်။

ထို့ကြောင့် သူတို့အားလုံး စကားမပြောနိုင်ဘဲ ဝမ်းလုံအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေလေသည်။

ဝမ်းလုံက သက်ပြင်းချကာ. . .

"အမှန်တော့ ကျုပ် သူတို့ကို မဖမ်းထားချင်ပါဘူး၊ ဒါပေမယ့် သူတို့ကို တည်ကြက်အဖြစ် အသုံးပြုပြီး မုအင်းတို့လူစုကို ဆက်ပြီး လှုပ်ရှားမလာအောင် အကျပ်ကိုင် ထိန်းချုပ်မလို့ပါဘဲ"

ရှထင်းတို့လေးယောက်က ဝမ်းလုံမှာ မုအင်းတို့လူစုကို အကျပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် နောက်ထပ် ရည်ရွယ်ချက်တစ်ခု ရှိနေသေးကြောင်း နားလည်မိကြသော်လည်း စကားမပြော

www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။ ဝမ်းလုံက စကားဆက်လိုက်သည်။

"မုဖအင်းတို့လူစုက နောက်ထပ် တစ်စုံတစ်ခု လှုပ်ရှားလာတာနဲ့ ကျုပ်တို့က ဖမ်းထားတဲ့ မေဟွားနဲ့ မေနန်းကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်လိုက်ရင် သူတို့ရှေ့ကို ခြေတစ်လှမ်း တိုးဖို့မှာ မဟုတ်တော့ပါဘူးလေ"

ရှထင်းက. . .

"ဒါနဲ့ ကျွန်တော်တို့ မေဟွားတို့သားအမိကို ဘယ်တော့ သွားဖမ်းရမှာလဲ ဂိုဏ်းချုပ်ကြီး"

ဝမ်းလုံက သူ့အား စိုက်ကြည့်ကာ တစ်ခွန်းချင်း ပြောလိုက်လေသည်။

"ဒီည သန်းခေါင်ယံ အချိန်"

ရှထင်းတို့ လေးယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်ရလေသည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ဝမ်းလုံက အားလုံးကို ကြည့်ကာ လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

ရှထင်းတို့ လေးယောက်က အခန်းထဲမှ ပြိုင်တူ ထွက်ခွာသွားကြလေတော့သည်။

❁ ❁ ❁



## အသက်စွန့်ဝံ့သူများ

မွန်းတည့်ချိန်. . .။

မွန်းတည့်နေက ခြစ်ခြစ်တောက် ပူလောင်လွန်းလှပေသည်။

နေမင်းကြီးက ကောင်းကင်၏ အလယ်ဗဟိုတည့်တည့်တွင် နေရာယူကာ သတ္တလောကကြီးတစ်ခုလုံးကို အလင်းရောင်ဖြန့်ပေးနေလေသည်။

လူဝကြီးမုအင်းက လူရွယ်အား ပွေ့ချီကာ ပြေးလွှားနေဆဲပင် ဖြစ်ပါသည်။

သူသည် ဝဖြိုးသော ခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် လှုပ်ရှားမှုများမှာ သွက်လက်လျင်မြန်လှပေသည်။

သူက သချိုင်းမြေမှ အရှေ့ဘက်စူးစူးသို့ ပြေးလွှားရာမှယခုအခါ ဆယ်မိုင်ခန့် ကွာဝေးသော အရပ်ဆီသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူက ရပ်ကာ. . .

"ဟူး. . . ကျုပ် မင်းကို ဆက်ပြီး မပွေ့ချီနိုင်တော့ဘူး"

သူက ယင်းသို့ ပြောပြီး လူရွယ်အား မြေပြင်ပေါ်သို့ ချလိုက်လေသည်။

လူရွယ်က ပြုံးလိုက်ကာ မှိတ်ထားသော မျက်လုံးများကို ဖွင့်ကြည့်လိုက်လေသည်။

"ခင်ဗျားက ကျုပ်ကို ဆက်ပြီး ပွေ့ချီသွားမယ်ဆိုရင်တောင်မှ ကျုပ်က လက်မခံတော့ပါဘူး"

သူက ပြောပြီး မြေပြင်ပေါ်မှ ထရပ်လိုက်သည်။

မုအင်း၏ခန္ဓာကိုယ်တစ်ခုလုံး ချွေးများ စိုရွှဲနေလေတော့သည်။

သူ လူရွယ်အား ကြည့်ကာ. . .

"ဒါနဲ့ မုဖြူ သေဆုံးသွားတာ တကယ်လား"

လူရွယ်က သက်ပြင်းချကာ. . .

"ဒီစကားဟာ နောက်နောက်ပြောင်ပြောင် ပြောဆိုရတဲ့ စကားမှ မဟုတ်တာ"

မုအင်း မျက်နှာပျက်သွားသည်။

"ကျုပ် ဘယ်သူဆိုတာရော ခင်ဗျားသိလား"

လူရွယ်က ခေါင်းညိတ်ကာ. . .

"သိတယ်"

"ဒါဖြင့် ပြောပါ"

"ခင်ဗျားဟာ မုဖြူရဲ့ညီ မုအင်းပါ"



မုအင်း၏မျက်နှာပေါ်တွင် လူရွယ်အပေါ် သံသယ ဖြစ်နေသော အရိပ်အယောင်များ ကွယ်ပျောက်သွားလေသည်။

သူက အံတင်းတင်းကြိတ်ကာ. . .

"ကျုပ်အစ်ကိုကို ဘယ်သူသတ်တာလဲ"

"ဝမ်းလုံ လျို့ဝှက်စေလွှတ်တဲ့ ကြေးစားလူသတ်သမားတွေနဲ့ သိုင်းသမားတွေက ခင်ဗျားအစ်ကိုကို သတ်လိုက်တာပါပဲ"

မုအင်းက သူ့အား စိုက်ကြည့်ကာ. . .

"မင်းကရော ဘယ်သူလဲ"

သူက ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်လေသည်။

သို့သော် လူရွယ်၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ထင်ဟပ်နေပြီး စကားသံ ထွက်မလာပါချေ။

မုအင်းက လူရွယ်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

"မင်းနာမည် ဘယ်သူလဲ"

လူရွယ်က. . .

"ကျုပ် မပြောချင်ဘူးဆိုရင်ရော"

မုအင်းက မချိပြုံးပြုံးကာ. . .

"ဒါဆိုရင် နောက်ထပ် မေးခွန်းတစ်ခု မေးမယ်၊ ဒါတော့ မဖြေလို့ မရဘူး"

လူရွယ်က ပြုံး၍ ကြည့်နေသည်။

မုအင်းက ခပ်တည်တည်ဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အစ်ကိုနဲ့ မင်းက ဘယ်လိုပတ်သက်လဲ"

လူရွယ်က. . .

"ဒီမေးခွန်းလဲ ကျုပ်က မဖြေချင်ဘူးဆိုရင်ရော"

မအင်းက သူ့အား စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

သူက လက်ဝါးနှစ်ဖက်အား လက်သီးနှစ်လုံး အသွင်သို့ ကူးပြောင်းကာ ရုတ်တရက် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ဒါဆိုရင် ရှင်းပါတယ်၊ မင်းဟာ ကျုပ်အစ်ကိုကို သတ်တဲ့လူလို့ ယူဆရမှာပေါ့"

လူရွယ်က မျက်လုံးပြူးကာ လက်ကာပြလိုက်၏။

"ဟာ. . . ဒီလိုတော့ မထင်လိုက်ပါနဲ့၊ ခင်ဗျားမေးတဲ့ မေးခွန်းတွေကို ကျုပ်အဖြေပေးပါ့မယ်၊ ကျုပ်နာမည်က ကျောင်းလီလို့ ခေါ်ပါတယ်"

သူစကားဆက်လိုက်၏။

"ခင်ဗျား အစ်ကိုကို ကျုပ်က မမျှော်လင့်ဘဲ တွေ့ကြုံ ရင်းနှီးခဲ့တာပါ"

"ကျောင်းလီ"

မအင်းက တီးတိုးရေရွတ်ရင်း မျက်မှောင်ကြုတ်လိုက်လေသည်။

ကျောင်းလီဆိုသော နာမည်မှာ သိုင်းလောကတွင် ထင်ရှားကျော်ကြားခြင်း မရှိပါချေ။

သို့သော် ကျောင်းလီ၏သိုင်းပညာမှာ ထိပ်တန်းအဆင့်သို့ ကျော်လွန်ခဲ့ပြီး ဖြစ်၏။



ထို့ကြောင့် သူက ကျောင်းလီအပေါ် သံသယများ ပွားနေခြင်း ဖြစ်သည်။

ကျောင်းလီက ဝမ်းလုံ့ ကိုတ်ဟဆိတ် စေလွှတ်လိုက်သော သူလျှိုတစ်ယောက် ဖြစ်နေမည်လော။

သူက ယင်းသို့ စဉ်းစားလိုက်ပြီး ကျောင်းလီအား စူးစိုက်စွာ ကြည့်လိုက်၏။

သူ၏အကြည့်မှာ စူးစိုက်လွန်းပြီး တစ်ပါးသူ၏ရင်ထဲ၌ ခံစားချက်များကို ထိုးဖောက်မြင်တွေ့နိုင်သော အကြည့် ဖြစ်သည်။

ကျောင်းလီက သူ၏မျက်လုံး အကြည့်ကို နားလည်သိရှိလိုက်သည်။

"ခင်ဗျား ကျုပ်ကို သံသယ ရှိနေတယ် ထင်တယ်"

မအင်းက ခေါင်းညိတ်လိုက်သည်။

ကျောင်းလီက ပြုံးလိုက်လေသည်။

"အင်းပေါ့လေ၊ ခင်ဗျားဟာ ခုချိန်မှာ လူတွေအားလုံးကို မယုံကြည်ရတဲ့ ဘဝဆိုတော့ ကျုပ်အပေါ် သံသယဖြစ်တာမဆန်းပါဘူး"

ဟု ပြောလိုက်လေသည်။

သူသည် အတန်ကြာအောင် ငြိမ်နေပြီးမှ. . .

"စိတ်ချပါ၊ ကျုပ်ကတော့ ဒုက္ခပေးမယ့်လူမျိုး မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မုအင်းက ခေါင်းခါယမ်းကာ. . .

"ခင်ဗျားဒုက္ခပေးမယ်၊ မပေးဘူးဆိုတာ ကျုပ် မစဉ်းစားဘူး၊ အကယ်၍ ခင်ဗျားက ကျုပ်ကို ဒုက္ခပေးလာရင်လဲ ရင်ဆိုင်ဖို့ အသင့်ပါပဲ၊ ကျုပ်တစ်ခုသိချင်တာ ခင်ဗျားဟာ ကျုပ်ဆီကို ဘာကြောင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရလဲဆိုတာပဲ"

ကျောင်းလီ မျက်နှာတည်သွား၏။

"ဒါရှင်းပါတယ်၊ ကျုပ် ခင်ဗျားဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာနိုင်တာဟာ ခင်ဗျားအစ်ကို မုဖြူ လမ်းညွှန်လိုက်လို့ပါ၊ အကယ်၍ ကျုပ်ကသာ ဝမ်းလုံက လွှတ်လိုက်တဲ့ သူလျှိုတစ်ယောက်ဆိုရင် ခုလိုလာနိုင်မှာ မဟုတ်ပါဘူး"

မုအင်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိလေသည်။

သူက ယန်ယီမြို့လေးတွင် ခေါက်ဆွဲဆိုင်ဖွင့်ကာ မထင်မရှား နေထိုင်ခဲ့ပြီး ထင်းနန်ဂိုဏ်း၏သတင်းများကို စုံစမ်းခဲ့လေသည်။

မုဖြူက မကြာခဏ တိတ်တဆိတ် ရောက်လာကာ စုံစမ်းရရှိထားသော သတင်းများကို မေးမြန်းလေသည်။

ထို့ပြင် မုဖြူက အရေးကြီးသော ကိစ္စများကိုလည်း တိုင်ပင်ဆွေးနွေးလေ့ ရှိ၏။

တစ်နေ့တွင်. . .

မုဖြူက သူ့ထံ ရောက်ရှိလာကာ မိမိတို့ခေါင်းဆောင် ဝမ်းရှောင်ကျူး၏ လူသတ်မှုကို ဖော်ထုတ်နိုင်ရန် လူတစ်ဦးထံသို့ သွား၍ အကူအညီတောင်းခံမည်ဟု ဆိုလာလေသည်။



ယင်းအတွက်ကြောင့် ယန်ယီမြို့ကလေးရှိ ဝမ်းရှောင်ကျူး၏သမီးနှင့် ဇနီးဖြစ်သူအား စောင့်ရှောက်ရန်၊ ဝမ်းလုံအား အကဲခတ်စောင့်ကြည့်ရန် မှာကြားခဲ့လေသည်။

သူက မုအင်းနှင့် ဆက်သွယ်ရန် လျှို့ဝှက်အမှတ်အသားတစ်ခုနှင့် လျှို့ဝှက်စကားတစ်ခုကို အချိန်းအဆက် ပြုလုပ်နိုင်ရန် မှာကြားခဲ့လေသည်။

သူက မုအင်းမှာကြားသည့်အတိုင်း မုအင်းနှင့်လျှို့ဝှက်ဆက်သွယ်လိုက်ခြင်း ဖြစ်၏။

မုအင်းက. . .

"ကျုပ်. . .မင်းကို ယုံပါပြီ"

ကျောင်းလီက ပြုံးကာ. . .

"ကျုပ်ကို မုဖြူက ခင်ဗျားတို့ ကြုံတွေ့နေရတဲ့ အခြေအနေတွေ အကုန်ပြောပြပြီး အကူအညီတောင်းခဲ့ပါတယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားတို့ကို အကူအညီပေးဖို့ ဒီယန်ယီမြို့ကလေးကို ရောက်လာခဲ့တာပါ၊ ဒီမြို့ကို အဝင်မှာ ထင်းနန်ဂိုဏ်းက ဝမ်းလုံက တစ္ဆေမင်းသားကို ကြောက်ရွံ့နေတယ်ဆိုတော့ ကျုပ်က သူ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်အောင် လုပ်လိုက်တာပါ"

မုအင်း ဝမ်းသာနေသည်။

မိမိတို့အဖွဲ့တွင် ကျောင်းလီကဲ့သို့ သိုင်းပညာ အဆင့်မြင့်လှသော လူငယ်က ပါဝင်ကူညီလာမည့်သူ ဖြစ်နေလေသည်။

သူက မုဖြူကို သတိရမိလေသည်။

"ကျုပ်အစ်ကိုက ဘယ်လို သေသွားရတာလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါလား"

ကျောင်းလီက သူ့အား ကြည့်ကာ သက်ပြင်းချလိုက်လေတော့သည်။

"စိတ်ပျက်စရာ အကြောင်းတွေကို ခင်ဗျားက ဘာကြောင့် သိချင်နေတာလဲ၊ ဒါတွေသိလို့လဲ ခင်ဗျားအတွက် ဘာမှ အကျိုးမထူးပါဘူး"

မုအင်း၏မျက်နှာ တင်းမာခက်ထန်သွားလေသည်။

"ကျုပ်အကျိုး ရှိတာ မရှိတာထက် ကျုပ်အစ်ကို ဘယ်လိုသေဆုံးရလဲဆိုတော့ သိချင်တာပေါ့ဗျာ၊ ကျုပ်အစ်ကိုက သာမန်လူတစ်ယောက် မဟုတ်ဘူးဗျ၊ ဂိုဏ်းချုပ်အပေါ် သစ္စာရှိပြီး အမှန်တရားကို ရဲဝံ့စွာ ရင်ဆိုင်ရဲတဲ့ လူတစ်ယောက်ပါ၊ ဒီလိုလူတစ်ယောက်ကို အစ်ကိုတော်ရတဲ့ ကျုပ်ဟာ အမြဲတမ်း လေးစားယုံကြည်အားကိုးခဲ့ရတယ်လေ၊ သူ့ကို ကျုပ်အလွယ်တကူ ဘယ်မေ့ပစ်လို့ ရမှာလဲ"

ကျောင်းလီက ခေါင်းညိတ်ကာ. . .

"ခင်ဗျားပြောတာ မှန်ပါတယ်"

"ဒါဆိုရင် ခင်ဗျားက ကျုပ်အစ်ကို ဘယ်လို သေဆုံးရတယ်ဆိုတာကို ပြောပြဖို့ သင့်ပါတယ်"

ကျောင်းလီက သက်ပြင်းချကာ. . .

"အင်း. . . ခင်ဗျားက သိပ်သိချင်တဲ့ဆန္ဒ ပြင်းပြနေတော့ ကျုပ်က ပြောပြရမှာပေါ့ဗျာ"

သူက ပတ်ဝန်းကျင်တစ်ခုလုံးကို ဝေ့ကြည့်ကာ. . .



"ဒါပေမယ့် ကျုပ် ဒီနေရာမှာ စကားမပြောချင်ဘူး"

အမှန်တွင် သူက တစ်စုံတစ်ယောက် ချောင်းနားထောင်မည်ကို စိုးရိမ်၍ ဖြစ်လေသည်။

မုအင်းက သဘောထားကို နားလည်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်ကိုမိတ်ဆွေတွေရှိတဲ့ နေရာကို သွားကြမယ်၊ အဲဒီမှာဆိုရင် စကားအားလုံး စိတ်ချလက်ချ ပြောနိုင်ပါတယ်"

သူက စကားဆုံးသည်နှင့် ရှေ့မှ ဦးဆောင်ကာ ထွက်သွားလေသည်။

ကျောင်းလီက သူ့နောက်မှ လိုက်ပါလာခဲ့လေတော့၏။

◉ ◉ ◉

www.burmeseclassic.com

www.burmeseclassic.com



မအင်းက ရှေ့မှ သွားနေ၏။

ကျောင်းလီက နောက်မှ ထပ်ကြပ်မကွာ လိုက်နေလေသည်။

သူတို့နှစ်ယောက် တောအုပ်ကို လွန်မြောက်လာသောအခါ ရှေ့ဘက်တွင် ကွင်းပြင်များကို မြင်တွေ့ရလေ၏။

လယ်ကွင်းထဲ၌ လယ်သမားများ လုပ်ငန်းခွင် ဝင်နေကြပြီ ဖြစ်သည်။

ဖုန်ထူသော လယ်ကလေးမှာ မအင်းနှင့် ကျောင်းလီတို့ နှစ်ယောက် လျှောက်လာနေကြခြင်းကို တွေ့မြင်ရသောအခါ လယ်သမားများ တစ်ချက်လှည့်ကြည့်ပြီး ကိုယ့်အလုပ် ကိုယ်လုပ်နေကြလေသည်။

ဤအရပ်တွင် မြင်းမပါဘဲ ခရီးသွားသူများကို မကြာခဏ တွေ့မြင်ဖူး၍ ဂရုစိုက်ကြခြင်း မရှိဟု ကျောင်းလီက စဉ်းစားမိလိုက်သည်။

သို့သော် သူ၏စဉ်းစားမှုမှာ တက်တက်စင်အောင် မှားနေပြီ ဖြစ်ကြောင်း တစ်ခဏအတွင်းမှာပင် သိလိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော် လယ်စောင့်တဲတစ်ခု အနီးသို့ ရောက်သောအခါ သူတို့အား လူနှစ်ယောက်က ပြေးလွှားကြိုကြလေသည်။

"ဟေး အစ်ကိုကြီးမအင်းတို့ပါလား ကြွပါ ခင်ဗျာ. . . ကြွပါ"

လူတစ်ယောက်က မအင်းအား ဤသို့ ပြောလိုက်သော်



လည်း မျက်လုံးကမူ ကျောင်းလီအား အကဲခတ်ကြည့်နေလေသည်။

သူတို့နှစ်ယောက်၏ ခန္ဓာကိုယ်ပေါ်တွင် ဟောင်းနွမ်းသော အဝတ်အစားများ ဝတ်ဆင်ထားကြပြီး ကောက်ရိုးဖိနပ်များ စီးထားကြလေ၏။

သူတို့၏ခန္ဓာကိုယ်မှာ လွန်စွာသန်မာထွားကျိုင်းပြီး လှုပ်ရှားမှုမှာ ပေါ့ပါးဖျတ်လတ်နေ၏။

ကျောင်းလီက ထိုလူများမှာ သိုင်းပညာအဆင့်မြင့်သောလူများ ဖြစ်ရမည်ဟု နားလည်လိုက်သည်။

မအင်းက သူတို့အား မေးလိုက်၏။

"မင်းတို့ဆရာရော"

တစ်ယောက်က အဖြေပေးလိုက်၏။

"အထဲမှာ ရှိပါတယ်"

မအင်းက လယ်စောင့်တဲကလေးဆီသို့ လှမ်းကြည့်လိုက်လေသည်။

လယ်စောင့်တဲကလေးမှာ လယ်ကွင်းများအလွန် တောတန်းတစ်ခုအတွင်း ဆောက်လုပ်ထားခြင်း ဖြစ်သည်။

မအင်းသည် ကျောင်းလီအား နောက်မှ လိုက်လာရန် မျက်ရိပ်ပြလိုက်၏။

ထို့နောက် လယ်စောင့်တဲကလေးဆီသို့ ဦးဆောင်လျှောက်သွားလေသည်။

ကျောင်းလီတို့ကလည်း နောက်မှ လိုက်သွားလေတော့

၏။ လယ်စောင့်တဲလေး အတွင်းသို့ ရောက်သောအခါ လူနှစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

ထိုလူနှစ်ယောက်အား မြင်တွေ့လိုက်ရသောအခါ မုအင်း၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်ကာ ခြေလှမ်းအစုံတုံ့ ရပ်တန့်သွားလေသည်။

"ဟင်. . . မင်း. . . မင်းတို့"

သူက စကားမဆက်နိုင်တော့ဘဲ ထိုလူနှစ်ယောက်အား ကြေကွဲဝမ်းနည်းသော မျက်လုံးများအစုံဖြင့် စိုက်ကြည့်နေလေတော့သည်။

❀ ❀ ❀

လယ်စောင့်တဲလေးအတွင်း၌ ပုဂ္ဂိုလ်နှစ်ယောက် ရှိလေသည်။

တစ်ယောက်မှာ ကောက်ရိုးများ ခင်းထားသော ခုတင်ပေါ်တွင် ပက်လက်ကလေး လဲလျောင်းနေလေ၏။

သူ၏ခန္ဓာကိုယ် အောက်ပိုင်းတွင် စောင်တစ်ထည်ဖြင့် လွှမ်းခြုံထားလေ၏။

ကျန်တစ်ယောက်မှာမူ ကုလားထိုင်ပေါ်တွင် ထိုင်နေလေသည်။

ထိုလူ၏မျက်နှာမှာ ညှိုးနွမ်းနေလေ၏။

သူ၏ဘယ်ဘက် လက်မောင်းရင်းတွင် တိတ်ကျကျ



ပြတ်တောက်နေလေ၏။

သူတို့ကို ကြည့်မြင်ရသည်မှာ စိတ်မချမ်းသာစရာကောင်းလှပေ၏။

သို့သော် သူတို့၏မျက်လုံးများက အရောင်မှေးမှိန်ခြင်းမရှိဘဲ စူးရှတောက်ပနေသဖြင့် စိတ်ဓာတ်ကျဆင်းမှု မရှိကြောင်း သိရှိနိုင်လေသည်။

သူတို့က မုအင်းအား မြင်တွေ့လိုက်သောအခါ မျက်နှာမှာ ဝင်းလက်တောက်ပသွားကြ၏။

လက်တစ်ဖက်ပြတ်နေသောသူက ထိုင်ရာမှ ဝုန်းခနဲ ခုန်ထလိုက်လေသည်။

"ဟာ. . . အစ်ကိုလတ် ရောက်လာပြီကွ"

ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။

မုအင်းကမူ သူတို့အား ကြည့်ကာ ရီဝေစွာဖြင့် ငေးနေလေသည်။

"ဘယ်လို ဖြစ်ကြတာလဲကွ"

လက်တစ်ဖက်ပြတ်နေသောသူက ခေါင်းငုံ့သွားလေတော့သည်။

"ဟင်. . . အစ်ကိုနားလည်အောင် ပြောပြပါဦး၊ ဂိုဏ်းချုပ်ကြီးရဲ့ အဓိက အားထားရတဲ့ ကိုယ်ရံတော်တွေထဲမှာ သေတဲ့လူက သေပြီး ဒဏ်ရာရတဲ့လူက ဒဏ်ရာရခဲ့ကြတာကိုး"

ထန်ရို၊ ဘိုရန်ဖိုး၊ မုပြုံနှင့် မုအင်းတို့ လေးယောက်မှာ ဝမ်းရောင်ကျူး၏ အဓိက အားထားရသော ကိုယ်ရံတော်များ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြလေသည်။

သူတို့က ဂိုဏ်းချုပ်ကြီးဝမ်းရှောင်ကျူးအပေါ် အလွန်သစ္စာရှိကြပြီး သွေးသောက်အဖွဲ့ ဖွဲ့စည်းထားသူများလည်း ဖြစ်ကြလေသည်။

ယခုအခါ သွေးသောက်များမှာလည်း ကြေးစားလူသတ်သမားများ၏ သုတ်သင်ချေမှုန်းမှုကို ခံရလေသည်။

မုအင်းက အံကို တင်းတင်းကြိတ်လိုက်၏။

"ဒါနဲ့ မင်းတို့က ဘယ်မှာ တိုက်ပွဲ ဖြစ်တာလဲ"

"ကျွန်တော်တို့က အစ်ကိုလတ်ဆီကို သတင်းစုဆောင်းဖို့ အလာမှာ ယန်ယီမြို့လဲ ရောက်ရော မျက်နှာကို အဝတ်နက်စည်းထားတဲ့ လူတွေက ဝိုင်းရံတိုက်ခိုက်ခြင်း ခံရတော့တာပါပဲ"

ခုတင်ပေါ်တွင် လဲလျောင်းနေသော ထန်ရိက ထထိုင်ရန် ကြိုးစားလိုက်၏။

"ဟာ. . . ညီလေးထန် သက်သာသလိုနေပါကွာ၊ သိပ်လှုပ်လှုပ်ရှားရှားလုပ်ရင်. . ."

သူ၏စကားမဆုံးမီ ထန်ရိက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း လက်ကာပြလိုက်၏။

"ကျွန်တော့်ဘဝ မထူးတော့ပါဘူး အစ်ကိုလတ်ရယ်၊ အခုဆိုရင် ကျွန်တော်ဟာ လူသေကောင်တစ်ယောက်နဲ့ မခြားတော့ပါဘူး။ အခုပုံအတိုင်းသာ ဆက်ပြီး အသက်ရှင်နေဦးမှာထက်စာရင် သေတာ အကောင်းဆုံးပါပဲ"

မုအင်းက သူ့ထံသို့ လျှောက်သွားကာ လက်နှစ်ဖက်ဖြင့်



သိုင်းဖက်လိုက်လေသည်။

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲကွာ၊ အစ်ကိုလတ်တို့ အသက်ရှင်နေသရွေ့ ကာလပတ်လုံး ဆရာ့အတွက် လက်စားချေရမယ် မဟုတ်လား၊ ညီလေးရဲ့ ဒဏ်ရာကို အစ်ကိုလတ်က အကောင်းဆုံး ဆေးဆရာခေါ်ပြီး ကုသပေးပါ့မယ်ကွာ"

သူ၏စကားမှာ ဝေဒနာခံစားရသူများအတွက် အားပေးသောစကား ဖြစ်လေသည်။

သို့သော် သူ၏နှစ်သိမ့်သော စကားကို ကြားလိုက်သောအခါမှ ထန်ရိနှင့် အိုရန်ဖုံးတို့ မျက်ရည်ကျလာလေတော့သည်။

"အစ်ကိုလတ်ရဲ့ စကားကို ကြားရတာနဲ့ ကျုပ်တို့ ဝေဒနာတွေ လုံးဝပျောက်ကင်းသွားသလို ခံစားမိပါတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးအတွက် တာဝန်မကျေနိုင်တာကိုတော့ ရင်ထဲမှာ စိတ်မကောင်း ဖြစ်မိတယ်"

မုအင်းက မချိပြုံးပြုံးကာ. . .

"အမှန်တော့ ညီလေးတို့ နှစ်ယောက်ဟာ အစ်ကိုလတ်ရဲ့ သွေးသောက်အဖွဲ့မှာ အားအထားရဆုံးပါကွာ၊ ဘာပဲဖြစ်ဖြစ် ဂိုဏ်းချုပ်ကြီးရဲ့ သွေးကြွေးဆပ်ဖို့ ညီလေးတို့ရဲ့ အင်အားလိုနေတာ အမှန်ပဲ၊ ညီလေးတို့နှစ်ယောက်က သေချာဆေးကုသလိုက်မယ်ဆိုရင် တစ်နေ့မှာ အစ်ကိုလတ်တို့ရဲ့ သွေးသောက်အဖွဲ့ဟာ ဂိုဏ်းချုပ်ကြီးအတွက် လက်စားချေနိုင်မှာပဲ"

အိပ်ရာထဲတွင် လဲလျောင်းနေသော ထန်ရိမှာ သူ၏စကားကြောင့် စိတ်ဓာတ်များ ပြန်လည်တက်ကြွလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

"ဟုတ်တယ် အစ်ကိုလတ်၊ အစ်ကိုလတ် ပြောမှ ကျွန်တော့်မှာ အားအင်ပြည့်ဖြိုးလာမိတယ်၊ ကျွန်တော်တို့ကို အကောင်းဆုံး ဆေးဆရာနဲ့ ကုသလိုက်ရင် ဝေဒနာပျောက်ကင်းသွားမှာပေါ့နော် အစ်ကိုလတ်"

ထန်ရီက. . .

"ဒါပေါ့ ညီလေးရယ်"

ထိုအချိန်တွင် အိုရန်ဖုံးက. . .

"ဒါနဲ့ ညှေ့သည်ကို မိတ်ဆက်ပေးပါဦးဗျ"

မုအင်းက. . .

"သူဟာ အစ်ကိုကြီးမုဖြူ ပြောတဲ့ တခွေမင်းသားလေး ကျောင်းလီပါ"

ထိုစကားကြားလျှင် ထန်ရီတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

အခြေအနေကို နားလည်သွားကြပြီး ချက်ချင်းဦးညွှတ်လိုက်ကြသည်။

"မကောင်းသူပယ် ကောင်းသူကယ်နေတဲ့ တခွေမင်းသားလေးကို ဂါရဝပြုပါတယ်ဗျာ"

ကျောင်းလီက ပြုံးနေ၏။

ထန်ရီက မုဖြူအား သတိရသွားကာ ကျောင်းလီအား မေးလိုက်သည်။

"အစ်ကိုကြီးမုဖြူရော ပါမလာဘူးလား"



ကျောင်းလီက သက်ပြင်းချကာ. . .

"ဝမ်းနည်းစရာပါပဲ၊ သူသေဆုံးသွားခဲ့ပါပြီ"

ထန်ရီနှင့် အိုရန်ဖုံးတို့၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူတို့၏မျက်နှာပေါ်တွင် အံ့အားသင့်သော အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

သို့သော် တစ်ခဏမျှသာ ဖြစ်ပြီး ပြန်လည်ပျောက်ကွယ်သွားလေသည်။

သေခြင်းတရားမှာ သူတို့အတွက် မထူးဆန်းကြောင်းတောင်းစွာ သဘောပေါက်နားလည်ထားသည် မဟုတ်ပါလား။

သူတို့မှာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သက်တမ်းကုန်ဆုံးကာ သေဆုံးကြရမည်။

လျင်မြန်စွာ သေဆုံးခြင်းနှင့် နောက်ကျမှ သေဆုံးခြင်းသည်သာ ကွာခြားပေသည်။

ထို့ပြင် သေသင့်သေထိုက်၍ သေဆုံးခြင်းနှင့် အချိန်မတန်ဘဲ သေဆုံးခြင်းဟူ၍ ခြားနားမှု ရှိလေသည်။

အချိန်မတန်ဘဲ သေဆုံးရခြင်းမှာ အံ့ဩမှုကို ဖြစ်ပေါ်စေ၏။

သို့သော် သေခြင်းအတူတူ မထူးဟု သဘောပေါက်ကာ အံ့ဩသည့်စိတ် ကွယ်ပျောက်သွားရသည်။

မုအင်း၊ ထန်ရီနှင့် အိုရန်ဖုံးတို့ သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျောင်းလိဘက်သို့ လှည့်ကာ ဖြိုင်တူ ပြောလိုက်ကြသည်။

"ကျုပ်တောင်းပန်ပါတယ်၊ ကျုပ်တို့ဂိုဏ်းချုပ်ကြီး ဝမ်းရှောင်ကျူးကို လုပ်ကြံပြီး မတရားသဖြင့် စည်းစိမ်နဲ့ အာဏာနဲ့ ယစ်မူးနေတဲ့ ဝမ်းလုံဆိုတဲ့ လူယုတ်မာတို့ အဖွဲ့ကို မတရားမှုတွေ ရပ်ဆိုင်းပြီး အမှန်တရား ပေါ်ပေါက်လာအောင် ကူညီဆောင်ရွက်ပေးပါ"

ကျောင်းလိက လှိုက်လှဲစွာ ပြုံးပြလိုက်လေသည်။

သူ၏အပြုံးသည် မုအင်းတို့သုံးယောက်၏ နှလုံးသားအား နွေးထွေး၍ အားအင်ပြည့်ဖြိုးလာသလို ခံစားလိုက်ရတော့သည်။

❁ ❁ ❁



ညှော်ခန်း. . . ။

အလွန်ကြီးကျယ်ခမ်းနားသော ညှော်ခန်းတစ်ခု ဖြစ်လေသည်။

ညှော်ခန်းအတွင်း အလွန်တန်ဖိုးကြီးသော ရှေးဟောင်းပစ္စည်းများဖြင့် မွမ်းမံထားလေသည်။

ထိုညှော်ခန်း၏ခေါင်းရင်းတွင် အလွန်ခန့်ညားသော ပုံတူပန်းချီကားတစ်ခုကို ချိတ်ဆွဲထား၏။

ထိုပန်းချီကားချပ်ထဲမှ လူကြီးမှာ အသက်သုံးဆယ်ကျော် လေးဆယ်ခန့်ရှိပြီး ဥပဓိရုပ် အလွန်ခန့်ညားလှပေသည်။

အထူးသဖြင့် သူ၏မျက်လုံးအစုံမှာ ကြည်လင်တောက်ပပြီး ထူအမ်းပြည့်ဖြိုးသော နှုတ်ခမ်းအစုံမှာ စိတ်သဘောထားပြည့်ဝကြောင်း သိသာထင်ရှားလေသည်။

ဤပန်းချီကား၏အောက်ခြေတွင် ဝမ်းရှောင်ကျူးဟု ရေးသားထားလေသည်။

ထိုပုံတူကားချပ်မှာ ထင်းနန်ဂိုဏ်း၏ဂိုဏ်းချုပ် ဝမ်းရှောင်ကျူးပင် ဖြစ်လေသည်။

ထိုပန်းချီကားချပ်ကြီး၏ရှေ့တွင် ကျောက်စိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးက ရပ်နေလေသည်။

သူမမှာ မေဟွား ဖြစ်လေသည်။

သူမ၏လက်ထဲတွင် ကျောက်စိမ်းပလွေတစ်ချောင်းကိုင်ထားပြီး အလွန်ကြကွဲစရာကောင်းသော သံစဉ်တစ်ခုကို မှုတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေဟွားသည် အဘယ်ကြောင့် ကြေကွဲဝမ်းနည်းဖွယ်ရာ ပလွေသံစဉ်ကို တီးမှုတ်နေပါသနည်း။

သူမ၏ခင်ပွန်းသည် ဝမ်းရှောင်ကျူးသည် မမျှော်လင့်ဘဲ သေဆုံးသွားခဲ့သည်။

ထိုကိစ္စသည် ကြေကွဲဖွယ်ကောင်းသလို မရှင်းမလင်း ဖြစ်ခဲ့ရသည်။

ဝမ်းရှောင်ကျူးအား အနီးကပ် စောင့်ရှောက်ခဲ့သော ကိုယ်ရံတော်လေးယောက်သည် တစ်စုံတစ်ယောက်၏ ပယောဂကြောင့် သေဆုံးရခြင်း ဖြစ်သည်ဟု ယူဆထားသည်။

ဝမ်းရှောင်ကျူး၏ရာထူးကို ဝမ်းလုံက ဆက်ခံလိုက်သောအခါ ကိုယ်ရံတော်များမှာ ထင်းနန်ဂိုဏ်းအား စွန့်ခွာသွားခဲ့ကြလေသည်။

အမှတ်တစ်ကိုယ်ရံတော်မှူးဖြူက ဝမ်းလုံအား သတိထားဖို့ သူမအား မှာကြားသွားလေသည်။

မရှင်းမလင်း ဖြစ်ခဲ့ရသော ခင်ပွန်းသည် သေဆုံးသွားသော ကိစ္စကြောင့် မေဟွားမှာ ပူဆွေးသောက ရောက်ခဲ့ရလေသည်။

ကြေကွဲဖွယ်ရာ ပလွေသံစဉ်ကို တီးမှုတ်ရင်း သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

တဖွဲဖွဲ ရွာသွန်းနေသောမိုးနှင့် အေးစိမ့်မှုက သူမ၏ နှလုံးသားမှ အပူအပင်ကို မငြိမ်းသတ်နိုင်ပါတကား။

❁ ❁ ❁



အပြင်ဘက်၌ မိုးသည်းထန်စွာ ရွာသွန်းနေဆဲပင်။

လေပြင်း တိုက်ခတ်မှုကြောင့် သစ်ကိုင်းများ ယိမ်းထိုးလှုပ်ရှားနေပုံမှာ မကောင်းဆိုးဝါးများ ကခုန်နေသည်နှင့်ပင် တူလှတော့သည်။

ထိုအချိန်တွင် အမှောင်ထုကို ချဉ်းနင်းတော့ဖြတ်ကာ အမည်းရောင်လူရိပ် နှစ်ဆယ်ခန့်တို့က ဝမ်းရှောင်ကျူး၏ ခြံဝင်းဆီသို့ ဦးတည်ပြေးလွှားနေလေသည်။

သူတို့၏လှုပ်ရှားမှုမှာ မြန်ဆန်လွန်းလှသဖြင့် တစ်ခဏအတွင်းပင် ခြံဝင်းအနီးသို့ ရောက်ရှိလာကြလေတော့သည်။

ထို့နောက် လူတစ်ယောက် ရှေ့ဆုံးမှ ဦးဆောင်ကာ ခြံဝင်းတံခါးကို လွှားခနဲကျော်၍ ဝင်ရောက်သွားလေသည်။

ကျန်လူများကလည်း သူ့နောက်မှ လိုက်ပါသွားကြလေသည်။

လေးယောက်မှာမူ ခြံဝင်းတံခါး ဘယ်ညာနှစ်ယောက်စီ စောင့်ကြပ်ကျန်ရစ်ခဲ့လေသည်။

ခြံဝင်းထဲသို့ ဝင်ရောက်သွားသော လူများမှာ ပလွေသံ ကြားလိုက်ရသည်နှင့် ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

ထို့နောက် လူလေးယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ခေါင်းတစ်ချက်စီ ငြိမ့်တူညီတ်လိုက်ကြပြီး ပလွေသံနှင့် အနီးဆုံး နေရာသို့ မှန်းဆကာ တိတ်တဆိတ် ချဉ်းကပ်သွားကြလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



မေဟွားမှာ ပတ်ဝန်းကျင်တွင် ကျရောက်လာမည့် အန္တရာယ်ကို သတိမပြုမိပါချေ။

သူမက ပလွေကိုသာ အဆက်မပြတ် မှုတ်နေမိ၏။

ထိုစဉ်. . .

“ဝုန်း”

ရုတ်တရက် ပြတင်းပေါက် တံခါးပွင့်သွားပြီးနောက် ရေမှုန်များက ပြေးဝင်လာလေသည်။

ယင်းရေစက် ရေမှုန်များနှင့်အတူ အမည်းရောင်ဝတ်စုံဝတ်ဆင်ထားသော သူများက တစ်ယောက်ပြီးတစ်ယောက် ခုန်ဝင်ရောက်ရှိလာကြ၏။

မေဟွားသည် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားပြီး ချက်ချင်းပင် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

“ဝီ. . . ဝီ. . . ဝီ”

ရုတ်တရက် သူမ၏ပလွေထဲမှ အစိမ်းရောင်အလင်းတန်းများက လွင့်ပျံ့လာကာ အမည်းရောင်ဝတ်စုံဝတ်ဆင်ထားသော လူငါးယောက်ထံသို့ တည့်မတ်စွာ လွင့်ပျံ့သွားလေသည်။

“သတိထား အဆိပ်အပ်”

အမည်းရောင်ဝတ်ဆင်ထားသော ခေါင်းဆောင်လူ၏ အော်ဟစ်အမိန့်ပေးသံ မဆုံးခင်မှာပင် မေဟွားထံ ပြေးလွှားလာကြသော လူငါးယောက်ထံမှ စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာပြီး လဲကျသွားလေတော့သည်။

ခေါင်းဆောင်ဖြစ်သူ၏ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်သွား



လေတော့သည်။

သူက မေဟွားအား ပေါ့ပေါ့တန်တန် သဘောထား၍ မရကြောင်း သိရှိလိုက်မိသည်။

ထို့ကြောင့် သူက မေဟွားအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ထိုလူ၏သိုင်းကွက်ကို တွေ့မြင်ရလျှင် အကင်းပါးသော မေဟွားက မည်သူမည်ဝါ ဖြစ်ကြောင်း ရိပ်မိသွားလေသည်။

“ဟင် ကျောက်တုံးကျွန်းချင်း”

မေဟွား၏ စကားသံကြောင့် ထိုလူ ကပျာကယာ နောက်ပြန်ဆုတ်လိုက်လေသည်။

မေဟွားသည် ဝိုင်းရံထားကြသော အနက်ရောင်ဝတ်မျက်နှာဖုံးစွပ်ထားသူများကို တအံ့တသြ ဝေ့ကြည့်လိုက်သည်။

“ကျွန်မမှာ ရန်သူ မရှိခဲ့ဘူး၊ ရှင်တို့လူကို လာပြီး ရန်ရှာကြတာ၊ ဝမ်းလုံရဲ့အမိန့်ကြောင့်ပဲ ဖြစ်မယ်၊ မျက်နှာဖုံးစွပ်ပြီး ရုပ်ဖျက် မထားကြပါနဲ့တော့၊ ရှင်တို့ ဘယ်သူဘယ်ဝါတွေဆိုတာ ကျွန်မ သိနေပါပြီ”

ဤတွင်. . .

“စကားမရှည်နဲ့ အသုံ့ခံလိုက်”

ခေါင်းစွပ်နက်တစ်ယောက်က အော်ပေါက်ကာ မေဟွားထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

မေဟွားသည် ပလွေဖြင့် ချက်ချင်းခုခံပေးလိုက်၏။

ထိုလူ၏ဓားနှင့် မေဟွား၏ပလွေတို့ ပြင်းထန်စွာ ထိ

www.burmeseclassic.com

www.burmeseclassic.com



တွေ့မိလိုက်လေသည်။

"ထန်း"

ကျယ်လောင်သော မြည်သံ ထွက်ပေါ်လာကာ မေဟွား၏လက်ထဲမှ ပလွေလွတ်ကျသွားလေတော့သည်။

ထိုလူ အသာစီးရလိုက်သည်နှင့် ကျန်ခေါင်းစွပ်နက်များက မေဟွားအား ဝင်ရောက် တိုက်ခိုက်လိုက်ကြလေသည်။

"ကျွန်မအနား မကပ်နဲ့"

မေဟွားသည် အခန်းတွင်း လှည့်ပတ်ရှောင်တိမ်းရင်း တွေ့သမျှ ပစ္စည်းများ ကောက်ယူကာ ပစ်ပေါက်ခုခံလိုက်လေသည်။

ဝုန်းဝုန်းဒိုင်းဒိုင်း အသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

မေဟွားတို့သားအမိအတွက် ဝမ်းလုံ ချထားသော အစောင့်များ ရောက်လာကြခြင်း မရှိပါချေ။

ဝမ်းလုံကိုယ်တိုင်က သူမအား ဖမ်းဆီးခိုင်းလိုက်ခြင်း ဖြစ်ကြောင်း ပို၍ သေချာသွားလေသည်။

ထင်းနန်ဂိုဏ်းချုပ် ဝမ်းစန်းဖုံးတို့ မောင်နှံနှင့် ဝမ်းရှောင်ကျူးတို့အား အကောက်ကြံသူ ဖြစ်၍သာ သူမအပေါ်၌လည်း အကောက်ကြံခြင်း ဖြစ်ကြောင်း နားလည်လိုက်သည်။

မေဟွား ဒေါပွသွားလေသည်။

"ဝမ်းလုံ ရှင်တော်တော်ယုတ်မာပါလား၊ ထွက်လာခဲ့စမ်း"



ကျယ်လောင်စွာ အော်ပြောလိုက်သော အသံသည် မိုးသံလေသံကို ထွင်းဖောက်ထွက်ပေါ်လာလေ၏။

ဝမ်းလုံကား ကိုယ်တိုင် ရောက်မလာပါချေ။

"စကားမရှည်နဲ့၊ အဖမ်းခံလိုက်စမ်း"

ခေါင်းစွပ်နက်တစ်ယောက်က အော်ငေါက်ကာ ခုန်ဝင်လာ၏။

ဓားရှည်တစ်လက်ကို ဝှေ့ယမ်းကာ မေဟွား၏ရင်ဝကို ထိုးဖောက်ဝင်ရောက်လာလေသည်။

မေဟွားက အံတင်းတင်းကြိတ်ကာ. . .

"ကျွန်မကို အသက်ရှင်လျက် ဘယ်တော့မှ မရဘူး"

သူမသည် ရှောင်တိမ်းခြင်း မပြုဘဲ ထိုလူ၏ဓားဦးတည့်တည့်သို့ ရင်ကော့ကာ တိုးဝင်လိုက်လေ၏။

"ဟာ"

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဝတ်စုံနက် လွှတ်ခနဲ အော်လိုက်လေသည်။

ကျောက်တုံးကျွန်းချင်းဟု ရိပ်စားခဲ့မိသည့် ဝတ်စုံနက်တလည်း ကပျာကယာ ရှေ့သို့ ခုန်ဝင်လာသည်။

"ဓားလွှတ်လိုက်စမ်း"

မေဟွားအား တိုက်ခိုက်ခြင်း မပြုဘဲ သူ့လူ၏လက်ထဲမှ ဓားကို ရိုက်ချလိုက်လေသည်။

"ခြွမ်း"

ဓားရှည်မှာ ကြမ်းပြင်ပေါ် လွင့်စဉ်သွားသဖြင့် မေဟွား

www.burmeseclassic.com

www.burmeseclassic.com



အသက်အန္တရာယ်မှ လွတ်မြောက်သွားလေတော့၏။

"ဟား. . . ဟား. . . ဟား"

မေဟွားက တမင် ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ ကျွန်မကို မသတ်ရဲကြဘူးလား၊ ပြောကြစမ်းပါဦး"

ခေါင်းစွပ်နက်တစ်ယောက်က သူ၏ခေါင်းစွပ်ကို ဒေါသတကြီး ဆွဲဖြုတ်လိုက်လေသည်။

မေဟွား အသက် မသေရလေအောင် ဟန့်တားခဲ့သူဖြစ်သည်။ ထိုလူမှာ မေဟွား မျှော်လင့်ထားသည့် အတိုင်း ကျောက်တုံးကျန်းချင်း ဖြစ်နေပါတော့သည်။

ကျန်းချင်းက ဦးညွှတ်လိုက်သည်။

"သခင်မကို ထိတ်လန့်အောင် လုပ်မိခဲ့ရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

မေဟွားက နှာခေါင်းရှုံ့လိုက်၏။

"ကျွန်မကို တောင်းပန်စရာ မလိုပါဘူး၊ ဝမ်းလုံ ဘယ်မှာလဲ"

"ဂိုဏ်းချုပ်ကြီး သီးသန့်အဆောင်ထဲမှာ ရှိနေပါတယ်"

"ကောင်းပြီ၊ သူ့ကို သွားတွေ့မယ်၊ ဘာ သဘောနဲ့ ခုလို လုပ်ရတယ်ဆိုတာ ဖြေရှင်းရလိမ့်မယ်၊ သူ မဖြေ ှင်းနိုင်ဘူးဆိုရင် ကျွန်မ ဒီမှာ ဆက်မနေနိုင်တော့ဘူး၊ ချယ်ရီတောင်ကို ပြန်ရလိမ့်မယ်"



ကျန်းချင်း ကြံရာမရ ဖြစ်သွားလေသည်။

သို့သော် မေဟွားကို ဖမ်းဆီးခေါ်ဆောင်လာဖို့ ဝမ်းလုံကိုယ်တိုင် အမိန့်ပေးလိုက်သည် ဖြစ်ရကား. . .

"ကောင်းပါပြီ၊ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ဖို့ သခင်မလိုက်ခဲ့ပါ"

ဟူ၍ ဖိတ်ခေါ်လိုက်၏။

မေဟွားသည် ချက်ချင်းလိုက်သွားရန် ဟန်ပြင်ပြီးမှ သတိဝင်လာလေသည်။

ဝမ်းလုံသည် သူ၏မကောင်းသော လုပ်ရပ်များ ပေါ်ပေါက်လာ၍သာ သူမ ရှောင်တိမ်းသွားမည်ကို စိုးရိမ်ကာ ဖမ်းဆီးရန် သူ၏လူများ လွှတ်လိုက်ခြင်း ဖြစ်ပေမည်။

သူမလိုက်သွားလျှင် ကျားရဲတွင်းသို့ ဆင်းသက်သို့ ရှိနေပေမည်။

ဝမ်းလုံနှင့် တွေ့လျှင် သူမ မလွတ်မြောက်နိုင်တော့ပါချေ။

အခွင့်အရေးရခိုက် ထွက်ပြေးတိမ်းရှောင်သွားခြင်းက အကောင်းဆုံး ဖြစ်မည်ဟု ဆင်ခြင်မိလာတော့၏။

မေဟ ားက ထိတ်လန့်သွားသည်ကို မည်သူမျှ မရိပ်မိအောင် ကြနေ့ဆည်လိုက်ပြီး အသံမာမာဖြင့် ပြောလိုက်လေသည်။

"ကော ်င်းပြီ၊ သွားကြမယ်"

သူမသည် ခြေသံပြင်းပြင်းနင်းကာ ရှေ့မှ လှမ်းထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်သည်။

ကျန်းချင်းနှင့် သူ၏လူများ နောက်မှ လိုက်လာကြလေသည်။

မေဟွားသည် ခြေလှမ်းငါးလှမ်းမျှ လှမ်းလိုက်ပြီး မြတင်းပေါက် အနီးရောက်သည်နှင့်. . .

"ဟိတ်"

ဩသံပေးကာ ကပ်လျက် လိုက်ပါလာသော ကျန်းချင်း၏လူတစ်ယောက်ကို တွန်းထုတ်လိုက်ပြီး မြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်လိုက်လေသည်။

"ဟာ"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ မေဟွားမှာ အပြင်ဘက်သို့ ရောက်သွားလေတော့သည်။

ကျန်းချင်းမှာ မျက်လုံးပြူးသွားလေသည်။

"ဟော့. . . ဟော့ ဒါ ဘာလုပ်တာလဲ"

သူက အော်ပြောလိုက်သည့်တိုင် မေဟွားကား ရပ်နားခြင်း မပြုဘဲ ရှေ့သို့သာ ဆက်၍ ပြေးသွားလေတော့သည်။

"ဟာ ထွက်ပြေးပြီ၊ မဖြစ်ဘူး လိုက်ကြစမ်း"

ကျန်းချင်းသည် သူ၏လူများကို အမိန့်ပေးရင်း သူကိုယ်တိုင်လည်း တစ်ဟုန်ထိုး ပြေးလိုက်သွားတော့သည်။

❁ ❁ ❁



ညဥ့်နက်ပြီ ဖြစ်ပါသည်။

မိုးစဲသွားပြီး ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာခြင်းကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါ၏။

ဝမ်းလုံသည် ကျောက်ပြားခင်းပေါ်၌ လက်နှစ်ဖက်နောက်ပစ်ကာရပ်လျက် လဝန်းကို ငေးမောကြည့်နေလေသည်။

လဝန်းတွင် မေဟွား၏အရိပ်သဏ္ဌာန် ထင်ဟပ်နေခြင်း မရှိတော့ပါ။

ရုတ်တရက် သူနှင့် မလှမ်းမကမ်းသို့ လူတစ်ယောက်ရောက်ရှိလာလေသည်။ ထိုလူမှာ မေဟွားအား သွားရောက်ဖမ်းဆီးခဲ့သော ကျန်းချင်း ဖြစ်ပေသည်။

ကျန်းချင်းသည် ဝမ်းလုံကို မဝံ့မရဲ ကြည့်လိုက်၏။

ဝမ်းလုံက သူ့အား အမှုမထားပါချေ။

"မေဟွား ထွက်ပြေးသွားပြီလား"

ထိုစကားကြောင့် ကျန်းချင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ဟုတ်. . . ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

ဝမ်းလုံက ယခုမှ ကျန်းချင်းအား သေချာကြည့်လိုက်လေသည်။

"သူလွတ်သွားလို့ မဖြစ်ဘူး၊ သေသေချာချာ ဖမ်းခေါ်လာခဲ့ဖို့ ကျုပ်မှာလိုက်တယ် မဟုတ်လား"

"ကျုပ်တလဲ ဂရုစိုက်ပြီး. . ."

ကျန်းချင်းက ရှင်းပြရန် ကြိုးစားစဉ် ဝမ်းလုံက ကြားဖြတ်

www.burmeseclassic.com

www.burmeseclassic.com



၍ ပြောလိုက်၏။

"ခင်ဗျားဂရုစိုက်တယ်ဆိုရင် မေဟွား လွတ်သွားစရာ အကြောင်း ရှိပါ့မလား"

ကျန်းချင်း မျက်နှာပျက်ကာ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။ ဝမ်းလုံက. . .

"တစ္ဆေမင်းသားကလဲ တကယ်ပဲ ပေါ်ပေါက်လာနေပြီ၊ ယန်ယီမြို့ကို ရောက်လာပြီး ကျုပ်ကို ဆုံးမမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတယ်၊ ဒီအချိန်မှာ ခင်ဗျားက မေဟွားကို ခေါင် ဖမ်းခေါ်မလာနိုင်ဘူးဆိုရင် ခင်ဗျားကို ဘယ်လုပ်ပြီး အားကိုးရတော့မှာလဲ"

ကျန်းချင်းက အပြစ်တင်ခံလိုက်ရသောကြောင့် ဒေါသထွက်သွားလေသည်။

"ဝမ်းလုံ၊ မင်းက ဂိုဏ်းချုပ်ကြီးတစ်ယောက်ဆိုပြီး ဘဝင်မြင့်မနေစမ်းပါနဲ့၊ မင်းဟာ ငါတို့လို လမ်းဘေးက အခြေအနေမဲ့ ကြေးစားလူသတ်သမား ဖြစ်ခဲ့ဖူးတယ်ဆိုတာကို မမေ့စမ်းပါနဲ့"

ဟု ပြောလိုက်လေသည်။ ဝမ်းလုံက မဲ့ပြုံးပြုံးကာ. . .

"ကျုပ်ဟာ ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်နေပြီ၊ ကျုပ်ရဲ့ဘဝအကြောင်း သိတဲ့လူ လက်တစ်ဆုပ်စာလောက်ပဲ ရှိတော့တယ်၊ ဒီလူတွေ မရှိတော့ရင်. . . ဒီလူတွေ မရှိတော့ရင် ကျုပ်အကြောင်းကို ဘယ်သူက သိနိုင်တော့မှာလဲ"

"မင်း. . . မင်း"

"ကျန်းချင်း၊ ခင်ဗျားဟာ တစ်နေ့ ကျုပ်ကို ဒုက္ခပေးမယ့်



လူပဲ၊ ဒါကြောင့် ခင်ဗျားကို ချမ်းသာပေးလို့ မဖြစ်တော့ပါဘူး"

ဝမ်းလုံက စိုက်ကြည့်ရင်း ရှေ့တိုးလိုက်လေသည်။

ကျန်းချင်း ယခုမှ ထိတ်လန့်သွား၏။

အခြေအနေ မဟန်မှန်း ရိပ်မိလျှင် ငြာသံပေးကာ စတင်တိုက်ခိုက်လိုက်လေသည်။

"ယား"

ဝမ်းလုံက ပြုံးကာ. . .

"ခင်ဗျား ဘာများတတ်နိုင်မှာလဲ"

သူ၏လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လျှင် စွန်ကုတ်သက်သည်းသဏ္ဌာန် လက်ဝါးချောင်းသည် ကျန်းချန်း၏ရင်ဝဆီသို့ တိုးဝင်သွားလေသည်။

ကျန်းချင်း ထိတ်လန့်ကာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားချေပြီ။ ဝမ်းလုံ၏ကြောက်မက်ဖွယ်ကောင်းသော ကုတ်ဆွဲတိုက်ခိုက်မှုကြောင့်. . .

"အား"

ကျန်းချင်း စူးရှစွာ အော်လိုက်လေသည်။ သူ၏ရင်ဝ၌ သွေးခြင်းခြင်း နီရဲသွားကာ မြေပေါ် ဒူးထောက်ကျသွား၏။

"သွားပေတော့"

ဝမ်းလုံက ကျန်းချင်း၏ဦးခေါင်းပေါ်သို့ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အသက်ပေးမေတ္တာ

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

အော်ဟစ်မေးမြန်းသံများနှင့်အတူ ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာလေ၏။

လျှံထင်း၊ ရှထင်းနှင့် ကျူးယုတို့ ပြေးလွှားရောက်ရှိလာကြသည်။

လျှံထင်းက သေဆုံးနေသော ကျန်းချင်းကို ကြည့်ကာ

"ဂိုဏ်းချုပ်ကြီး ဘယ်လို ဖြစ်တာလဲ"

ဟု မေးလိုက်သည်။

ဝမ်းလုံက ဝမ်းနည်းတွန့်ကာ. . .

"တန္တေမင်းသားဟာ မေဟွားကို လာပြီး ကယ်တင်လိမ့်မယ်ဆိုတဲ့ သတင်းကြောင့် ကျုပ်က သူ့ကို မေဟွားဆီကို လွှတ်လိုက်တယ်၊ သူဟာ တန္တေမင်းသားနဲ့ တွေ့သွားပုံရတာပဲ"



ကျူးယုက. . .

"ဂိုဏ်းချုပ်ကြီး မေဟွားရော"

ဝမ်းလုံက. . .

"မေဟွားကို တန္တေမင်းသား ခေါ်သွားပြီ၊ ဒါမေမယ့် မေဟွား မကြာခင် ရောက်လာလိမ့်မယ်"

ဟု ပြောလိုက်သည်။

ထိုစဉ်. . .

"လူယုတ်မာ"

ဒေါသတကြီး အော်ငေါက်သံနှင့်အတူ မေဟွားတအမှောင်ရိပ်ထဲမှ ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

မေဟွားသည် ပြေးလွှားရင်း ဝမ်းလုံအား တိုက်ခိုက်လိုက်လေ၏။

ဝမ်းလုံက မဲ့ပြုံးပြုံးကာ. . .

"မင်း ဘာကြောင့် ဒီလောက်တောင် ဒေါသကြီးနေတာလဲ၊ မေနန်းလေးကိုကော မင့်ညှာတော့ဘူးလား"

"ဟင်"

သမီးငယ်မေနန်းမှာ ဝမ်းလုံ လက်ထဲ ကျရောက်နေမှန်း သိရ၍ ငိုင်သွားလေသည်။

ဝမ်းလုံက ရယ်မောကာ. . .

"မင်း ဒီကို ထွက်သွားချင်တယ်ဆိုရင် မေနန်းကို ခေါ်သွားမှ ဖြစ်မှာပေါ့၊ သူ့ကို မင်းမှမခွဲနိုင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ရှင်"

ဝမ်းလုံက ပြုံးရယ်ကာ ကျူးယုအား. . .

"ကဲ ခင်ဗျားပဲ မေနန်းကို သွားခေါ်လိုက်ပါ"

ကျူးယု ပြေးထွက်သွားလေတော့သည်။

❁ ❁ ❁

ဝမ်းလုံ မျက်မှောင်ကြုတ်သွားလေသည်။

ကျူးယု ထွက်သွားသော်လည်း ယခုတိုင် ပြန်ရောက်လာခြင်း မရှိပါချေ။

မေဟွား စိတ်ပူလာလေသည်။

ဝမ်းလုံက ရှထင်းအား ကြည့်ကာ. . .

"ရှထင်း၊ ခင်ဗျားလိုက်သွားစမ်းပါ"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ရှထင်းက ကျောက်ပြားခင်းထားသော လမ်းအတိုင်း ပြေးလွှားသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ဝမ်းလုံက စိတ်ချရပြီဟု ထင်မှတ်နေစဉ်မှာပင်. . .

"ဝုန်း"

အလှမ်းမကမ်းမှနေ၍ အလွန်လေးလံသော အရာဝတ္ထုတစ်ခု မြေပေါ် လဲပြိုကျသွားသည့် အသံကို အတိုင်းသားကြားလိုက်ရသည်။

ဝမ်းလုံက မျက်နှာပျက်သွားကာ. . .



"တစ္ဆေမင်းသား ခင်ဗျားရောက်နေမှတော့ ဘာကြောင့် ထွက်မလာရသေးတာလဲ"

ဟု ပြောလိုက်လေသည်။

တိတ်ဆိတ်နေသော ညဥ့်ယံတွင် ဝမ်းလုံ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မေဟွား ဝမ်းသာသွားသည်။

သူမသည် အရဲစွန့်ကာ. . .

"တစ္ဆေမင်းသား၊ ကျွန်မတို့သားအမိကို ကူညီပါရှင်"

ဝမ်းလုံက ဒေါသထွက်သွားကာ. . .

"တစ္ဆေမင်းသား၊ ခင်ဗျားဟာ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ လူတစ်ယောက်ပါ၊ ဘာကြောင့် ခိုးကြောင်ခိုးဝှက် လုပ်နေရတာလဲ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်. . .

"ရွှီး"

မြွေတွန်သံတစ်ချက် ထွက်ပေါ်ကာ ခပ်မည်းမည်းအရာ တစ်ခု ပစ်လွင့်လာလေသည်။

ဝမ်းလုံ ကပျာကယာ လက်ဝှေ့ယမ်းလိုက်လျှင် ထိုအရာဝတ္ထုသည် လွင့်ထွက်သွားပြီး နံဘေး၌ ရပ်နေသော လျှံထင်းထံ ရောက်ရှိသွား၏။

"ဟာ"

လျှံထင်း အထိတ်တလန့် ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရာဝတ္ထုသည် လျှံထင်း၏လည်ပင်း၌ ရစ်ပတ်ထားလိုက်သကဲ့သို့ ဖြစ်သွားလေသည်။

ဝမ်းလုံ သေချာစွာ ကြည့်သောအခါ အဆိပ်ပြင်းလှသည့် မြွေတစ်ကောင် ဖြစ်နေသည်ကို တွေ့ရ၏။

ထိုမြွေသည် လျှံထင်း၏လည်ပင်း၌ ရစ်ပတ်မိသည်နှင့် ကိုက်ခဲလိုက်သည်။

"အား"

လျှံထင်း အော်ဟစ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

သူ့အား ကိုက်သွားသော မြွေသည်လည်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

❁ ❁ ❁



ဝမ်းလုံ ပင့်သက်ရှိုက်လိုက်လေသည်။

အသက်ပြင်းပြင်းရှူရှိုက်ကာ စိတ်ကို တည်ငြိမ်အောင်ထားလိုက်လေသည်။

သူသည် အနည်းငယ် တင်းမာသော အသံဖြင့်. . .

"တစ္ဆေမင်းသား ထွက်လာခဲ့ပါ"

ထိုစဉ်. . .

"ဝမ်းလုံ၊ ခင်ဗျားဟာ ကျေးရွာရှင်တွေကို မညှာတာဘဲလုပ်ကြံသတ်ဖြတ်တယ်၊ အဲဒီ အပြစ်တွေကို ခင်ဗျား ဒီတနေ့ပေးဆပ်ရလိမ့်မယ်"

ဝမ်းလုံက. . .

"ဟား. . . ဟား. . . ဟား၊ တစ္ဆေမင်းသားက ကျုပ်အကြောင်းတွေကို သိနေတာကိုး"

တစ္ဆေမင်းသား၏အသံ ထွက်ပေါ်လာပြန်သည်။

"မင်းရဲ့အပြစ်တွေကို ဘယ်လိုမှ ခွင့်လွှတ်စရာ မရှိဘူး"

"ဒါဖြင့် ခင်ဗျား ဘာကြောင့် ထွက်မလာသေးတာလဲ"

"ခင်ဗျားရဲ့ ရက်စက်ယုတ်မာမှုတွေ အားလုံး သိသွားစေချင်လို့ပါပဲ၊ သခင်မလေးမေဟွားကို ခြိမ်းခြောက်ဖို့ ကြံစည်ခဲ့တာရော မင်းပြောချင်သေးလား"

ဝမ်းလုံက. . .

"မေဟွားကိုရဖို့ ကျုပ် ဘာမဆိုလုပ်ရမှာပဲ"

ထိုစဉ် ဝန်းကျင်တစ်ခုလုံး ထိန်လင်းသွားလေ၏။

မီးတုတ်များ ကိုင်ဆောင်ထားသော ထင်းနန်ရှိုးသား

www.burmeseclassic.com

www.burmeseclassic.com



များအား တွေ့ရလေသည်။

ထိုသူတို့ကို ဦးဆောင်လာသူမှာ မုအင်း ဖြစ်လေတော့သည်။

ဝမ်းလုံက ထင်းနန်ဂိုဏ်းသားများအား ဝေ့ကြည့်လိုက်လေသည်။

သူသည် အတီးကျန်ဆန်သွားသည်ဟု ခံစားလိုက်ရလေသည်။

မုအင်းက. . .

"ဝမ်းလုံ၊ မင်းရဲ့အပြစ်တွေကို ဘယ်လိုမှ ဖုံးကွယ်မရတော့ဘူး"

ဝမ်းလုံက အမှုမထားဘဲ. . .

"တစ္ဆေမင်းသား၊ မင်းထွက်မလာသေးဘူးလား"

ထိုသို့ ပြောသံအဆုံးတွင် တစ္ဆေမင်းသားသည် ပန်းပင်များကြားထဲမှ လှမ်းထွက်လာလေ၏။

❋ ❋ ❋



ဝမ်းလုံသည် ရည်ရွယ်ချက်ကြီးမားစွာဖြင့် သိုင်းပညာကို ကြိုးစားလေ့ကျင့်ခဲ့သောကြောင့် ထိပ်တန်းသိုင်းပညာရပ်များ တတ်မြောက်နေပြီ ဖြစ်ပါတော့သည်။

ထင်းနန်ဂိုဏ်းသားများသည် ဝမ်းလုံအား ယှဉ်နိုင်ကြမည် မဟုတ်ပါချေ။

ထို့အတွက် တစ္ဆေမင်းသား(ဝါ)ကျောင်းလီကိုယ်တိုင် ထွက်လာခဲ့ရခြင်း ဖြစ်ပါတော့သည်။

ဝမ်းလုံသည် တစ္ဆေမင်းသားကျောင်းလီကို ဆုံးမနိုင်လျှင် သိုင်းလောကသားများကိုပင် ဂမှုမထားနိုင်ဟု တွေးကာ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ကျောင်းလီနှင့် ဝမ်းလုံတို့ မျက်နှာချင်းဆိုင်မိလိုက်ကြလျှင် မေဟွားက နောက်ဆုတ်လိုက်သည်။

ကျောင်းလီက တည်ကြည်စွာဖြင့်. . .

"ဝမ်လုံ၊ မင်းအပြစ်တွေ ကြီးမားလွန်းတယ်"

ဝမ်းလုံ. . .

"ကိစ္စမရှိပါဘူး။ ခင်ဗျားသာ ကျုပ်ကို နိုင်အောင် တိုက်ပါ"

ကျောင်းလီက. . .

"မင်းဟာ နောက်ဆုံးထိ ဆိုးသွမ်းနေမယ့် လူစားပဲ၊ ကဲ သတိထားပေတော့"

သူ၏လက်နှစ်ဖက်ကို မြွေနှစ်ကောင် ပါးပျဉ်းထောင်သည့် အသွင်သဏ္ဍာန် ပြုလုပ်ကာ စတင်တိုက်ခိုက်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝမ်းလုံက ထိပ်တန်းသိုင်းပညာရပ်များ အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူသည် ကျောင်းလီအား ဆုံးမနိုင်ရန် တိုက်ခိုက်နေသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်လာ၏။

တစ္ဆေမင်းသားသည် ဝမ်းလုံအား ဆုံးမနိုင်မည်ဟု အားလုံးက ယုံကြည်မျှော်လင့်ထားကြသည်။

သို့သော် တကယ်တမ်း၌ ဝမ်းလုံ၏တိုက်ကွက်များက ကြောက်မက်ဖွယ်နေသဖြင့် တဒင်္ဂတွင်းမှာပင် အထက်စီးရယူသွားခဲ့လေသည်။

ဝမ်းလုံသည် မထူးတော့သည့် သဘောဖြင့် အသေအကြေ တိုက်ခိုက်နေ၏။

လူရွယ်တစ္ဆေမင်းသားအတွက် စိုးရိမ်လာလေတော့သည်။

❁ ❁ ❁



"ဝုန်း"

ကျယ်လောင်သော အသံ ထွက်ပေါ်လာလေသည်။

ဝမ်းလုံ၏လက်ချက်မိသွားသော တစ္ဆေမင်းသားမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေ၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီးနောက် မကြာမီ တစ္ဆေမင်းသား ရှုံးနိမ့်လာလေတော့သည်။

တစ္ဆေမင်းသားမှာ ဝမ်းလုံ၏ထောင်ချောက်ထဲ ကျရောက်နေ၍သာ ဖြစ်သည်။

ထိုစဉ်. . .

"ဝုန်း"

ကျယ်လောင်သော အသံ ထွက်ပေါ်လာကာ တစ္ဆေမင်းသား နောက်ဆုတ်သွားလေ၏။

ဝမ်းလုံ၏ကောက်ကျစ်သော သိုင်းကွက်များကို မည်သို့မျှ မယှဉ်နိုင်အောင် ဖြစ်နေသည်။

"ဟား. . . ဟား. . . ဟား"

ဝမ်းလုံ ရယ်မောလိုက်၏။

"တစ္ဆေမင်းသား၊ မင်းသေဖို့သာ ပြင်ထား"

သူက ကြုံးဝါးရင်း လက်ဝါးဖြင့် ရိုက်ချရန် ပြင်လိုက်၏။

ထိုစဉ်မှာပင်. . .

"လူယုတ်မာ သေပေတော့"

လူရိပ်တစ်ခုသည် ဓားနှင့် ဝင်ရောက်ထိုးသွင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံက မဲ့ပြုံးပြုံးကာ လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်၏။ သို့သော် သူ့အား ခုန်ဝင်တိုက်ခိုက်သူအား တွေ့လိုက်သောအခါ ရိုက်ချတော့မည့် လက်ဝါးသည် လေထဲ၌ ရပ်တန့်သွားလေသည်။

သူ့အား တိုက်ခိုက်လာသူမှာ မေဟွား ဖြစ်ပါသည်။

ဝမ်းလုံသည် လက်ဝါးဖြင့် ဆက်၍ ရိုက်ချလိုက်မည်ဆိုလျှင် မေဟွား သေဆုံးသွားပေမည်။

မေဟွား ထိခိုက်မည်ကို စိုးရိမ်ကာ ဝမ်းလုံက လက်ဝါးကို အချိန်မီ ရပ်တန့်လိုက်သော်လည်း မေဟွားကမူ ဓားဖြင့် ထိုးသွင်းလိုက်၏။

သူမ၏ဓားသည် ဝမ်းလုံ၏ရင်ဝသို့ တည့်မတ်စွာ ထိုးဖောက်ဝင်ရောက်သွားလေသည်။

"အင့်"

ဝမ်းလုံသည် မသဲမကွဲ ညည်းညူရင်း မြေပေါ်သို့ လဲပြိုကျသွားလေသည်။

မေဟွား အံ့ဩသွားလေသည်။

ဝမ်းလုံ၏လုပ်ရပ်ကို နားမလည်နိုင်အောင် ဖြစ်သွားတော့၏။

ဝမ်းလုံသည် မြေပေါ်သို့ လဲကျသွားသည့်တိုင် သူမအား, အားယူကာ ပြုံးပြလိုက်၏။

ထို့နောက် မလှုပ်မယှက် ငြိမ်သက်သွားလေတော့၏။

❂ ❂ ❂



## အတိတ်ခရီးမှ အနာဂတ်သို့

"အား"

ဝမ်းလုံ(ဝါ)မိုးကြိုးက စူးရှစွာ အော်ဟစ်လိုက်လေသည်။

တိတ်ဆိတ်နေသော ဝန်းကျင်၌ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဝူးကျောက်နှင့် ဝူးလောက်တို့ အလန့်တကြား ဖြစ်သွားကြ၏။

"မိုးကြိုး. . . မိုးကြိုး"

"မင်း ဘာဖြစ်တာလဲ"

ကပျာကယာ မေးလိုက်ကြသည်။

မိုးကြိုး(ဝါ)ဝမ်းလုံလည်း သတိဝင်လာလေသည်။

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ရာ သာယာလှပသော တောင်ကုန်းလေးပေါ်၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ပြင်းထန်သော တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး သွေးရောင်လွှမ်းခဲ့သော တောင်ကုန်းလေး မဟုတ်တော့ပါ။

"မင်း ဘယ်လို ဖြစ်တာလဲ"

ဦးကျောက်က မေးသည်။

ဝမ်းလုံက. . .

"ဘာမှ မဟုတ်ပါဘူးဗျာ၊ တစ်ချိန်က အဖြစ်အပျက်တွေကို ပြန်ပြီး သတိရမိလိုက်လို့ပါ"

"ဪ"

ဦးလောက်က. . .

"အတိတ်က ဖြစ်ရပ်တွေကို ပြန်ပြီး သတိရလာတယ်ဆိုတော့ သည်နေရာဟာ. . ."

မိုးကြိုး(ဝါ)ဝမ်းလုံက. . .

"ဟုတ်ပါတယ်ဗျာ၊ သည်တောင်ကုန်းလေးဟာ ကျုပ်ရဲ့ဘဝ အဆုံးသတ်ခဲ့ရတဲ့ နေရာပါပဲ"

"ဒါကြောင့် မင်းက သွားရင်းလာရင်း မပြောမဆိုဘဲ သည်တောင်ကုန်းလေးပေါ် တက်လာခဲ့တာကိုး"

"ဟုတ်ပါတယ်"

ဝမ်းလုံသည် တရွှေမင်းသားအား ရင်ဆိုင်ရန် ဦးကျောက်တို့ ညီအစ်ကိုနှစ်ယောက်ကို အကူအညီတောင်းကာ တရွှေစံအိမ်သို့ ဦးတည်ခရီးထွက်လာရင်း သူ၏ဘဝတစ်သက်တာတွင် မမေ့နိုင်ခဲ့သော တောင်ကုန်းလေးအနီးသို့ ရောက်ရှိလာသောအခါ စိတ်မထိန်းနိုင်ဘဲ ဦးကျောက်တို့ကိုပင် အကျိုး



အကြောင်း မပြောနိုင်ဘဲ တောင်ကုန်းလေးပေါ်သို့ တက်လာမိခဲ့ခြင်း ဖြစ်လေသည်။

ဝမ်းလုံက မလှမ်းမကမ်း ထာနေရာသို့ ညွှန်ပြလိုက်ပြီး

"ကျုပ်နဲ့ တရွှေမင်းသားကျောင်းလီတို့ တိုက်ပွဲ ဖြစ်ခဲ့တာ အဲသည် နေရာပေါ့"

ဟု ပြောလိုက်သည်။

ဦးကျောက်တို့က လှမ်းကြည့်လိုက်ကြသည်။

ဝမ်းလုံက ရှေ့သို့ လှမ်းသွားလိုက်သည်။

ခြေလှမ်းဆယ်လှမ်းခန့် သွားပြီး မြေပြင်ပေါ်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

"နောက်ဆုံး ကျုပ်ရှုံးနိမ့်ပြီး သည်နေရာမှာ လဲကျခဲ့တာပေါ့"

ဦးကျောက်နှင့် ဦးလောက်တို့က ခေါင်းညိတ်လိုက်ကြလေသည်။

ဝမ်းလုံ ပြုံးလိုက်သည်။

"သူတို့က ကျုပ်သေဆုံးသွားပြီ ထင်မှတ်ပြီး ထွက်သွားကြတာ ကျုပ်ကံကောင်းသွားတယ်"

ဦးကျောက်က. . .

"မင်းက တောင်ကုန်းလေးပေါ်က ဆင်းလာခဲ့တယ်၊ ဆေးကုတယ်၊ ဒဏ်ရာသက်သာပျောက်ကင်းသွားတာနဲ့ ကျုပ်တို့ဆီကို လာခဲ့တာပေါ့"

ဝမ်းလုံ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ"

ဦးလောက်က. . .

"ဘာပဲဖြစ်ဖြစ်၊ မင်းလည်း အသက်ရှင်နေတယ်၊ ကျုပ်တို့ကလည်း မင်းကို ကူညီကြမယ်၊ ပြီးခဲ့တာတွေကို မေ့ပစ်လိုက်စမ်းပါကွာ"

ဦးကျောက်က. . .

"ဟုတ်တယ်၊ မကြာခင် တစ္ဆေမင်းသားကို ဆုံးမနိုင်တော့မှာပဲ၊ တစ္ဆေမင်းသား မရှိတော့ဘူး၊ ငါတို့သုံးယောက် ပူးပေါင်းလိုက်မယ်ဆိုရင် ဘယ်သူက အံတုနိုင်တော့မှာလဲ၊ ကဲ တို့သွားကြပါစို့"

"ကောင်းပါပြီဗျာ"

ဝမ်းလုံ သဘောတူလိုက်သည်။

ထို့နောက် သုံးယောက်သား တောင်ကုန်းလေးပေါ်မှ ဆင်းသွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုအချိန်မှာပင် ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာ၏။

စကားသံအချို့ကို ရုတ်တရက် ကြားလိုက်ရခြင်း ဖြစ်လေသည်။

ဝမ်းလုံတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

❂ ❂ ❂



တောင်ကုန်းလေး. . .။

မေဟွားသည် မိုးကြိုး(ဝါ)ဝမ်းလုံ အသက်ရှင်နေသေးကြောင်း သိခဲ့ရသည်နှင့် ဆောက်တည်ရာမရ ဖြစ်ခဲ့သည်။

ဝမ်းလုံ၏အကြောင်းကို နည်းအမျိုးမျိုးနှင့် စုံစမ်းခဲ့လေသည်။

အချိန်များ ကုန်ဆုံးသွားသလို ဝမ်းလုံ၏သတင်းကို စုံစမ်းမရသဖြင့် မေဟွား နေမထိ ထိုင်မသာ ဖြစ်ခဲ့ရသည်။

နောက်ဆုံး. . .

သူမ၏လက်ချက်ဖြင့် ဝမ်းလုံ လဲကျသေဆုံးသွားခဲ့သော တောင်ကုန်းလေးသို့ တခေါက်ပြန်သွားကြည့်ရန် ဆုံးဖြတ်ပြီး သမီးလေးမေနန်းကို ခေါ်ကာ ထွက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

သူတို့သားအမိ ရောက်ရှိလာချိန်တွင် တောင်ကုန်းလေးမှာ ပကတိ သာသာယာယာ ရှိနေပါ၏။

လူသူ တစ်စုံတစ်ယောက်မျှ မတွေ့ရပါ။

မေဟွား စိတ်ဓာတ်ကျသွားလေသည်။

ဝမ်းလုံသာ သေဆုံးသွားပြီဆိုပါက သူ၏အရိုးစုကို တွေ့ရှိလိမ့်မည် မဟုတ်ပါလား။

"ဝမ်းလုံ အသက်ရှင်နေသေးတာ သေချာနေပြီ"

ဝမ်းလုံ အသက်ရှင်နေသေးသရွေ့ သူမ၏ဘဝ အေးချမ်းသာယာနိုင်တော့မည် မဟုတ်ပါ။

"ငါ့သမီးလေးရဲ့ ရှေ့ရေးက ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဝမ်းလုံအား အလွန်ပင် ကြောက်ရွံ့နေမိလေသည်။

ဝမ်းလုံ အကြောင်းကို တွေးတောရင်း ပတ်ဝန်းကျင်ကိုပင် မေ့လျော့သွားလေတော့သည်။

❁ ❁ ❁

အချိန်မည်မျှ ကြာသွားမှန်းမသိ။

မေဟွားသည် သမီးလေးမေနန်း၏ အသံကြားမှ သတိဝင်လာလေသည်။

မေနန်းမှာ ယော်ရွယ်သေးရကား သာယာလှပသော တောင်ကုန်းလေးသို့ ရောက်ရှိလာသောအခါ ပျော်ရွှင်နေ၏။

မေဟွား တွေဝေငေးမောနေစဉ် မေနန်းက ဟိုနားသည်နား ပြေးလွှားဆော့ကစားနေလိုက်လေသည်။

သူမ ဆော့ကစား၍ မောပန်းသွားတော့မှ. . .

"မေမေ သမီးတို့ ပြန်ကြတော့မလားဟင်"

ဟု မေးလိုက်လေသည်။

သူမ၏အသံကြားမှ မေဟွား သတိဝင်လာလေသည်။

"အင်း. . . မေမေတို့ သွားကြတာပေါ့"

မေနန်းကို လက်ဆွဲက တောင်ကုန်းလေးပေါ်မှ ပြန်ဆင်းသွားရန် ဟန်ပြင်လိုက်လေသည်။

သူတို့ ထွက်လာရင်း တစ်နေရာသို့ အရောက်တွင် မေနန်းက မှတော်တဆ ခလုတ်တိုက်မိလိုက်ပြီး. . .



"မေမေ"

နာကျင်သွားသဖြင့် အော်ဟစ်လိုက်လေသည်။

သူမ၏အသံကို ဝမ်းလုံတို့ ကြားသွားကြခြင်း ဖြစ်လေသည်။

"သမီးလေးရယ်"

မေဟွားက သမီးဖြစ်သူကို ဖေးမပွေ့ထူပေးလိုက်သည်။

ချောမောနှစ်သိမ့်ပြီး ဆက်၍ ထွက်လာခဲ့ကြသည်။

ကျောက်တုံးကျောက်ခဲပုံကြီးကို ပတ်၍ ထွက်လိုက်လျှင် ရှေ့တွင် လူသုံးယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

မြန်းစားကြီး တွေ့လိုက်ရသဖြင့် ထိုလူသုံးယောက်ကော မေဟွားပါ ကြောင်အမ်းအမ်း ဖြစ်သွားကြလေတော့သည်။

မေဟွား တွေ့လိုက်ရသည်မှာ ဝမ်းလုံတို့သုံးယောက် ဖြစ်လေသည်။

ဝမ်းလုံ မယုံနိုင်အောင် ဖြစ်သွားပြီး. . .

"မင်း. . . မင်း မေဟွား"

ဟု ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်လေသည်။

မေဟွားကလည်း. . .

"ရှင်. . . ရှင် ဝမ်းလုံ"

ဝူးကျောက်နှင့် ဝူးလောက်တို့သည် ဝမ်းလုံနှင့် မေဟွားကို ကြည့်ပြီး အခြေအနေကို နားလည်သဘောပေါက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးကျောက်နှင့် ဝူးလောက်တို့ အချင်းချင်း ကြည့်လိုက်ကြ၏။

ဝူးကျောက်က. . .

"သူသာ ငါတို့လက်ထဲ ရောက်လာရင် တစ္ဆေမင်းသားကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်တာပေါ့"

ဟု တီးတိုးပြောလိုက်သည်။

ဝူးလောက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

စကားဆုံးလျှင် ချက်ချင်း လှုပ်ရှားလိုက်လေသည်။

မြေပေါ် ခြေတစ်ချက်ဆောင့်ကာ ခုန်ထွက်သွားလိုက်လေသည်။

"ဟူး"

ဝူးလောက်သည် မေဟွား အနီးသို့ ရိပ်ခနဲ ရောက်ရှိသွားပြီး ဖမ်းချုပ်ရန် ဟန်ပြင်လိုက်လေသည်။

"ဟင်"

မေဟွား သတိဝင်လာသည်။

သူမ ရင်ထိတ်သွားပြီး. . .

"ဒါဘာလုပ်တာလဲ"

ဝူးလောက်အား ချက်ချင်း တိုက်ခိုက်လိုက်လေသည်။

ဝူးလောက်က အလစ်အငိုက်ဖမ်းဆီးရန် ကြိုးစားခြင်းမှာ အောင်မြင်ခြင်း မရှိတော့ပါ။

မေဟွား၏ကြောက်လန့်တကြား ခုခံတိုက်ခိုက်မှုမှာ ပြင်း



ထန်နေ၍ ဖမ်းဆီးဖို့ ဆက်၍မကြိုးစားနိုင်တော့ဘဲ နောက်ဆုတ်လိုက်ရလေသည်။

ဝူးလောက်သည် မေဟွားအား ဖမ်းဆီး၍ မရသဖြင့် မေနန်းဘက်သို့ အာရုံပြောင်းသွားလေသည်။

"လာခဲ့စမ်း"

မေနန်းလေးအား လှမ်းဆွဲကာ ဖမ်းချုပ်ထားလိုက်လေသည်။

"မေမေ"

မေနန်းက အထိတ်တလန့် အော်ဟစ်လိုက်လေသည်။

မေဟွား မျက်လုံးပြူးသွားသည်။

"ရှင်. . . ရှင်"

သူမ ရှေ့တိုးလိုက်လျှင်. . .

"ရပ်လိုက်"

ဝူးကျောက်က ဟန့်တားလိုက်လေသည်။

"မင်းရဲ့ကလေး ဒုက္ခရောက်သွားလိမ့်မယ်"

"ရှင်. . . ရှင်တို့ လူယုတ်မာ"

မေဟွား ဒေါသထွက်နေသော်လည်း မေနန်းက ရန်သူလက်ထဲ ရောက်နေခြင်းကြောင့် မတတ်သာအောင် ဖြစ်နေပါတော့သည်။

ဝမ်းလုံး ရင်ထိတ်သွားလေသည်။

"ခင်ဗျားတို့. . ."

ဝူးကျောက်က. . .

www.burmeseclassic.com

www.burmeseclassic.com



"မိုးကြိုး၊ မင်းကို ဒုက္ခပေးခဲ့တာ သူပဲ မဟုတ်လား၊ အခု သူ့အလှည့် ပြန်ရောက်လာပြီကွ"

ဝူးလောက်က. . .

"သူက ငါတို့လက်ထဲ ရောက်နေရင် တခွေမင်းသားကို ဆုံးမနိုင်ဖို့ ပိုပြီး သေချာသွားတာပေါ့ကွာ"

ဟု ပြောကြလေသည်။

ဝမ်းလုံက. . .

"မဟုတ်သေးဘူး၊ ကျုပ်တို့သုံးယောက်ထဲနဲ့ တခွေမင်းသားကို ဆုံးမနိုင်ပါတယ်၊ သူ့ကို. . ."

"ဘာလဲ မင်းက သူ့ကို လွှတ်ပေးလိုက်စေချင်တဲ့ သဘောလား"

ဝမ်းလုံက. . .

"ဟုတ်ပါတယ်ဗျာ"

ဝူးကျောက်နှင့် ဝူးလောက်တို့ အချင်းချင်း ကြည့်လိုက်ကြသည်။

ပြီးလျှင်. . .

"ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

ပြိုင်တူ ဟားတိုက်ရယ်မောလိုက်ကြလေသည်။

ဝမ်းလုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဘာဖြစ်လို့လဲဗျ"

ဝူးကျောက်က ရယ်မောခြင်းကို ရပ်တန့်လိုက်ပြီး. . .



"သူက မင်းကို အသေသတ်ဖို့ ကြိုးစားခဲ့တာတောင် မင်းဟာ သူ့အပေါ်မှာ သံယောဇဉ် ရှိနေသေးတယ် ဟုတ်လား"

"ကျုပ်က. . ."

"မိုးကြိုး၊ မင်းဟာ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်ဆိုတာ ငါတို့သိထားပြီးပြီ၊ မေဟွား နေရာမှာ တခြားတစ်ယောက်ဆိုရင် မင်းက အပိုင်းပိုင်း ခုတ်သတ်ပစ်လိုက်မှာပဲ"

ဝမ်းလုံ ငိုင်သွား၏။

ဝူးကျောက်၏စကားက သွေးထွက်အောင် မှန်နေပါသည်။

သူသည် ငယ်စဉ်ကတည်းက ခံစားချက်နှင့် အသည်းနှလုံးကင်းမဲ့သူ ဖြစ်ခဲ့သည် မဟုတ်ပါလား။

ကြီးပြင်းလာချိန်၌လည်း သူ၏ကိုယ်ကျိုးအတွက်မှ လွဲပြီး တခြားဘာကိုမှ ကြည့်ခဲ့သူ မဟုတ်ပါ။

ဝူးကျောက် ပြောသည့်အတိုင်း မေဟွား၏နေရာ၌ အခြားလူတစ်ယောက် ဖြစ်နေမည်ဆိုလျှင် ချက်ချင်းသတ်ပစ်လိုက်မည်သာ ဖြစ်ပါသည်။

ဝူးကျောက်က. . .

"မိုးကြိုး၊ မင်းအကြောင်းကို ငါတို့စုံစမ်းကြည့်ခဲ့ပြီးပြီကွ၊ ငါတို့ကို လိမ်လို့မရတော့ဘူး"

ဝူးလောက်က. . .

"မင်းက ငါတို့နှစ်ယောက်ကို အသုံးချဖို့ ကြိုးစားခဲ့တာပဲ၊

www.burmeseclassic.com



တစ္ဆေမင်းသားဟာ ဘယ်လိုလူစားမျိုးဆိုတာ အားလုံးသိကြတယ်၊ ငါတို့ကော မသိဘူးမျှား မင်းထင်နေသလား"

"ဗျာ"

"တစ္ဆေမင်းသားဟာ မကောင်းသူပယ် ကောင်းသူ ကယ် အဖြူရောင်ထိပ်သီးသိုင်းသမား တစ်ယောက်ပဲ၊ အမှောင်လောကသားတွေ၊ ဒုစရိုက်သမားတွေ အားလုံး သူ့ရဲ့အကြောင်းကို သိထားကြတယ်ကွ"

ဝမ်းလုံ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ဝူးကျောက်က. . .

"ငါတို့က မင်းနဲ့လိုက်လာခဲ့တယ်ဆိုတာ အခြေအနေကြည့်ဖို့ပဲ"

ဝူးလောက်က. . .

"ဟုတ်တယ်၊ မင်းက တစ္ဆေမင်းသားနဲ့ ရင်ဆိုင်လို့ အခြေအနေ မဟန်ရင် ငါတို့ရှောင်ထွက်သွားမှာပဲ"

"ဘာဗျ"

ဝမ်းလုံ ဒေါသထွက်သွားလေသည်။

ဝူးကျောက် ရယ်မောလိုက်ပြန်သည်။

"ဟဲ. . . ဟဲ၊ အခြေအနေကောင်းရင်တော့ ဘယ်လိုလုပ်ဖို့ ငါတို့ကြံစည်ထားကြတယ်ဆိုတာ သူ့ကို ပြောပြလိုက်ပါဦး"

ဝူးလောက်က. . .

"ပြောမယ်. . . ပြောမယ် စိတ်ချ"



သူက ဝမ်းလုံအား လှောင်ပြောင်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး. . .

"ဟဲ. . . ဟဲ၊ မင်းက တစ္ဆေမင်းသားနဲ့ ရင်ဆိုင်တဲ့ နေရာမှာ အသာစီးရပြီး အခြေအနေကောင်းခဲ့မယ်ဆိုရင် ငါတို့နှစ်ယောက် မင်းဘက်က ကူညီတိုက်ခိုက်ကြမယ်၊ ပြီးရင် မင်းကို လုပ်ကြံပစ်ဖို့ ကြံစည်ထားကြတာပေါ့ကွာ"

ဝူးကျောက်က. . .

"မင်းအခြေအနေ မကောင်းလို့ ငါတို့ရှောင်တိမ်းခဲ့ရရင်လည်း အရှုံးမရှိပါဘူး၊ တစ္ဆေမင်းသားရဲ့ နေရာကို ငါတို့သိလိုက်ရတော့ အချိန်မရွေး သူ့ဆီကို ပြန်သွားနိုင်တာပေါ့"

ဝမ်းလုံ၏မျက်နှာကြီး နီမြန်းသွားလေသည်။

"ခင်ဗျားတို့လည်း အတော့်ကို ကောက်ကျစ်စဉ်းလဲတဲ့သူတွေပဲ"

ဝူးကျောက်က. . .

"ငါတို့ကိုယ်ငါတို့ လူကောင်းတွေပါလို့ ဘယ်တုန်းကမှ ပြောဖူးပါဘူးလေ"

ဝူးလောက်က. . .

"ငါတို့ မကောင်းဘူးဆိုပေမယ့် မင်းလောက်တော့ မဆိုးသေးပါဘူးကွာ"

ဝမ်းလုံမှာ အရိုက်ထိုးခံလိုက်ရသကဲ့သို့ မျက်နှာကြီး ရှုံ့မဲ့သွားလေတော့သည်။

ဝူးကျောက်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းလုံ၊ ငါတို့အကြောင်းကို မင်းအမှန်အတိုင်း သိလိုက်ရပြီဆိုတော့ ငါတို့ပွင့်ပွင့်လင်းလင်း ပြောကြရအောင်"

ဝမ်းလုံက. . .

"ခင်ဗျား ဘာပြောချင်လို့လဲ"

ဝူးကျောက်က. . .

"တရွှေမင်းသားရဲ့ ပစ္စည်းတွေကို ငါတို့လိုချင်တယ်"

"ဟား. . . ဟား. . . ဟား"

ဝမ်းလုံက ဟားတိုက်ရယ်မောလိုက်လေသည်။

ဝူးကျောက်က. . .

"မင်းရယ်နိုင်သေးတယ် ဟုတ်လား"

ဝမ်းလုံက. . .

"ခုချိန်ထိ ကျွဲစကားကို ယုံကြည်ပြီး လောဘတတ်နေကြတာ ရယ်စရာမကောင်းဘူးလားဗျာ"

"ဟား. . . ဟား. . . ဟား"

ဝူးကျောက်ကလည်း ရယ်မောလိုက်သည်။

ဝမ်းလုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ခင်ဗျား ဘာရယ်တာလဲ"

ဝူးကျောက်က. . .

"မင်းရဲ့စကားတို ငါတို့ယုံကြည်မယ်လို့ ခုချိန်အထိ မင်းယူဆနေတာကတော့ ရယ်စရာကောင်းမနေဘူးလားကွဲ့"

"ခင်ဗျား"

"ဝမ်းလုံ၊ မင်းပြောတဲ့ စကား တစ်လုံးမှ ငါတို့ မယုံခဲ့ဘူးဆိုတာ မှတ်ထားပါ"



"ဒါဖြင့် တရွှေမင်းသားရဲ့ ပစ္စည်းတွေကို လိုချင်နေတာကကော"

ဝူးကျောက်က. . .

"မင်း ဘာပြောမလဲဆိုတာ သိချင်လို့ ငါ တမင်ပြောလိုက်တာလေ"

ဝမ်းလုံ ပါးစပ်ပိတ်ထားလိုက်သည်။

ဝူးလောက်က ဝင်ပြောလိုက်သည်။

"တရွှေမင်းသားဆီက ငါတို့ တကယ်တမ်း လိုချင်တဲ့အရာဟာ ဘာလဲဆိုတာ မင်းသိချင်သလား"

ဝမ်းလုံက. . .

"ပြောစမ်းပါဦး"

ဝူးလောက်က. . .

"သူ့ရဲ့အသက်ပဲကွ"

ဝမ်းလုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ဝူးကျောက်က. . .

"ငါတို့က တရွှေမင်းသားရဲ့ အသက်ကို လိုချင်ခဲ့တာ အတော်ကို ကြာခဲ့ပြီကွ"

ဝမ်းလုံက. . .

"ခင်ဗျားတို့ ရန်ငြိုးရန်စ ရှိကြတယ် ဟုတ်လား"

ဝူးကျောက် ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ ငါတို့ သိုင်းလောကထဲကို လုံးဝမထွက်ရဲဘဲ

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းထဲမှာ တစ်ချိန်လုံး နေခဲ့ရတာ သူ့ကြောင့်ပေါ့"

ဝမ်းလုံ ပင့်သက်ရှိုက်လိုက်လေသည်။

ဦးကျော်နှင့် ဦးလောက်တို့သည်လည်း ဦးယိကဲ့သို့ ဆိုးသွမ်းရက်စက်သော သိုင်းသမားဆိုးများ ဖြစ်ကြပေသည်။

လူသတ်ဓားပြတိုက် ရမ်းကားချင်းတိုင်း ရမ်းကားခဲ့သည်။

သူတို့၏လုပ်ရပ်များကို အများက လက်မခံနိုင်ကြတော့ပါ။

အားလုံးက ဝိုင်းပြီး ဆန့်ကျင်ခဲ့ကြသည်။

အဖြူရောင်သိုင်းသမားများကလည်း သူတို့အား ဆုံးမရန် ကြိုးစားခဲ့ကြလေသည်။

သို့သော်. . .

ဦးကျော်နှင့် ဦးလောက်တို့မှာ ထိပ်တန်းသိုင်းပညာရှိသည့်အပြင် ဦးယိကဲ့သို့ ကောက်ကျစ်စဉ်းလဲပြီး ဉာဏ်များသူများ ဖြစ်ရကား သူတို့နှင့် ရင်ဆိုင်ခဲ့သည့် သိုင်းသမားများ ကံဆိုးခဲ့ရလေသည်။

ဦးကျော်နှင့် ဦးလောက်တို့ သတင်းကြီးလာကြသဖြင့် တစ္ဆေမင်းသား လက်ပိုက်ကြည့်မနေနိုင်ဘဲ သိုင်းလောကသို့ ထွက်လာပြီး ရင်ဆိုင်ခဲ့လေသည်။

ဦးကျော်တို့ ညီအစ်ကိုကလည်း တစ္ဆေမင်းသားအား သတ်ပစ်ဖို့ နည်းလမ်းအမျိုးမျိုး အသုံးပြုကာ ကြိုးစားခဲ့ကြလေသည်။



သို့သော် တစ္ဆေမင်းသားကပင် သူတို့အား ဆုံးမသွားခဲ့လေသည်။

ဦးကျော်နှင့် ဦးလောက်တို့ တစ္ဆေမင်းသားအား မယှဉ်နိုင်ဘဲ ထွက်ပြေးရလေသည်။

သိုင်းလောကထဲ လုံးဝမထွက်ရဲတော့ဘဲ မထင်မရှားဖာတ်မြှုပ် နေခဲ့ကြရတော့သည်။

ဦးကျော် စကားဆက်လိုက်သည်။

"ငါတို့က တစ္ဆေမင်းသားကို သတ်ပစ်ချင်လောက်အောင် မုန်းတီးခဲ့ကြတာကွ၊ အချိန်တိုင်းမှာ သူသေသွားပါစေလို့ ကျိန်ဆဲနေခဲ့တာ"

ဦးလောက်က. . .

"မင်းရောက်လာတာ ငါတို့ကံကောင်းသွားတာပေါ့။ ဟဲ. . .ဟဲ၊ မင်းက မင်းအကြောင်း မသိဘူးထင်ပြီး ငါတို့ကို အသုံးချဖို့ ကြိုးစားခဲ့တယ်၊ ငါတို့ကလည်း မင်းကို ဘယ်လိုပြန်ပြီး အသုံးချရမလဲဆိုတာ စဉ်းစားပြီးသားလေ"

ဝမ်းလုံ ငေးငိုင်သွား၏။

သူသည် တစ်ချိန်လုံး အောင်မြင်နေခဲ့ပြီး ထင်တိုင်းကဲ့နိုင်ခဲ့သည်။

သို့တိုင်. . .

နောက်ပိုင်းတွင် သူ၏ကံဇာတာ မှေးမှိန်သွားပြီး ဒုက္ခရောက်ခဲ့ရသည်။

ဒုက္ခများသည် ယခုအချိန်အထိ ပြီးဆုံးနိုင်ခြင်း မရှိသေး

www.burmeseclassic.com



သည်မှာ ကြမ္မာဝင့်ကြွေးပင် ဖြစ်ပေသည်။

သူက ကျေးဇူးရှင်များကို ပစ်မှားမိခဲ့သည့်အတွက် ပြန်လည်ပေးဆပ်နေရခြင်းပင် ဖြစ်ပါတော့သည်။

ဝမ်းလုံက. . .

"ကောင်းပြီ၊ ကျုပ်ကိုယ်တိုင်လည်း တစ္ဆေမင်းသားကို မုန်းတီးလွန်းလို့ သတ်ပစ်ချင်နေတာပဲ၊ သူနဲ့သွားပြီး ရင်ဆိုင်ကြတာပေါ့"

ဝူးကျောက်နှင့် ဝူးလောက်တို့ ဘာမှ မပြောကြပါ။

ဝမ်းလုံက မေဟွားတို့သားအမိကို ညွှန်ပြလိုက်သည်။

"သူတို့က ဘာမှ မဆိုင်ပါဘူး၊ သူတို့ကို လွှတ်ပေးလိုက်ပါ။ သူတို့ရှိနေရင် ကျုပ်တို့အတွက် အနှောင့်အယှက်တောင် ဖြစ်နေဦးမယ်"

သူ၏စကားအဆုံးတွင်. . .

"ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

ဝူးကျောက်နှင့် ဝူးလောက်တို့ လှောင်ပြောင်ရယ်မောလိုက်ကြလေတော့သည်။

ဝမ်းလုံမှာ မကျေမနပ် ဖြစ်သွား၏။

"ခင်ဗျားတို့က ဘာသဘောလဲ"

ဝူးကျောက်က. . .

"ခုချိန်အထိ မင်းက ငါတို့ကို လှည့်စားဖို့ ကြိုးစားနေသေးတာကိုးကွ"



ဝူးလောက်က မျက်နှာထားတင်းတင်းဖြင့် အော်ငေါက်လိုက်လေသည်။

"မိုးကြိုး၊ ငါတို့စကားကို မင်းနားမထောင်ဘူးဆိုရင် သည်ကောင်မလေးကို အရင်ဆုံး သတ်ပစ်လိုက်မယ်"

မေဟွား ထိတ်လန့်သွားလေသည်။

"မလုပ်နဲ့"

အော်ဟစ်ရင်း ပြေးသွားလိုက်လေသည်။

ဝူးလောက်က. . .

"ရပ်လိုက်စမ်း"

အော်ငေါက်ပြီး ရှေ့ထွက်ကာ လမ်းပိတ်ဟန့်တားလိုက်လေသည်။

"ဘေးဖယ်လိုက်စမ်း"

မေဟွားက သမီးဇောနှင့် ဝူးလောက်အား တိုက်ခိုက်လိုက်လေသည်။

သူမ၏သိုင်းပညာ မခေသော်လည်း ဝူးလောက်ကိုမူ ယှဉ်နိုင်လိမ့်မည် မဟုတ်ချေ။

ဝူးလောက်က. . .

"မင်းက မင်းရဲ့သမီးထက် အရင် သေသွားချင်တာကိုး"

ဟု ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်လျှင်. . .

"ဝုန်း"

"အမယ်လေး"

မေဟွား အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရသော ဝမ်းလုံမှာ မျက်လုံးများ ပြာဝေသွားလေသည်။

ခန္ဓာကိုယ်ထဲမှ သွေးများ ပွက်ပွက်ဆူဝေလာပြီး. . .

"ခင်ဗျားကို သတ်ပစ်မယ်"

ကျားဟိန်းသံအလား ကျယ်လောင်သော အသံကြီးဖြင့် ဟိန်းဟောက်ကာ ဝူးလောက်အား ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

❖ ❖ ❖

ဝမ်းလုံ ဝင်ရောက်တိုက်ခိုက်လာသည်ကို မြင်လျှင် ဝူးကျောက်က လှမ်းပြီး သတိပေးလိုက်လေသည်။

"ဝူးလောက် သတိထား"

ဝူးလောက်က လက်ဝါးနှစ်ဘက်ဖြင့် ဆီးကြိုရင်ဆိုင်လိုက်၏။

"ကျုပ် အတွက် မပူပါနဲ့ဗျာ၊ သည်ကောင်လေးကို ကျုပ် မမှုသေးပါဘူး"

ဝမ်းလုံနှင့် ဝူးလောက်တို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေသည်။

ဝမ်းလုံသည် ဒေါသ ဖြစ်နေသည့်အလျောက် အရက်စက်ဆုံး အကြမ်းတမ်းဆုံး သိုင်းကွက်များဖြင့် တရစပ် တိုက်ခိုက်လိုက်လေသည်။



ဝမ်းလုံ၏သတင်းကို ကြားဖူးထားသော်လည်း ဝူးလောက်က လက်တွေ့မဟုတ်၍ ဂရုစိုက်ယုံကြည်ခြင်း မရှိချေ။

ထို့ကြောင့် အမှုမထားဘဲ ရင်ဆိုင်လိုက်ခြင်း ဖြစ်လေသည်။

သို့သော်. . .

ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ဝမ်းလုံမှာ သတင်းကြားထားရသည်ထက်ပင် ကြောက်စရာကောင်းနေကြောင်း တွေ့ရှိသွားလေသည်။

ဝမ်းလုံမှာ ထင်းနန်ဂိုဏ်းမှ သိုင်းပညာများ ရရှိခဲ့သဖြင့် ကျားကို အတောင်ပံတပ်ပေးလိုက်သကဲ့သို့ ဖြစ်သွားခြင်းပင်။

ဝူးယိနှင့် နေကတည်းက လူသတ်ပညာကို ကောင်းစွာ လေ့ကျင့်သင်ယူတတ်မြောက်ခဲ့သည် မဟုတ်ပါလား။

မည်သည့် အချိန်အခါမဆို။

မည်သည့်အခြေအနေမျိုး၌ ဖြစ်စေ။

ရန်သူကို ရင်ဆိုင်လိုက်ရသည်နှင့် သတ်ဖြတ်သုတ်သင်နိုင်စွမ်း ရရှိထားပြီး ဖြစ်လေသည်။

ဝူးယိ၏လူသတ်ပညာနှင့် ဝမ်းလုံကိုယ်တိုင် သဘာဝအသိတရားဖြင့် တုန့်ပြန်တိုက်ခိုက်တတ်မှုများသည် ထင်းနန်ဂိုဏ်းမှ သိုင်းပညာရပ်များနှင့် ပေါင်းစပ်လိုက်သောအခါ ဝမ်းလုံမှာ အလွန်ကြောက်စရာကောင်းသော လူသတ်သမားတစ်ယောက် ဖြစ်ခဲ့လေတော့သည်။

ယခု. . .

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံသည် မေဟွား ခံလိုက်ရခြင်းကြောင့်လည်းကောင်း၊ မေနန်း အဖမ်းခံထားရခြင်းကြောင့်လည်းကောင်း ဒေါသထွက်နေရကား သူ၏တိုက်ခိုက်မှုမှာ ပိုပြီး ကြောက်မက်ဖွယ်ကောင်းလာလေတော့သည်။

ဝူးလောက်လည်း ဝမ်းလုံနှင့် ရင်ဆိုင်ရင်း ကြောက်ရွံ့ ထိတ်လန့်လာတော့သည်။

အစွမ်းကုန်ခုခံရင်း နောက်သို့ ခုန်ဆုတ်ရှောင်တိမ်းလိုက်လေသည်။

ဝမ်းလုံက အလွတ်မပေးပါ။

"ခင်ဗျား ဘယ်ပြေးမလဲ"

အော်ငေါက်ရင်း ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်လေသည်။

တိုက်ပွဲကို နံဘေးမှ ကြည့်နေသည့် ဝူးကျောက်ပင်လျှင် ထိတ်လန့်သွားမိတော့သည်။

ဝူးကျောက်က မေနန်းကိုဆွဲပြီး အတော်ဝေးဝေးသို့ ရောက်အောင် နောက်ဆုတ်သွားမိလေတော့သည်။

ဝူးလောက်သည် အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်နေသော ဝမ်းလုံကို ကြည့်ပြီး ဝူးကျောက်ကို အကူအညီတောင်းလိုက်လေသည်။

"အစ်ကိုလတ်၊ ခင်ဗျား ဘာလုပ်နေတာလဲ"

သူ၏အသံ တုန်ယင်နေပါတော့သည်။

ဝူးကျောက်မှာ အဝေးသို့ ရောက်နေပြီ ဖြစ်ရာ မည်သို့မျှ ကူညီနိုင်တော့မည် မဟုတ်ချေ။

ဝမ်းလုံကလည်း လူစိတ်ပျောက်ကာ ရူးသွပ်သွားသူပမာ ရှိနေတော့သည်။

ဝူးလောက်သည် ဝမ်းလုံ၏တိုက်ခိုက်မှုကို အကြောက်အကန် ခုခံရင်ဆိုင်ရင်း . . .

"အစ်ကိုလတ်၊ ခင်ဗျား ဘာလုပ်နေတာလဲ"

ဟု အော်ပြောလိုက်ပြန်သည်။

ဝမ်းလုံက . . .

"ခင်ဗျားရဲ့အစ်ကိုလတ်က ခင်ဗျားနောက်ကို လိုက်လာလိမ့်မယ်၊ ရဲပြည်ကို ခင်ဗျား အရင်သွားနှင့်ပေတော့"

ဟု ပြောကာ ဖိ၍တိုက်ခိုက်လိုက်လျှင် ဝူးလောက်လည်း မည်သို့မျှ မခုခံနိုင်တော့ဘဲ . . .

"ဝုန်း"

"အား"

စူးရှစွာ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွားတော့သည်။

ဝမ်းလုံ၏လက်ဝါးတစ်ချက် ထိသွားခြင်း ဖြစ်လေသည်။

ဝမ်းလုံသည် ကျေနပ်ခြင်း မရှိသေးဘဲ ဝူးလောက်၏ နောက်သို့ ပြေးလိုက်သွားလေသည်။

ဝူးလောက်မှာ လက်ဝါးတစ်ချက် အရိုက်ခံလိုက်ရသဖြင့် အတွင်းဒဏ်ပြင်းစွာ ရသွားပြီ ဖြစ်သည်။

သို့တိုင် သွေးရူးသွေးတန်းဖြင့် လူးလိမ့်ထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဝမ်းလုံက အနီးသို့ ရောက်ရှိလာပြီး

"သေလိုက်စမ်း"

လက်ဝါးဖြင့် ရိုက်ချလိုက်ပြန်လေတော့သည်။

ဝမ်းလုံက အင်အားစုစည်းပြီး အားကုန်ရိုက်ချလိုက်ခြင်း ဖြစ်သည်။

သူ၏လက်ဝါးက လူးလိမ့်ထလာသော ဝူးလောက်၏ ရင်ဝကို ရိုက်ချမိလိုက်သည်။

ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် ဝူးလောက်၏ ရင်ဝမှ အရိုးများ ကျိုးကြေသွားတော့သည်။

"ဝေါ့"

ဝူးလောက် ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

ဖွဲ့အိတ်ကြီးတစ်အိတ်ပမာ မြေပေါ်ပြန်လည်လဲကျသွား၏။

ထို့နောက် တုတ်တုတ်မျှ မလှုပ်တော့ဘဲ အသက် ပျောက်သွားလေတော့သည်။

❁ ❁ ❁



တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ဝမ်းလုံသည် သူ့ထက် ဝါရင့်ပြီး အတွေ့အကြုံများလှသော လူဆိုးကြီးဝူးလောက်အား ပြတ်ပြတ်သားသား အနိုင်ယူကာ သတ်ပစ်လိုက်ပြီ ဖြစ်လေသည်။

သို့တိုင် ဝမ်းလုံသည် ဘီလူးသရဲ စီးနေသည့်အလား ဒေါသမပြယ်သေးဘဲ. . .

"သေလိုက်စမ်း"

ဝူးလောက်၏အလောင်းကို ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်လေသည်။

"ဝုန်း"

ဝူးလောက်၏သက်မဲ့ခန္ဓာကိုယ်ကြီးမှာ အဝေးသို့ လွင့်စင်သွားတော့သည်။

ထိုအခါမှ ဝမ်းလုံ ကျေနပ်သွား၏။

ဟိုဟိုသည်သည် ကြည့်လိုက်လျှင် သူ့အား ကြောက်လန့်တကြား ကြည့်နေသည့် မေဟွားအား တွေ့လိုက်ရလေတော့သည်။

"မေဟွား၊ မင်း ဘာမှမဖြစ်ဘူးနော်"

အော်မေးရင်း မေဟွားအနီးသို့ ပြေးသွားလိုက်လေသည်။

မေဟွားက နောက်ဆုတ်လိုက်သည်။

"ရှင်. . . ရှင်၊ ကျွန်မ အနားမကပ်နဲ့"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



မေပွား၏ စိမ်းစိမ်းကားကား ဆက်ဆံမှုကြောင့် ဝမ်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ညီမ. . . ကျုပ်က. . ."

"ရှင် ကျွန်မအနားကို ကပ်မလာနဲ့နော်"

မေပွားက အော်ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်ထား လိုက်လေသည်။

ဝမ်းလုံ ခြေလှမ်းရပ်သွားလေသည်။

မေပွားအား နားမလည်နိုင်စွာ ကြည့်လိုက်သည်။

မေပွားကြောင့် သေလုမျောပါး ဖြစ်ခဲ့ရဖူးသည်။

ယခုလည်း သူမအား ဒုက္ခပေးခဲ့သည့် ဝူးလောက်ကို ဆုံးမပေးခဲ့သည်။

သို့တိုင်. . .

သူ့အား အလွန်ရွံ့မုန်းစရာကောင်းသည့် သတ္တဝါတစ် ကောင်အလား ဆက်ဆံနေသည်မှာ အဘယ်ကြောင့်ပါနည်း။

ဝမ်းလုံ စိတ်မကောင်း ဖြစ်သွားလေသည်။

"လက်စသပ်တော့ တစ်ချိန်က သည်တောင်ကုန်းပေါ် မှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကြောင့် ကျုပ်က အငြိုးထားပြီး ဒုက္ခပေး လိမ့်မယ်လို့ ယူဆနေတာကိုး"

မေပွား၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ဝမ်းလုံ၏စကား မှန်ကန်နေကြောင်း ဖော်ပြလိုက်သကဲ့ သို့ ဖြစ်သွား၏။

ဝမ်းလုံ သက်ပြင်းချလိုက်သည်။



"ကျုပ်ဟာ လူဆိုးလူယုတ်မာတစ်ယောက် ဖြစ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်က မင်းကို ဘယ်တော့မှ ရန်ငြိုးထား မှာ၊ ဒုက္ခပေးမှာ၊ မုန်းတီးသွားမှာ မဟုတ်ပါဘူး"

ရင်ထဲခံစားရသည်ကို အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

မေပွား၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြန်သည်။

ယခုတစ်ကြိမ်လည်း ဝမ်းလုံ၏စကားကို သူမ လက်ခံ သည်ဟု ဝန်ခံလိုက်သည့် သဘောမျိုး ဖြစ်လေသည်။

ဤတောင်ကုန်းလေးပေါ်၌ ဝမ်းလုံနှင့် တစ္ဆေမင်းသား တို့ တိုက်ခိုက်ခဲ့ကြသည်။

ဝမ်းလုံကြောင့် တစ္ဆေမင်းသား အခက်ကြုံနေချိန်၌ သူမ ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ဝမ်းလုံ သေလုမျောပါး ဒဏ်ရာရ ပြီး ရှုံးနိမ့်သွား၏။

ဝမ်းလုံက သူမ၏တိုက်ခိုက်မှု ခံရစရာ အကြောင်း မရှိ ပါ။

ချက်ချင်းတုန့်ပြန်လိုက်မည်ဆိုလျှင် ဝမ်းလုံ စိုးစဉ်းမျှ ဒဏ်ရာရသွားမည် မဟုတ်ဘဲ သူမသာ အသက်ဆုံးရှုံးသွားရမည် ဖြစ်ပါသည်။

ဝမ်းလုံက သူမကို တွေ့မြင်လိုက်ရသောအခါ သူမထိ ခိုက်သွားမည်ကို စိုးရိမ်ပြီး ချက်ချင်းရပ်တန့်လိုက်ခြင်းကြောင့် သူမ၏တိုက်ခိုက်မှုကို ခံလိုက်ရခြင်း ဖြစ်ကြောင်း မေပွား ကောင်းကောင်းကြီး သိရှိနားလည်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ် ထားရှိသည့် ဝမ်းလုံး၏သဘောထားကိုလည်း ခံစားနားလည်မိခဲ့သည်။

မည်သို့ဆိုစေ။

အလွန်ကြောက်စရာကောင်းသော ဝမ်းလုံးအား သူမ မယုံနိုင်ဘဲ ဖြစ်နေပါတော့သည်။

ဝမ်းလုံး သက်ပြင်းချလိုက်ပြန်သည်။

"မင်းက ကျုပ်ကို ရွံရှာမုန်းတီးနေမယ်ဆိုတာလည်း ကျုပ်သိပါတယ်၊ မင်းကို ရယူပိုင်ဆိုင်ဖို့ ကျုပ် ဘယ်တော့မှ ကြိုးစားမှာ မဟုတ်ပါဘူး၊ နောက်ဆုံး ပြောရရင် ကျုပ်သေသွားမှ မင်းစိတ်ချမ်းသာမယ်ဆိုရင် ကျုပ် သေဝံ့တယ်ဆိုတာပါပဲ"

သူက အမှန်တကယ် သေဝံ့ကြောင်း တစ်ကြိမ် လက်တွေ့ပြခဲ့ပြီး ဖြစ်လေသည်။

မေဟွားသည် ဝမ်းလုံးအား ငေးကြည့်နေပြီး စကားတစ်လုံးမှ မပြောနိုင်ဘဲ ဖြစ်နေ၏။

ထိုအချိန်မှာပင်. . .

"မေမေ သမီးကို ကယ်ပါဦး"

မေနန်း၏အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သမီး"

မေဟွား လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

အော်ဟစ်သံ ထွက်ပေါ်လာရာသို့ ကြည့်လိုက်ရာ ဗြောက်က မေနန်းကို လက်ဆွဲကာ တောင်ကုန်းအောက်သို့



ပြေးဆင်းသွားသည်ကို တွေ့လိုက်ရလေသည်။

"သမီး"

မေဟွားလည်း တစ်ဟုန်ထိုး ပြေးလိုက်သွားလေတော့သည်။

ဝမ်းလုံး ကြောင်အမ်းအမ်း ဖြစ်နေသည်။

မေဟွား ပြေးထွက်သွားမှ သူလည်း သတိဝင်လာကာ ပြေးလိုက်သွားလေတော့သည်။

❋ ❋ ❋

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဝူးကျောက်က မေနန်းကို ဓားစာခံပြုလုပ်ကာ တောင်ကုန်းအောက်သို့ ဆင်းပြေးသွားခြင်း ဖြစ်သည်။

သို့သော်. . .

မေဟွားနှင့် ဝမ်းလုံတို့ ပြေးလိုက်လာကြခြင်းကြောင့် အခက်ကြုံသွားလေသည်။

ပြေးမလွတ်မှန်း သိ၍ ရပ်တန့်လိုက်ပြီး. . .

"ကျုပ် နောက်ကို လိုက်လာမယ်ဆိုရင် မင်းရဲ့သမီးကို သတ်ပစ်လိုက်မယ်"

မေနန်းကို သတ်ပစ်မည်ဟု ခြိမ်းခြောက်လိုက်လေသည်။

"မလုပ်နဲ့"

မေဟွား အထိတ်တလန့် ဖြစ်သွား၏။

ဝူးကျောက်က. . .

"မင်း ကျုပ်နဲ့ဝေးတဲ့ နေရာကို အရင်ဆုံး ထွက်သွားရမယ်"

ထိုအချိန်မှာပင် ဝမ်းလုံ ရောက်ရှိလာရာ မေဟွားက

"ကျွန်မ သမီးလေးကို ကယ်ပါဦးရှင်"

လှမ်းပြီး အကူအညီ တောင်းလိုက်မိတော့သည်။

ဝမ်းလုံက. . .

"စိတ်ချ"

ဟု ပြောကာ ဝူးကျောက်နှင့် ရင်ဆိုင်လိုက်၏။

ဝူးကျောက်က. . .



"မိုးကြိုး၊ မင်း ခြေတစ်လှမ်း ရှေ့တိုးလိုက်မယ်ဆိုရင် မိန်းကလေးကို ငါသတ်ပစ်လိုက်မယ်"

ဝမ်းလုံက. . .

"ကလေးကို လွှတ်လိုက်ပါဗျာ၊ ပြီးတော့ ခင်ဗျားသွားချင်ရာ သွားပါ၊ ခင်ဗျားကို ကျုပ် ဘယ်တော့မှ မနှောင့်ယှက်ဘူးလို့ ကတိပေးပါတယ်"

ဝူးကျောက်က. . .

"မိုးကြိုး၊ မင်းကို ငါမယုံဘူး၊ မင်းကြောင့် ငါ့ရဲ့ညီအစ်ကိုတွေ သေဆုံးခဲ့ရတယ်၊ ဒါကြောင့် မင်းလဲ သေရလိမ့်မယ်"

ဝမ်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကို ခင်ဗျား မတတ်နိုင်ပါဘူး၊ ကလေးကို လွှတ်ပြီးသွားချင်ရာ သွားပါဗျာ၊ ခင်ဗျားကို ကျုပ် မေ့ပစ်လိုက်ပါ့မယ်"

ဝူးကျောက်ကလည်း ခေါင်းခါယမ်းလိုက်သည်။

"ငါလည်း မင်းကို မယုံဘူး၊ ကလေးကို လွှတ်ပေးစေချင်ရင် မင်းကိုယ်မင်း အဆုံးစီရင်ရလိမ့်မယ်"

"ခင်ဗျား"

"ငါ တကယ် ပြောနေတာ၊ ငါခိုင်းတဲ့အတိုင်း မလုပ်ရင် ကလေး အသက်ရှင်ဖို့ မမျှော်လင့်နဲ့တော့"

ဝူးကျောက်က မေနန်း၏လည်ပင်းကို လက်ဝါးဖြင့် မိုးအားလိုက်လေသည်။

"မလုပ်နဲ့"

မေဟွား အထိတ်တလန့် အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံက မေပွားကိုတစ်လှည့်၊ မေနန်းကိုတစ်လှည့်၊ ဝူးကျောက်ကိုတစ်လှည့် အပြန်ပြန်အလှန်လှန် ကြည့်လိုက်၏။

"မေမေ သမီးကြောက်တယ်"

မေနန်းက ငိုကြွေးလိုက်လေသည်။

"ကျွန်မ သမီးလေးကို မသတ်ပါနဲ့ရှင်"

မေပွားလည်း ငိုကြွေးရင်း ဒူးထောက်တောင်းပန်လိုက်လေသည်။

"ဟား. . . ဟား. . . ဟား"

ဝူးကျောက် သဘောကျစွာ ရယ်မောလိုက်သည်။

"မင်းရဲ့သမီးကို အသက်ရှင်စေချင်ရင် မိုးကြိုးကို သေနိုင်းလိုက်ပေါ့"

ထိုစကားကြောင့် မေပွားမှာ အမှတ်မထင် ဝမ်းလုံအား လှည့်ကြည့်လိုက်မိလေသည်။

သူမနှင့် ဝမ်းလုံ မျက်လုံးချင်း ဆုံမိသွား၏။

ဝမ်းလုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ချက်ချင်းပင် ဝူးကျောက်ကို မျက်နှာမူကာ. . .

"ကောင်းပြီ၊ ကျုပ်ကိုယ်ကျုပ် အဆုံးစီရင်လိုက်မယ်၊ ခင်ဗျားသာ ကတိတည်ပါစေ"

ဝူးကျောက်က. . .

"စိတ်ချ၊ မင်းကိုယ်မင်း စီရင်လိုက်တာနဲ့ မိန်းကလေးတို့ ချက်ချင်းလွှတ်ပေးလိုက်မယ်"

မေနန်းမှာ ကြောက်ရွံ့လွန်းသဖြင့် ဝါးခနဲ ငိုကြွေးလိုက်



လေတော့သည်။

ဝမ်းလုံက. . .

"သမီးလေး ဘာမှ မကြောက်နဲ့၊ သမီးလေး ဘာမှ မဖြစ်စေရဘူး၊ ဦးပြောတဲ့ စကားကို နားထောင်နေ"

မေနန်းကို ချော့မော့နှစ်သိမ့်ပြီး ဓားကို ဆွဲထုတ်လိုက်သည်။

ဝူးကျောက် ရယ်မောလိုက်သည်။

"ဝမ်းလုံ၊ မင်းဟာ တစ်သက်လုံး မကောင်းတာချည့် လုပ်ခဲ့တယ်၊ ကောင်းတဲ့ကိစ္စ တစ်ခုလောက်တော့ လုပ်သွားသင့်ဘာပေါ့၊ မင်းကိုယ်မင်း အဆုံးစီရင်လိုက်စမ်းပါ၊ ဒါဆိုရင် မင်းဟာ သူရဲကောင်းတစ်ယောက်တောင် ဖြစ်သွားဦးမယ်၊ ကျုပ်ပြောတာ မှန်တယ် မဟုတ်လား သခင်မလေး"

မေပွား ဘာပြောရမှန်းမသိ ဖြစ်နေ၏။

ဝမ်းလုံက. . .

"အပိုတွေ ပြောမနေနဲ့၊ ခင်ဗျားသာ ကတိတည်ပါစေ"

ဟု အော်ပြောကာ ဓားဖြင့် သူ၏ဝမ်းဗိုက်ကို ပြန်လည် ချိန်ရွယ်လိုက်၏။

ဝူးကျောက်က. . .

"မင်း တကယ်ပဲ သူရဲကောင်း လုပ်တော့မှာကိုး"

ဝမ်းလုံက အမှုမထားဘဲ မေနန်းကို ပြုံးပြလိုက်သည်။

"သမီးလေး ဘာမှ မကြောက်နဲ့၊ သမီးလေးကို ဦးကယ်တင်ပေးမယ်၊ ဦးစကားကို နားထောင်ရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



မေနန်းလည်း ဝမ်းလုံကို အာကိုးတကြီး ဖြစ်သွားကာ

"ဟုတ်. . . ဟုတ်ကဲ့ နားထောင်ပါ့မယ် ဦးဦး"

ဦးကျော်က အော်ပြောလိုက်သည်။

"ကိုယ့်ကိုကိုယ် စီရင်မယ်ဆိုပြီး ဘာလုပ်နေတာလဲ"

ဝမ်းလုံက. . .

"ခင်ဗျား မပူပါနဲ့ဗျာ၊ အခုပဲ ကျုပ်လုပ်လိုက်ပါ့မယ်"

စကားဆုံးလျှင် သူ၏ဝမ်းဗိုက်ကို ဓားဖြင့် အားကုန်ထိုး သွင်းလိုက်လေသည်။

ဟန်ဆောင်ခြင်း မဟုတ်ဘဲ တကယ် အဆုံးစီရင်ခြင်း ဖြစ်ကြောင်း လက်တွေ့ပြလိုက်ခြင်း ဖြစ်သည်။

ဝမ်းလုံ၏လုပ်ရပ်ကြောင့် ဦးကျော်ပင် တအံ့တသြ ဖြစ်သွားရလေသည်။

ဝမ်းလုံက သူ၏လုပ်ရပ်ကြောင့် ဦးကျော် အံ့သြ တကြီး ဖြစ်သွားမည်ကို ကြိုတင်တွက်ဆထားပြီး ဖြစ်သည်။

ထို့အပြင် မေနန်းကလည်း သူ၏စကားကို နားထောင် လိမ့်မည်ဟု ယုံကြည်ထားလေသည်။

ဝမ်းဗိုက်ကို ဓားဖြင့် တအားစိုက်သွားပြီး ဦးကျော် အံ့သြသွားသည့် တဒင်္ဂအချိန်လေးမှာပင် ဝမ်းလုံက. . .

"သမီးလေး ထိုင်ချလိုက်"

ဟု အော်ပြောကာ ဓားကို ပြန်လည်ဆွဲနုတ်ပြီး တအား ပစ်ပေါက်လိုက်လေသည်။

မေနန်းက ဝမ်းလုံ၏စကား နားထောင်ကာ ထိုင်ချလိုက်



လေသည်။

ဝမ်းလုံ ပစ်ပေါက်လိုက်သော ဓားက ဦးကျော်၏ရင်ဝ မှသည် နောက်ကျောသို့တိုင် ထိုးဖောက်စိုက်ဝင်သွား၏။

ထိုဖြစ်ရပ်အားလုံးသည် မျက်စိတမှိတ် လျှပ်တပြက် အချိန်လေးအတွင်း ဖြစ်ပျက်သွားခြင်းပင်။

"အား"

တဒင်္ဂလေး မှင်တက်မိသွားသော ဦးကျော်မှာ စူးရှစွာ အော်ဟစ်ရင်း မေနန်းကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။

သို့သော် မေနန်းက ထိုင်ချလိုက်သဖြင့် ဦးကျော်၏ ရိုက်ချက်မှ သီသီလေး လွတ်မြောက်သွား၏။

"ဝုန်း"

ဦးကျော် ပက်လက်လန် လဲကျသွားပြီး အသက် ထွက်သွားလေသည်။

"သမီး"

"မေမေ"

မေဟွားက မေနန်းလေးအား ပြေး၍ပွေ့ဖက်ထား လိုက်၏။

မေနန်း အသက်ချမ်းသာရာရလိုက်သဖြင့် ဝမ်းလုံကို ကျေးဇူးတင်မိသည်။

မေနန်းကိုရင်ခွင်ထဲ ထွေးပွေ့ရင်း ဝမ်းလုံကို လှမ်း ကြည့်လိုက်၏။

ထိုအခါ. . .

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံလည်း မြေပေါ်လဲကျကာ မလှုပ်မယှက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းလုံက မေနန်းအား အသက်စွန့်ကယ်တင်ခဲ့ပြီး သူ၏အပြစ်ကြွေးများကို ပေးဆပ်သွားခဲ့ပြီ ဖြစ်သည်။

ဝမ်းလုံ သေဆုံးသွားသည့်တိုင် ကျေနပ်နှစ်သိမ့်နေသည့်အလား သူ၏မျက်နှာ ပြုံးရွှင်နေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

မေဟွား၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာပြီး. . .

"ရှင့်ကို ကျွန်မ ခွင့်လွှတ်လိုက်ပါပြီရှင်"

ဟု ရေရွတ်လိုက်လေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com